ပုဇ္ဈာ

ဓဂီပေါက်ဖိုလ်ဝင်

ရှင်တော

အာရုပါနုကျင့်စဉ်

ဦးတင်စိုး(မြောစရိယ)

ထွန်းပညာပိဋကတ်စာအုပ်ဆိုင်
အမှတ်-၅၁/၅၂၊ရွှေတိုဏ်ဘုရားအရှေ့မုခ်၊
မဟာန်း၊ ရန်ကုန်မြို့။

၁၃၆၀၂

၁၃၆။
ဦးတင်စိုး (ဝမ္မာစရိယ)
၏

မဂ်ပေါက်ဖိုလ်ဝင်
(ရှစ်မြှ)
အာနာပါန ကျင့်စဉ်

သမထအကျိုးကို လက်တွေ့ခံစားလိုသူများအတွက်
အထူးစီစဉ်ထားသည်။
ပါဠိဆရာ ဦးလှစိုး (ပါဠိ ပါရဂူ)

ထွန်းပညာ ပိဋကတ်စာအုပ်ဆိုင်
ရွှေတိုဂုံဘုရား အရှေ့မုခ်၊ ဗဟန်း၊ ရန်ကုန်မြို့။
၁၃၃၉-ခု၊ ပြာသိုလဆန်း ၁၁-ရက်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၁၀၅၆၉)

ပထမအကြိမ်

မျက်နှာဖုံး	=	ကာသာမောင်ဝင်း
စာအုပ်ချုပ်	=	ရဲစိုး
ပန်းချီ	=	ဦးတင်ဖေ
ဘလောက်	=	မြဝတ်ရည်
အုပ်ရေ	=	၂၀၀၀
တန်ဘိုး	=	၈-ကျပ်

၁၉၇၈၊ ဇန်နဝါရီလ ၁၅-ရက်

ထုတ်ဝေသူ = ဦးတင်စိုး (ဓမ္မာဃရိယ)၊ မျိုးခင်စာပေ၊ (၀၁၅၇၂)၊ အမှတ် ၉-၂၂ခ၊ မေဓာဝီ လမ်း၊ မ/ဥက္ကလာပ။

ပုံနှိပ်သူ = ဒေါ်ကြည်ကြည်၊ မြတ် ပုံနှိပ်တိုက်၊ (၀၅၀၂-မြ)၊ အမှတ် ၂၆၊ ရန်ကြီး အောင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

အကြောင်းပြ စာတမ်း

ဤကျမ်းစာထွက်လာခြင်းကား ကာလအားဖြင့် ခုနှစ်နှစ်စာမျှ နောက်ကျခဲ့ပါသည်။

မှန်ပါသည်။ လွန်ခဲ့သော ၁၉၆၉-ခုနှစ်က ဖြစ်ပါသည်။

"ဘယ်နဲ့ ဆရာမရှိဘူးလား"

"အော်....ရှိပါတယ်၊ ဧဏာထိုင်ကြပါအုံး၊ ရေနွေးကြမ်းသောက်ကြပါရှင်...."ဟု အသံခပ်အုပ်အုပ်ပြောပြီး ညှော့ဝတ်ပြုနေသော ကျနော်၏ဇနီးအသံကို ကြားလိုက်ရပြီး မကြာခင်ပင် ကျနော်သည် အဓိဋ္ဌာန်လုပ်ငန်းပြီးဆုံးသဖြင့် အိမ်အောက်ထပ်သို့ ဆင်းခဲ့ရာ၊ ခါတိုင်း လာနေကြဖြစ်တဲ့ ဦးချစ်, ဦးတင်ရှိန် တို့ကို အခြား အဖော်တဦးနှင့်အတူ ဧည့်ခန်းမှာ တွေ့ရှိရပါသည်။

"အော်....ဦးချစ်တို့ပါလား၊ ကိစ္စအထူးမျှား ရှိကြပါသေးသလား"ဟု ဧည့်စိမ်းတယောက်ပါလာသဖြင့် ကျနော်က စၦတ်ဆက်လိုက်ပါသည်။

"ဟုတ်ကဲ့ ဆရာ၊ ကျနော်တို့ကတော့ ကိစ္စအထူး မရှိပါဘူး၊ ဒီပုဂ္ဂိုလ်ကြီးက ကျနော်တို့နဲ့ အမြဲ တရားဆွေးနွေးနေတဲ့ ဓမ္မမိတ်ဆွေပါ၊ ဆရာ့ကိုလဲ မတွေ့ဘူးလို့ တွေ့ချင်တယ်၊ နောက်ပြီးတော့ ဆရာ့ကိုလဲ အထူးတောင်းပန်စရာတခု ရှိလို့တဲ့၊ အမည်က 'ဦးလှတင်' လို့ ခေါ်ပါတယ်" ဟု ဦးချစ်က မိတ်ဆက်ပေးပါသည်။

အကြောင်းပြစာတမ်း

"ကဲ....ဦးလှတင် ဆိုဗျာ၊ ရင်းရင်းနှီးနှီးပေါ့၊ အားမနာပါနဲ့" ဟု ကျနော်က စကားခေါ်ပြီး နှုတ်ဆက်လိုက်ပါသည်။

"ဒီလိုပါ ဆရာရဲ့-ကျနော့် အကြောင်း ဦးချစ်တို့,ဦးတင်ရှိန်တို့ သိကြပါတယ်၊ အားအားရှိတိုင်း စာဘဲ့ ဖတ်နေပါတယ်၊ မျှားသောအားဖြင့် ကမ္မဋ္ဌာန်းစာအုပ်ကိုဘဲ ဖတ်တာ မျှားပါတယ်၊ ကမ္မဋ္ဌာန်းစာအုပ်တွေက သိပ်ပြီးမျှားနေတော့ ဘယ်စာအုပ်ကို စဲပြီး ဖတ်ရမှန်း မသိနိုင်ဘဲ ဖြစ်နေပါတယ်။

"တဦးချင်းအနေနဲ့ရော,အဖွဲ့အစည်းအလိုက်ရော ထုတ်ဝေတဲ့စာအုပ်တွေဟာ အလွန်မျှားနေတဲ့အကြောင်း ဆရာလဲ သိပြီးဖြစ်ပါလိမ့်မယ်။

တချို့စာအုပ်က အခြေခံကို ဦးစားပေးပြီး ရေးထားတယ်၊ တချို့စာအုပ်ကျတော့လဲ လက်တွဲ့ကျင့်စဉ် လုပ်ငန်းပိုင်းကို အလေးပေး ရေးထားတာ တွေ့ရပါတယ်။

အခြေခံ ကို ဦးစာ ပေး ရေးတဲ့ စာ အုပ်ကျ တော့ စာကဲ့ လက်တွေ့လုပ်ငန်း ကျင့်စဉ်ပိုင်းမှာ ထိထိရောက်ရောက် မရှိတော့ဘူး။

လက်တွေ့ကျင့်စဉ်ပိုင်းကို အသားပေးရေးလွန်းတဲ့ စာအုပ်မျှားကျတော့လဲ အခြေခံအနေနဲ့ သိသင့်သိထိုက်တဲ့ အချက်အလက်မျှားကို ပြည့်စုံအောင် မ ရေး တဲ့ အ တွက် ဖတ်ရတာ ဟာတာတာကြီးဘဲ ဆရာရဲ့၊

ဒါကြောင့် ကမ္မဋ္ဌာန်းလုပ်ငန်းနဲ့ ပတ်သက်လို့ အခြေခံ အချက်အလက်လဲ အ ထိုက် အ လျောက် ပြည့် စုံ ပြီး၊ လက်တွေ့

အကြောင်းပြစာတမ်း

ကျင့်စဉ်ပိုင်းမှာလဲ လမ်းဆုံး(နိဗ္ဗာန်)တိုင်အောင် တိုတို ကျဉ်း ကျဉ်းနဲ့ လိုရင်းပါရှိတဲ့ ကျမ်းစာအုပ် ရေးထုတ် ဘို့ အ တွက် တောင်းပန်ရန် ဒီဆရာမျှားနဲ့ အတူ လိုက်ပါလာခဲ့ခြင်း ဖြစ်ပါ တယ်" ဟု စကား အဆုံးသတ်လိုက်သောအခါ၊ ကျနော့်မှာ ရုတ်ဘရက် ပြန်မပြောတတ်ဘဲ ကြောင်သွားပါသည်။

"ဟုတ်ကဲ့၊ ဒီလိုရှိတယ်-ဦးလှဘင်ရဲ့၊အနန္တဂုဏ်အင် သဗ္ဗညုတ ဉာဏ်ရှင်ဖြစ်တော်မူတဲ့ ဘုရားသခင်ဟောတော်မူထားတဲ့ ဒေသနာ တော်များကို စာတအုပ်တည်းနဲ့ စုံအောင်ရေးဘို့ဆိုတာ မဖြစ် နိုင်ပါဘူး"

"မဟုတ်ဘူး ဆရာရဲ့၊ကျနော်ပြောတာက ဒီလိုမဟုတ်ပါဘူး၊ ဂမ္ဘီရဗဒဒန်းအလုပ်နဲ့ ပတ်သက်လို့ စ ကား လုံး တွေ မျှားမျှား မပြောဘဲ....

"ဒီဟာကို ဒီလို သိထားရမယ်, ဒီလို ကျင့်ရမယ်၊ ဒီလို ကျင့်ယင် ဒီလိုဖြစ်လာမယ်လို့ တိတိကျကျ အကျဉ်းဆုံးနဲ့ ပြော စေချင်တာပါ၊ (ဥပမာ) မရိညာသုံးပါးဆိုတာ ဘာခါတယ်- စသည်ပေါ့ ဆရာရယ်"

"ဟုတ်ကဲ့၊ ဒီလိုဆို ဦးလှတင်က စာအုပ်တွေ အများကြီး ဖတ်ဘူးနေပြီ"ဖြစ်တော့-ဦးလှတင်ဘဲ ကျမ်းစာရေးယင် မကောင်း ပေဘူးလား"

"ကျနော့်ကို မခန့်ပါနဲ့ ဆရာနဲ့၊ ကျနော်က စာရှုတဲ့ မရိသတ်ထဲကပါ၊ စာပြုနိုင်စွမ်း မရှိသေးပါဘူး၊ ဒါကြောင့် ဆရာ့ကို တောင်းပန်နေတာပါ"

အကြောင်းပြစာတမ်း

"ဟုတ်ကဲ့၊ ဒီလိုဆို ကျွန်တော် အချိန်ယူပါအုံးမယ်" လို့ ပြော လိုက်မှ ဦးလှတင်တို့ ပြန်သွားပါတော့သည်။

ကျွန်တော်သည် ဦးလှတင်နှင့် စကားပြတ်ပြီးသည့်နောက်ပိုင်း၌ မပြေလည်သေးသော ဘဝပြဿနာများကိုဖြေရှင်းရင်း ဒေသနာ အရသာထက် လက်တွေ့အရသာကို ဦးစားပေးခဲ့သည်။ နဂိုက စာပေသမားဖြစ်သည့်အတွက် လက်တွေ့ပိုင်းကို ဒေသနာတော်နှင့် တိုင်းတာပြီး အဖြေရှာခဲ့သည်။ အစနားက ပြောခဲ့သည့် အတိုင်း ကာလအားဖြင့် ခုနစ်နှစ်မျှကြာသွားခဲ့သဖြင့် စာပြုရန် တောင်းပန်သူပင် မရှိတော့ပြီ။ (ဦးလှတင်ကား ရှုံးခြင်းကြီး ရှုံးလေစွတကား)

လက်တွေ့သည် ဒေသနာတော်နှင့် မဆန့်ကျင်ကောင်းသလို ဒေသနာတော်သည်လည်း လက်တွေ့ပိုင်းနှင့် တခြားစီ မဖြစ်ကောင်းချေ။ ထို့ကြောင့် လက်တွေ့ပိုင်းကို သုံးသပ်ရှုမြင်သော အခါ ဒေသနာတော်နှင့်သာလျှင် ဆင်ခြင်သုံးသပ်သင့်ပေသည်။

သို့ဖြစ်၍ ဤကျမ်းစာကို ဖတ်ရှုလေ့လာကြသော သူတော်စင်များသည် မိမိဉာဏ်စွမ်းအလျောက် လက်တွေ့သဘောကို ဒေသနာတော်နှင့် နှိုးနှောပေါင်းစပ် အဆုံးအဖြတ် ပေးနိုင်လိမ့်မည်-ဟု ယုံကြည်ပါသည်။

ဦးတင်စိုး (ဓမ္မာစရိယ)
မ/ဥက္ကလာပ။
၁၃၃၉၊ စပါခေါင်လပြည့်၊
စာနင်းလာနေ့။

မာတိကာ

- အခွင့်ကောင်းကြုံတုန်း ဘာသာရေးကို အားထုတ်သင့်ကြောင်းကို ဤကျမ်းက မည်ကဲ့သို့ တိုက်တွန်းထားပါသနည်း ၁
- အသင်ယောဂီသည် တရားအားမထုတ်မီ ကြိုတင်သိရမည့် တရားများကို သိပါသလား? (ပြောပြစမ်းပါ) ၄
- ကမ္မဋ္ဌာန်း၏ အခြေခံတရား ၁၅ ပါးကို ပြောပြစမ်းပါ။ ၆
- အသင် ယောဂီမှာ ရာဂစရိုက် အားကြီးခဲ့သော် အဘယ်ကမ္မဋ္ဌာန်းကို ပွားများမည်နည်း? ၁၁
- အာနာပါနကမ္မဋ္ဌာန်းကို အဘယ်ပုဂ္ဂိုလ်များ အားထုတ်ထိုက်ပါသနည်း? ၁၁
- ယခုခေတ်အခါ တရားအားထုတ်နေသော သင် ယောဂီမှာ ဓာတ်ဖိုလ်ကို ရနိုင်ပါမည်လား? ထင်ရှားအောင် ပြောပြစမ်းပါ ၁၂
- သာသနာ ၈၁းဆောင်ကို သင်ယောဂီသိသလောက် ရှင်းလင်းရေတွက်ပါ ၁၃

မာတိကာ

- တရားကျင့်စဉ်အရ ပုဂ္ဂိုလ် ၄-မျိုးကို ရေတွက်ပြပါ ၁၅
- တရားနာရုံမျှဖြင့် မဂ်,ဖိုလ်ကို ရနိုင်ပါမည်လော? မဟာဓနသူဌေးသား အဇာတသတ်မင်းနှင့် အသျှင်သုဒိန်တို့သည် အဘယ်ကြောင့် တရားထူးကို မရနိုင်ကြပါသနည်း ၁၇
- သိက္ခာသုံးပါးကို ရေတွက်ပြ၍ ၎င်းတို့၏သဘောကိုလည်း အနည်းငယ် ရှင်းပြပါ ၁၈
- သိက္ခာသုံးပါးကို ခန္ဓာဖွဲ့ပြ၍ ပဟာန်သုံးချက်ဖြင့် တွဲစပ်ပြီး ရှင်းပြစမ်းပါ ၂၁
- ကုသိုလ်တရားက အကုသိုလ်ကို ပယ်သတ်နည်းကို ပြောပြစမ်းပါ ၂၄
- "ဗြဟ္မာပြည်မှာ တဝင်းဝင်း - ဝက်စာကျင်းမှာ တရှုတ်ရှုတ်" ဟူသော ရှေးသူဟောင်းတို့ စကားကို ရှင်းပြစမ်းပါ ၂၈
- မဂ်တရားက အနုသယ ကိလေသာကို ပယ်သတ်ပုံကို ပြောပြစမ်းပါ ၃၁
- ဥဒ္ဓစ္စ အကုသိုလ်သည် အပါယ်ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသလော? ယုတ္တိပြ၍ ပြောပြစမ်းပါ ၃၃
- သိက္ခာသုံးပါးနှင့် ပြည့်စုံအောင် အစဆုံးအဘယ် တရားကို ကျင့်ရမည်နည်း ပြောပြစမ်းပါ ၃၄

မာတိကာ

- ပရိညာသုံးပါးကို ရေတွက်ပြ၍ အဓိပ္ပာယ် ပြောပြ စမ်းပါ ၃၆
- ပရိညာသည် လောကီလော (သို့) လောကုတ္တရာ တရားပါလော့၊ ရှင်းပြစမ်းပါ ၃၇
- ဝိသုဒ္ဓိ ၇-ပါးကို ရေတွက်ပြ၍ သီလဝိသုဒ္ဓိ ဖြစ်အောင် မည်ကဲ့သို့ ကျင့်ရပါသနည်း ၄၀
- ပါရာဇိကကျပြီး ရဟန်းကို သီလဝိသုဒ္ဓိဖြစ်အောင် မည်ကဲ့သို့ ကုစားရပါမည်နည်း (ပြောပြ၍)အရက်သမား သန္တတိအမတ်ကြီး၏ သီလစိသုဒ္ဓိဖြစ်ပုံကို လည်း ပြောပြစမ်းပါ ၄၁
- စိတ္တဝိသုဒ္ဓိဖြစ်အောင် မည်ကဲ့သို့ ကျင့်ကြံမည်နည်း (ပြောပြ၍)သမာဓိ ၂ မျိုး၏ တရားကိုယ်ကို ရှင်းလင်းခဲ့ပါ ၄၃
- ဒိဋ္ဌိဝိသုဒ္ဓိ၏ အဓိပ္ပာယ်ကို ပြောပြ၍ အတ္တမှ ကင်းဆိပ်ပုံကိုလည်း ထင်ရှားအောင် ရှင်းလင်းခဲ့ပါ ၄၇
- ကခ်ါဝိတရဏဝိသုဒ္ဓိ၏ အဓိပ္ပာယ်ကို ပြောပြ၍ကခ်ါ ၁၆-မျိုးကို သိသာရုံ အကျဉ်းမျှ ရေတွက်ပြပါ ၄၈
- ကခ်ါဝိဘရဏဝိသုဒ္ဓိ၏ အခြားအမည်မျှားကို ပြောပြ၍ ဗုဒ္ဓသောတာပန်၏သဘောကိုလည်း ရှင်းလင်းခဲ့ပါ ၅၁

မာတိကာ

- စုဠဌသောတာပန်ကို ပြဆိုရာ "ဣမိနာဝဂ္ဂေန" အရ အာဘယ်ဉာဏ်ကို ယူမည်နည်း ၅၃
- မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏ အဓိပ္ပာယ်ကို ရှင်းပြ၍ အာဘယ်အခါ၌ ဒုန္ဒာကိုယ်မှ ကိုယ်ရောင် ကိုယ်ဝါ မျှား ထွက်ပေါ်လာပါသနည်း ၅၄
- ဝိပဿနာ အလုပ်ကို ဖျက်ဆီးတတ် သော ဝိပဿနုပက္ကိလေသတရား ၁၀-ပါးကို ရေတွက်ပြ၍ ၎င်းတို့၏အဓိပ္ပာယ်ကိုလည်း တခုစီ ထင်ရှားအောင် ပြောပြစမ်းပါ ၅၄
- ဥဒ္ဓေါ်ပိတိဖြစ်သူမှာ မီးပုံးပုံကြီးလို ကောင်းကင်သို့ ပျံတက်နိုင်သည်-ဟု ဆိုရာ ဟုတ်ပါမည်လော့၊ ဝတ္ထုကြောင်းထုတ်ပြခဲ့ပါ ၅၆
- ဝိပဿနုပက္ကိလေသတရား ၁၀-ပါးတို့တွင် နိကန္တိ တမျိုးသာ ဝိပဿနာ၏အန္တရာယ်အစစ်ဖြစ်ကြောင်းကို ရှင်းလင်းခဲ့ပါ ၅၈
- ပရိယတ္တိဉာဏ်မရှိလျှင် မည်သို့ ဖြစ်တတ်ပါသနည်း၊ မဂ္ဂ-အမဂ္ဂ အဓိပ္ပာယ်ကိုလည်း ပြောပြစမ်းပါ ၅၆
- ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်အောင် အာဘယ်ဉာဏ်ကို အားထုတ်ရမည်နည်း၊ ထို၌ ပဋိပဒါ-ဉာဏ-ဒဿန-ဝိသုဒ္ဓိမည်မှုကို အသီးအသီး ဖော်ပြခဲ့ပါ ၆၁

မာတိကာ

- ရြေထောက်,ခန္ဓာကိုယ်,ဦးခေါင်းနှင့်တူသော ဝိသုဒ္ဓိ တို့ကို ပြောပြ၍ ဝိသုဒ္ဓိ ၇-ပါးကို ခုန်ကျော်၍ အားထုတ်ကောင်းပါသလော ၆၃
- ဥာဏ်စဉ် ၁၈-ပါးကို ရေတွက်ပြ၍ ထို၌ ဝိပဿနာ ဥာဏ် ၁၀-ပါးကိုလည်း ပြောပြစမ်းပါ ၆၄
- ဥာဏ် ၁၈-ပါး၏ အဓိပ္ပာယ်ကို အကျဉ်းမျှ ပြောပြပါ ၆၆
- ကလာပ-စသော သမ္မသန နည်း လေးမျိုး၌ လက်တွေ့ အားထုတ်နည်းကို ပြောပြစမ်းပါ.... .... ၆၉
- ဥဒယဗ္ဗယဥာဏ်၏ ဖြစ်ပျက်ပုံကို ဥပမာဆောင်၍ ပြောပါ ၇၃
- ဘယဥာဏ်က ကြောက်သည်-ဟု ဆိုရာ အဘယ်ပုံ ကြောက်ပါသနည်း၊ ဥပမာပြ၍ ပြောပြစမ်းပါ ၇၇
- အာဒီနဝဥာဏ်,နိဗ္ဗိဒါဉာဏ်,မုစ္စိတုကမျတာဥာဏ်တို့ ၏ သင်္ခါရုတရားတို့၌ အပြစ်မြင်ပုံ,ငြီးငွေ့ပုံ,လွတ်လိုပုံတို့ကို ပြောပြစမ်းပါ ၇၈
- သင်္ခါရတရားတို့၌ အပြစ်မြင်ပြီးသော ယောဂီသည် ပဋိသင်္ခါဥာဏ်အခိုက်၌ ထို သင်္ခါရတရားတို့ကို အဘယ်ကြောင့် ပြန်ပြီး ရှုနေချင်ပါသနည်း ၈၀
- သင်္ခါရုပေက္ခာဥာဏ်က သင်္ခါရတို့ကို လျစ်လျူရှုပုံကို ဥပမာပြ၍ ပြောပြစမ်းပါ ၈၁

မာတိကာ

- အနုလေ့လာမည့်ဝေါဟာရ နိဗ္ဗာန်ကို အာရုံမပြုနိုင်ပုံကို ဥပမာပြု၍ အကြမ်း ပြောပြစမ်းပါ ၈
- ဂေါတြဘူဥာဏ်၏အဓိပ္ပာယ်ကို ပြောပြ၍ မဂ္ဂဝိထိ စိတ်ပြစ်စဉ်ကို ပြောပြစမ်းပါ ၈
- မဂ္ဂဝိထိ၌ အာဝဇ္ဇန်းနှင့်အာရုံမတူသောစိတ်များကို ပြောပြ၍ မဂ်ကိစ္စ ၄-ချက်ကို ရေတွက်ပြစမ်းပါ.... ၈
- ပစ္စဝေက္ခဏာဝိထိအပြားကိုရေတွက်၍အရိယာပုဂ္ဂိုလ် တိုင်း ပယ်ပြီး, မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်နိုင်ပါသလော, ဝတ္ထုကြောင်းပြု၍ ပြောပြ စမ်းပါ ၈
- ဝိသုဒ္ဓိ ၇-ပါးနှင့် ဝိပဿနာဥာဏ် ၁၀-ပါးကို လည်းကောင်း, ဥာဏ် ၁၆-ပါးတို့ကိုလည်းကောင်း အကျဉ်းအားဖြင့် ယှဉ်တွဲပြစမ်းပါ ၉
- စိတ္တဝိသုဒ္ဓိအခိုက်၌ နာမရူပ ပရိစ္ဆေဒဥာဏ် ဖြစ်သည်-ဟု ဆိုရာ၊ နာမ ပရိစ္ဆေဒဥာဏ်, ရူပ ပရိစ္ဆေဒ ဥာဏ်, နာမရူပ ပရိစ္ဆေဒဥာဏ် ဖြစ်ပုံတို့ကို အသီး အသီး ဖြောပြစမ်းပါ ၉
- ၁၂-ဟူသော စွဲလန်းမှုသည် အဘယ်ဥာဏ်ရမှ ပြုတ်ပါသနည်း၊ ပြောပြစမ်းပါ.... .... ၉
- ဒိဋ္ဌိဝိသုဒ္ဓိအခိုက်၌ အဘယ်ဥာဏ်ပေါ်ပါသနည်း.... ၉

မာတိကာ

- ဒီဋ္ဌိဝိသုဒ္ဓိအခိုက်၌ အာရုံအမျိုးမျိုး ပေါ်လာတတ်သည်-ဟု ဆိုရာ၊ အဘယ်သို့ ပေါ်လာတတ်ပါသနည်း ၁၀၀
- စာခ်ီ ဝိတရကဝိသုဒ္ဓိဖြစ်သောအခါ အဘယ်ဉာဏ်များ ဖြစ်နိုင်ပါသနည်း၊ အနုပဿနာဉာဏ် သုံးမျိုးကို ပြောပြစမ်းပါ ၁၀၁
- နာမရူပ-စသော ဉာဏ်သုံးမျိုးတို့၏ ထွက်လေ, ဝင်လေကို သိရာ၌ ကွာခြားပုံကို ပြောပြစမ်းပါ ၁၀၆
- ဝိပဿနာဉာဏ် ၁၀-ပါးကို အဘယ်ဉာဏ်မှ စ၍ ရေတွက်မည်နည်း ၁၀၈
- ဥဒယဗ္ဗယဉာဏ်၏ ရှေ့ပိုင်း, နောက်ပိုင်း ၂-မျိုးကို အဘယ်သို့ ပိုင်းခြားမည်နည်း ၁၁၀
- မဂ္ဂါမဂ္ဂဝိသုဒ္ဓိအခိုက်၌ ယောဂီ၏ အထင်လွဲမှားတတ်ပုံကို ပြောပြစမ်းပါ ၁၁၁
- ပရိယတ္တိ မကျမ်းကျင်သော စာရေးသူ၏ မိတ်ဆွေကြီးက သူ့ရဲ့ သမထလုပ်ငန်းကို အဘယ်ပုံ ပြောဆိုပါသနည်း ၁၁၂
- စာပယ်မှ ငါကွယ်မည်၊ စာဖြုတ်မှ ငါပြုတ်မည်-ဟု ပြောဆိုကြရာ ဟုတ်ပါသလား-ရှင်းပြစမ်းပါ.... ၁၁၃

မာတိကာ

- ယောဂီ၏ ခန္ဓာကိုယ်မှ အရောင်အလင်းများ ဖြစ်သောအခါ ကမ္မဋ္ဌာန်းဆရာက မည်ကဲ့သို့ လမ်းညွှန်ပြရမည်နည်း၊ ပြောပြစမ်းပါ ၁၁၄
- ဝိသုဒ္ဓိအမှန်ပေါ်အောင် မည်ကဲ့သို့ ဆင်ခြင် အားထုတ်ရမည်နည်း.... .... ၁၁၅
- ဥဒယဗ္ဗယညာဏ်ရင့်သန်လာလျှင် ရှုမှတ်လို့ အားမရပဲ ဟိုမရောက်, ဒီမရောက်ဖြစ်တတ်ပုံကို ပြောပြစမ်းပါ.... ၁၁၇
- ဘင်ဥာဏ်သို့ ရောက်ခါစမှာ ရှုမှတ်လို့မကောင်းပဲ ရီးတီးရောင်တောင် ဖြစ်နေတတ်ပုံကို ပြောပြစမ်းပါ ၁၂၀
- ပညတ်အာရုံများ အဘယ်ဉာဏ်ရောက်မှမပေါ်လာသနည်း၊ ပညတ်အာရုံနှင့် ပရမတ်အာရုံ ရှုမှတ်ရပုံခြင်း အဘယ်သို့ ကွာခြားပါသနည်း.... .... ၁၂၁
- သမ္မသနဉာဏ်နှင့် ဘင်ဥာဏ်တို့၏ ပျက်ပုံခြင်း ထူးခြားပုံကို ပြောပြစမ်းပါ ၁၂၁
- ငါကောင်ဟု စွဲလန်းမှုပျောက်အောင် မည်သို့ အားထုတ်မည်နည်း ၁၂၃
- ဘယဉာဏ်ကြောက်ပုံကို ဆင်ရှားအောင် ပြောပြစမ်းပါ ၁၂၅

မာတိကာ

- ဘယဥာဏ်ဖြစ်ပြီးနောက် အာဒီနဝဥာဏ်, နိဗ္ဗိဒါ ဥာဏ်တို့သည် မည်မျှလောက်ကြာမှ ဖြစ်လာမါ သနည်း ၁၂၇
- "အင်း ချောက်သွေ့သွေ့ကြီးပဲ၊ တယ်ပျင်းစရာ ကောင်းပါလားနော်" ဟုထင်နေခြင်းသည် အဘယ် ဥာဏ်အခိုက်၌ ဖြစ်တတ်ပါသနည်း ၁၃၀
- မုစ္စိတုကမျတာဥာဏ် အခိုက်၌ အာရုံ ပေါ်လာမှု သည် သမ္မသနဥာဏ်အခိုက်၌ပေါ်လာမှုနှင့်အဘယ် ပုံထူးပါသနည်း ၁၃၂
- မျှော်စင်ကြီးနှင့်တူသော ဥာဏ်ကို ပြောပြစမ်းပါ.... ၁၃၄
- ပေါ့ပေါ့ပါးပါး, သွက်သွက်လက်လက် အာရုံများ ပေါ်လာမှုသည် အဘယ်ဥာဏ်အခိုက်၌ ဖြစ်တတ်ပါ သနည်း ၁၃၇
- အောက်ဥာဏ်များနှင့်မတူ တမူထူးခြားသောဥာဏ် ကား အဘယ်ဥာဏ်ပါနည်း ၁၃၈
- သင်္ခါရပေက္ခာဥာဏ်၏ ဂုဏ်ခြောက်မျိုးကို ပြောပြ စမ်းပါ ၁၃၉
- သင်္ခါရပေက္ခာဥာဏ် အားကောင်းခဲ့သော် ခန္ဓာ ကိုယ်ကြီးပါ ပျောက်သွားသည်-ဟု ထင်ခဲ့လျှင် အဘယ်တရား ကျန်ပါသေးသနည်း ၁၄၄

မာတိကာ

- သြဘာသ - စသော အန္တရာယ် ၁၀-မျိုးမှတပါး အခြားအန္တရာယ်များ ရှိပါသေးသလော- ပြောပြစမ်းပါ ၁၄၅
- ဝိပဿနာဉာဏ် ၁၀-မျိုးတွင် အရေးအကြီးဆုံး ဉာဏ်ကို ပြောပြစမ်းပါ ၁၄၆
- သင်္ခါရုပေက္ခာဉာဏ်၏သဘောကိုဥပမာပြု၍ပြောပြ စမ်းပါ ၁၄၇
- သင်္ခါရုပေက္ခာ ဉာဏ်သုံးမျိုးကို ပြောပြစမ်းပါ ၁၄၉
- ဂေါတြဘူဉာဏ်ထို အဘယ့်ကြောင့် အနုလောမ ဉာဏ် မခေါ်ပါသနည်း ၁၅၁
- မဂ်၏စွမ်းအင် ၄-မျိုးကိုပြောပြစမ်းပါ ၁၅၃
- မဂ်၏ အမည်ထူးများကို ပြောပြစမ်းပါ ၁၅၆
- ဝိမောက္ခ၏ တရားကိုယ်ကို ကောက်ပြု၍ အဘယ် ကြောင့် အနိမိတ္တ-စသော အမည်သုံးမျိုးကို ရရှိကြ ပါသနည်း ၁၆၀
- နိမိတ်သုံးမျိုးနှင့် ဘာဝနာ သုံးမျိုးကို ပြောပြ စမ်းပါ ၁၆၂
- နိမိတ်သုံးမျိုးနှင့် ဘာဝနာသုံးမျိုးကို တွဲယှက်လျက် အဓိပ္ပာယ်ရှင်းပြစမ်းပါ ၁၆၃

မာတိကာ

- အဘယ်သို့သောအာရုံသည် ပဋိဘာဂနိမိတ် မည်ပါ သနည်း၊ ဥပမာဖြင့် ပြောပြစမ်းပါ၊ ပညတ်, ပရမတ်လည်း ခွဲပြခဲ့ပါ ၁၆၇
- နိမိတ်သုံးပါးကို ကမ္မဋ္ဌာန်း ၄၀-တို့ဖြင့် ဝေဘန်ပြ စမ်းပါ ၁၇၄
- ပရိကမ္မနိမိတ်ကို ကမ္မဋ္ဌာန်းအားလုံး၌ မုချရကောင်း ပါသလော-ပြောပြ၍ အရဟံ–အရဟံ–ဟု စီးဖြန်း ရာ၌ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့၏ နယ်ခြား သစ်မှတ်ရာဌာနကို ပြောပြစမ်းပါ ၁၇၅
- ကမ္မဋ္ဌာန်းဆရာ(၆)ဦးကို ရေတွက်ပြ၍ ကမ္မဋ္ဌာန်း အားထုတ်ရမည့် နေရာကိုလည်း ပြောပြစမ်းပါ ၁၇၈
- ကမ္မဋ္ဌာန်းထိုင်ရာ၌ အသုံးပြုထိုက်သော ဝတ်စား ဆင်ယင်မှုကို ပြောပြစမ်းပါ ၁၈၂
- နိုဗ္ဗာန်သို့သွားရာ လမ်း ၂-သွယ်ကို ပြောပြစမ်းပါ.... ၁၈၄
- သမထလမ်းကြောင်းမှ နိုဗ္ဗာန်သို့ ကူးသွားနိုင်သော လမ်း ၂-သွယ်ကို ပြောပြစမ်းပါ ၁၈၅
- သမထကိုအားထုတ်နေသောယောဂီသည် ဝိပဿနာ ဖြောင်းလိုခဲ့သော် လုပ်ငန်းစဉ် ပြောရပါသေး သလော ၁၈၆

မာတိကာ

- ဤ အာနာပါန ကမ္မဋ္ဌာန်းကို အ ဘယ် ကြောင့် အလေးပြုထိုက်ပါသနည်း၊ ရှင်းလင်းပြစမ်းပါ ၁၉၀
- အာနာပါန အကျိုးငါးပါးကို ပြောပြစမ်းပါ ၁၉၄
- သတိမြဲရာ၊ ပထမာ၊ ဒုမ္မာရှည်တိုသိ၊ လုံးစုံလင်းရာ၊ တဋ္ဌသာ၊ စမ္မာ ငြိမ်းစေဘိ—ဟူသော လယ်တီဆရာတော်ဘုရားကြီး သံပေါက်အရ အာနာပါန ပဋ္ဌာန် အကျဉ်းချုပ် ကောက်နှုတ်ချက် လေးမျိုးကို ပြောပြစမ်းပါ ၂၀၅
- လက်တွေ့ တရားထိုင်ရာ၌ အစီအစဉ်ကို ပြောပြ၍ "ပလ္လင်အာဘုဇိတ္တာ" ဟု ဟောသောကြောင့် ပလ္လင်ခွေထိုင်မှတရားအားထုတ်ကောင်းပါသလော ရှင်းပြပါ ၂၀၆
- ထုက်ဧလ, ဝင်လေတို့၏ ထိရာဌာန ၂-မျိုးကို ပြောပြစမ်းပါ ၂၀၈
- သတိမမြဲသေးခင် မည်ကဲ့သို့ အားထုတ်ရမည်နည်း၊ ဈာသိုဏ်းဌာနနှင့် ကသိုဏ်းအာရုံကိုလည်း ပြောပြစမ်းပါ ၂၁၀
- အာရုံကို အဓိကထား၍ အားထုတ်နည်းကို ပြောပြစမ်းပါ ၂၁၂
- မိမိရည်မှန်းထားသော အာရုံမဟုတ်ပဲ အခြားအာရုံ များပေါ်လာရာအခါကို ပြောပြစမ်းပါ ၂၁၅

မာတိကာ

- နှုတ်ခမ်းထော်သောသူမှာ အဘယ်နေရာ၌ကသိုက်း ဌာန ဖြစ်သင့်ပါသနည်း ၂၁၇
- ထွက်လေ,ဝင်လေ အရှည်,အတို ရှုရှိုက်သူများကို ပြောပြစမ်းပါ ၂၂၀
- အာကာသအားဖြင့် အားထုတ်နည်းသုံးမျိုးကို ပြောပြစမ်းပါ ၂၂၂
- ယောဂီ၏ဆန္ဒအလျောက် ထွက်လေ,ဝင်လေကိုမည်ကဲ့သို့ ဖြစ်အောင်အားထုတ်နိုင်ပါသနည်း၊ပုံ ၉-၁၀ တို့အရ ဖြေဆိုပါ ၂၂၅
- ယောဂီ၏ ခန္ဓာကိုယ်ကို ကောင်းကင်မှာ ငှက်ကြီးများ ပျံတက်နေသလိုဖြစ်အောင် မည်ကဲ့သို့ အားထုတ်မည်နည်း ၂၂၇
- "အိပ်မက်ထဲမှာ ရွှေအိုးရသလို" ဗြုံးကနဲ ဝမ်းသာပြီး ကဗျာကရာ ဝမ်းနည်းရသော အဖြစ်ဆန်း ဖြစ်တတ်သော အချိန်အခါမျိုးကို ပြောပြစမ်းပါ ၂၂၈
- ရွှေတိဂုံစေတီတော်ကြီးကို မိမိတို့အရပ်မှ ဖူးမြင်ရအောင် မည်ကဲ့သို့ ပွားများမည်နည်း ၂၃၃
- ထွက်လေ၏ အစ,အလယ်,အဆုံး၊ ဝင်လေ၏ အစ, အလယ်,အဆုံး ဌာနများကို ပြောပြစမ်းပါ ၂၃၃

မာတိကာ

- ပဋိဘာဂနိမိတ် ထင်လာရန် ခဲယဉ်းခဲ့သော် မည်သို့ အားထုတ်ရမည်နည်း ၂၃၇
- ဗဟိဒ္ဓအာရုံနိမိတ်ကိုပုံသဏ္ဌာန်အမျိုးမျိုးဖြင့်အောင် မည်ကဲ့သို့ အားထုတ်ရပါမည်နည်း ၂၃၉
- ထုက်လေ, ဝင်လေ၏ ဒေါင်လိုက်နည်း, အလျားလိုက်နည်းအရ အာရုံဖမ်းနည်းများကို ပုံကြည့်၍ ပြောပြပါ ၂၄၁
- အလင်းရောင်တန်းကြီး ခန္ဓာကိုယ်အတွင်းမှာ ဝင်သွားပုံကို ဥပမာပြု၍ ပြောပြစမ်းပါ ၂၄၉
- အာရုံကို ကျောဘက်မှာထားပြီး အဘယ်ကြောင့် အားထုတ်ရပါသနည်း ၂၅၀
- တယောလဒ္ဓဖြစ်အောင် အားထုတ်နည်းကို ပြောပြပါ ၂၅၃
- အဇ္ဈတ္တသုံးချက်ရှုနည်း သုံးမျိုးကို တနည်းအားဖြင့် ပြောပြပါ ၂၅၄
- စတုတ္ထဆင့် အကျဉ်းအားဖြင့်သိရမည့် နည်းသုံးမျိုးကို ပြောပြပါ ၂၅၈
- ဘာဝနာ၏အနှစ်သာရဆယ်ရှစ်မျိုးနှင့် ဘာဝနာပြည့်စုံမှုလေးမျိုးကို ပြောပြမှ.... .... ၂၆၀

မာတိကာ

- ယောဂီမှာ အပွနာဈာန်မျှား ပေါ်လာနိုင်ရာအခါ ကို ပြောပါ.... .... ၂၆၆
- သမထမှ ဝိပဿနာပြောင်းနည်းကို ပြေးပြ၍ အမြန် ဆုံးကူးနိုင်သောနည်းကို ညွှန်ကြားခဲ့ပါ ၂၆၈
- နေယျှခေတ်မှာ မည်သို့အားထုတ်မှ အရိယာဖြစ်နိုင် ပါသနည်း ၂၇၄

မဂ်ပေါက် ဖိုလ်ဝင်

(ရှစ်မြှ)

အာနာပါနကျင့်စဉ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ နှင့် အာသီသ

၁။ တိရတနံ၊ သက္ကစ္စံ၊ နိစ္စံ နမာမိ။
၂။ မာတာပိတရံ၊ အာစေရံ၊ သဒါ ဝန္ဒာမိ။
၃။ ဧဝမညေန၊ ဧကမ္မံ၊ သိယံ သိဒ္ဓတု။

ယောဂီတို့အား တိုက်တွန်းချက်

လူသားသည် အလုပ်အကိုင်နှင့် ကင်းလွှတ်မရချေ။ အသက်ရှင်သန်ရေးအတွက် စားဝတ်နေရေး အလုပ်ကို ဖြစ်စေ, ဘဝလွတ်မြောက်ရေးအတွက် ဘာသာရေး လုပ်ငန်းမျှားကို ဖြစ်စေ

တခုခုကိုတော့ အမြဲ လုပ်ကိုင်နေကြပေသည်။ မည်သည့်လုပ်ငန်း မှာမဆို လက်တွေ့သည် အရေးအကြီးဆုံးဖြစ်၍ လက်တွေ့ လုပ်ငန်းပိုင်းတွင် တွေ့ကြုံလာရမည့်အသေးစိတ်ကိစ္စရပ်များကို ကြိုတင်ပြီး သိထားနိုင်ခဲ့သော် အမှန်လိုအပ်ချက်များကို အလွယ်တကူ ဖြေရှင်းပေးနိုင်ပေလိမ့်မည်။

မှန်ပေသည်။ အချို့ကိစ္စရပ်များမှာ "မည်သို့ဖြစ်မည် " ဟု ကြိုတင်ပြီးမသိနိုင်သဖြင့် ပြင်ဆင်မှုကို မလုပ်နိုင်ကြချေ။ ယင်းသို့ မလုပ်နိုင်ခဲ့သော် လုပ်ငန်းပိုင်း အတွင်း၌ စမ်းဘဝါးဝါးဖြင့် ဖြေရှင်းချခြင်း, အခြေအနေကိုကြည့်၍ လုပ်ကိုင်နေရခြင်းသည် မိမိကိုယ်တိုင်ပင် "မှန်ကန်သည် " ဟု တိကျပြတ်သားစွာ ရဲရဲ တင်းတင်း မပြောနိုင်ကြသောကြောင့် လုပ်ငန်းအပေါ်၌ စိတ် ဝင်စားမှု အားလျော့ပြီး ယုံကြည်မှု အားနဲသွားနိုင်ပေသည်။

အထူးအားဖြင့် ဘာသာရေးလုပ်ငန်းသည် ပကတိမျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော "သဘောတရားမျှကို " အကောင်အထည် ပေါ်အောင် လုပ်ဆောင်ရမည့်ကိစ္စ ဖြစ်ခြင်းကြောင့် သာမန်ကာ လျှံ ကာ တော်ရုံတန်ရုံ ကျင့်ကြံကြိုးကုတ် အားထုတ်မှုဖြင့် ရုပ်လုံး ပေါ်နိုင်မည် မဟုတ်ချေ။

မြန်မာစကားပုံမှာ "လေဖမ်း ဝါးတန်းချည် " ဟူသော စကားသည် မဖြစ်နိုင်ရာ၌ ပုံပြုထားသောစကားပုံ ဖြစ်ပေသည်။ သို့ရာတွင် ဘာသာရေးလုပ်ငန်း၌ကား "မဖြစ်နိုင်ပါဘူး" ဆိုသော ထိုလေကိုပင် မိုးအောင်ဖမ်း၍ ကြိုးနဲ့ချည်ပြရမည် ဖြစ်၏။ ဘာသာ

ရေးလုပ်ငန်းသည် မည်မျှ ခက်ခဲ၊ မည်မျှ နက်ရှိုင်းလှကြောင်းကို မှန်းဆပြီး သိနိုင်ပေသည်။

ထို့ကြောင့် ယခု မျက်မြင်ပစ္စက္ခဘဝတွင်မက မျှော်မှန်းလို့ မရနိုင်သော ဘဝသံသရာဘလောက်လုံးမှာပင် တကြိမ်တခါမျှ မတွေ့ဘူး,မကြုံဘူး(မခံစားရဘူး)သေးသော သဘာဝ အရသာ ထူးကို လက်ခံတွေ့ခံစားနိုင်ရန်အတွက် အဆင်းရဲ အပင်ပန်း အမျိုးမျိုးခံလျက် အား ထုတ်နေကြသော စာရေးသူအပါအဝင် ယောဂီများ သည်(အကယ်၍)လုပ်ငန်းအားထုတ်နေစဉ်အတွင်းမှာ ရှေးကတကြိမ်တခါမျှမဖြစ်ဘူးသေးသော စိတ်ဖြစ်စဉ်တမျိုး(သဘာဝအတွေ့အကြုံတခု) ဖြစ်ပေါ်လာခဲ့သော် မိမိလိုချင်သော သဘာဝ အရသာ ဟုတ်သည်' (သို့မဟုတ်) မဟုတ်ဘူး-ဟု ဘယ်ပုံ ဘယ်နည်း တစ်တစ်ခုခု အဖြေမှန်ပေးနိုင်မည်နည်း၊ ဘယ်ကဲ့သို့သော အတိုင်းအတာ ဖြင့် တိုင်းတာမည်နည်း၊ အသင်ယောဂီမှာ တိုင်းတာစရာ လက်နက်ကြီးယာများ စုဆောင်းပြီး ရှိပါပြီလော။

စိတ်အားငယ်ရန် မလိုပါ။ ။အထက်ပါ မေးခွန်းများကြောင့် အသင်ယောဂီသည် ကြွေဝေနေပြီး စိတ်အားငယ်ရန် မလိုပါ၊ ယောဂီတို့ ရှေးဦးစွာ (ယောဂီတို့အရင်)ထို့ သဘာဝအရသာထူးကို တဝကြီး ခံစားကြကုန်လျက် ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြကုန်သော ရှေးရှေးသော ဘုရားရှင်တို့သည် မိမိတို့လက်တွေ့ခံစားခဲ့ရသော သဘာဝအရသာ ထူးကို အားထုတ်ရပုံ လုပ်ငန်းစဉ်နှင့်ဘက္ခု တိကျပြတ်သားစွာ ဟောထားတော်မူခဲ့ကြကုန်ပြီ။

ထို ဘုရားရှင်တို့ ညွှန်ကြား ဆုံးမ ဟောပြတော်မူအပ်သော ဒေသနာတော်လာ နည်းများကို အလုပ်စခန်းမဝင်မီ(တရား အားမထုတ်မီ)ကြိုတင်ပြီး လေ့လာထားခဲ့သော် နောင်အခါ မိမိတို့ တရားအားထုတ်ဆဲခဏမှာ တွေ့ကြုံလာမည့် "အေးခနဲ, ပူခနဲ, လင်းခနဲ" စသည်ဖြင့် တဖြတ်ဖြတ်ဖြစ်ပေါ်လာသော သဘာဝ၏ အဖြစ်ဆန်းများကို ယောဂီကိုယ်တိုင် ပိုင်နိုင်စွာ အဖြေမှန်ကို ပေးနိုင်ပေလိမ့်မည်။

သို့ဖြစ်၍ သင် ယောဂီမှာ တရားအားမထုတ်ခင်–

၁။ မိမိသန္တာန်မှာ ရှိပြီးဖြစ်ရမည့်တရားနှင့်

၂။ သိပြီးဖြစ်ရမည့်တရားများကို ကွဲကွဲပြားပြား သဘောပေါက် နားလည်ရန် ဤကျမ်းစာတွင် တနေရာ၌ ပါရှိသော စာမူဌာန်းဆရာ(၉)ဦးထံမှ တဦးဦးထံမှာ ကျိုးနွဲ့ ရှိသေစွာ ချဉ်းကပ်ပြီး တရားအားထုတ်ခဲ့သော် အလွယ်တကူနှင့် ပေါက်ရောက်နိုင်ပေမည်။ ထို့ကြောင့် အောက်ပါအချက်တို့ကို စိတ်ထဲမှာ စဲ့အောင် လေ့ လာ ထား ကြ ပါ ရန် တိုက်တွန်းအပ်ပါကြောင်း။

ကြိုတင်သိရမည့် တရားများ

၁။ ယောဂီမှာ မိမိကိုယ်တိုင်မလုပ်ယင်မဖြစ်သော အထွေထွေကိစ္စများကို ပြီးအောင် လုပ်ထားရမည်၊ (ပလီဗေဒ-ကြောင့်ကျမှုများကို အတတ်နိုင်ဆုံး ဖြတ်ထားရမည်)

၂။ စိတ်ကြည်လင်ရန် သီလကို လုံခြုံအောင် စောင့်ထိန်းရမည်၊ (သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံရမည်)

၃။ ကမ္မဋ္ဌာန်း၏ အနီးကပ်ဆုံးဖြစ်သော အခြေခံတရား (၁၅)ပါးကို သိအောင်(မှတ်မိအောင်)အကြိမ်ကြိမ် စာဖတ်ထားရမည်။

၄။ မိမိစရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို သိထားရမည်။

၅။ ကြိုတင်သိသင့်သော ကမ္မဋ္ဌာန်းနှင့် ပတ်သက်သော အထွေထွေဗဟုသုတများကို ရှာမှီးရမည်။

၆။ ကမ္မဋ္ဌာန်းအားထုတ်စဉ် ဖြစ်ပေါ်လာမည့် ရုပ်နာမ်တို့၏ ဖြစ်စဉ်နှင့် ဖြစ်ပုံအချင်းအရာကိုလည်း သိထားရမည်။

၇။ ကမ္မဋ္ဌာန်းသင်ပေးမည့်ဆရာ ရှိရမည်။

၈။ ကမ္မဋ္ဌာန်းအားထုတ်ရမည့်နေရာကို သိပြီး (စီစဉ်ပြီး) ဖြစ်ရမည်။

၉။ ဝတ်စားဆင်ယင်မှုနှင့် ပြည့်စုံရမည်။

၁၀။ မဂ်ဖိုလ်နိဗ္ဗာန်သို့သွားရာ လမ်း ၂-သွယ်ကို သိရမည်။

၁၁။ လက်တွေ့ ကမ္မဋ္ဌာန်းထိုင်နည်းကို သိရမည်။

ထို(၁၁)ချက်ကို ထင်ရှား အောင် ရှင်းပြပါဦးမည်။

(၁) သံသရာ၌ ကြဉ်လည်ရသော ဒုက္ခ၊ ခန္ဓာဝန်ဒုက္ခကို လက်တွေ့ ခံစားနေရသဖြင့် ထိုဒုက္ခတို့မှ ကင်းလွတ်ကြောင်း တရားကို အားထုတ်လိုသော ယောဂီသူမြတ်သည်-

မိမိအိမ်အတွက် သားရေး, သမီးရေးအတွက်နှင့် စားဝတ်နေရေးအတွက် "ငါ့အိမ်မှာ ငါမရှိယင် ဖြစ်မှုဖြစ်ပါ့မည်လား" စသည်ဖြင့် စိတ်ထဲမှာ တကြောင့်ကျကျ ဖြစ်နေခြင်းကို ပယ်ရှားရမည်၊ လုံးဝ မပယ်နိုင်စေကာမူ နည်းနိုင်သမျှ နည်းအောင် အတတ်နိုင်ဆုံး အားထုတ်လေ့ကျင့်ထားပြီး ဖြစ်နေရမည်။

(၂) စိတ်ကို ပျက်စီးအောင် ဖျက်ဆီးတတ်သော ကိလေသာ နီဝရဏတို့မှ ကင်းရှင်းနိုင်ရေးအတွက် (၅-ပါး၊ ၈-ပါး၊ ၉-ပါး၊ ၁၀-ပါး) သီလမျှားကို ဆောက်တည်ထားရမည်၊ သီလရှိနေယင် စိတ်ကြည်လင်မှုရရှိနိုင်သည်၊ထို့ကြောင့် သီလကို မကျိုးမပေါက်ရအောင် အတတ်နိုင်ဆုံး စောင့်စည်းထားရမည်၊ (ကမ္မဋ္ဌာန်း ထိုင်ခါနီးမှာ သီလဆောက်တည်ယင်လည်း သီလစင်ကြယ်သည် မည်၏။)

(၃) ကမ္မဋ္ဌာန်း၏ အခြေခံ၊ ကမ္မဋ္ဌာန်းအလုပ်နှင့် အနီးကပ်ဆုံးဖြစ်သော ကမ္မဋ္ဌာန္ဟုပစာရတရား(၁၅)ပါးကိုလည်းသိအောင် လေ့လာလျက် အသားကျနေသည်အထိ အားထုတ်ပြီး ဖြစ်ရမည်။

ယင်း (၁၅) ပါးတို့ကား

(က) သင်္ကေတစ–ကမ္မဋ္ဌာန်းအလုပ် စွမ်းအား ထုတ်နိုင်သည်လည်း၊ အဃ၊ စင်စစ်မသွေ ဖြစ်ပေရာ၏။

(ခ) ဥဇုစ–ကိုယ်နှုတ်ဖြောင့်မတ်၊ရိုးသားလတ်သည်လည်း၊ အဃ၊ စဉ်စစ်မသွေ ဖြစ်ပေရာ၏။

(၈) သုဟုဇူစ—တောင်တောင်ကျိုကျို၊ မကြုံစည်ဘဲ တည့်ကြည်ဖြောင့်မတ် မြင့်မြတ်သော စိတ်ထားရှိသည်လည်း။ အာသ၊ စင်စစ် မသေဖြစ်ပေရာ၏။

(၈) သုဝစောစ—ပညာရှိများ၊ ဆိုစကားကို ဖယ်ရှားမပယ်၊နာယူလွယ်သော စကားရှိသည်လည်း။အာသ၊ ရာ၏။

(c) မုဒုစ-နှုးညံ့သိမ်မွေ့၊နေထိုင်လေ့ရှိသည်လည်း။အာသ၊ ရာ၏။

(စ) အနတိမာနိစ-အလွန်မာနမကြီးသည်လည်း။ အာသ၊ ရာ၏။

(ဆ) သန္တုဿကောစ—ပစ္စည်းလေးပါးတို့၌ မည်မမှတ်ယူ ရောင့်ရဲလွယ်သည်လည်း။ အာသ၊ ရာ၏။

(ဇ) သုဘရောစ-အဆာမကျယ်၊ မွေးမြူလွယ်သည်လည်း။ အာသ၊ ရာ၏။

(စျ) အပ္ပကိစ္စောစ၊နဝကိစ္စ-ဗာဟိရကို-လုလ္လမထားနည်းပါးသော ကိစ္စရှိသည်လည်း။ အာသ၊ ရာ၏။

(ည) သလ္လဟုကဝုတ္တိစ၊ရှစ်ပါးပရိက္ခရာ၊ဆောင်ခါနေစား၊ ပေါ့ပါးသောအသက်မွေးခြင်းရှိသည်လည်း။အာသ၊ ရာ၏။

(ဋ) သန္တိန္ဒြိယောစ၊ ရာဂဒေါသ-စသည်မဘက်၊ရှိန်မပျက်ဘဲ၊ ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း။ အာသ၊ ရာ၏။

(၄) နိပကောစ၊အရာရာကို၊သေချာထောက်ချင့်၊ရင့်သော ပညာရှိသည်လည်း။ အဃ၊ ရာ၏။

(၃) အပ္ပဂဇ္ဈောစ-သူတပါးကို၊ စော်ကားနှိပ်စက်၊ ဖျက်ဆီး ညှင်းပန်း၊ ကြမ်းတန်းသော ကိုယ်,နှုတ်,စိတ် မရှိသည်လည်း။ အဃ၊ ရာ၏။

(၄) ကုဿ သု-အမျိုးဒကာ ဒကာမတို့၌၊ အနုနု ဂိဒ္ဓေ ၀ စ၊ ပစ္စည်းကိုခင်၊ လူကိုမင်၍၊ သံယောဇဉ်ဖြစ်အောင် မက်မောခြင်းမရှိသည်လည်း၊ အဃ၊ ရာ၏။

(၈) ယေနု၊အကြင်ဒုစရိုက်စု-မကောင်းမှုကြောင့်။ဝိညူ၊ ကြောင်းကျိုးသိမြင်၊ ပညာရှင်တို့သည်၊ ပရေ-မိမိမှ တပါး၊တခြားသူတို့ကို။ဥပဝဒေယျုံ၊ ကျေးဇူးမပြုင် အပြစ်တင်၍ ဆင်ခြင်မရှိ၊ ထင်မိထင်ရာ၊ သာယာ စိတ်ကင်း၊ အတင်းပြောဆိုကြကုန်ရာ၏။ တံ။ ထို ဒုစရိုက်စု၊မကောင်းမှုကို။ခုဒ္ဒံ-သေးငယ်သော်လည်း။ ကိဉ္စိ၊ စိုးစင်းအနည်းငယ်မျှ။ နစအာစရေ၊ အပြစ် တွေ့မြင်၊ သတိယှဉ်၍ ဆင်ခြင်သမှု-မပြုကျင့်ရာသည် သာလျှင်တည်း။

(ဤ ၅၅-ပါးကို အကြိမ်ပေါင်းများစွာ ဖတ်ထား ပါ၊ မေတ္တာပစာရ တရားဟူလည်း ခေါ်သေး သည်။)

(၄) ကဲမွဋ္ဌာန်းကို အားထုတ်လိုသော ယောဂီသည် မိမိ သန္ဓေါန်မှာ လောဘစရိုက် အားကြီးသလား, ဒေါသစရိုက်အား

ကြီးသလား, မောဟစရိုက်ကြီးသလား,စသည်ဖြင့်စရိုက် ၆-ပါး တို့တွင် မိမိမှာ ထူးထူး ခြားခြား လွန်ကဲနေသော စရိုက်ကို သိရှိ ထားရမည်။ (သိအောင်လေ့လာ နေရမည်)

စရိုက် ၆-ပါးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း

ထို့ကြောင့် မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို အားထုတ် တတ်ရန်အတွက် စရိုက် ၆-ပါးနှင့် ကမ္မဋ္ဌာန်းကို ယှဉ်တွဲ၍ ပြဦးအုံ....

(၁) စရိုက် ၆-ပါးကား

၁။ ရာဂစရိုက်
၂။ ဒေါသစရိုက်
၃။ မောဟစရိုက်
၄။ သဒ္ဓါစရိုက်
၅။ ဗုဒ္ဓိစရိုက်
၆။ ဝိတက်စရိုက်အားဖြင့် ၆-မျိုးတည်။

သမထ ကမ္မဋ္ဌာန်းများကား—

၁။ ကသိုဏ်း ၁၀—ပါး
၂။ အသုဘ ၁၀—ပါး
၃။ အနုဿတိ ၁၀—ပါး
၄။ အပ္ပမညာ ၄—ပါး
၅။ သညာ ၁—ပါး

၆။ ဝ ဝတ္ထာန် ၁-ပါး
၇။ အာရုပ္ပ ၄-ပါး
ပေါင်း ၄ဝ-ပါး ဖြစ်သည်။

(က) စရိတာဿုပ်နဒသ အသုဘာ ကာယဂတာ သတိသင်္ခါတာ ကောဌာသ ဘာဝနာ စ ရူဂစရိတသ သပ္ပါယာ။

(ခ) စတသော အပ္ပမညာယော နီလာဒိနိစ စတ္တာရိ ကသိဏာနိ ဒေါသ စရိတသ။

(ဂ) အာနာပါနံ မောဟစရိတသ ဝိတက္ကစရိတသ။

(ဃ) ဗုဒ္ဓါနုဿတိ အာဒယော ဆသဒ္ဓါစရိတသ။

(င) မရဏ-ဥပသမ သညာ ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတသ။

(စ) သေသာနိပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ။

(ဃဂ်ဟ အဋ္ဌကထာ-၁၄၉/၁၅၀) (ဝိသုဒ္ဓိမဂ္ဂ၊ ပ၊ ၁၁၀)

အဓိပ္ပာယ်။ ။အမှတ်(က)နှင့်(စ)-ကို ပေါင်းစပ်ပြီး အဓိပ္ပာယ်မှတ်သားရမည်။ ထို့အတူ (ခ)နှင့်(စ)၊ (ဂ)နှင့်(စ)၊ (ဃ)နှင့် (စ)၊ (င)နှင့်(စ)တို့ကိုလည်း အသီးအသီး ပေါင်းစပ်ပြီး အဓိပ္ပာယ် နားလည်ရမည်။ ရှင်းလင်းဦးအုံ့။ ထို့ကြောင့်-

(က) ရာဂစရိုက် ဟူသော လောဘရာဂစရိုက် အားကြီးသူ (တဏှာ)အားကြီးသော ယောဂီသည်—

အသုဘ ၁၀–ပါး ကာယဂတာသတိ-ဟူသော ကောဋ္ဌာသပညတ်နှင့် ပထဝီ, အာပေါ, တေဇော, ဝါယော, **အာကာသ, အာလောက**–ဟူသော ကသိုဏ်း ၆-ပါး၊ အာရုပ္ပ ၄–ပါး၊ ပေါင်း ၂၁-ပါးသော ကမ္မဋ္ဌာန်းကို ပွားများရမည်။

(ခ) ဒေါသစရိုက်လွန်ကဲသော ယောဂီသည်ကား—

အပ္ပမညာ ၄-ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတ ကသိုဏ်းများနှင့်မဟာဘုတ်ကသိုဏ်း၄-ပါး၊**အာကာသ**၊ **အာလော** ကသိုဏ်း၊ **အာရုပ္ပ ကသိုဏ်း** ၄-ပါး၊ ပေါင်း ၁၈-ပါးသော ကမ္မဋ္ဌာန်းများကို ပွားများနိုင်သည်။

အာနာပါနကမ္မဋ္ဌာန်း အားထုတ်ထိုက်သူများ—

(ဂ) **မောဟစရိုက်**နှင့်**ဝိတက်စရိုက်**အားကြီးသောသူများသည်ကား—

ထွက်သက်ဝင်သက်**ခေါ်** **အာနာပါနကသိုဏ်း**နှင့် ယခင်မဟာဘုတ်ကသိုဏ်း **စသော** ၁၀-ပါး ကသိုဏ်း၊**ပေါင်း** ၁၁-ပါး**သော** ကမ္မဋ္ဌာန်းကို ပွားများနိုင်သည်။

(ဃ) သဒ္ဓါစရိုက် အားကြီးသူများသည် ဗုဒ္ဓါနုဿတိ **စသော** **အနုဿတိ** ၆-ပါးနှင့် ယခင်မဟာဘုတ် ကသိုဏ်း**စသော** ၁၀-ပါး **ပေါင်း** ၁၆-**ပါး**ရှိသော ကမ္မဋ္ဌာန်းများကို ပွားများနိုင်သည်။

(c) အသိဉာဏ်ရှင် ဖြစ်သော ဗုဒ္ဓိစရိုက် လွန်ကဲသူများ သည်ကား မရဏာနုဿတိ၊ဥပသမာနုဿတိ၊အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် အပြင် ယခင်မဟာဘုတ်ကသိုဏ်းဟသော ၁၀-ပါး ပေါင်း ၁၄-ပါးသော ကမ္မဋ္ဌာန်းကို ပွားများနိုင်သည်။

ယောဂီသည် မိမိသဏ္ဌာန်မှာ လွန်ကဲသော အဆိုပါစရိုက်ကို သိရမည်။စရိုက်နှင့်သင့်လျော်သောကမ္မဋ္ဌာန်းများကို ဆရာထံမှာ တောင်းယူ (သင်ယူ၍) အားထုတ်ရမည်။

(၅) သိသင့်သော အထွေထွေဗဟုသုတများ-

ယခုနေအခါအရိယာဖြစ်နိုင်သေးကြောင်း

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အပေါင်းတို့သည် မိမိတို့နှင့် နီးစပ်ရာ သာသနာ့ရိုပ်သာ အသီးသီးဌာလည်းကောင်း, မိမိတို့ စိတ်ချမ်းသာမည်ထင်ရာ ဆိပ်ငြိမ်ရာအရပ်များဌာလည်းကောင်း, (သစ်တပင်ရင်း၊ ဝါးတပင်ရင်းအောက်မှာ မသွားနိုင်စေကာမူ) မိမိတို့စွမ်းအားအလျောက် တရားအားထုတ်လျက်ရှိကြပေသည်။ ထိုသို့အားထုတ်ခြင်းကြောင့် မွန်မြတ်သော လောကုတ္တရာတရားများကို ရနိုင်ကြပါမည်လား-ဟု အမေးခံခဲ့ရဘူးသည်။

ထိုအမေးကို တိုတိုနှင့် လိုရင်းကို ဖြေရယင် "ရနိုင်ပါသည်" ဟု ဖြေဆိုရပေမည်။ သို့သော် ဤမျှလောက်ဖြင့် စာရှုသူများသည် ကျေနပ်မည် မဟုတ်သဖြင့် အောက်ပါအတိုင်း အကျယ် ဖြေဆိုဦးအံ့။

သာသနာငါးထောင် ရေတွက်ပုံ

ဘုရားသခင်၏ သာသနာငါးထောင် ရေတွက်ပုံကား-

၁။ ပဋိသမ္ဘိဒါပတ္တခေတ် တထောင်၊
၂။ သုက္ခဝိပဿကခေတ် တထောင်၊
၃။ သကဒါဂါမ်ခေတ် တထောင်၊
၄။ သောတာပန်ခေတ် တထောင်၊ (စုဠဝါအဋ္ဌ ကထာနှင့် သံယုတ်အဋ္ဌကထာတို့ အလိုတည်း။)

(တနည်း) ၁။ ပဋိသမ္ဘိဒါပတ္တခေတ် တထောင်၊
၂။ ဆဠာဘိညခေတ် တထောင်၊
၃။ တေဝိဇ္ဇခေတ် တထောင်၊
၄။ သုက္ခဝိပဿကခေတ် တထောင်၊
၅။ မဂ် ဖိုလ်မရပဲ ၂တိမောက်မျှသာ ထိန်းသိမ်းသော ရဟန်းခေတ် တထောင်၊

(ဒီဃနိကာယ် သမ္မသာဒနိယသုတ် အဋ္ဌကထာ အလိုတည်း)

(တနည်း) ၁။ ပဋိသမ္ဘိဒါပတ္တခေတ် တထောင်၊
၂။ ဆဠာဘိညခေတ် တထောင်၊
၃။ တေဝိဇ္ဇခေတ် တထောင်၊
၄။ သုက္ခဝိပဿကခေတ် တထောင်၊

၅။ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်ခေတ်
တယောင်၊
(အဂုံတို့ရ်အဌကထာ၊ သမ္မောအဌကထာတို့အလိုတည်း။
ဒုကျဉ်းချုပ် လိုရင်းကား....

၁။ စူဠဝါအဌကထာနှင့် သံယုတ်အဌကထာတို့အလို ယခုခေတ်အချိန်ကား အနာဂါမ်ခေတ်ဖြစ်ပေသည်။ တရားအားထုတ်လျှင် သောတာပန်, သကဒါဂါမ် အဖြစ်သာမက အနာဂါမ်ထိ ၁င် ဖြစ်နိုင်သေးသည်။

၂။ ဒီဃနိကာယ်အဌကထာ၊ အဂုံတို့ရ်၊ သမ္မောအဌကထာတို့အလိုကား ဘေဝိဇ္ဈခေတ် ဖြစ်ပေသည်။ ထိုကြောင့် တရားအားထုတ်လျှင် သောတာပန်၊ သကဒါဂါမ်, အနာဂါမ်ဖြစ်ရုံသာမဟာပဲ, ပုဗ္ဗေနိဝါသ,ဒိဗ္ဗစက္ခု, အာသဝက္ခယဟူသော အဘိညာဉ်သုံးပါးနှင့်ပြည့်စုံသော ဘေဝိဇ္ဈရဟန္တာပုဂ္ဂိုလ်ကြီးအထိ ဖြစ်နိုင်သေးသည်။(သာရတ္ထဒီကာတတိယအုပ် ၄၃၉၊ ၄၄၀ ၌ ကြည့်ရှုပါရန်)

ထို့ပြင် ဒီဃနိကာယ် သုတ်မဟာဝါ မဟာပရိဗ္ဗာနသုတ်ပါဠိတော်၌ "ဣဒေဝ သုဘဒ္ဒ ဘိက္ခု သမ္မာ ဝိဟ ရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ-"ရဟန်းတို့သည် ကောင်းစွာကျင့်ကုန်အုံ။ ဤလောကသည် ရဟန္တာတို့မှ မကင်းဆိပ်နိုင်"ဟု ကာလကန့်သတ်ချက်မပါဘဲ မိန့်ဆိုတော်မူသောကြောင့် ဘယ်ခါမဆို တရားအားထုတ်လျှင် ရဟန္တာဖြစ်နိုင်သည်-ဟု မှတ်ပါ။

(လယ်တီဆရာတော်ဘုရားကြီးကား "သာသနာ မကွယ်သေးလျှင် အရိယာလည်း မကွယ်သေးပါ" ဟု အမိန့်ရှိသည်။)

အထူးမှတ်ဖွယ်

အဌကထာဆရာတဦးတည်း ဖြစ်ပါလျက် အဘယ်ကြောင့် အမျိုးမျိုးဝါဒကွဲပြားနေပါသနည်း ? ဟု မေးဘွယ်ရှိပေသည်။ အဌကထာဆရာမှာ သက်ဆိုင်ရာ ခန္ဓကဆောင် မထေရ်တို့၏ အလိုအတိုင်း ဖွင့်ဆိုရသောကြောင့် ဤကဲ့သို့ အမျိုးမျိုးကွဲပြားနေရခြင်းဖြစ်သည်။ (ရတ္တဌိကာ တတိယအုပ် ၄၄၀)

(တနည်း) ဟောပြောမှု,ရေးသားမှု တခုနှင့်တခု ဆန့်ကျင်ရာ၌ အငြင်းပွားဘို့ မလို၊ ပရမတ္ထသဘာဝအားဖြင့် ဆန့်ကျင်ရာ၌သာလျှင် 'သုတ္တ, သုတ္တာနုလောမ-စသော မဟာပဒေသ လေးပါးနှင့် တိုက်ဆိုင်၍ ဆုံးဖြတ်ရမည်-ဟု ဝိမတိ၌ မိန့်၏။ (ဝိမတိ-ဒု-၂၆၄)

ဤကား ကျေးဇူးရှင် အဘိဓမ္မာရဌဂုရုဆရာတော်ဘုရားကြီး ရေးသော "ဉာဏသံဝေဂကျမ်း" မှ ထုတ်နှုတ် တင်ပြချက်တည်း။

အမှာ။ ။စူဠဝါဟါဋ္ဌိတော် ဘိက္ခုနိဒ္ဒေ မဟာပဇာပတိဝတ္ထု အဌကရုဝမ္မကထာ၌ သာသနာတည်ထောင်သောဟောပုံ အဆုံးအဖြတ်ကို "ကျောင်းထိုင်ဘုန်းကြီးလက်ကိုင် ဝိနယမဲ့လျှောက်ကျမ်း" ကြည့်ရှုကြပါကုန်။

ပုဂ္ဂိုလ် ၄-မျိုး

ခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနာတော်မြတ်နှင့် ကြိုကြိုက်ကြကုန်သော ပုဂ္ဂိုလ်များသည်-

၁။ ဥဿဒါဠိတည္ဟု ပုဂ္ဂိုလ်
၂။ ဝိပဋ္ဌိတည္ဟု ။
၃။ နေယျ ။
၄။ ပဒပရမ ။ —ဟူ၍ ၄-မျိုး ရှိသည်။

(၁) ဥဿဒါဠိတည္ဟုပုဂ္ဂိုလ်။ ။ထိုတွင် သက်တော်ထင် ရှားရှိသော မြတ်စွာဘုရားသခင်နှင့် ကိုယ်တိုင်ဖူးတွေ့ရသဖြင့် တခုံးသာ တရားဓမ္မကို ဟောတော်မူရာတွင် အကျဉ်း သခ်ေပ (ဥဒ္ဒေသ)ကို ဟောရုံမျှဖြင့် တရားအဆုံးဌ် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် ဥဿဒါဠိတည္ဟုပုဂ္ဂိုလ်မည်၏။(ဘုရားလက်ထက်တွင် ဤကဲ့သို့သောပုဂ္ဂိုလ်မျိုးကား မျှားလှပေတည်။ အရှင်သာရိပုတ္တရာအလျှောင်း ဥပတိသာပရဗိုဇ်ကား ဂါထာဝတ်မျှ နာရုံဖြင့် တရားထူးရခဲ့သည်။)

(၂) ဝိပဋ္ဌိတည္ဟုပုဂ္ဂိုလ်။ ။အကျဉ်းသခ်ေပ(ဥဒ္ဒေသ)ကိုဟောရုံမျှဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန် ဟူသော တရားထူးမရနိုင်ဘဲ အကျယ်(ဝိတ္ထာရ)အားဖြင့် ဟောနိုင်မှ မဂ်,ဖိုလ်,နိဗ္ဗာန် ဟူသော တရားထူးကို ရနိုင်သော ပုဂ္ဂိုလ်မျိုးသည် ဝိပဋ္ဌိတည္ဟုပုဂ္ဂိုလ်မျိုး မည်၏၊ (ဤ ဥဿဒါဠိတည္ဟုနှင့် ဝိပဋ္ဌိတည္ဟုပုဂ္ဂိုလ်မျိုးသည်ကား တရားအားထုတ် ကျင့်ကြံနေရန် မလိုဘဲ နာရုံမျှဖြင့် တရားထူး ရနိုင်ကြကုန်၏။ ဤပုဂ္ဂိုလ် ၂-မျိုး ယခုခေတ် လူ.ပြည်မှာ မရှိတော့ပြီ။)

(၃) နေယျပုဂ္ဂိုလ်။ ။အကျဉ်းနည်း, အကျယ်နည်းအားဖြင့် အမျိုးမျိုး တရားဟောတော်မူအပ်သော

လည်း ဒေသနာတော်အဆုံးမှာ တရားထူးကို မရနိုင်ဘဲ တရားဒေသနာတော်ကို ကြားနာ မှတ်သားပြီးမှ အသေအလဲ ကျင့်ကြံအားထုတ်ခဲ့သော် တရားထူးကိုရနိုင်သောပုဂ္ဂိုလ်မျိုးသည် နေယျပုဂ္ဂိုလ် မည်၏။ (ယခုခေတ် လူ့ပြည်မှာရှိကြသော ပုဂ္ဂိုလ်မျိုးတည်း။)

ဤ နေယျပုဂ္ဂိုလ်မျိုးသည် မိမိသန္တာန်မှာ ပါရှိသော ပါရမီအဆင့်အတန်း အနု,အရင့် အားလျော်စွာ ကာလ အတို,အရှည် တရားအားထုတ်၍ မဂ်,ဖိုလ်ကို ရနိုင်ကြသည်။

(ပါရမီဓာတ်ခံ နည်းလျှင် နှစ်,လ ကြာရှည်အောင် တရားအားထုတ်ရ၍ ပါရမီဓာတ်ခံ အားကြီးခဲ့ပါမူ ကြာကြာ အားမထုတ်ရဘဲ မြန်မြန် တရားထူးကို ရနိုင်ကြသည်။)

မှန်ပေသည်။ အချို့ ခုနစ်ရက်, အချို့မှာ အနှစ် သုံးဆယ်, အနှစ် ၆၀-ဆယ်အားထုတ်ကြရသည်၊ စိတ်ပျက်ဘို့ မလို၊ ပါရမီရှိသည်, မရှိသည်ကို မဲ့ည်သူမျှ အတတ်မသိနိုင်ကြသဖြင့် ပါရမီကိုချည်း အားကိုးပြီးမနေသင့်၊အားထုတ်မှုသာ အဓိကဖြစ်သည်-ဟု လယ်တီဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သည်။

အားမထုတ်လျှင် တရားထူးမရနိုင်ပါ

ဆက်ဦးအုံ၊ ခုနစ်ရက်ကျင့်လျှင် ရမည်-ဟု ဆိုသော်လည်း ပထမအရှယ်, ဒုတိယအရှယ်၌ အင်အားရှိသလောက် အစွမ်းကုန် အားထုတ်မှုသာလျှင် အရဟတ္တဖိုလ်ရနိုင်သည်။ တတိယအရှယ်၌ ကျင့်ကြံအားထုတ်ပါမူကား အောက်မဂ်, အောက်ဖိုလ်လောက်သာ ရနိုင်သည်။

အကဲယ်၍ ဝိရိယယုတ်လျော့ခဲ့ပါမူ ခုနစ်ရက် မဟုတ်၊ ခုနစ်နှစ်ပင် အားထုတ်သော်လည်း ရမည်မဟုတ်၊ (မဟာဓန သူဌေးသား, အဇာတသတ်မင်း, အဿဝင်သူဒိန်တို့မှာ တရားအားထုတ်မှု မရှိသောကြောင့် ပါရမီပြည့်စုံပါလျက် တရားထူး မရနိုင်ကုန်)

(၄) ပဒပရပုဂ္ဂိုလ်။ ။ဘုရား သာ သ နာ နှင့် တွေ့ကြုံ၍ ပရိယတ်, ပဋိပတ်တရားကို ဘယ်လိုပင် အားထုတ်သော်လည်း မဂ်, ဖိုလ်ကိုမရထိုက်သော ပုဂ္ဂိုလ်မျိုးသည် ပဒ ပရမပုဂ္ဂိုလ်မည်၏။

ထိုပုဂ္ဂိုလ်မျိုးကား ယခုဘဝ၌မကျတ်နိုင်, သမထအလုပ် ဝိပဿနာအလုပ် လက်ရှိနှင့် သေလွန်၍ လူ.ဘဝ, နတ်ဘဝ၌ ဖြစ်ခဲ့သော် နောက်ဘဝ (ဒုတိယဘဝ)၌ ဤဘုရားသာသနာ အတွင်းမှာပင် မဂ်, ဖိုလ်ရနိုင်၏။

(မည်သည့်ပုဂ္ဂိုလ်မျိုးဘဲဖြစ်ဖြစ် အားထုတ်မှုသာ အဓိကဖြစ်တော့သည်)

သိက္ခာသုံးပါး

မဂ်ပေါ်ကိုဖိုလ်စင် သူတော်စင်တို့ယောက် ဖြစ်မြောက်ရေး အတွက် ကျင့်ကြံကျိုးကုတ် အားထုတ်လိုသော ယောဂီသူမြတ်သည် သိက္ခာသုံးပါးမှ တ ရား ကိုယ် နှင့် ခန္ဓာဖွဲ့နည်းကို မသိလျှင် မဖြစ်သောအခြေခံတရား ဖြစ်သောကြောင့် ကြိုတင်လေ့လာထားသင့်ပေသည်။ ဆို.ကြောင့် တိုတိုနှင့် လိုရင်းကို ဖော်ပြဦးအုံ့။

ထိုသိက္ခာသည်–၁။ အဓိသီလသိက္ခာ,
၂။ အဓိစိတ္တသိက္ခာ,
၃။ အဓိပညာသိက္ခာ-ဟု သုံးမျိုးရှိပေသည်။
(ဆောင်) သီလ, စိတ္တာ၊ မြတ်ပညာ၊, မှတ်ပါသုံးသိက္ခာ၊
ရှင်းလင်းဦးအုံ၊ ထိုတွင်....

(၁) တောဘုမ္မက– ဝဋ္ဌဒုက္ခသံနှောင်ကြိုးဝယ် တထိန်ထိန် တောက်လောင်၍နေသော တဆယ့်ဘပါးသော မီးတို့ ငြိမ်းရာ ဖြစ်သော အသင်္ခတဓာတ် မြတ်နိဗ္ဗာန်သို့ ခို့လှုံ စံမြန်း လို၊သော ရှုဘော်ကောင်း ယောဂီသည် ရှေးဦးစွာ သီလကို ဆောက်တည်ရမည်။ ၅-ပါး ၈-ပါးစသော သီလကို ဆောက်တည်နေလျှင် သီလသိက္ခာနှင့် ပြည့်စုံနေပြီဖြစ်၍ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါးသည် မိမိမှာ အားကိုးလက်ကိုင် ရှိနေပြီ ဖြစ်သောကြောင့် အကုသိုလ်တရားများ အထိုက်အလျောက် ငြိမ်းစ ပြုလာပြီ ဖြစ်ပါသည်။ ထိုအဓိသီလ သိက္ခာသည်ပင် သီလကွန္ဓမဂ္ဂင်မည်ပါသည်။

သာဓကပါဠိ

ယာစာ ဝုံသော ဝိသာခ သမ္မဝါစာ, ယောစသမ္မာကမ္မန္တော၊ ယောစသမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာသီလက္ခန္ဓေ သင်္ခိတာ။

(စူဠဝေဒလ္လသုတ် ပါဠိတော်) (မူလပဏ္ဏာသ ပါဠိတော်-၃၇)

အနက်။ ။အာစုံသော ဝိသာခ၊ ဒကာဝိသာခ၊။ ယာစ သမ္မဝါစာ,အကြင် သမ္မာဝါ စာလည်းကောင်း။

ယောစ သမ္မာကမ္မန္တော၊ အကြင် သမ္မာစာမ္မန္တ လည်းကောင်း။ ယောစသမ္မာ အာဇီဝေါ၊အကြင် သမ္မာအာဇီဝလည်းကောင်း။ (ဣတိ)ဣမေမမ္မာ၊ဤတရားသုံးပါးတို့ကို။ သီလဂ္ဂန္ဓေ၊ သီလဂ္ဂန္ဓ မဂ္ဂင်၌။သင်္ဂဟိတာ၊ရေတွက်အပ်ကုန်၏။ဝါ။ သွင်းယူအပ်ကုန်၏။

(၂) အဓိသီလ သိက္ခာနှင့် ပြည့်စုံပြီးသော ယောဂိသည် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟု ဆိုအပ်သော အဓိစိတ္တ သိက္ခာကို ရရှိအောင် ဆက်ဆက် အားထုတ်ခဲ့သော် သမာဓိဂ္ဂန္ဓမဂ္ဂင်နှင့် ပြည့်စုံပြန်လေသည်။

သာဓကပါဠိ

ယောစ သမ္မာဝါယာမော၊ယောစသမ္မာသတိ၊ယောစ
သမ္မာသမာဓိ၊ ဣမေဓမ္မာ သမာဓိဂ္ဂန္ဓေ သင်္ဂဟိတာ။
(စူဠဝေဒလ္လသုတ် ပါဠိတော်) (မူလပဏ္ဏာသပါဠိ-၃၇၅)

အနက်။ (အာဝုသော ဝိသာခ၊ ဒုကာဝိသာခ!) ယောစ
သမ္မာဝါယာမော၊ အကြင်သမ္မာဝါယာမလည်း
ကောင်း။ ယောစ သမ္မာသတိ၊ အကြင် သမ္မာသတိလည်းကောင်း။
ယောစ သမ္မာသမာဓိ၊ အကြင် သမ္မာသမာဓိ လည်းကောင်း။
(ဣတိ)ဣမေ ဓမ္မာ၊ ဤတရား သုံးပါးတို့ကို။ သမာဓိဂ္ဂန္ဓေ၊
သမာဓိဂ္ဂန္ဓာ၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏(ဝါ) သွင်းယူ
အပ်ကုန်၏။

(၃) အဓိသီလ, အဓိစိတ္တ သိက္ခာနှစ်ပါးနှင့် ပြည့်စုံနေပြီ ဖြစ်သော ယောဂိသည် အဓိစိတ္တသိက္ခာကို ပွားနေစဉ် ပေါ်လာသော ရုပ်နာမ်တရားတို့၌ သမ္မသနစသည်တို့ဖြင့် ရှုမြင် သုံး

သပ်လိုက်သည်ရှိသော် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ-ဟူသော မဂ္ဂင်နှစ်ပါးနှင့် ပြည့်စုံသော အဓိပညာသိက္ခာပေါ်လာပြန်လေသည်။ ထိုအဓိပညာသိက္ခာကို ပညာကွန်ရာသိက္ခာဟု ခေါ်သည်။

သာဓကပါဋိ

ယာစ သမ္မာဒိဋ္ဌိ၊ ယောစ သမ္မာသင်္ကပ္ပေါ၊ ဣမေဓမ္မာ ပညာကွန္ဓေ သင်္ဂဟိတာ။

(စူဠဝေဒလ္လသုတ် ပါဋိဘော်) (မူလပဏ္ဏာသပါဋိ-၃၇၅) အနက်။ ။(အာဝုသော ဝိသာခ၊ ဒကာဝိသာခါ) ယာစ သမ္မာဒိဋ္ဌိ၊ အကြင် သမ္မာဒိဋ္ဌိ လည်းကောင်း။ ယောစ သမ္မာသင်္ကပ္ပေါ၊ အကြင် သမ္မာသင်္ကပ္ပ လည်းကောင်း။ (ဣတိ) ဣမေ ဓမ္မာ၊ ဤတရားနှစ်ပါးတို့ကို။ ပညာကွန္ဓေ၊ ပညာကွန်ရာ၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။(၀၊) သွင်းယူအပ်ကုန်၏။

သိက္ခာသုံးပါးနှင့် တရားကိုယ်ခန္ဓာဖွဲ့ပုံကို အောက်ပါဇယားအတိုင်း သိလေ။

သိက္ခာသုံးပါး ခန္ဓာဖွဲ့ပုံဇယား

သိက္ခာအမည်	တရားကိုယ်များ	ခန္ဓာအမည်
၁။ အဓိသီလသိက္ခာ	သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊	သီလက္ခန္ဓာ
၂။ အဓိစိတ္တသိက္ခာ	သမ္မာဝါယာမ၊ သမ္မာသတိ သမ္မာသမာဓိ	သမာဓိက္ခန္ဓာ
၃။ အဓိပညာသိက္ခာ	သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ	ပညာက္ခန္ဓာ

သိက္ခာသုံးပါးနှင့် ပဟာန်သုံးချက်

ထင်ရှားအောင် ပြဆိုဦးအံ့။

၁။ အဓိသီလသိက္ခာ။ ။ကာမကုသိုလ် ၈-ပါးဖြစ်သော အခါသမျှဝေါစာစသော လောကီ မဂ္ဂင်များ ယှဉ်တွဲ ပါဝင်လာကြသည်။ ထိုမဂ္ဂင် ၈-ပါးတို့တွင် သမ္မာဝေါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဟူသော ဤမဂ္ဂင် သုံးပါးနှင့် ပြည့်စုံသော (ဝါ)လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်သော သူတော်သူမြတ်သည် (အဓိသီလသိက္ခာနှင့်ပြည့်စုံသော ယောဂီ သူတော်ကောင်းသည်) ကာယဒုစရိုက်, ဝစီဒုစရိုက်ကြောင့် ဖြစ်သော ဝိတိက္ကမ ကိလေသာ အကုသိုလ်များကို တဒင်္ဂပဟာန် အားဖြင့် ပယ်ဖျက်နိုင်သည်။

လူဝတ်ကြောင်များမှာ ၅-ပါး၊ ၈-ပါး စသော သီလများကို ထိန်းသိမ်းစောင့်ရှောက်နေခြင်း, ရဟန်းတော်များမှာ ဝိနည်း သိက္ခာပုဒ်များနှင့် ညီညွတ်အောင် နေထိုင်ခြင်းသည် အဓိသီလသိက္ခာနှင့် ပြည့်စုံသည်မည်၏။ ဒေသနာ သုံးရပ်တွင် ဝိနည်းဒေသနာတော် အရ ဖြစ်ပေသည်။

သာဓကပါဠိ

တထာဟိ ဝိနယ ပိဋကေ ဝိသေသေန အဓိသီလ သိက္ခာဝုတ္တာ၊ ဝိနယ ပိဋကေ စ ဝိတိက္ကမပ္ပဟာနံ ကိလေသာနံ၊ ဝိတိက္ကမ ပဋိပက္ခတ္တာ သီလဿ။

(အဋ္ဌသာလိနီ)

အနက်။ ။တထာ-တံ ဝစနံ၊ထိုစကားကို။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအုံ့။ ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်တော်၌။ ဝိသေသေန၊ အထူးအားဖြင့်။ (ဝါ)အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာတို့မှ ထူးသည်၏ အဖြစ်ဖြင့်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာကို။(ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်)စုတ္တာ၊ ဟောတော်မူအပ်၏။

၈၊ သိက္ခာမှ တပါး ပဟာန်ကို ဆိုဦးအုံ့။ ဝိနယ ပိဋကေ၊ ဝိနည်းပိဋကတ်ဟော၌။ ကိလေသာနှံ၊ အကုသိုလ်တရားတို့ကို။ ဝိတိက္ကမပဟာနံ၊ လွန်ကျူးခြင်းကို ပယ်ရှားခြင်းကို။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။(ကသ္မာ၊ အဘယ်ကြောင့်။ ဝုတ္တံ၊ဟောတော်မူအပ်ပါသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။)

သီလသ၊ စောင့်ထိန်း အပ်သော တရား၏။ ဝါ-သီလ၏။ (ဝါ)သီလသည်။ ဝိတိက္ကမပဟာနပဋိပက္ခတ္တာ၊ လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်။ ဝိနယ ပိဋကေ၊ ဝိနည်းပိဋကတ်တော်၌။ ကိလေသာနှံ၊ အကုသိုလ်တရားတို့ကို။ ဝိတိက္ကမပဟာနံ၊ လွန်ကျူးခြင်းကို ပယ်ရှားခြင်းကို။(ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဝုတ္တံ၊ ဟောတော်မူပါ၏။ ဣတိဒမယံ၊ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။)

၂။ အဓိစိတ္တသိက္ခာ။ ။သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ-ဟူသော မဂ္ဂင်သုံးပါးနှင့် ပြည့်စုံသော သူတော်ကောင်း ယောဂီသည် အဓိစိတ္တသိက္ခာနှင့် ပြည့်စုံသည်မည်၏။ ထိုအဓိစိတ္တသိက္ခာနှင့် ပြည့်စုံသော ယောဂီ

သည် မနောကံကြောင့် ဖြစ်သော အကုသိုလ်ကိုလေသာများကို စီကွမ္ဘနပဟာန် အားဖြင့် ပယ်သတ်နိုင်၏။ သုတ္တန် ပိဋကတ်၌ ဟောတော်မူအပ်သော ကျင့်ဝတ်များနှင့် ညီညွတ်အောင် ကျင့်သည်-ဟု ဆိုရ၏။

သာကေပါဠိ

သုတ္တန္တ ပိဋကေ အဓိစိတ္တသိက္ခာ၊ သုတ္တန္တ ပိဋကေ ပရိယုဋ္ဌာနပ္ပဟာနံ၊ ပဋိပက္ခတ္တာ သမာဓိသ။

(အဋ္ဌသာလိနီ)

အနက်။ ။သုတ္တန္တ ပိဋကေ၊ သုတ္တန် ပိဋကတ်တော်၌။ (ဝိဒသသေန၊ အထူးအားဖြင့်။ ဝါ-အဓိသီလ သိက္ခာ, အဓိပညာ သိက္ခာတို့မှ ထူးသည်၏ အစွမ်းအားဖြင့်) အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာကို။(ဘဂဝတာ၊ မြတ်စွာဘုရား သခင်သည်)။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ (စ၊ သိက္ခာမှုတပါး ပဟာန်ကို ဆိုဦးအုံ)။ သုတ္တန္တ ပိဋကေ၊ သုတ္တန် ပိဋကတ်တော်၌။ (ကိုလေသာနံ၊ ကိလေသာတို့၏)။ ပရိယုဋ္ဌာနပ္ပဟာနံ၊ အတွင်းသန္တာန်၌ ထင်ကြွသောင်းကျန်းခြင်းကို။ (ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။)

ဤသို့၊ အဘယ်ကြောင့်နည်း ဟူမူကား။ သမာဓိသ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟူသော သမာဓိကွန္ဒာ၏။ စ၊ သမ္မာဓိကွန္ဒာသည်။ ပဋိပက္ခတ္တာ၊ ပရိယုဋ္ဌာန ကိလေသာနှင့် အနှိုက်ကျင်သောကြောင့်တည်း။ (အကျယ်လည်း အနက်ပေးမ၊)

၃။ အဓိပညာသိက္ခာ။ ။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ-ဟူသော ဤမဂ္ဂင်နှစ်ပါးတို့ကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်သော သူတော်ကောင်း ယောဂီသည် အဓိပညာသိက္ခာနှင့် ပြည့်စုံသည် မည်၏။ ထိုအဓိပညာသိက္ခာနှင့် ပြည့်စုံသော သူတော်ကောင်း ယောဂီသူမြတ်သည်။ ကာယကံ, ဝစီကံ, မနောကံ အဖြစ်သို့ မရောက်သေးသော သတ္တဝါတို့၏ စိတ်အစဉ်မှာ ငြိမ်းဝပ်စွာ ကိန်းအောင်းတည်နေသော အနုသယ ကိလေသာကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းအကျန် မရှိ အံ့ပြတ်အသတ် ပယ်သတ်နိုင်၏။ အဘိဓမ္မာ ပိဋကတ်တော်နှင့် ညီညွတ်အောင် ကျင့်သည် မည်၏။

သာဓကပါဠိ

အဘိဓမ္မ ပိဋကေ အဓိပညာသိက္ခာ၊ အဘိဓမ္မပိဋကေ အနုသယပွဟာနံ၊ အနုသယပွဋိပက္ခတ္တာပညာယ။

(အဋ္ဌသာလိနီ-၂၂)

အနက်။ ။အဘိဓမ္မပိဋကေ၊ အဘိဓမ္မာ ပိဋကတ်တော်၌။ (ဝိသေသေန၊ အထူးအားဖြင့်။ ဝါ-အဓိသီလ သိက္ခာ, အဓိစိတ္တသိက္ခာတို့မှ ထူးသည်၏ အဖြစ်ဖြင့်။) အဓိပညာ သိက္ခာ၊ အဓိပညာ သိက္ခာကို။(ဘဂဝတာ၊ မြတ်စွာဘုရားသည်။ စုတ္တာ၊ ဟောတော်မူအပ်၏။) စ၊ (ထိုမှတပါး၊ ဝါ-သိက္ခာမှ တပါး ပဟာန်ကို ဆိုဦးအံ့)။ အဘိဓမ္မပိဋကေ၊ အဘိဓမ္မပိဋကတ် ၌။ (ကိလေသာနှံ၊ ကိလေသာဘို့ကို) အနုသယဗွဟာန်၊အနုသယ အခိုက်အတန့်ကို ပယ်ခြင်းကို။(ဘဂဝတာ၊ မြတ်စွာဘုရားသခင် သည်။ စုတ္တံ၊ ဟောတော်မူအပ်ပြီ။)

(ကသ္မာ၊ **အာဘယ်**ကြောင့်နည်း ဟူမူကား) ပညာယ၊ မဂ်၌ ယှဉ်သော ပညာ၏။ ဝါ-မဂ်၌ယှဉ်သော ပညာသည်။ အနုသယ ပဋိဝက္ခတ္တာ၊အနုသယ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။

ကုသိုလ်တရားက အကုသိုလ်ကိုပယ်သတ်ပုံ

သတ္တဝါ မှန်သမျှသည် အပြစ်မရှိ ကောင်းစွာ ပြုလုပ်ခြင်း ဟူသော (လောကီ) ကုသိုလ်နှင့် အပြစ်ရှိ၍ မကောင်းသဖြင့် ပြုလုပ်ခြင်းဟူသော **အ**ကုသိုလ်တရားများကြောင့် သံသရာ ကြဉ်လည်ခဲ့ရသည်။

ကုသိုလ်ဘရားများကြောင့် လူ့ဘဝ (လူ့ခန္ဓာ) နတ်ဘဝ (နတ်ခန္ဓာ) ဗြဟ္မာဘဝ (ဗြဟ္မာခန္ဓာ) များကို ရရှိခဲ့ကြသည်။ **အ**ဆုံးသတ်၍ မရနိုင်လောက်အောင်ပင် ဖြစ်ခဲ့ရာသည်။

အကုသိုလ်တရားများကြောင့် ခွေး, ဝက်, ကြက်, ငှက် စသော **အ**ပါယ်ဘဝ (**အ**ပါယ်ခန္ဓာ)များကို ရရှိ၍ ဒုက္ခ **အ**မျိုးမျိုးကို ဘဝ**အ**သခြေ်မက **အ**လူးအလဲ ခံခဲ့ရသည်။ သံသရာ ကြဉ်လည် ရခြင်း၌ **အ**ခြေခံ**အ**ကြောင်းရင်း (ရေ**သ**ောက်မြစ်) ဖြစ်**သော** ထိုကုသိုလ်နှင့် **အ**ကုသိုလ်တရားများကို ပယ်သတ်နိုင်မှ သာလျှင် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်နိုင်မည်။ သံသရာဇာတ်သိမ်းနိုင်မည် ဖြစ်**ပေ**သည်။ ထိုကြောင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုသူ တိုင်း တိုတရားများကို ပယ်သတ်နိုင်ရေး **အ**တွက် **အ**မြဲပင် လုပ်ရှားနေရ**ပ**ေလိမ့်မည်။

အကုသိုလ်ကိုပယ်။ ။သို့ရာတွင် ကုသိုလ်ကို**တော**့ ပယ်သတ်ရန်မလိုပါ။ **အ**ကုသိုလ်ကို ပယ်သတ်

လိုက်ရုံဖြင့်ပင် ကုသိုလ်သည် သူ့အလိုလို ငြိမ်းပျောက်သွားပါ လိမ့်မည်။ အကုသိုလ်ကို ပယ်သတ်နိုင်သော လက်နက်မှာလည်း ကုသိုလ်ဟူသော လက်နက်သာ ဖြစ်ပေသည်။ (ကုသိုလ်ဖြင့်သာ အကုသိုလ်ကိုသတ်နိုင်သည်)။အခြားလက်နက်များနှင့် ပယ်သတ်လို့ မရနိုင်ပါ။ ထို့ကြောင့် ကုသိုလ်တရားသည် ပဟာသစ (ပယ်သတ်နိုင်သော) တရားမည်၏။ အကုသိုလ် တရားကား— ပဟာတဗ္ဗ (ပယ်သတ်ခံရသော) တရားမည်၏-ဟု ဓမ္မသင်္ဂဏီ-တိကမာတိကာ- ဒဿနကိတ်ဌ ဘုရားသခင် ဟောတော်မူခဲ့ပေသည်။

ဤနေရာတွင် ကုသိုလ် တရားက အကုသိုလ် တရားအား ပယ်သတ်ပုံကို အနည်းငယ်ဆိုဦးအုံ့။

ကုသိုလ်နှင့် အကုသိုလ်သည် အတူယှဉ်တွဲ ပေါင်းဆုံလျက် တ ပြိုင်နက် ဖြစ်ကောင်းသော တ ရားများ မဟုတ်ချေ။ အကုသိုလ်ဖြစ်နေစဉ် ကုသိုလ်မဖြစ်နိုင်၊ ထို့အတူ ကုသိုလ်ဖြစ်နေစဉ်လည်း အကုသိုလ်က မဖြစ်နိုင်ပါ။ ထို့ကြောင့် ကုသိုလ် တရားသည် အကုသိုလ်တရားကို အဝေးမှနေ၍ (အဝေးပြစ် လက်နက်ဖြင့်) ပယ်သတ်ရမလသည်။

ကုသိုလ်သုံးမျိုး အကုသိုလ်သုံးမျိုး

ပယ်သတ်နိုင်သော ကုသိုလ်တရားသည် ကာမ ကုသိုလ်, မဟာဂ္ဂုတ် ကုသိုလ်, (လောကုတ္တရာ) မဂ်ကုသိုလ်ဟူ သုံးမျိုး ရှိသလို ပယ်သတ်ခံရသော အကုသိုလ်တရားသည်လည်း စိတိဂ္ဂမ

အကုသိုလ်, ပရိယုဋ္ဌာန အကုသိုလ်, အနုသယ အကုသိုလ်ဟူ၍ သုံးမျိုးပင် ရှိသေးသည်။ ထိုတွင်-

၁။ ဆိုးဝါးယုတ်မာသော အကုသိုလ်ကို လွန်ကျူးနေခြင်းသည် ဝီတိက္ကမ အကုသိုလ်မည်၏။ ထိုဝီတိက္ကမ အကုသိုလ်ကို ကာမ ကုသိုလ်က ပယ်သတ်နိုင်သည်။ သို့သော် တဒင်္ဂပဟာန် (ခဏတာဖြုတ်)မျှသာ ပယ်နိုင်သည်။ ကြာကြာ မပယ်ရှားနိုင်ချေ။ (ဥပမာ-ဘုရားရှိခိုးနေစဉ်၊ ဒါနပြုနေစဉ်၊ ကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် အကုသိုလ်များ မပေါ်လာ၊ ကိုစ္စပြီးမှ ပေါ်လာမြဲပင် ဖြစ်သကဲ့သို့တည်း)။

၂။ အပြင်သို့ မထွက်ဘဲ မိမိတို့အတွင်းသန္တာန်မှာပင် ထင်ကြပုန်ကန် သောင်းကျန်းနေသော အကုသိုလ်သည် ပရိယုဋ္ဌာန အကုသိုလ်မည်၏။ ထိုပရိယုဋ္ဌာန အကုသိုလ်ကို မဟာဂုတ်ကုသိုလ်ခေါ်သော ရူပအရူပကုသိုလ်များက ပယ်သတ်နိုင်သည်။သို့သော် နောက်ထပ် ပေါ်မလာအောင် အပြတ် ပယ်သတ်နိုင်သည်မဟုတ်ချေ။ တကမ္ဘာနှင့် တကမ္ဘာစသည်ဖြင့် ဝိဂ္ဂမ္ဘနပဟာန်ဖြင့် ခေတ္တခဏထားရုံမျှသာ ဖြစ်သည်။

ဝက်စားကျင်းမှာတရုတ်ရုတ်

ရူပ,အရူပ မုဏ္ဍဝဏ် ပြဟ္မာများသည် **အသက်** ကံကုန်သော အခါ၌ လူ့ဘုံသို့သာလျှင် ပြန်လည်ရောက်လာ ကြရကုန်၏။ လူဘုံ၌မလုပ်သင့် မလုပ်ထိုက်သော အကုသိုလ်များကို လုပ်မိပြန်သော် အပါယ်လေးပုံ၌ ခွေး,ဝက်, ကြက်, ငှက်စသည်တို့ ပြန်လည် ဖြစ်ကြရကုန်ပြန်၏။ ထို့ကြောင့် "ပြဟ္မာပြည်မှာ

တဝင်းဝင်း၊ ဝတ်စားကျေးမှာ တရှုတ်ရှုတ်”ဟု ရှေးပညာရှိတို့ မိန့်ဆိုကြကုန်၏။

၃။ တစုံတခုသောအပြစ်ကို လွန်ကျူးမှုလည်းမရှိ၊ အတွင်းသန္တာန်၌ ထကြွပုန်ကန် သောင်းကျန်းမှုလည်း မရှိပဲ ရှိမှန်းမသိနိုင်လောက်အောင် စိတ်အစဉ်မှာ ငြိမ်ဝပ်ပိပြားစွာ ကိန်းအောင်းတည်နေသော အကုသိုလ်သည် အနုသယအကုသိုလ်မည်၏။ ထိုအနုသယ အကုသိုလ်ကိုကား ဇလာကုတ္တရာမဂ် ကုသိုလ်ဖြင့်သာ ပယ်သတ်နိုင်သည်။ မဂ်ကုသိုလ်က အနုသယ အကုသိုလ်ကို ပယ်သတ်ရာ၌နောက်ထပ်၍ ပြန်ပြီး ပေါ်မလာအောင် သတ်နိုင်သောကြောင့် သမုစ္ဆေဒပဟာန်ဖြင့် (အကြင်းအကျန်မထားပဲ) ပယ်သတ်သည်ဟု ဆိုရ၏။

မဂ်ကအနုသယ အကုသိုလ်ကိုပယ်သတ်ပုံ

မဂ်ကုသိုလ်လေးပါးက အနုသယအကုသိုလ် တဆယ့်နှစ်ပါးကို ပယ်သတ်ရာ၌ ထင်ရှားအောင် ပြဦးအုံ့။

၁။ အကုသိုလ် တပါးပါးကို ချန်မထားပဲ အပြတ်အသတ် ကုန်စင်အောင် ပယ်ရှားနိုင်သော မဂ်ကုသိုလ်တမျိုး။

၂။ အကုသိုလ်တပါးပါးကို ကုန်စင်အောင် အပြတ်အသတ် မပယ်နိုင်ပဲ တချို့တဝက်သာ သတ်နိုင်သော မဂ်ကုသိုလ် တမျိုး။

၃။ တချို့ကို အကုန်သတ်၍ တချို့ကိုတပိုင်းတစသာ သတ်နိုင်သော မဂ်ကုသိုလ်တမျိုးဟု သုံးမျိုး ရှိသည်။

မှတ်ချက်။ ။အကုသိုလ် တပါးလုံး အကုန် မသတ်နိုင်ခြင်းကို တနုကရအားဖြင့် သတ်သည်။ (ခေါင်းပါးအောင်, လျှာနဲ့သွားအောင် သတ်သည်)ဟု ဆိုလိုက်သည်။

၁။ ထိုတွင် သောတာပတ္တိမဂ်သည် တချို့ကိုအကုန်သတ်၍ တချို့ကို တပိုင်းတစအားဖြင့်သာ သတ်နိုင်သည်၊ (ထင်ရှားလတ္တံ့)။

၂။ သကဒါဂါမိမဂ်သည်အနုသယအကုသိုလ်တပါးလုံးကို အပြတ်အသတ် မသတ်နိုင်၊ တဲချို့တဝက်သာ သတ်နိုင်သော မဂ်မည်၏။ (တနုကရအားဖြင့် သတ်သည်ဟူဆိုလို၏)။

၃။ အနာဂါမိမဂ်၊အရဟတ္တမဂ်နှစ်ပါးသည်ကား အကုသိုလ် တပါးတပါးကို ချန်မထားပဲ အပြတ်အသတ် သတ်နိုင်သော မဂ်မည်၏။ (ဤကား ပယ်သတ်မည့်ဘက်မှ ရှင်းလင်းချက်တည်း)။

ပယ်သတ်ခံရမည့် အနုသယအကုသိုလ်သည်လည်း-

၁။ လောဘဟိတ်နှင့် တွဲ၍ဖြစ်သော လောဘမူစိတ် ၈-ပါး (ဌာန်းရှစ်ပါးကို လောဘစိတ်ဟူ၍လည်းကောင်း၊ လောဘသဟဂတစိတ်ဟူ၍လည်းကောင်း ခေါ်သည်)။

၂။ ဒေါသဟိတ်နှင့် တွဲ၍ဖြစ်သော ဒေါသမူစိတ် ၂-ပါး (ဌာန်းနှစ်ပါးကို ဒေါသစိတ်ဟူ၍ လည်းကောင်း၊ဒေါမနဿသဟဂတစိတ်ဟူ၍ လည်းကောင်းခေါ်သည်)။

၃။ မောဟဟိတ်နှင့် တဲ့လျက် ဖြစ်သော မောဟမူစိတ် ၂-ပါး (ဂင်းနှစ်ပါးကို ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်များ ဖြစ်ကြသည်၊)ဟူ၍ ၁၂-ပါးရှိသည်။

အကျဉ်းအားဖြင့် ရေတွက်သော်-

၁။ လောဘမူစိတ် ၈-ပါး။

၂။ ဒေါသမူစိတ် ၂-ပါး။

၃။ မောဟမူစိတ် ၂-ပါး။

ပေါင်း ၁၂-ပါး ဖြစ်သည်။

ထိုတွင် လောဘမူစိတ် ၈-ပါးတို့တွင်

ဒိဋ္ဌိနှင့် ယှဉ်သော စိတ် ၄-ပါး.

မယှဉ်သောစိတ် ၄-ပါး ဟု ခွဲခြားပြီး—

၁။ ဒိဋ္ဌိနှင့်ယှဉ်သော စိတ်ကို ဒိဋ္ဌိဂတ သမ္မယုတ် စိတ်ဟု ခေါ်၍—

၂။ မယှဉ်သောစိတ်ကို ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်ဟု ခေါ်သည်။

မဂ်က အကုသိုလ်ကို အသီးသီး ပယ်သတ်ပုံ

လောကုတ္တရာ မဂ်ကုသိုလ်များက အကုသိုလ် ၁၂-ပါးကို မိမိတို့ စွမ်းအား အလျောက် အသီးအသီး ပယ်သတ်ပုံတို့ကို ရှင်းလင်းတင်ပြဦးအုံ့။

၁။ သောတာပန္တိ မဂ်သည် ဒိဋ္ဌိဂတ သမ္မယုတ် ၄-ပါး ဝိစိကိစ္ဆာ သဟဂုတ် ၁-ပါး၊ ပေါင်း ၅-ပါးနှင့် အပယ်ဘုံသို့ ရောက်စေနိုင်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ပါး၊ ဒေါသမူခွဲ

ဖွ-ပါး၊ ပေါ့ခ်ိုး ၁၁-ပါးသော အုကုသိုလ်တို့ကို ပယ်သတ်နိုင်သည်။

မှတ်ချက်။ ။ဒိဋ္ဌိဂတ ဝိပွယုတ် ၄-ပါးနှင့် ဒေါသမူဒ္ဒေးတို့ကား-

(၁) အချို့ကား အပါယ်ဘုံသို့ ရောက်စေနိုင်သည်။

(၂) အချို့ကား အပါယ်ဘုံသို့ မရောက်စေနိုင်-ဟု ၂ မျိုးရှိရာ အပါယ်ဘုံသို့ရောက်စေနိုင်သော ဒိဋ္ဌိဂတဝိပွယုတ် ၄-ပါးနှင့် ဒေါသမူဒ္ဒေးတို့ကို သောတာပတ္တိ မဂ်က ပယ်သတ်သည်။ (အပါယ်ဘုံသို့ မရောက်စေနိုင်သော ဒိဋ္ဌိဂတ ဝိပွယုတ်နှင့် ဒေါသမူဒ္ဒေး တစိတ်ကျန်ခဲ့သည်)။

၂။ သကဒါဂါမိမဂ်သည် အကြမ်းစားဖြစ်သော အပါယ်ဘုံသို့ မရောက်စေနိုင်သော ဒိဋ္ဌိဂတ ဝိပွယုတ် ၄-ပါး ဒေါသမူဒ္ဒေးကို ပယ်သတ်နိုင်သည်။ (ဤ၌ အနုစားဖြစ်သော ဒိဋ္ဌိဂတ ဝိပွယုတ် ၄-ပါးနှင့် ဒေါသမူဒ္ဒေး ကျန်ခဲ့သည်။)

မှတ်ချက်။ ။အပါယ်ဘုံသို့ မရောက်စေနိုင်သော ဒိဋ္ဌိဂတ ဝိပွယုတ် ၄-ပါး၊ ဒေါသမူဒ္ဒေးသည်လည်း-

(၁) အချို့ကား အကြမ်းစား ဖြစ်သည်။

(၂) အချို့ကား အနုစား ဖြစ်သည်။

အကြမ်းစား ဖြစ်သော အပါယ်ဘုံသို့ မရောက်စေနိုင်သော ဒိဋ္ဌိဂတဝိပွယုတ် ၄-ပါး၊ ဒေါသမူဒ္ဒေးကို ဤသကဒါဂါမိမဂ်က ပယ်သတ်သည်။ (အနုစား ကျန်နေသေးသည်။)

ဤမဂ်က သတ်ပုံကို အကုသိုလ် စိတ္တုပ္ပါဒ် တခုလုံး ကုန်စင်အောင် မသတ်နိုင်သောကြောင့် တနုဂရအားဖြင့် သတ်သည်။ ခေါင်းပါးအောင် လျှာ့နည်းအောင် သတ်သည်-ဟု ဆိုရာသည်။

၃။ အနာဂါမိမဂ်သည် ကာမရာဂနှင့် သမ္မယုတ် ဖြစ်သော အနုစား ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါးနှင့် ဒေါသမူဒ္ဓေးကို ပယ်သတ်သည်။

မှတ်ချက်။ ။အနုစားဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ပါး သည်လည်း-

(၁) ကာမရာဂနှင့် သမ္မယုတ်(ယှဉ်တွဲ) ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်၁.တမျိုး။

(၂) ရူပရာဂ, အရူပရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်ကစတမျိုး-ဟု ၂ မျိုး ရှိသည်။ ထို ၂-မျိုးတို့တွင် ရူပရာဂ, အရူပရာဂနှင့် သမ္မယုတ် ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး ကျန်ခဲ့သည်။ (အနာဂါမိ မဂ်က မသတ်နိုင်)။

၄။ အရဟတ္တ မဂ်သည် ရူပရာဂ, အရူပရာဂနှစ်နှင့် သမ္မယုတ် ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါးနှင့် ဥဒ္ဓစ္စသဟဂုတ် စိတ်ကို အပြတ်အသတ် ပယ်သတ်နိုင်သည်။

အထူး မှတ်ဘွယ်။ ။သောတာပတ္တိမဂ်က အပါယ်အကျိုးကို ပေးနိုင်သောအကုသိုလ်တို့ကို သတ်

ရှုတွင် ဥဒ္ဓစ္စ သဟဂုတ်စိတ် မပါသောကြောင့် ဥဒ္ဓစ္စ သဟဂုတိ စေတနာသည် အပါယ်မဋ္ဌိသန္ဓေ အကျိုးကို မပေးနိုင်-ဟု သိရာ၏။

ဤကား မဂ် ၄-ပါးက အကုသိုလ် ၁၂-ကို မိမိတို့ စွမ်းအား လျောက် အသီးအသီး ပယ်သတ်ပုံတည်း။(မှတ်မိအောင် အကြိမ်ကြိမ် ဖတ်ထားသင့်သည်။ ကိုယ့်ကိုယ်ကို အရိယာအထင် ရှိနေပြီးလျှင် မဂ်က အကုသိုလ် ပယ်သတ်ပုံကို မပြောတတ်ခဲ့သော် ရှက်စရာကောင်းလှသည်။)

သီလခံယူရမည်

အဓိသီလ စသော သိက္ခာသုံးပါးနှင့်ပြည့်စုံလိုသော ယောဂီ ပုဂ္ဂိုလ်သည် မိမိနှင့်နီးစပ်သော ရဟန်းသာမဏေများထံမှာ ဖြစ်စေ, သီလအကြောင်းကို နားလည်သော လူများထံမှာ ဖြစ်စေ, သရဏဂုံနှင့်တကွသော ၀ါးပါး၊ ၈-ပါး စသော သီလများကို ဆောက်တည်ရမည်။

မိမိက ပါဠိဘာသာကို မကျွမ်းကျင်ခဲ့သော် "ဘုရားသခင် ပညတ်ထားသော ဥပုသ်ကို ဆောက်တည်ပါ၏"ဟု အဓိဋ္ဌာန်ရမည်။

သီလပေးမည့် ပုဂ္ဂိုလ်များ မရှိသော်လည်းကောင်း, ရှိသော်လည်း, ဝေးကွာလျှက် မသွားနိုင်သော် လည်း ကောင်း, ဘုရားစေတီ တည်ရှိရာ ဦးခိုက်လျက် မိမိကိုယ်တိုင် နှုတ်မြွက်၍ အဓိဋ္ဌာန်ရမည်။ (နှုတ်ကမမြွက်ဆိုပဲ မဆောက်ဘည် ကောင်းပါ။ နှုတ်က ရွတ်ဆိုရမည်။)

သီထား၊သင့်သော အထောက်အထားများ

ဥပေါသထ ဒိဝသေ ပါတောဝ ဘိက္ခုဿ၀ါ ဘိက္ခုနီ ယာ၀ါ ဒသ သီလ လက္ခဏညုနော ဥပါသကာသ၀ါ ဥပါသိကာယ၀ါ သန္ဓိကေ ၀ါစံ ဘိန္ဒိတ္ဝာ ဥပေါသထင်္ဂါနိ သမာဒါတဗ္ဗာနိ။ ပါဠိ။ အဋ္ဌာနဋ္ဌေန ပန "ဗုဒ္ဓ ပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ"တိ အဓိဋ္ဌာတဗ္ဗံ။ ၀စီဘေဒေါ ပန ကာတဗ္ဗောယေ၀။ (ဝိသာခု ပေါသာထသုတ် အဋ္ဌကထာ) (အင်္ဂုတ္တရ၊ ၅၊ ၃-၁၉၉)

အနက်။ ။ဥပေါသထ ဒိ၀သေ၊ ဥပုသ်နေ့၌။ ပါတောဝ၊ နံက်စောစောကပင်လျှင်။ (၀ါ) နံက်စောစောထ၍။ ဘိက္ခုဿ၀ါ၊ ရဟန်းတော် တပါးပါး၏ လည်းကောင်း။ ဘိက္ခုနီယာ၀ါ၊ ရဟန်းမိန်းမ တပါးပါး၏ လည်းကောင်း။ ဒသသီလ လက္ခဏညုနော၊ ဆယ်ပါးသီလ၏ လက္ခဏာကို သိသော၊ဥပါသကာသ၀ါ၊ ရတနာသုံးပါး ဆီးကပ်တတ်သော လူတဦးဦး၏ လည်းကောင်း။ ဥပါသိကာယ၀ါ၊ ရတနာသုံးပါးကို ဆီးကပ်တတ်သော အမျိုးသမီး တဦးဦး၏ လည်းကောင်း။ သန္ဓိကေ၊ အနီးအနား၌။ ၀ါစံ၊နှုတ်ကို။ဘိန္ဒိတ္ဝာ၊မြှက်ဆို၍။ဥပေါသထင်္ဂါနိ၊ ဥပုသ်အင်္ဂါတို့ကို။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။

ပါဠိ၊ ဘုရားဟော ပါဠိတော်ကို။ အဋ္ဌာနဋ္ဌေန ပန၊ နားမလည်သော ယောဂီသည်ကား။ ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိတိ၊ "ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ"ဟူ၍။ အဓိဋ္ဌာတဗ္ဗံ၊ အကျဉ်းအားဖြင့် နှုတ်မြှက်၍ ဆောက်တည်ရာ၏။

အည့်၊ သိလပေးနိုင်သော အခြားပုဂ္ဂိုလ် တယောက်ကို။ **အလဘာ**ဇွန်တန်၊ ရှာမရသော ယောဂီသည်။ အတ္တနာပိ၊ မိမိကိုယ် **တိုင်**လည်း။ အဓိဋ္ဌာတဗ္ဗံ၊ နှုတ်မြှက်၍ ဆောက်တည်ရာ၏။

ပန၊ **အ**ထူးကား။ ဝစီဘေဒေါ၊ နှုတ်မှ ရွတ်ဆိုခြင်းကိုကား။ **ကာ**တဗ္ဗောယေဝ၊ မလုပ်ပဲမနေရ ပြုလုပ်ရမည်အမှန်ပင်တည်း။

မှတ်ချက်။ ။ဤအဌကထာပါဌ်၌ သရဏကုံ ဆောက်တည်ပုံ မပါရှိချေ။ သို့သော်-ကူဋဋီကာသုတ် အဌကထာ၌ "သရဏံ ပန ကောဘိကျုဿ ဝါ သန္ဓိကေ သံဃဿ ဝါ ဂဏဿ ဝါ"ဟု မှင့်ဆို ထားသောကြောင့် ထည့်သွင်း ရေးလိုက်ခြင်းဖြစ်သည်။

ပရိညာသုံးပါး

ဖေါ်ပြလတ္တံ့သော ဉာဏ်များကို ရရှိအောင် အားထုတ်လိုသော ယောဂီသည် ပရိညာသုံးပါးကိုလည်း ရှေးဦးစွာ သိ**အော**င်အားထုတ်ရမည်။ ထိုပရိညာသုံးပါးကား-

၁။ ဉာတပရိညာ။

၂။ တီရဏပရိညာ။

၃။ ပဟာန ပရိညာအားဖြင့် သုံးပါး ဖြစ်ပေသည်။ ထိုတွင်-

(၁) ခန္ဓာငါးပါးတို့၏ မိမိတို့ ပင်ကိုယ်သဘောလက္ခဏာကို သိသောပညာသည် ဉာတပရိညာမည်၏။

(တနည်း) ခန္ဓာငါးပါးတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ဗဟုဋ္ဌာန်ကိုသိခြင်းသည် ဉာတပရိညာမည်၏။

(၂) မိမိအားထုယ်ဆဲ ကမ္မဋ္ဌာန်းအာရုံအတွင်း၌ အကြုံးဝင်သော ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု သုံးပါးလုံးဖြစ်စေ, တပါးပါးဖြစ်စေ သုံးသပ်ဆင်ခြင်သော ဝိပဿနာပညာသည် တီရဏပရိညာမည်၏။

(၃) မိမိအားထုတ်ဆဲ ကမ္မဋ္ဌာန်းအာရုံအတွင်း၌ အကြုံးဝင်သောရုပ် နာမ်တရားတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ဆင်ခြင်သောအခါ နိစ္စသညာနှင့် ထိုဌ် တပ်မက်မောသော ဆန္ဒရာဂ, သုခသညာနှင့် ထိုဌ်တပ်မက်မောသော ဆန္ဒရာဂ, အတ္တသညာနှင့် ထိုဌ် တပ်မက်သော ဆန္ဒရာဂတို့ကို ကဒဂ်ပဟာန်, ဝိက္ခမ္ဘန်ပဟာန်တို့ဖြင့် ပယ်ခြင်းသည် ပဟာနပရိညာမည်၏။

ပရိညာဟူက လောကီသာ

မှန်ပေသည်။ အနိစ္စဟူ၍ ဆင်ခြင်လျှင် နိစ္စသညာနှင့် ထိုနိစ္စသညာ၌ သာယာမက်မောသော ဆန္ဒရာဂကိုလည်းကောင်း, ဒုက္ခဟူ၍ ဆင်ခြင်လျှင် သုခသညာနှင့် ထိုသုခသညာ၌ သာယာမက်မောသောဆန္ဒ ရာဂကိုလည်းကောင်း, အနတ္တဟူ၍ ဆင်ခြင်လျှင် အတ္တသညာနှင့် ထိုအတ္တသညာ၌ သာယာ မက်မောမှု ဆန္ဒရာဂကိုလည်းကောင်း- ဥပစာ, အပ္ပနာသို့ မရောက်သေးခင် ကဒဂ်ပဟာန်ဖြင့် ပယ်နိုင်သည်။

ဥပစာ,အပ္ပနာသို့ရောက်ခဲ့သော် ဝိကွမ္ဘနပဟာန်ဖြင့် ပယ်နိုင်သည်။ ထို့ကြောင့် ပရိညာသုံးပါးလုံးပင် လောကီသာဖြစ်သည်။ လောကုတ္တရာပညာ မဟုတ်ချေ။

သာဓကပါဠိ

၁။ တတ္ထရူပ္ပနလက္ခဏံရူပံ၊ ဝေဒယိလက္ခဏာဝေဒနာတိ ဧဝံ တေသံ တေသံ ဓမ္မာနံ ပစ္စတ္တက္ခဏ သလ္လက္ခဏ ဝသေန ပဝတ္တာ ပညာ ဉာတပရိညာနာမ။

၂။ ရူပံအနိစ္စံ၊ ဝေဒနာအနိစ္စာတိ အာဒိနာ ပန နယေန တေသ ယေဝ ဓမ္မာန သာမညလက္ခဏ အာရောပေတ္ဝါ ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာပညာ တီရဏ ပရိညာနာမ။

၃။ တေသု ယေဝပန ဓမ္မေသု နိစ္စသညာဒီ ပဇဟန ဝသေန ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာပညာ ပဟာန ပရိညာနာမ။ (ဝိသုဒ္ဓိမဂ္ဂ၊ ဒု၊ ၂၄၁)။

အနုက်။ ။(၁) တတ္ထ၊ ထိုသုံးပါးသော ပရိညာတို့တွင်။ ရူပံ၊ ရူပကွန္ဓာသည်။ ရူပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်ကား။ ဝေဒယိတလက္ခဏာ၊ အာရုံ၏အရသာကို ခံစားခြင်း လက္ခဏာရှိ၏။ ဣတိ၊ ဧဝံ၊ ဤသို့။ (ဝါ-ဤသို့ အစရှိသောနည်းဖြင့်)။ တေသံ တေသံ ဓမ္မာနံ၊ ထို ထို့သို့သော ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဉ်တရားတို့၏(ဝါ-ခန္ဓာ ၅-ပါး တရားတို့၏)။ ပစ္စတ္တလက္ခဏ သလ္လက္ခဏဝသေန၊

မိမိတို့၏ သဘောလက္ခဏာကို ကောင်းစွာ မှတ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်ပေါ်လာသော။ ပညာ၊ သမထဉာဏ်သည်။ ဉာတပရိညာနာမ၊ ဉာတပရိညာမည်၏။

(၂) ပန၊ ဉာတပရိညာမှတပါး-တီရဏပရိညာကို ဆိုဦးအုံ့။

ရူပံ၊ ရူပ်တရားသည်။ အနိစ္စံ၊ အမြဲမရှိ။ ဝါ၊ မမြဲပါတကား။ ဝေဒနာ၊ ဝေဒနာသည်။ အ်နိစ္စာ၊ အမြဲမရှိ။ ဝါ၊ မမြဲပါတကား။ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ ဖြင့်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုဆိုအပ်ခဲ့ပြီးကုန်သော တေဘုမ္မက သင်္ခါရတရားတို့၏သာလျှင်။ ဝါ၊ ခန္ဓာ ၅-ပါး ရူပ်နာမ်တရားတို့၏သာလျှင်။ သာမညလက္ခဏံ၊ အလုံးစုံအား ဆက်ဆံသော အနိစ္စ- စသော လက္ခဏာသို့။ အာရောပေတွာ၊ တင်၍။ ပဝတ္တာ၊ ဖြစ်ပေါ်လာသော။ လက္ခဏာရမ္မဏိက ဝိပဿနာပညာ၊ အနိစ္စတာ စသော လက္ခဏာသာလျှင် အာရုံရှိသော ဝိပဿနာပညာသည်။ တီရဏပရိညာနာမ၊ တီရဏပရိညာမည်၏။

(၃) ပန၊ တီရဏ ပရိညာမှတပါး ပဟာနပရိညာကို ဆိုဦးအုံ့။ တေသုယေဝ ဓမ္မေသု၊ ထိုဆိုအပ်ခဲ့ပြီးသော တေဘုမ္မက သင်္ခါရတရားတို့၌သာလျှင်၊ နိစ္စသညာဒိပဇဟနဝသေန၊ ဤရုပ်ကား မြဲ၏။ ဤဝေဒနာကား မြဲ၏-ဟု အမှတ်မှားသော သညာ အစရှိသည်တို့ကို ပယ်စွန့်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်ပေါ်လာသော။ လက္ခဏာရမ္မဏိက ဝိပဿနာပညာ၊ အနိစ္စတာ အစရှိသော လက္ခဏာလျှင် အာရုံရှိသော ဝိဿနာပညာသည်။

ဝါ၊အနိစ္စတာ အစရှိသော လက္ခဏာဟူသော အာရုံအကြောင်း တရားကြောင့် ဖြစ်ပေါ်လာသော အကျိုးဖြစ်သော ဝိပဿနာ မည်သည်။ ပဟာနပရိညာနာမ၊ ပဟာနပရိညာမည်၏။

ဝိသုဒ္ဓိ (၇)ပါး အဓိပ္ပါယ်

ယောဂီသည် ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ဉာဏ်တဆယ်.ရှစ်ပါးကို မသိလို့ မဖြစ်ချေ။ ရှေးဦးစွာ သိအောင် လေ့လာထားရမည်။ ထို့နောက် သိပြီးသော ထိုတရားများကို မိမိတို့ သန္တာန်မှာ ရှိလာအောင် ဆက်၍ ကျင့်ကြံကျိုးကုတ် အားထုတ်ရမည်။ထို့ကြောင့် ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်များကို ရေတွက်တတ်ရုံသာမဟုတ်ဘဲ သဘောတရားချင်းလည်း ဆက်စပ်ပြီး နားလည်နိုင်ရန် ဖွင့်ဆိုဦးအုံ့။

ဝိသုဒ္ဓိ ၇-ပါးကား

၁။ သီလဝိသုဒ္ဓိ
၂။ စိတ္တဝိသုဒ္ဓိ
၃။ ဒိဋ္ဌိဝိသုဒ္ဓိ
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ
၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
၆။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ
၇။ ဉာဏဒဿန ဝိသုဒ္ဓိ-တို့ ဖြစ်ကြသည်။

(ဆောင်) သီ, စိတ်, ကင်, ဒိ၊ မဂ္ဂါဆည့်၍, ပဋိ, ဉာဏာ ခုနစ်ဖြာ၊ မူတ်ပါ ဝိသုဒ္ဓိ။

ဤဝိသုဒ္ဓိ ၇-ပါးကို **အ**ချိန်မရွေး ရေတွက် **တ**တ်အောင် **အ**ားထုတ်ထားရမည်။

သာဓကပါဠိ

ဝိပဿနာ ကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိट्ठိဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂญาณဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါญาณဒဿန ဝိသုဒ္ဓိ စေတိ သတ္တ ဝိဓေန ဝိသုဒ္ဓိ သင်္ဂဟော။ (သင်္ဂဟအဋ္ဌကထာ ဆဋ္ဌမ-၁၆၅)

၁။ သီလဝိသုဒ္ဓိ။ ။ထိုခုနှစ်ပါးကို ခွဲ၍ ဆိုဦးအံ့။ ဤဌာ်မသင့်လျော်တဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာများကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ကိုယ်ကျင့်တရားသည် သီလဝိသုဒ္ဓိ မည်၏။

ထိုသီလ၏ မည်စ်နှမ်း မပျက်စီးဘဲ စင်ကြယ်နေမှုသည် ဝိသုဒ္ဓိ မည်၏။ သီလဝိသုဒ္ဓိဖြစ်ဘို့အလုပ်သည် ယောဂီများအတွက် မခဲယဉ်းလှပါဘူး။ လူများမှာ လူနဲ့ ဆိုင်တဲ့ ငါးပါး, ဆယ်ပါးစသော သီလတွေကို ဆောက်တည်လိုက်လျှင် သီလဝိသုဒ္ဓိဖြစ်ပြီ-ဟု ဆိုနိုင်သည်။ ရဟန်းတော်များမှာတော့ ဥပသမ္ပဒကံဆောင်ဖြီးချိန်ကစ၍ ရဟန်းဘက်ဆိုင်ရာ သိက္ခာပုဒ် သီလတွေ မပျက်မှုပြယ် စင်ကြယ်နေယင် သီလဝိသုဒ္ဓိဖြစ်ပြီ-ဟု ဆိုရသည်။

ပါရာဇိက ကျပြီးရဟန်း

ဒေသနာကြားရမည့် အာပတ်ဆိုလျှင် ဒေသနာကြား, ဝတ်ဆောက်တည်ရမည့် အာပတ်ဆိုလျှင် ဝတ် ဆောက်တည်လိုက်လျှင် သီလဝိသုဒ္ဓိ ဖြစ်သွားပေသည်။

ပါရာဇိုက **အ**ာပတ်ဆိုလျှင် လူဝတ်လဲရမည်။

သာဓကပါဠိ

ပုဗ္ဗေဝ ခေါပနသာဝတိ အသ ဘိက္ခုနော ဝါစာ ကမ္မန္တာဇီဝါ ပုဗ္ဗသုဒ္ဓိကာနာမ၊ အာဒိတော ပဋ္ဌာယ ပရိသုဒ္ဓါ ဟောန္တိ။ (ဥပရိပဏ္ဏာသ၊ ၅-၂၄၈)

အနက်။ ။ပုဗ္ဗေဝ ခေါပနသာဝတိ၊ ဟူသည်ကား။ အသ ဘိက္ခုနော၊ ထိုယောဂီ ရဟန်းအား။ ဝါစာ ကမ္မန္တာဇီဝါ၊ သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည်။ ပုဗ္ဗသုဒ္ဓိကာနာမ၊ ပုဗ္ဗသုဒ္ဓိကတို့ မည်ကုန်၏။

(ဝေါ၊ ဤသို့ အမှီသီလ သိက္ခာသုံးပါးနှင့် ပြည့်စုံကုန်သည် ရှိသော်) **အာဒိတော**၊ ပဋ္ဌမ်းဖြစ်စ အခါမှ (ရဟန်းတော်များ အတွက်) (ဝါ) သရဏဂုံနှင့် သီလ ယူပြီးသော အခါမှ (လူ သာမဏေများ**အ**တွက်)**ပ**ဋ္ဌာယ၊ စ၍။ ပရိ **သ**ုဒ္ဓါ**ဝ**၊ စင်ကြယ်ကုန်တော့သည်သာလျှင်။ (ဝါ) သီလဝိသုဒ္ဓိနှင့် ပြည့်စုံကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သင်္ဂဟအဋ္ဌကထာ၌ စတုပါရိသုဒ္ဓိ သီလနှင့်ပြည့်စုံလျှင် **သီ**လ ဝိသုဒ္ဓိ ဖြစ်သည်-ဟုဆို၏။(စတုပါရိသုဒ္ဓိ သီလံ သီလဝိသုဒ္ဓိနာမ)

သန္တတိအမတ်ကြီး သီလဝိသုဒ္ဓိဖြစ်ပုံ

အရက်သမား သန္တတိ **အ**မတ်ကြီးသည် အမှူး ပျောက်၍ ဘုရားသခင်တရားစောင့်ကို နာကြားရပြီး ရဟန္တာဖြစ်သွားရာ၌ **အ**ဘယ်သို့ သီလဝိသုဒ္ဓိ ဖြစ်သနည်း-ဟု ကြံဆဘွယ် ရှိသည်။ ဘာဝနာ**စ**ာန်ခိုးဖြင့် သီ**လ**ဝိသုဒ္ဓိ ဖြစ်**သ**ည်-ဟု ဖြေဆိုသင့်၏။

ဥယျောဇဉ်ဂါထာ

အနေသနဿယ စိတ္တမ္မိ၊ အဇနေန္ဒောဝိစက္ခဏော၊
အာဇီဝံမရိသောဒေယ္ယ၊ သဒ္ဓါပဗ္ဗဇိတော ယတိ။
(ဝိသုဒ္ဓိမဂ္ဂ၊ ပ-၄၁)

အနက်။ ။ဝိစက္ခဏော၊ ဘုရားမျက်နှာ၊ သာသနာနှင့် ကိုယ်မှာနောင်ရေး၊ မျှော်တွေးဆင်ခြင်၊ အသို့ ဉာဏ်ရှင်လည်း ဖြစ်ပေထသော။ သဒ္ဓါပဗ္ဗဇိတော၊ ဘယာမဖက်၊ သဒ္ဓါတူက်ကြောင့်၊ ခွာထွက်သမျှ၊ ရဟန်းပြုခဲ့သူလည်း ဖြစ်ပေထဲသော။ ယတိ၊ သာသနာ့ဝန် ကိုယ်တာဝန်ဟု၊ အားသွန်ကြိုးပမ်း ထမ်းဘို့ ရည်ရော်၊ ရဟန်းတော်မျှားသည်။ အနေသနာယ၊ ဘုရားစက်ဆုပ်၊ လွန်သေးနုတ်သည့်၊ အယုတ်တမာ၊ လေးဖြာပစ္စည်း၊ ရှာဖွေနည်းဌ။ စိတ္တမ္မိ၊ ကိုယ်ဖြင့်မဟုတ်၊ ပြုလုပ်ဖို့ရန်၊ စိတ်အကြံကိုမျှလည်း။ အဇနေန္ဒော၊ သာသနာ့အရှိန်, ကိုယ့်အရှိန်ဌ၊ ဂုဏ်သိရ်ညစ်ပေ၊ မဖြစ်စေပဲ။ အာဇီဝံ၊ တသက်လျှာမျှ၊ တဝမ်းဝဘို့၊ တခဏတူက်ကလေး၊ အသက်မွေးကို၊ ပရိသောဒေယ္ယ၊ ဝန်းကျင်ခပင်း၊ ပြစ်မျိုးကင်းအောင်၊ ရှင်းလင်းခုတ်ထွင်၊ သုတ်သင်ရာလေတော့ သတည်း။ (သီလဝိသုဒ္ဓိ ပြီး၏၊)

၂။ စိတ္တဝိသုဒ္ဓိ။ ။လိုခြင် မက်မောမှု ကာမစ္ဆန္ဒစသော နီဝရဏ (အညစ်အကြေး)တို့မှ စိတ်၏ စင်ကြယ်မှုသည် စိတ္တဝိသုဒ္ဓိ မည်ပေသည်။ မိမိတို့ နှစ်သက်ရာ သမထတမျိုးမျိုးကို အားထုတ်နေစဉ် ဥပစာရသမာဓိသို့ ဆိုက်-

ရောက်သည် ရှိဘော် နိဝရဏတရားဆိုးတို့မှ ကင်းစင်နေပြီ ဖြစ်သောကြောင့် စိတ္တဝိသုဒ္ဓိဖြစ်ပြီ-ဟု ဆိုနိုင်ပေပြီ။အပ္ပနာ သမာဓိသို့ ရောက်အောင် အားထုတ်နိုင်ပါမူကား အတိုင်းထက်အလွန် ကောင်းလှပေသည်။

တန်ဘိုးမပြတ်နိုင်သော မဂ်ဖိုလ်ကို ရအောင် အားထုတ်လိုသော ယောဂီသူမြတ်သည် ထိုဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်မျိုးလုံးကိုပင် ရအောင် ကြိုးပမ်းအားထုတ်သင့်ပေသည်။

သာဓကပါဠိ

ဥပစာရသမာဓိ အပ္ပနာသမာဓိစေတိ ဒုဓိစောပိသမာဓိ စိတ္တဝိသုဒ္ဓိနာမ။ (သင်္ဂဟအဋ္ဌကထာ-ဆဋ္ဌမ ၁၅၇)။

သမာဓိ ၂-မျိုး တရားကိုယ်

ဤ၌ ဥပစာရသမာဓိ အပ္ပနာသမာဓိနှစ်မျိုးလုံး၌ပင်-

တရားကိုယ် အားဖြင့် ကေဂ္ဂတာ စေတသိက်ကိုပင် အရောက်ရသည်။ ထိုတွင် ဗုဒ္ဓါနုဿတိ စသောအနုဿတိ ၈-ပါး အာဟာရေ ပဋိကူလသညာ ၁၊ စတုဓာတုဝဝတ္ထာန် ၁-ပါး ပေါင်း ၁၀-၌ယှဉ်သော ကေဂ္ဂတာသည်လည်းကောင်း, ရူပ-အရူပဟူသော အပ္ပနာစျာန်၏ ရှေ့အဖို့၌ ဖြစ်သော ကေဂ္ဂတာသည်လည်းကောင်း ဥပစာရသမာဓိမည်၏။

ရူပ, အရူပစျာန်၌ ရှိသော ကေဂ္ဂတာသည်ကား အပ္ပနာသမာဓိမည်ပေသည်။ ယင်းနှစ်ပါးလုံးပင် စိတ္တဝိသုဒ္ဓိမည်သည်ဟု ဆိုလိုပေသည်။

သာဓကပါဠိ

ဒုဝိဓောယေဝ သာယံ ဣမိအဓိပ္ပေတော ဥပစာရ သမာဓိစေဝ အပ္ပနာသမာဓိစ။တတ်ထ္ထဒသသုကမ္မဋ္ဌာနေသု အပ္ပနာမုဗ္ဗဘာဂစိတ္တေသု စ ကေဋ္ဌတာ ဥပစာရသမာဓိ၊ အဝသေသကမ္မဋ္ဌာနေသု စိတ္တေကဋ္ဌတာ အပ္ပနာသမာဓိ။ (ဝိသုဒ္ဓိမဂ္ဂ-ပ၊ ၃ ၆ ဂ)။

အနက်။ ။ဥပစာရ သမာဓိစေဝ၊ ဥပစာရ သမာဓိလည်း ကောင်း။ အပ္ပနာ သမာဓိစ၊ အပ္ပနာသမာဓိ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓောယေဝ၊ နှစ်ပါးသာလျှင် ဖြစ်သော။ သာယံသမာဓိ၊ ထိုသမာဓိကို။ ဣမ-ဣမသို့ ဌာနေ။ ဤစိတ္တဝိသုဒ္ဓိအရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

တတ်ထ္ထတော သု သမာဓိသု၊ ထိုနှစ်ပါးသော သမာဓိတို့တွင်။ ဒသသုကမ္မဋ္ဌာနေသု၊ ဗုဒ္ဓါနုဿတိ စသော အနုဿတိ ရှစ်ပါး၊ အာဟာရေပဋိကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ ပေါင်း ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့၌။ (ပ ဝတ္တာ၊ ဖြစ်သော) ကေဋ္ဌတာစ၊ ကေဋ္ဌတာ စေတသိက်သည်လည်းကောင်း။ အပ္ပနာ ပုဗ္ဗဘာဂစိတ္တေသု။ အပ္ပနာ၏ ရှေးအဖို့၌ဖြစ်ကုန်သော ကာမာ ဝစရ စိတ်တို့၌။ (ပ စ ဝတ္တာ၊ ဖြစ်သော) ကေဋ္ဌတာစ၊ ကေဋ္ဌတာ စေတသိက်သည်လည်းကောင်း။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိ မည်၏။

အဝသေသ ကမ္မဋ္ဌာနေသု၊ ဆိုခဲ့ပြီးသော ဆယ်ပါးသော သမထတို့မှ ကြွင်းကျန်ကုန်သော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌။

စိတ္တေကဂ္ဂတာ၊ စိတ်၏ တည်ကြည်ခြင်းသည်။ (၀၊) ရူပ,အရူပ စိတ်ဌာယျဉ်သော ဧကဂ္ဂတာ စေတသိက်သည်။ အပ္ပနာသမာဓိ၊ အပ္ပနာသမာဓိမည်၏။

မှတ်ချက်။ ။ဤဌာနတို့ ဥပစာရသမာဓိကိုသတိပြုခဲ့ပါ၊ထိုဥပစာရ သမာဓိမှနေ၍ ဝိပဿနာတက်ပြီးလျှင် မဂ်,ဖိုလ် ရနိုင်သည်။ (နောက်ဌာ ထင်ရှားလတ္တံ.)

သာဓကပါဠိ

စိတ္တဝိသုဒ္ဓိနာမ သဉ္ဇပစာရာ အဌသမာပတ္တိယော။ (ဝိသုဒ္ဓိမဂ်)

ဥပစာရသမာဓိပိ အပ္ပနာသမာဓိဝိယ ဝိပဿနာယ အဓိဋ္ဌာနဘာဝတော စိတ္တဝိသုဒ္ဓိ ယေ ၀ါတိ အာဟ သဉ္ဇပစာရာတိ။ (မဟာဋီကာ-ဒု၊ ၃၅၀)

အနက်။ ။သဉ္ဇပစာရာ၊ ကာမာ၀စရသမာဓိနှင့်တကွ ဖြစ်ကုန်သော။ အဌသမာပတ္တိယော၊ ရူပ, အရူပ သမာပတ်ရှစ်ပါးတို့သည်။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိ မည်၏၊

(ဤကား အဌကထာပါဠိ၏ အနက်တည်း)

ဥပစာရသမာဓိပိ၊ ကာမာ၀စရသမာဓိသည်လည်း။ အပ္ပနာသမာဓိဝိယ၊ အပ္ပနာသမာဓိကဲ့သို့။ (၀၊) ရူပ, အရူပ စျာန်သမာဓိကဲ့သို့။ ဝိပဿနာယ၊ ဝိပဿနာ၏။ အဓိဋ္ဌာနဘာ၀တော၊ တည်ရာဖြစ်သောကြောင့်။ စိတ္တဝိသုဒ္ဓိယေ၀၊ စိတ္တဝိသုဒ္ဓိမည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ–တသ္မာ၊ ထို့ကြောင့်။ သဉ္ဇပစာ

ရုတိ၊ သဥ္ဇပစာရုဟူ၍။(အာစရိယော၊ အဌကထာဆရာသည်) အာဟ၊ မိန့်တော်မူ၏။

(ဤကား မဟာဋီကာအနက်တည်း)

၃။ ဒိဋ္ဌိဝိသုဒ္ဓိ။ ။နာမ်တရား,ရုပ်တရား နှစ်ပါးတို့၌ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်သည်။

မှန်ပေသည်၊ စိတ်, စေတသိက်ဟူသော နာမ်တရားနှင့် နိုပ္ဖန္နရုပ်ဟူသော ရုပ်တရားတို့ကို လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် စာင်၍ ဆင်ခြင်လိုက်သည်ရှိသော်—

၁။ သိမှုသည် စိတ်
၂။ ခံစားမှုကား ဝေဒနာ
၃။ မှတ်သားမှုကား သညာ
၄။ ပြိုလုပ်အားထုတ်မှုကား သင်္ခါရ
၅။ ဖောက်ပြန်မှုသည်ကား ရုပ်တရားမင်တည်း။

ဤ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, စိညာဉ်တို့မှ တပါး အတ္တဟူသော တရားတမျိုး မရှိတော့ပြီ၊ ဤသို့ အမှန်ကို သိမြင်နိုင်သဖြင့် အတ္တဟူသော စွဲလမ်းမှု (အညစ်အကြေး)တို့မှ ကင်းစင်နေပြီဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ မည်ပါတော့သည်။ လိုရင်းအချုပ်ကဲား ဤခန္ဓာကိုယ်ကြီးပေါ်၌ အတ္တဟူသော စွဲလမ်းမှုကင်းနေလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ-ဟူ၍ မှတ်ပါ။

သာဓကပါဠိ

လက္ခဏ,ရသ,ပစ္စုပ္ဌာန် ပဒဋ္ဌာနဝသေန နာမ ရူပ ပရိဂ္ဂ
ဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။ (သင်္ဂဟအဋ္ဌကထာ-ဆဋ္ဌမ-၁၅၇)

အနက်။ ။လက္ခဏ, ရသ, ပစ္စုပ္ဌာန ပဒဋ္ဌာန, ဝသေန၊ လက္ခဏ,ရသပစ္စုပ္ဌာန် ပဒဋ္ဌာန်တို့၏အစွမ်းအား ဖြင့်။ နာမရူပပရိဂ္ဂဟော၊ နာမ်တရား, ရုပ်တရား နှစ်ပါးတို့ကို သိမ်းဆည်းခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

၄။ **ကခ်ါ ဝိတရဏဝိသုဒ္ဓိ။** ။ငါသည် ရှေးအတိတ်ဘဝက ဖြစ်ဘူးခဲ့သည် ဆိုသည်မှာ ဟုတ်မှု ဟုတ်ပါရဲ့လား-စသော ယုံမှားမှု (၁၆) မျိုးနှင့် အလုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုတညာဏ်ရှင် ဘုရားရှင် ဆိုတာ ရှိမှ ရှိနိုင်ပါ့မလား-စသော ယုံမှားမှုများကို "ကခ်ါ" ဟုခေါ်သည်။

ထိုယုံမှားမှုတို့ကို လွန်မြောက်ကြောင်း ဖြစ်သော ဉာဏ်သည် ကခ်ါဝိတရဏမည်၏၊

ထိုကခ်ါ ဝိတရဏဉာဏ်သည်ပင် အဟေတုက ဒိဋ္ဌိ စသော အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်း မည်ပြန်၏။ အချုပ်ကား--ယုံမှားမှုတို့မှ လွတ်မြောက်ကြောင်း ဖြစ်သော် ဉာဏ်သည် မိစ္ဆာဒိဋ္ဌိအဲယူမှ စင်ကြယ်သောကြောင့် ကခ်ါတရဏဝိသုဒ္ဓိ မည်ပေသည်။ ဃင်စစ်ကား ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ခြင်း၏ အကြောင်းကို သိမ်းဆည်းသော ဉာဏ်ပင်တည်း။

သာဓကပါဠိ

တေသမေဝစ နာမ ရူပါနံ ပစ္စယ ပရိဂ္ဂဟော ကံခ်ါ ဝိတရဏဝိသုဒ္ဓိနာမ။

(သင်္ဂီဟအဋ္ဌကထာ-ဆဋ္ဌမ-၁၅၉)

အနက်။ ။စ၊ ဒိဋ္ဌိဝိသုဒ္ဓိမှတပါး ကခ်ါဝိတရဏ ဝိသုဒ္ဓိကို ဆိုဦးအုံ့။ တေသမေဝစ နာမ ရူပါနံ၊ ထိုဆို ခဲ့သော နာမ်စာရား, ရုပ်တရားတို့၏သာလျှင်။ ပစ္စယ ပရိဂ္ဂဟော၊ အကြောင်းတရားကို သိမ်းဆည်းခြင်းသည်။ ကခ်ါဝိတရဏ ဝိသုဒ္ဓိနာမ၊ ကခ်ါဝိတရဏ ဝိသုဒ္ဓိမည်၏။

ကခ်ါ (၁၆) မျိုး။ ။ ဤဌာန ယုံမှားမှု (၁၆) မျိုးခေါ် ကခ်ါ (၁၆) မျိုးကိုရေတွက်ပြဦးအုံ့။

၁။ ငါသည် ရှေးအတိတ်ကာလက ငါဖြစ်ခဲ့တာ ဟုတ်ပါရဲ့လား- (အဟောသိ နှုခေါ်အဟုံ အတီတမဒ္ဓါနံ)

၂။ ငါမဖြစ်ခဲ့ဘူးလေရော့သလား- (နနုအဟောသိ အတီတမဒ္ဓါနံ)

၃။ (ဖြစ်ခဲ့ဘူးသည်ဆိုလျှင်) မင်း,ပုဏ္ဏား စသည်တို့တွင် အဘယ်သို့သော အမျိုးဇာတ်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း။ (ကိုံ နုခေါ် အဟောသိ အတီတမဒ္ဓါနံ)

၄။ ဘယ်လိုပုံစံမျိုးနှင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း။ (ကထံနု ခေါ် အဟောသိ အတီတမဒ္ဓါနံ)

၅။ ထို တတိယဘာဝက ဘယ်ပုံဖြစ်ခဲ့၍ လွန်ပြီး သော ဒုတိယဘာဝ၀ယ် ဘယ်သို့မျှား ဖြစ်ခဲ့ပါလိမ့်မည် နည်း။ (ကိုဟုတ္တာ ကိုအဟောသိ အတီတ မဒ္ဓါနံ)

ဤ၌ အတိတ်ဘဝအတွက် ယုံမှားချက်ငါးမျိုး ဖြစ်သော အတီတမဒ္ဓါနံအရာ၀ယ် "အနာဂတမဒ္ဓါနံ" ကို ထည့်လျက် အနာဂတ်ဘဝအတွက် ယုံမှားချက်ငါးမျိုး ဖြစ်သည်။

ယခု ပစ္စုပ္ပန်အတွက်ကား....

၁။ ပစ္စုပ္ပန်ကာလဖြစ်သော ခန္ဓာကို စဉ်၍ "သို့လော, သို့လော" တွေးတောခြင်း။ (ပစ္စုပ္ပန္နံ အဒ္ဓါနံ အာရမ္ဘကထံကထိဟောတိ)

၂။ ငါ ဟုတ်မှ ဟုတ်ရဲ့လား, (အဟံ နု ခေါအသ္မိ)

၃။ ငါမဟုတ်ဘဲ ရှိရော့သလား, (နော နု ခေါအသ္မိ)

၄။ ဘယ်လိုအမျိုးဇာတ် ဖြစ်ပါလိမ့်မည်နည်း။(ကိုံ နု ခေါသ္မိ)

၅။ ငါ၏ အတ္တသည် ဘယ်လိုပုံသဏ္ဌာန် ရှိပါလိမ့်မည် နည်း။ (ကထံ နု ခေါသ္မိ)

၆။ ဤအတ္တ ခေါ်သော သတ္တ၀ါသည် ဘယ်ဘ၀မှ လာခဲ့၍ ဘယ်ဘ၀သို့ သွားဦးမည်နည်း။

(အယုံနုခါသတ္တာ ကုစောာ အာဂတောာ သောကုဟိ ဂါမီဘဝိဿတိ)ဤကား ယုံမှားမှု (၁၆) ပါးတည်း။

အကျဉ်းရေတွက်သော်-အတိတ်အတွက်ယုံမှားမှု ၅-မျိုး
အနာဂတ်အတွက် ယုံမှားမှု ၅-မျိုး
ပစ္စုပ္ပန်အတွက် ယုံမှားမှု ၆-မျိုး
ပေါင်း ၁၆-ပါးစည်း။

ဤ ကခ်ါဝိတရဏဝိသုဒ္ဓိစာနှ်းသို့ ဆိုက်သောအခါ၌ ဆိုခဲ့ပြီး ယုံမှားမှုတို့ကိုလွန်မြောက်ခဲ့ပြီး ဖြစ်သောကြောင့် အဟေတုကဒိဋ္ဌိ-ဟူသော အညစ်အကြေးတို့မှလည်း ကင်း၏ ကင်း ရှင်း ရှင်း လွန်မြောက်ခဲ့လေပြီ၊ ထို့ကြောင့် ဒီဘဝအတွက် ဝမ်းသာစရာ ဝမ်းမြောက်စရာကြီး ကောင်းလှပေသည်။

အမည်အမျိုးမျိုး

၁။ ဤကခ်ါဝိတရဏဝိသုဒ္ဓိကိုပင် အဲကျိုးတရားများ တည်တန့်ဘို့အတွက် အကြောင်းအရာကိုပါ သိအပ်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ်လို့လဲ ခေါ်သည်။

၂။ ထို့ပြင် ရူပ်တရား, နမ်တရား နှစ်ပါးကို အကြောင်းတရားပါ ဟုတ်တိုင်းမှန်စွာ သိတတ်သောကြောင့် ယထာဘူတဉာဏ်လို့လည်း ခေါ်သည်။ (ဒိဋ္ဌိဝိသုဒ္ဓိစာနှ်းတုန်းက ရူပ်,နာမ်ကိုသာ သိသည်၊ ရူပ်,နာမ်တို့၏အကြောင်းကို မသိသေးပါ၊ ဤ

ဈာန်ကြီးဝိတရကဿဝိသုဒ္ဓိရောက်မှ ရူပ်,နာမ်,တို့၏ အကြောင်းကိုပါ သိသည်။)

၃။ ထိုမှဘပါး မှန်ကန်စွာ သိတတ်သောကြောင့်သည်း သမ္မာဒဿနဟုလည်း ခေါ်သည်။

စူဠသောတာပန်

အရိယာသောတာပန် အစစ်ဖြစ်သူသည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို မိမိ၌ကြွင်းကျန်ရောင် အကုန်လုံး ပယ်သတ်နိုင်ပြီ ဖြစ်သောကြောင့် ဘယ်တော့မှ အပယ်သို့ မလားရတော့ပြီ။ ဤကဲ့သို့ ဝိတရကဿဝိသုဒ္ဓိသို့ ရောက်သော ယောဂီသည်ကား ထို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့မသတ်နိုင်စေကာမူ အတော်အသင့် ကြာအောင် ပယ်ခွာနိုင်ပြီ ဖြစ်သောကြောင့် သောတာပန်နှင့် အလားတူ လေရကား၊ စူဠသောတာပန် (သောတာပန်အငယ်စား)ဟု ခေါ်ဆိုရလေသည်။

အပါယ်မသွားရ

ဤ စူဠသောတာပန် အဖြစ်ဖြင့် သေခဲ့သော် ဒုတိယဘဝမှာ မုချ အပယ်မလားရတော့ပြီ၊ တဘဝတော့ စိတ်ချရသည်။ ထို့ကြောင့် ယခုခေတ်လူများသည် ဤစူဠသောတာပန်အဖြစ်သို့ ရောက်အောင် အနည်းဆုံး အားထုတ်သင့်လှသည်။

သာဓကပါဠိ

ဣမိနာ ပန ဉာဏေန သမ္မန္နာဂတော ဝိပယ်ကော ဗုဒ္ဓ သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိတော

စုဠဋ္ဌသောတာပန္နခနာမ ဟောတိ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ပ၊ ၂၄၀)

အနက်။ ။ပန၊ အကျိုးကြီးမားသည်ကို ဆိုဦးအုံ့။ ဣမိနာ ဉာဏေန၊ ဤ ဆိုအပ်ခဲ့ပြီးသော ယထာဘူတ ဉာဏ်ဟူသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်။ (၀၊)ကခ်ၤဝိဘာရဏဝိသုဒ္ဓိ ဟု ဆိုအပ်သော ဓမ္မဋ္ဌိတိဉာဏ်နှင့်။ (၀၊)ကခ်ၤတရဏဝိသုဒ္ဓိ ဟု ဆိုအပ်သော သမ္မာဒဿနဉာဏ်နှင့်။သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿဝေကော၊ ဝိပဿနာကမ္မဋ္ဌာန်းကို ရှုလေ့ရှိသော ယောဂီသည်။ (၀၊) ရုပ်နာမ်တရားတို့၏အကြောင်းကို ရှုမြင်သိမ်းဆည်းတတ်သော ယောဂီသည်။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရုရှိသော။ (၀၊)သက်သာရုကို ရရှိသော။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်ရုတည်ရုရှိသော။ (၀၊) ထောက်ရု တည်ရုကို ရရှိသော။ နိယတဂတိကော၊ မြဲသောဂတိရှိသော။ (၀၊)ဓာတုအတွက် သုဂတိဘဝသို့လားမှာ သေချာစိတ်ချရသော။ (၀၊) တာဝတိံသာဘဝအတွက် အပါယ်တံခါးပိတ်သော။ စုဠဋ္ဌသောတာပန္နော နာမ၊ (အရိယာမဟုတ်,ပုထုဇဉ်) အငယ်စား သောတာပန် မည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေတော့သတည်း။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ ။မဂ်,ဖိုလ် သို့ သွားရာ လမ်း ကြောင်း ဟုတ်သည်, မဟုတ်သည်ကို မှန်ကန်စွာ သိမြင်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်ပေသည်။

ခဲ့ဆိုဦးအုံ....သီလဝိသုဒ္ဓိဖြင့် သီလစင်ကြယ်၍, စိတ္တဝိသုဒ္ဓိဖြင့် ဥပစာရသမာဓိဇော,အပ္ပနာသမာဓိဇောစိတ်တို့ စင်ကြယ်ပြီးသော ယောဂီသူမြတ်သည် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ထို နာမ်, ရုပ် နှစ်ပါးကိုပိုင်းခြားနိုင်သဖြင့်ကခ်ါဝိတရဏဝိသုဒ္ဓိဖြင့် ထို ရုပ်, နာမ်တို့၏အကြောင်းကို ပိုင် ပိုင် နိုင် နိုင် သိမ်းဆည်းနိုင်ခဲ့သော် သြဘာသ- (ကိုယ်ရောင်ကိုယ်ဝါ) စသော ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်များ ဖြစ်ပေါ်လာတတ်သည်။

ယောဂီသည် ထို ကိုယ်ရောင်ကိုယ်ဝါစသည်တို့ကို မဂ်, ဖိုလ် ဟု ထင်မြင် လွဲမှားပြီး မိမိ၏လုပ်ငန်းကို ဆက်မလုပ်တော့ဘဲ ရပ်ဆိုင်းထားတတ်ပေသည်။ ထို ကိုယ်ရောင်ကိုယ်ဝါ စသည်၌ စွဲလမ်းနှစ်သက်မှုကို ပယ်ရှားပြီ ဝိပဿနာတရား အားထုတ်မှုသာ လျှင် မဂ်, ဖိုလ်ရကြောင်း လမ်းကြောင်းလမ်းမှန် (မဂ္ဂ) ဖြစ်ပေသည်။

ကိုယ်ရောင်ကိုယ်ဝါ(သြဘာသ)စသည်တို့ နှစ်သက်နေမှုကား မဂ်, ဖိုလ်ရဘို့ရန် လမ်းမှန်မဟုတ် (အမဂ္ဂ)ဖြစ်ပေသည်။ ဤသို့ လမ်းကြောင်းပုတ်သည်ကို ဟုတ်သည့်အတိုင်း သိ၍, မဟုတ်သည်ကို မဟုတ်သည့်အတိုင်း သိမြင်သော ဉာဏ်သည်ကား မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်ပေ၏-ဟု ဆိုလိုသည်။

ဝိပဿနုပက္ကိလေသတရား(၁၀)ပါး

ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါးကား....

(၁) သြကာသ-(ကိုယ်ရောင်ကိုယ်ဝါ)စိတ်ဓာတ်၏ ကြည်လင်မှုကြောင့် ယောဂီ၏ကိုယ်မှ အရောင်

အဝါများသည် စိတ်အစွမ်းအားလျော့စွာ ထွက်ပေါ်လာတတ်သည်။

တချို့ မိမိ ထက်ဝန်းကျင် အနားတွင်လည်းကောင်း, တချို့ တခန်းလုံး, တကျောင်းလုံး, တအိမ်လုံး, တဝိုင်းလုံး, တနယ်လုံး၊ တချို့မှာ စကြာဝဠာတခုလုံးပင် လင်းနေအောင် ခန္ဓာကိုယ်မှ ထွက်ပေါ်လာကြပေသည်။

ဘုရားသခင်အား ဖူးမျှော်လိုသော အာသာဆန္ဒပြင်းထန်လှသဖြင့် မဟာကပ္ပိန်မင်းကြီး၏ ခန္ဓာကိုယ်မှ ကိုယ်ရောင်ကိုယ်ဝါများ ထွက်ပေါ်လာခြင်းကို နံနက် မိုးလင်းပြီအထင်ဖြင့် နန်းတော်မှ ထွက်ခဲ့ဘူးသော သာဓကများကား ထင် ရှား လှ ပေသည်။

(၂) ပီတိ-(နှစ်သက်ခြင်း၊ ပီတိစေတသိက်) ယောဂီပုဂ္ဂိုလ်မှာ သမာဓိအားကောင်းသဖြင့် စိတ်ကြည်လင်ခဲ့သော် နှစ်သက်မှု ပီတိတရားသည်လည်း တဖွားဖွားပေါ်လျက်နေတတ်ပေ၏သည်။ ထိုပီတိကား ဝိပဿနာနှင့်ယှဉ်သော ပီတိစေတသိက်ပင်တည်း။

ပီတိ ၅-မျိုး။

ဤ၌ ပီတိအမျိုးအစားကား ၅-မျိုး ပြားပေသည်၊ ၎င်းတို့ကား....

(က) ခုဒ္ဒိကာပီတိ—ကြက်သီးမွေးညှင်းထရုံမျှ ဖြစ်သော (အသေးစား)ပီတိ။

(ခ) ခဏိကာပိတိ–လျှပ်စင်ပျက်သကဲ့သို့ ခဏ ခဏ ပျက်နေသော ပီတိ။

(ဂ) သြက္ကန္တိကာပိတိ–ဒီရေလှိုင်းလုံးကြီးများ တက်လာတတ်သကဲ့သို့ တကိုယ်လုံးအပေါ်၌ ပျံ့နှံ့တက်လာသော ပီတိ။

(ဃ) ဥဗ္ဗေဂါပိတိ–မိမိ(ပီတိ)၏ အဟုန်ဖြင့် ခန္ဓာကိုယ်ကို အထက်သို့ (မီးပုံးပျံလို)မြောက်ကြစေနိုင်သော ပီတိ။

(သီဟိုဠ်ကျွန်းမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးကလေးသည် မဟာစေတီတော်အား ဖူးမျှော်လိုသောစိတ်ဓာတ် လွန်ကဲသဖြင့် ဥဗ္ဗေဂါပီတိဖြစ်ပေါ်လာပြီးလျှင် ကော်ဘင်းကင်မှသွားရှိ မဟာစေတီတော်အား ဖူးမျှော်ကြောင်း ဝိသုဒ္ဓိမဂ်ကျမ်း၌ လာရှိပေသည်။)

(င) ဖရဏာပိတိ–ဥဗ္ဗေဂါပိတိထက် အဆပေါင်းများစွာ ကြာကြာတည်နိုင်သောပီတိမျိုးတည်း။

(၃) ပဿဒ္ဓိ။ ။ကိုယ်, စိတ် နှစ်ပါး၏ အေးမြသာယာငြိမ်းချမ်းခြင်း ဟူသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စေတသိက်များသည်လည်း အထူးဖြစ်ပေါ်လာတတ်သည်။ (ပဿဒ္ဓိ နှစ်မျိုးသာမကဘဲ အခြားသော လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသော သောဘနသာဓာရณ စေတသိက်များသည်လည်း တွဲလျက် ဖြစ်ပေါ်လာမြဲပင် ဖြစ်သည်။ ထို

ကြောင့် ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံ၌ စွဲလမ်း မေ့လျော့ ပျော်ရွှင်နေတတ်ပေသည်။)

(၄) **အဓိမောက္ခ**။ ။ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက် သက်ဝင် ယုံကြည် ဆုံးဖြတ်တတ်သော သဒ္ဓါ စေတသိက်သည်လည်းဖြစ်ပေါ်လာတတ်သည်။ ဤ၌ သာမန်ကာလ၌ကာ ယုံကြည်ကာမျှမဟုတ်ဘဲ အထူး စူးစိုက်သော သဒ္ဓါ စေတသိက်တည်း။ (အဓိမောက္ခ စေတသိက် မဟုတ်ချေ။)

(၅) **ပဂ္ဂဟ**။ ။အားထုတ်နေဆဲ ဝိပဿနာစိတ်ကို နောက်ပြန်ပြီး တွန့်ဆုတ်ရှိမသွားအောင် အားပေး ချီးမြှောက်တတ်သော ဝီရိယစေတသိက်သည်လည်း ဖြစ်ပေါ်လာပေသည်။

(၆) **သုခ**။ ။ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ် စိတ္တကိုယ်လုံး၌ မွန်မြတ်သော စိတ္တဇရုပ်များကို ဖြစ်စေတတ်သော သုခဝေဒနာသည်လည်း ဆိတိသော ဝါဂွမ်းပမာ ဖြစ်ပေါ်လာပေသည်။

(၇) **ဉာဏ**။ ။ရှုရှိုက်မှုကိုလုပ်တိုင်းပင် ရူပ်, နာမ်တို့၏ ဖြစ်ပျက်မှုသည် ဝဇီရ စိန် လက် နက် မိုးကြိုးစက်ပမာ သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာ ဉာဏ်သည်လည်း ဖြစ်ပေါ်လာ၏။

(၈) **ဥပဋ္ဌာန**။ ။ပွားများနေဆဲ ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာ ထင်လာသော သတိစေတသိက်သည်လည်း ဖြစ်ပေါ်လာပေသည်။

(၉) ဥပေက္ခာ။ ။ဤ ဝိပဿနာဉာဏ် အဆင့်၌ ဖြစ်မှု, ပျက်မှု (ဥဒယဗ္ဗယ) သဘောများသည် အလွန်ထင်ရှားနေပြီဖြစ်၍ မထင်, ထင်လာအောင်ရှုဘို့ရာ တမင်ကြောင့်ကျီဗျာပါရ မများရတော့ဘဲ အသင့်အတင့်ရှုတတ်သော တတြမဇ္ဈတ္တတာ စေတသိက် ဟူသော တတြမဇ္ဈတ္တ(ပေက္ခာနှင့် ဖြစ်ပျက်မှုကို ဆင်ခြင်လိုက်တိုင်း အလွန် လျင်မြန်စွာ ပေါ်လာသော အာဝဇ္ဇန်းနှင့်ယှဉ်သော စေတနာ ဟူ သာ အာဝဇ္ဇန် ပေက္ခာသည် ဖြင်လာ၏။

(၁၀) နိကန္တီ။ ။သမာဓိ တန်ခိုးရှိန်ကြောင့် သြဘာသ စသည်တို့ဖြင့် လင်းထိန်နေသော ဝိပဿနာအာရုံကို ခုံမင်နှစ်သက် စွဲလမ်းသာယာမှုတဏှာသည် နိကန္တီ မည်၏။

ထို နိကန္တီမည်သောတဏှာသည် အလွန် သင်မ်မွေ့လှသည်ဖြင့် ယောဂီပုဂ္ဂိုလ်က တဏှာမှန်းဝင် မသိချေ၊ ဝိပဿနာ၌ မွေ့လျော်မှု "ဝိပဿနာရတိ" ဟု အထင်ရှိလေသည်။ ဤ သြဘာသ စသော ဆယ်ပါးကို ဝိပဿနာ၏ ညစ်နွမ်းကြောင်းတရားများ ဖြစ်သောကြောင့် ဝိပဿနုပက္ကိလေသတရားဟု ခေါ်ဆိုရသည်။

နိကန္တီတမျိုးသာ ဝိပဿနာ၏ အန္တရာယ်....

ထိုတွင် သြဘာသ စသော ရှေး ၉-ပါးကား အကုသိုလ်ဘေးရန်အစစ် မဟုတ်ချေ၊ နောက်ဆုံး နိကန္တီတမျိုးသာလျှင် ဘေးရန်အစစ် ဖြစ်ပေသည်။ သို့သော် သြဘာသ စသည်တို့ ပေါ်လာသောအခါ ပရိယတ္တိဌမကျမ်းကျင်သော(အချို့သော)

ယောဂီမှာ "ငါ့မှာ ရှေးအခါက ဤကဲ့သို့သော ကိုယ်ရောင် ကိုယ်ဝါမျိုး မထွက်ဘူးချေ၊ ဤ ကိုယ်ရောင်ကိုယ်ဝါကို ဖြစ်စေနိုင်သောစိတ်သည် ကော်ဇော မဂ်စိတ်,ဖိုလ်စိတ် ဖြစ်ရမည်၊ ငါသည် မဂ်,ဖိုလ်ကို ရပြီ"ဟု အထင်ကြီးကာ ဝိပဿနာလမ်းလွဲ၍–

၁။ သာယာမှုတဏှာ
၂။ အထင်ကြီးမှု မာန
၃။ စွဲလမ်းမှု ဒိဋ္ဌိ–

တို့သည် ဖြစ်ပေါ်လာတတ်ကုန်၏။ ထို တဏှာ,မာန,ဒိဋ္ဌိတို့သည် သာလျှင် ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဘေးရန်အစစ်တို့ ဖြစ်ပေသည်၊

ထို တဏှာ,မာန,ဒိဋ္ဌိ ဟူသော နိကန္တိတရားသည် သြဘာသ စသည်တို့ကို အစွဲပြု၍ ဖြစ်သောကြောင့် "လူမိုက် အားပေး" ဆိုသလို ထို သြဘာသ စသည်တို့ကိုလည်း ဝိပဿနာ၏ ညစ်နွမ်းကြောင်းတရား ဟူ၍ပင် ခေါ်ဆိုရလေသည်။

ပရိယတ္တိဥာဏ်မရှိလျှင် လမ်းလွဲတတ်သည်....

ကမ္မဋ္ဌာန်းအစဉ်(ပရိယဲတ္တိ)၌ မကျွမ်းကျင်သော ယောဂီမှာ ထို သြဘာသ စသည်ကို နှစ်သက်စွဲလန်းလျက် ကမ္မဋ္ဌာန်း လမ်းလွဲသွားသော်တည်း တရားအားထုတ်ခါနီးမှ ကမ္မဋ္ဌာန်းဆရာကပြောပြလို့ မဂ်တရား ဟုတ်,မဟုတ် သိလာတတ်သည်။ ကမ္မဋ္ဌာန်းအစ(ပရိယတ္တိ)၌ ကျွမ်းကျင်သော ယောဂီသည်ကား–

ဤ သြဘာသ စသည်တို့သည် ဝိပဿနာ၏ ဘေးအန္တရာယ်များ ဖြစ်ပေသည်။ ထို သြဘာသ စသည်တို့ကို သာယာနှစ်သက်

စဲ့လန်းမှုသည် မဂ်,ဖိုလ်ရကြောင်း လမ်းမှန် မဟုတ် (အမဂ္ဂ) တည်း။ သြဘာသ စသည်ကို ဂရုမစိုက်ဘဲ ဆက်လက်အားထုတ်မှုသည်သာလျှင် မဂ်,ဖိုလ်ရကြောင်း "မဂ္ဂ" ဖြစ်ပေသည်။

ဤသို့ လမ်း မှန်,မမှန်ကို ပိုင်းခြားတတ်သော ဉာဏ်သည် ဖြစ်ပေါ်လာပေသည်။ ထိုဉာဏ်သည်ကား သာမန်သိရုံမဟုတ်, မျက်စိဖြင့် ထင်ရှားစွာမြင်တတ်သောကြောင့် "ဒဿန" အမည်လည်း ရရှိပြန်သည်။

ထိုဉာဏ်သည်ပင် ဆိုခဲ့ပြီး သြဘာသ စသည်တို့မှ စင်ကြယ်သောကြောင့် "ဝိသုဒ္ဓိ"လည်း မည်ပြန်သည်။ ထို့ကြောင့် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ဟု ဆိုရလေသည်။

သြဘာသစသည်တို့၏ နှောက်ယှက်မှုကြောင့် ဥဒယဗ္ဗယဉာဏ် အဆုံးမ ရတော်ခင် လမ်းခုလပ်မှာပင် ဝိပဿနာအစဉ် ရပ် ၍ နေသောကြောင့် သမ္မာသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းကို မဂ္ဂါမဂ္ဂဉာန ဒဿနဝိသုဒ္ဓိနယ်ဟု ဆိုရာသည်။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြင့် အားထုတ်ဆဲ ဝိပဿနာ စိတ်အစဉ်ကို နှောက်ယှက်ဖျက်ဆီးတတ်သော သြဘာသ စသောဘေးရန်တို့မှ ကင်းလွတ်ပြီးသော ယောဂီမှာ ဥဒယဗ္ဗယဉာဏ် ဖြစ်ခဲ့သော်လည်း ယင်းဉာဏ်သည် အဆိုပါ အန္တရာယ်များ၏ ဖျက်ဆီးမှုကြောင့် အနိစ္စ စသော လက္ခဏာများ ထင်ရှားအောင်မပေါ်နိုင်ဘဲ ရှိချေသည်။ ထို့ကြောင့် လက္ခဏာရေးသုံးပါး သိသိသာသာ ထင်ရှားအောင် ပေါ်လာရေးအတွက်

ဉဒယဗ္ဗယဉာဏ်ကိုပင် ထပ်မံပြီး အားထုတ်ရပြန်သည်။ (အားထုတ်ပုံကို လုပ်ငန်းစဉ်၌ ကြည့်ရလတ္တံ့)

ထိုသို့ ထပ်မံအားထုတ်ရသော ဉဒယဗ္ဗယဉာဏ် နောက်ပိုင်းမှ စ၍ အနုလောမဉာဏ်အထိ ၉-ပါးတို့သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်ကုန်၏။

ထိုဉာဏ်ကိုးပါးကို မဂ် ဖိုလ် သို့ ရောက်ကြောင်း အကျင့်ကောင်း အကျင့်မှန် ဖြစ်သောကြောင့် ပဋိပဒါ-ဟူ၍ လည်းကောင်း, တောဘုမ္မက သင်္ခါရကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုတတ်မြင်တတ်သောကြောင့် ဉာဏ-ဟူ၍လည်းကောင်း, သာမန် အသိမျိုးမဟုတ်၊ ပကတိမျက်စိဖြင့် မြင်ရသလို မြင်ရသောကြောင့် လည်း ဒဿနဟူ၍လည်းကောင်း, ဆန့်ကျင်ဘက်တရားတို့မှ ဝေးသည်ထက် ဝေးကွာပြီး လွန်စွာ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိဟူ၍ လည်းကောင်း အသီးသီး ခေါ်ဆိုရလေသည်။ ဆိုခဲ့ပြီး အကြောင်းလေးမျိုး ပေါင်းလိုက်သော် ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ မည်ပါသည်။

သာဓကပါဠိ

> တထာပရိဗန္ဓဝိမုတ္တာသ ဉဒ္ဒယဗ္ဗယဉာဏတော ပဋ္ဌာယ ယာဝ၀ါနုလောမာ တိလက္ခဏံ ဝိပဿနာ ပရမ္မရုယ ပဋိပဋ္ဌန္တိသ နဝ၀ိဓသနာဉာဏာနိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနာမ။ (သင်္ဂဟ အဋ္ဌကထာ ဆဋ္ဌမ-သင်္ဂဟ-၁၆၀)

အနက်။ ။ပန၊ အဘိုတပါးကို ဆိုဦးအုံ့။ စာထာ၊ ထိုဆို အပ်ခဲ့ပြီးသော အချင်းအရာအားဖြင့်။ ပ္ပရိဗန္ဓ

စိမ့ုတ္တာသ၊ သြဘာသစသော ဘေးရန်တို့မှ ရှင်းရှင်းလွတ်ကင်းပြီး သော။ တသ၊ ထိုယောဂိပုဂ္ဂိုလ်သည်။ ဝါ၊ ထိုယောဂိပုဂ္ဂိုလ်၏။ (သန္တာနေ၊ သန္တာန်၌) ဥဒယဗ္ဗယညာဏတော၊ ဥဒယဗ္ဗယညာဏ် နောက်ပိုင်းမှ။ ပဋ္ဌာယ၊ စ၍။ တိလက္ခဏံ၊ လက္ခဏာယာဉ် သုံးပါးသို့။ (အာရောပေတွာ၊ တင်၍)ဝိပဿနာ ပရမ္မရာယ၊ ဝိပဿနာဉာဏ် အဆက်ဆက်ဖြင့်။ ပဋ္ဌိပဋ္ဌန္တသ၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်သည်ရှိသော်။ (ဝါ၊ ကျင့်ကြံကြိုးကုတ် အားထုတ် သော။ တသ၊ ထိုယောဂိပုဂ္ဂိုလ်၏။ သန္တာနေ၊ သန္တာန်၌) နဝ၊ ကိုးပါးကုန်သော၊ ဝိပဿနာ ဉာဏာနိ၊ ဝိပဿနာဉာဏ်တို့သည်။ ပဋ္ဌိပဒါ ဉာဏဒဿန ဝိသုဒ္ဓိနာမ၊ ပဋ္ဌိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

၂။ ဉာဏဒဿန ဝိသုဒ္ဓိ။ ။သီလပိသုဒ္ဓိ စသော ရှေးဝိသုဒ္ဓိ ၆ ပါးကို အစဉ်အတိုင်း အားထုတ်၍ အဆင့်ဆင့် ရအပ်သော မဂ်လေးပါးသည် ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

မှန်ပေသည်၊ ဤဉာဏ်သည်ကား သစ္စာ ၄ ပါးကို သိတ်တ်သောကြောင့် ဉာဏ, မျက်စိဖြင့် တိုက်ရိုက်မြင်ရသလို မြင်တတ်သောကြောင့် ဒဿန, ကိလေသာ အညစ်အကြေးတို့မှ အပြတ်အသတ် စင်ကြယ်နေပြီဖြစ်သောကြောင့် ဝိသုဒ္ဓိလည်း မည်ပေ၏။ ဆိုခဲ့ပြီး အမည်သုံးရပ်ကို ပေါင်းစပ်သောအားဖြင့် ဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်ဆိုရလေ၏။

သာဓကပါဠိ

ဆဋ္ဌိသုဒ္ဓိ ကမေနေပ၊ ဘာဝေတမ္ဘော စတုဋ္ဌိဝေါ။
ဉာဏ ဒဿန ဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။ (သင်္ဂဟ အဋ္ဌကထာ)

အနက်။ ။ဝေ၊ ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဆဋ္ဌိသုဒ္ဓိ ကမေန၊ ဆိုအပ်ခဲ့ပြီးသော စိတ္တဝိသုဒ္ဓိ စသော ခြောက်ပါးသော ဝိသုဒ္ဓိတို့၏အစဉ်ဖြင့်။ ဘာဝေတမ္ဘော၊ ဖြစ်စေအပ်သော။ (ဝါ) ပွားများအပ်သော။ စတုဋ္ဌိဝေါ၊ လေးပါး အပြားရှိသော။ မဂ္ဂေါ၊ မဂ်ဉာဏ်ကို။ ဉာဏ ဒဿန ဝိသုဒ္ဓိ နာမ၊ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏—ဟူ၍ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဝါ) ဆိုရမည်။

အဲထူးမှတ်ဘွယ်။

ဝိသုဒ္ဓိ ၇-ပါးတို့တွင် သီလ ဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ၂-ပါးသည် အခြေခံမူလ ဖြစ်၏။ ဤ ဝိသုဒ္ဓိ ၂-ပါးမူမစင်ကြယ်လျှင်, ကျန် ဝိသုဒ္ဓိများ စင်ကြယ်ဘို့ မလွယ်ချေ၊ ထို့ကြောင့် သီလ ဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ၂-ပါးသည် ခြေထောက်နှင့် တူသည်၊ ဉာဏ ဒဿန ဝိသုဒ္ဓိကား ဦးခေါင်းနှင့် တူသည်၊ အလယ် ဝိသုဒ္ဓိ ၄-ပါးကား ခန္ဓာကိုယ်အလယ်ပိုင်း ကိုယ်ကြီးနှင့် အလားတူပေသည်။ဤကား အဋ္ဌကထာနှင့် ဋီကာ ပေါင်းစပ်၍ ပြောဆိုခြင်းတည်း။

ထိုပြင် ဤဘဝတွင်ပင် မဂ်, ဖိုလ်ရအောင် အားထုတ်မည့် ပုဂ္ဂိုလ်များမှာ ထို စိသုဒ္ဓိခုနစ်ပါးကို မကျော်ဘဲ အစဉ်အတိုင်း

အားထုတ်ရသည်၊ ပါရမီဖြစ် အားထုတ်သူများကား အစဉ်ကို ကျော်လွန်ပြီး အားထုတ်နိုင်သည်။

သာဓကပါဠိ

ဆဗ္ဗီ သုဒ္ဓိကွမေနာတိ သီလ စိတ္တ ဝိသုဒ္ဓိနံ ဝသေန မူလဘူတာနံ ဒွိန္နံဒိဋ္ဌိ ဝိသုဒ္ဓိ အာဒီနံဝသေန သရီရဘူတာနံ စတုန္နန္တိ တောသံ ဆန္နံဝိသုဒ္ဓိနံ ကမေန။
(ဋီကာကျော်-၂၅၂)

အနုက်။ ။ဆဗ္ဗီ သုဒ္ဓိကွ မေနာတိ၊ ဟူသည်ကား။ မူလ ဘူတာနံ၊ ခြေ ထောက် ဖွယ် အခြေ ခံအကျဆုံး ဖြစ်၍, ဖြစ်ကုန်သော။ ဒွိန္နံ၊ နှစ်ပါးကုန်သော၊ သီလစိတ္တဝိသုဒ္ဓိနံ၊ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့၏။ ဝ ;သန၊ အစွမ်းအားဖြင့် လည်းကောင်း။ သရီရဘူတာနံ၊ ကိုယ်လုံးသဘုယ် အထည်ကိုယ်ခြုပ်ဖြစ်၍, ဖြစ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ဒိဋ္ဌိဝိသုဒ္ဓိ အာဒီနံ၊ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိကုန်သော အလယ်ဝ်သုဒ္ဓိတို့၏။ ဝသေန၊ အစွမ်းအားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဆန္နံ၊ ခြောက်ပါးကုန်သော။ တောသံ ဝိသုဒ္ဓိနံ၊ ဤဝိသုဒ္ဓိတို့၏။ ကမေန၊ အစဉ်အားဖြင့်။ (ဘာဝေတဗ္ဗော၊ ပြုစေအပ်သော။ ဝါ။ ပွားများအပ်သော။ စတုဗ္ဗေါ၊ လေးပါးအပြားရှိသော။မဂ္ဂေါ၊ မဂ်ကို။ ဉာဏဒဿန ဝိသုဒ္ဓိနာမ၊ ဉာဏဒဿန ဝိသုဒ္ဓိ ဟူ၍။ ပဓုစ္စတိ၊ ဆိုအာပ်၏။) ဝိသုဒ္ဓိ ၇-ပါး ပြီး၏။

ဉာဏ် (၁၇)ပါး (တနည်း) (၁၀) ပါး

၁။ ကမ္မဿကတာဉာဏ်

၂။ သမထဉာဏ်

၃။ နဝမရူပ ပရိစ္ဆေဒဉာဏ်
၄။ ပစ္စယ ပရိဂ္ဂဟဉာဏ်
* ၅။ သမ္မသနဉာဏ်
* ၆။ ဥဒယဗ္ဗယဉာဏ်
* ၇။ ဘင်္ဂဉာဏ်
* ၈။ ဘယဉာဏ်
* ၉။ အာဒီနဝဉာဏ်
* ၁၀။ နိဗ္ဗိဒါဉာဏ်
* ၁၁။ မုစ္စိတုကမ္မတာဉာဏ်
* ၁၂။ ပဋိသင်္ခါဉာဏ်
* ၁၃။ သင်္ခါရုပေက္ခာဉာဏ်
* ၁၄။ အနုလောမဉာဏ်
၁၅။ ဂေါတြဘူဉာဏ်
၁၆။ မဂ်ဉာဏ်
၁၇။ ဖိုလ်ဉာဏ်

၁၈။ ပစ္စဝေက္ခဏာဉာဏ် - အားဖြင့် - ၁၈-ပါးတည်း။

ထို ၁၈–ပါးတို့တွင် (၅)နံပါတ် သမ္မသနဉာဏ်မှ (၁၄) နံပါတ် အနုလောမဉာဏ်တိုင်အောင်သော ဉာဏ် (၁၀)ပါးကို ဝိပဿနာဉာဏ် ၁၀-ပါး ခေါ်သည်။ (ထင်ရှားလတ္တံ့)

မှတ်ချက်။ ။ရှေ့ဆုံး လေးပါးကား အခြေခံဉာဏ်များ ဖြစ်၍ နောက်ဆုံး လေးပါးကား ဝိပဿနာ ၁၀-ပါးကြောင့် ရရှိသော အကျိုးဉာဏ်များဖြစ်သည်-ဟု မှတ်ရမည်။

(ဆောင်) ကမ္မ - သမ - နာမ် - ပစ္စယ၊ သမ္မ - ဥဒယာ။
ဘင် - ဘယ - အာဒီနဝ၊ မှာ်ကြ - နိဗ္ဗိဒါ။
မုစ် - ပ - သင်္ခါ - လော - ဂေါ - မာ၊ ဖလာ - ပစ္စဝေက္ခဏာ။

၁.၊ ကမ္မသကတာဉာဏ်

(က) စားလေသမျှ မစင်၊ ထားလေသမျှ မဆသခင်၊ လှုမ္ဘဒါန်းမှ ထာဝစဉ်။

(ခ) စားလေသမျှ မစင်ဖြစ်၊ ထားလေသမျှ ဘုံဖြစ်၊ လှုမ္ဘဒါန်းမှ ကိုယ်ပိုင်ဖြစ်၏။

ဤသို့ ကုသိုလ်ကံ, ကံ၏ အကျိုးသည်သာလျှင် မိမိ၏ ကိုယ်ပိုင်ဥစ္စာ-ဟုသိသော ဉာဏ်သည် ကမ္မသကတာဉာဏ် မည်၏။

၂။ သမထဉာဏ်

ပထဝီ,ပထဝီ၊ အာပေါ,အာပေါ စသည်ဖြင့် စီးပြန်းဖန်များသော် ယောဂီအား စျာန်အဘိညာဏ်များ ဖြစ်ပေါ်လာပေသည်။ ထို စျာန်အဘိညာဉ်နှင့်ယှဉ်သော ဉာဏ်သည် သမထဉာဏ် မည်သည်။

၃။ နာမရူပ ပရိစ္ဆေဒဉာဏ်

ဝင်လေ,ထွက်လေ ဟူသည် ရုပ်တရားတည်း၊ ထို၀င်လေ, ထွက်လေကို သိမှုကား နာမ်တရားတည်း။ ထို ရုပ်,နာမ်နှစ်ပါး အပြင် အခြား ပုဂ္ဂိုလ်သတ္တ၀ါဟူ၍ မရှိချေ။ ဤသို့ ရုပ်တရား, နာမ်တရား နှစ်ပါးကို ပိုင်းခြား၍ သိတတ်သော ဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ် မည်၏။

၄။ ပစ္စယပရိဂ္ဂဟဉာဏ်

ထွက်လေ, ဝင်လေကို သိရာ၌ ထွက်လေ, ဝင်လေ ဟူသော ရုပ်ကြောင့် ထွက်လေ,ဝင်လေကိုသိသော အသိစိတ်တရားသည် ဖြစ်ရလေသည်။ ထို့ပြင် ကွေးချင်,ဆန့်ချင်သော နာမ်တရားကြောင့် ကွေးမှု,ဆန့်မှု ဟူသော ရုပ်တရားသည် ဖြစ်ပေါ်လာရလေသည်။ ဤသို့ ရုပ်တရား, နာမ်တရားတို့၏ အကြောင်းကို သိမှုသည် ပစ္စယ ပရိဂ္ဂဟဉာဏ် မည်၏။

၅။ သမ္မသနဉာဏ်

တေဘူမကသင်္ခါရ ရုပ်,နာမ်တရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍ အဖန်ဖန် စီးဖြန်းဆင်ခြင် သုံးသပ်ခြင်းသည် သမ္မသနဉာဏ် မည်၏။

သမ္မသနနည်း လေးမျိုး

ဤနေရာ၌ သမ္မသန(သုံးသပ်နည်း)လေးမျိုးကို သိထားရပေဦးမည်။ ထို့လေးမျိုးတို့ကား—

(က) အပေါင်းအစည်းအားဖြင့် သုံးသပ်ခြင်း (ကလာပ သမ္မသန နည်း။)

(ခ) ဘဝခွဲခြားရှုသုံးသပ်ခြင်း(အဒ္ဓါသမ္မသနနည်း။)

(ဂ) ရုပ်ဖြစ်စဉ်ခွဲခြားရှု သုံး သပ် ခြင်း (သန္ဋတိ သမ္မသန နည်း။)

(ဃ) ဈာနခွဲခြားရှု သုံးသပ်ခြင်း(ခဏသမ္မသနနည်း။) တို့တည်း။

ထိုတွင် "ဤရုပ်ကား အတိတ်ဘဝ၌ဖြစ်သော ရုပ်တည်း" စသည်ဖြင့် ဘဝကိုမခွဲခြားဘဲ ရူပကွန္ဓာအားလုံး, ဝေဒနာကွန္ဓာ အားလုံး စသည်တို့ကို အပေါင်းပြုရှုသုံးသပ်ခြင်းသည် ကလာပ သမ္မသနနည်း မည်၏။

အတိတ်ဘဝ၌ဖြစ်သော ရူပကွန္ဓာ,ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ရူပကွန္ဓာ စသည်ဖြင့် ဘဝခွဲခြားရှု သုံးသပ်ခြင်းသည် အဒ္ဓါ သမ္မသနနည်း မည်၏။ (အဒ္ဓါ သဒ္ဒါကား ကာလကို ဟော၏။)

"ဤရုပ်ကား အေးသော ရုပ် အ စဉ် တည်း"- စသည်ဖြင့် အအေးရုပ်အစဉ်, အပူရုပ်အစဉ်ကို ခွဲခြားရှု သုံးသပ်ခြင်းသည် သန္ဋတိ သမ္မ သနနည်း မည်၏။

ရုပ်အစဉ်တမျိုးတည်း၌ပင် ဥပါဒိဓဏ, ဌိတိဓဏ, ဘင်ဓဏ အားဖြင့် ခွဲခြားရှုသုံးသပ်ခြင်းသည် ခဏ သမ္မသနနည်း မည်၏။

ထို ၄-မျိုးတို့တွင် ကလာပ သမ္မသနနည်းကား အလွယ်ဆုံး နည်း ဖြစ်သည်။ အဒ္ဓါ စသော ကျန်နည်းမျှားကား အဆင့်ဆင့်

သိမ်မွေ့ခက်ခဲလှသည်။ ထိုကြောင့် အလွယ်ဆုံးနည်းမှာ အသားကျသောအခါမှသာလျှင် အဆင့်ဆင့် တိုးတက်ပြီး အားထုတ်သင့်သည်။

လက်တွေ့အားထုတ်ပုံ

ကလာပ သမ္မသနနည်း။ ။ရူပ်ဟူသမျှသည် ကုန်ခမ်း ပျက်စီးခြင်း သဘောရှိသောကြောင့် မမြဲပါတကား- ကြောက်ဘွယ်ကောင်းသော သဘောရှိသောကြောင့် ဆင်းရဲချည်းပါဘကား- အနှစ်သာရမရှိသောကြောင့် အတ္တမဟုတ်၊ ကိုယ်ပိုင်မဟုတ်ကြပါ တကားဟု ဆင်ခြင်သုံးသပ်ပွားများရသည်။ (ဝေဒနာကွန္ဓာ စသည်တို့ကိုလည်း ထိုနည်းအတူပွားများရ၏။)

မှန်ပေသည်၊ ရူပ်ဟူသမျှသည် ကုန်ခန်း ပျက်စီးတတ်ခြင်းကို ထောက်လျှင် ရူပကွန္ဓာ၏ မမြဲကြောင်းမှာ ထင်ရှားလှပေသည်။ အကြောင်းအားလျော်စွာ ဖြစ်ပြီးနောက် မပျက်စီးနိုင်ဘဲ ခိုင်မြဲပြီး နေမှသာလျှင် နိစ္စဟု ဆိုထိုက်ပေသည်။ ယခုတော့ ဖြစ်ပြီးနောက် ဘင်ဓဏရောက်လျှင် ပျက်စီးသွားသည်ကို တွေ့မြင်ရသောကြောင့် ရူပကွန္ဓာသည် မုချအနိစ္စ အစစ်ပါတကား၊ ထို့ကြောင့် "သဗ္ဗံ ရူပံ အနိစ္စံ ခယဓဋ္ဌေန"ဟု မြတ်စွာဘုရားသခင် ကဟော့တော်မူတာဘဲနော်-ဟု ပွားများရလေသည်။

ထို့ပြင် မိမိတို့ သန္တာန်မှာဖြစ်သော ရူပကွန္ဓာ ဟူသမျှသည် အောကန်ပျက်စီးမှာ သေချာသောကြောင့် အလွန် ကြောက်စရာကောင်းလှပါတကား။ ထို ရူပကွန္ဓာ၌ ပါရှိသော ဓာတ်ကြီး

၄ ပါးကား မြွေဆိုးလေးကောင်နှင့် တူလှသဖြင့် ကြောက်စရာ ကောင်းလှ ပါတာ-ဟု ဆင်ခြင်ရမည်။

ခွဲ့ဦးအုံ့။ ။ရာဇဝတ်သား တယောက်ကို "မောင်မင်းသည် ဤမြွေဆိုး ၄ ကောင်အား အစာမှန်မှန်ကျွေးမွေး ဖမ်းမြူရမည်၊ အစာကျွေးပုံ ကျွေးနည်း မမှန်ကန်သည့် တနေ့မှာ အစာကို မကျေနပ်သော မြွေက မောင်မင်းကို ကိုက်သတ်လိမ့်မည်" ဟု အမိန့်ချခံရလေသည်။

ထိုရာဇဝတ်သားသည် မြွေကြီးများကို အစာမှန်မှန် ကျွေးသော်လည်း သူတို့ မကျေနပ်သောအခါ ထိုမြွေကြီးများ၏ အကိုက်ခံရသဖြင့် သေကြေပျက်စီးရသကဲ့သို့ ထို့အတူ ဓာတ်ကြီးလေးပါးကို အစာမှန်မှန် ပေးနေစဉ် မသင့်လျော်သော အစာကို ပေးမိခြင်းကြောင့် ပျောက်ပြန်ပျက်စီးလျက် ရောဂါ အမျိုးမျိုး ဖြစ်ပေါ်လာပြီး သေကြေပျက်စီးရ ရှာလေသည်။

ဤရူပကွန္ဓာကြီးကား ကြောက်စရာ အလွန်ကောင်းသဖြင့် ဒုက္ခ တုံ့ကြီ ပါတာကား၊ထို့ကြောင့် ဘုရားသခင်က "သဗ္ဗံ ရူပံ ဒုက္ခံ ဘယဋ္ဌေန" ဟု ဟောတော်မူတာကဲ့-မှန်လိုက်လေခြင်းနော်-ဟု ပွားများရမည်။ (ဝေဒနာကွန္ဓာ စသည်၌လည်း နည်းတူ ပွားပါ။)

ထိုမှတပါး ဤရူပကွန္ဓာ မှန်သမျှသည် မပျက်စီးချင်ပဲလျက် ပျက်စီးရခြင်း, ခဏခဏ ပျက်စီးရခြင်းကြောင့်လည်း ဆင်းရဲလှ၏၊ ကြောက်ဖွယ် ကောင်းလှပေသည်။ ယင်းသို့မပျက်ချင်ပါ အံ့လျက် ပျက်စီးရခြင်း,မဆင်းရဲချင် ပါဘဲလျက် ဆင်းရဲရခြင်း

ကြောင့် မည်သူမျှ အစိုးမရနိုင်ချေ၊ အတ္တမဟုတ် အနတ္တတရား ချည်းပါဘကား။ ထို့ကြောင့် ဘုရားသခင်က "သင့်ဗို့ ရူပံ အနတ္တာ အသာရကဒ္ဌေန" ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပေ သည်- စသည်ဖြင့် ပွားများရမည်၊ ဤကား ကလာပ သမ္မသန နည်းအားဖြင့် ပွားများပုံတည်း။

အဒ္ဓါသမ္မသန နည်း။ ။အတိတ်ဘဝက ရုပ်သည် အတိတ် ဘဝမှာပင် ချုပ်၏၊ ဤ ပစ္စုပ္ပန် ဘဝသို့ ပါမလာချေ၊ ပစ္စုပ္ပန်ဘဝက ရုပ်သည် ပစ္စုပ္ပန်ဘဝမှာပင် ချုပ်၏။ အနာဂတ်ဘဝသို့ ပါမသွားချေ။ အော်မမြဲပါတဲ့ကား အော် ဆင်းရဲပါတကား၊ အနတ္တပါတကား၊ ဤသို့ စသည်ဖြင့် ဘဝအားဖြင့် ခွဲခြား၍ သုံးသပ်ခြင်းသည် အဒ္ဓါသမ္မသနနည်း မည်ပေသည်။

ယံ အတီတေ ရူပံ၊ တံ ယသ္မာ အတီတေ ယေဝခီဏံ၊ နယိမံ ဘဝံ သမ္မတ္တန္တိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။

ယံ အနာဂတံ အနုန္ဓရဘဝေနိဗ္ဗတ္တိဿတိ၊ တမ္ပိ တတ္ထေဝ ခီယိဿတိ၊ နစ ဘဝေတာ ပရံ ဘဝံ ဂမိဿတီတိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရ ကဋ္ဌေန။

ယံ ပစ္စုပ္ပန္နံ ရူပံ၊ တမ္ပိ ဣဓေဝ ခီယတိ၊ နဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။(ဝိသုဒ္ဓိမဂ္ဂ၊ ဒု၊ ၂၄၅)။

အမှာ။ ။အစ္စတ္တ, ဗဟိဒ္ဓ, သုခုမ, သြဠာရိက-စသော အားဖြင့်လည်း ပွားများနိုင်သည်၊ ဝေဒနာ, သညာ စသည်တို့ကိုလည်း ထိုအတူ ပွားများပါလေ။

သန္ဓတိ သမ္မသန နည်း။ ။အပူမှာ သွားလာနေသော သူ အား အပူရုပ် အစဉ်အတန်းသည် ဖြစ်ပေါ်နေ၏။ နေရိပ်သို့ ဝင်သွားသောအခါ မကြာမီပင် အပူရုပ် အစဉ်ပျောက်ပြီး အအေးရုပ်အစဉ် ဖြစ်ပေါ်လာတော့သည်။

မဏ္ဍန်းမာသော သူအား မဏ္ဍန်းမာသော ရုပ်အစဉ်သည် ဖြစ်ပေါ်နေခြင်း, ကျန်းမာပြန်သော်အခါ၌လည်း မဏ္ဍန်းမာသော ရုပ်အစဉ်တွေ့ ပျောက်ပြီး ကျန်းမာသော ရုပ်အစဉ်များ ဖြစ်ပေါ်နေပြန်၏။

ထို့အတူ ထိုင်နေတဲ့အခါ ဖြစ်ပေါ်နေသော ရုပ်အစဉ်သည် ထလိုက်သောအခါမှာ ပျောက်ပြီး ထရုပ်အစဉ်ဘွဲ့ ဖြစ်ပေါ်နေ၏။ ဤသို့ အစရှိသည်ဖြင့် အလုပ်ကိစ္စ ပြောင်းလဲတိုင်း ရုပ်စဉ်သည် ပြောင်းလဲ၍ လာပေသည်၊ မမြဲပါတကား။ အော်အနိစ္စ - -အော်ဒုက္ခ - - အော်အနတ္တ- - ဟု ပွားများခြင်းသည် သန္ဓတိ သမ္မသန နည်း မည်၏၊

ခဏ သမ္မသန နည်း၊ ။ဥပါဒ်, ဌိ, ဘင် သုံးခုကို ခဏဟု ခေါ်၏။ အတိတ်ခဏ၌ ဖြစ်သော ရုပ်သည် ပစ္စုပ္ပန် ခဏသို့ လိုက်ပါလာခြင်း မဟုတ်ချေ။ အတိတ်

ခဏ၌ပင် ပျက်စီးရလေ၏။ ထွက်လေသည် ဝင်လေ ခဏသို့မပါ၊ ချေ၊ ထွက်လေခဏမှာပင် ပျက်စီး၏။ ထို့အတူ ဝင်လေသည်လည်း ထွက်လေခဏသို့ ပါမလာချေ၊ ဝင်လေခဏမှာ ပျက်စီးချုပ်ငြိမ်းရလေ၏။ အော်၊ အနိစ္စ-ဒုက္ခ-အနတ္တပါတကား-စသည်ဖြင့် ပွားများကြလေ။ ဤကဲ့သို့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောဝထင်ရှား အောင် သိထားမှသာလျှင် အားထုတ်သော အခါ အလွယ်ဘက္ခု သိနိုင်ပေသည်။

ဤသို့ တောဘုမ္မကသခ်ါရတို့၌ ကလာပ သမ္မသန စသောနည်းတို့ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ဟု သုံးသပ် ဆင်ခြင်တတ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

၆။ ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ် ရင့်သန်ပြီးနောက် ထွက်လေ ဝင်လေကို မိအောင်ဖမ်း၍ တိုးတက်အောင် ဆက်လက်ပြီး အားထုတ်သည့် အခါ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိတတ်သော ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ပေါ်လာသည်၊ (ဥဒယ၊ ဖြစ်ခြင်း။ ဝယ-ပျက်ခြင်း။ ဝယ၌ ဒွေးဘော်ဆောင် ဝ-နှစ်လုံးကို ဗ-နှစ်လုံး ပြုလုပ်၍ ဥဒယဗ္ဗယ ဖြစ်၏။)

ထင်ရှားစေအုံ- နာမ်ရုပ်တို့သည် မဖြစ်ခင်က အဆင်သင့်ဖြစ်ဘို့ရာ စုဆောင်း သိမ်းဆည်းထားမှုလည်း မရှိ၊ ချုပ်သည့်အခါလည်း အရုပ်တပါးသို့ ရောက်သွား၍ တပေါင်းတည်း စုပုံနေသည်လည်း မဟုတ်ကြကုန်။

ဥပမာ။ ။စောင်းခွက် စောင်းကြိုးတို့၌ တီးခတ်ခြင်း အမျိုးမျိုးကြောင့် ရုတ်တရက် အသံအမျိုးမျိုး ထွက်ပေါ်လာ၍ အတီးရပ်သည့်အခါ အသံပျောက်သွားသကဲ့သို့ ထို့အတူ နာမ်, ရုပ်တို့သည်လည်း ဆိုင်ရာအကြောင်းများကြောင့် ဖြစ်ပေါ်လာ၍ ချက်ချင်းပင် ပျောက်သွားကြလေကုန်၏။ ထို့ကြောင့် ဖြစ်ပေါ်နေသော ရုပ်နာမ်တိုင်းတို့ အဟောင်းမရှိကြကုန်၊ အားလုံး အသစ်တို့သာ ဖြစ်ကြကုန်၏။

ဤသို့လျှင် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုသာ သိသောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်ပေသည်။

သာဓကပါဠိ

အနုပ္ပန္နာ စုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာပိ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဝိဏာသဒ္ဒ သမူပမာ။

(ဝိသုဒ္ဓိမဂ်၊ ဒု-၂၆၇/၉ - လာ စုဏ္ဏိယကို ဂါထာ စီထားသည်။ ဘေဒနီ ဒု-၂၆၆ ၌၊ စ-ပါဒဝယ် "ဒီပ ဇာလ သမူပမာ" ဟုဆို၏၊ ကြည်းတူ၏။)

အနက်။ ။ဝိဏ်သဒ္ဒသမူပမာ၊ စောင်းကြိုး၊ စောင်းခွက် တီးမှုတ်တွက်ကြောင့် ပေါ်ထွက် ပျောက်ဟန် စောင်းသံနှင့် အလား တူကြကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဝ၊ ဇုဆောင်းသိမ်းဆည်းဖြစ်ပြီး မဟုတ်ဘဲလျက်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ အကြောင်းကိုစွဲ၍ ယုတ်ခန့် ဖြစ်ပေါ်လာကြကုန်၏။

ဥပဓိနှာပိ၊ အကြောင်းအားလျှော်စွာ ပေါ်လာကြကုန်ပြီး၍ လည်း။ နိဗ္ဗာနရေ၊ (နှုတ်မဆက်နိုင်ကြဘဲ)ရုတ်တရက် ချုပ်ပျက်ကြကုန်၏။ နိစ္စံနဝါဝ၊ ခဏမစဲ အမြဲဖြစ်လျက် အသစ်စက်စက်တို့သည်သာလျှင်။ (ဟောန္တိ၊ ဖြစ်ကြလေကုန်၏။)

၂။ ဘင်္ဂဉာဏ်။

ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက် နှင်မျိုးလုံးကို ထင်ရှားအောင်ရှု၍ အလွန်အမင်း ထင်မြင်နေသည့်အခါ အဖြစ်အပျက်တို့က အလွန်လျင်မြန်လှသဖြင့် အဖြစ်ကိုမရှုမိတော့ဘဲ အပျက်ကိုချည်း မြင်လာတတ်ပေသည်။ ထိုသို့အပျက်ကိုသာ မြင်နေသောဉာဏ်သည် ဘင်္ဂဉာဏ်ပေတည်း။ ဥပမာ-ရေအိုင်တွင် မိုးရွာသွန်းစဉ် ရေပွက်ကလေးများကို ရှုကြည့်နေသောအခါ ဖြစ်ပြီးလျှင် အပျက်က မြန်လွန်းသောကြောင့် အဖြစ်ကို မရှုမိတော့ဘဲ အပျက်ကိုချည်း မြင်နေရသကဲ့သို့တည်း။

သာဓကပါဠိ။

သခ်ါရာမေ ပုဗ္ဗုဋ္ဌ ဝ၊ ဘိဇ္ဇရေ ဘိဇ္ဇရေ ခဏံ။
ပဿ ဗ္ဗေ ဝ ဘင်္ဂဉာဏံ၊ ဇာတံ ဘတိယယောဂိနော။

(ပဋိသမ္ဘိဒါမဂ္ဂ ပါဠိ ၅၅ နှင့် ဝိသုဒ္ဓိမဂ္ဂ၊ ဒု-၂၇၇ တို့ကို မှီ၍ ဂါထာစီထားသည်။)

အနက်။ ။ ဣမေ သခ်ါရာ၊ ရုပ်နာမ်နှစ်ပါး, ဤသခ်ါရတရားတို့သည်။ ပုဗ္ဗုဋ္ဌ ဝ၊ ရေအိုင်အထက်, မိုးရေပွက်သို့, အပျက်လျှင်မြန်, ပုံဟန်အတူသာလျှင်။ ခဏံ၊ လျှပ်ပျက်

မရှင်း တခဏချင်း။ ဘိုးဇရေ ဘိုးဇရော အဆက်မပြတ် တပျက်တည်း ပျက်တတ်ကြကုန်လေစုတကား။ ဧဝံ၊ ဤပုံ ဤနည်း ဤသို့မှီးလျက်။ ပဿဒေါ, ပဿဒ္ဓိသာ၊ တရားခင်မင်၊ အပျက်မြင်အောင်, ဆင်ခြင်ပွားများ၍နေသော။ တတိယယောဂိနော၊ တတိယအဆင့် ဉာဏ်ကုန်လွှင့်၍ အသင့်ကြိုးကုတ် အားထုတ်သော ယောဂီပုဂ္ဂိုလ်၏။ ဘင်ဉာဏံ၊ အပြစ်တွေ့ပျောက်, အပျက်လောက်မျှ, မျက်မှောက်မြင်ဟန် ဘင်ဉာဏ်သည်။ ဇာတံ၊ ဒုက္ခခပ်သိမ်း ဝဋ္ဋဇာတ်ငြိမ်းဘို့၊ မယိမ်းမှန်စွာ ဖြစ်ပေါ်၍လာ ပေတော့သတည်း။

၈။ ဘယဉာဏ်

ဘင်ဉာဏ်ဖြင့် ရုပ်နာမ်များ၏ အပျက်တွေ့ကို မြင်နေရသော ယောဂီသည် ဤရုပ်နာမ်တို့သည် ရှေးရှေး ဘဝများ၌လည်းကောင်း၊ ယခုဘဝ ရှေးကာလ၌လည်းကောင်း, ပျက်ခဲ့လှလေပြီ။ ယခု မျက်မြင်မှာလည်း အလွန်ပူပြင်းလှသောမီးကျည်းစုပေါ်၌ တင်ထားသော နှမ်းအိုးခင်း၌ နှမ်းစေ့တွေ တဖျစ်ဖျစ်နေသလို တပျက်တည်း ပျက်လျက်ပင် မြင်နေရပေသည်။ နောက်နောင်၌လည်း (သည်ပုတ်ထဲက သည်ပဲဆိုသလို) အေကန်မုချ ပျက်ဦးမှာဘဲ။ ဤရုပ်နာမ်တွေကား တယ်ကြောက်စရာကောင်းလှပါ တကား" ဟု ထင်မြင်လာသော ဉာဏ်ကား ဘယဉာဏ်မည်ပေသည်။

ဥပမာ-အုသက်ရှည်ကြာ ချမ်းသာကို လိုလား၍ ဘေးကိုမျှားစွာ ကြောက်တတ်သော လူတယောက်သည် ခြင်္သေ့,

သစ်ကျား, သားရဲများသော တောအုပ်ကြီးကို ငံကြောက်စရာ ကောင်းသော အရပ်ဟု ထင်နေဘိသကဲ့သို့တည်း။

ဘယညာဏ်ကြောက်သလား။ ။ ယခု ပြောခဲ့သည့် အတိုင်း ဆိုလျှင် ဘယညာဏ်သည် ကြောက်သလား။ (သို့) ဘယညာဏ် ဖြစ်ပေါ်နေသော ယောဂီသည် ကြောက်ပါသလား'' ဟု မေးဘွယ်ရှိပေသည်။

အဖြေကား-ဘယညာဏ်သည် မကြောက်ပါ။ ယောဂီပုဂ္ဂိုလ် ကလည်း မကြောက်ပါ။ စင်စစ်ကား ကြောက် တတ် သော သဘောမှာ ဒေါသ၏ ပင်ကိုယ်သဘောတည်း။ သို့သော် မဟာ ကုသိုလ်၌ ဖြစ်ပေါ်လာသော ဉာဏ်ကို ''တောဘူမက သခ်ၢရ တရားများကား တယ်ကြောက်ဘွယ်ကောင်းသော တရားတော်ပါ တကား'' ဟု ရှုတတ်သောကြောင့် ဘယညာဏ်-ဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။

ဥပမာ-အရပ်ထဲမှာ ဆိုးပေတေနေသော ခလေးမိုက် တယောက်သည် ခလေးချင်းအပေါ်မှာ အတော် ရက်စက်ကြမ်း ကြုတ်၏။ ထိုလူမိုက်နှင့်အတူ ကစားကြသော ခလေးများမှာ အမြဲ အနှိပ်စက်ခံနေရ၏။ ထိုခလေးမိုက်ကို လူကြီးများက မကြောက်ပါ။ သို့သော်သည်း "ကြောက်စရာ ကောင်ကလေး" ဟုမှတ်နေဘိသကဲ့သို့တည်း။

သာဓကပါဠိ။

နိရုဒ္ဓါတိတာ သခ်ၢရာ၊ ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ။
အနာဂတာ ဘိဇ္ဇိဿန္တိ။ သဗ္ဗေမိ ဘာဝယိတ္ဗ္ဗာ။

(ဝိသုဒ္ဓိမဂ္ဂ၊ ၌၊ ဒု-၂၀၂၊ လာ စုဏ္ဏိယကို ဝိသုဒ္ဓိခွဲ ဆရာတော်ဂါထာစီထားသည်။ ဘေဒနီ။ ဒု၊ ၅၀၀)

အနက်။ ။ ဘာဘန္တေ၊ သံသရာရှည်ပုတ်၊ ဝဲဇလုတ်၌ နစ်မြုပ်မျောပါးအို ယောဂီများတို့။ အတိတ သင်္ခါရာ၊ အတိတ်ဘဝ ရှေးကာလ၌၊ ဖြစ်ကြအများ၊ သင်္ခါရတရားတို့သည်။ နိရုဒ္ဓါ၊ ငါ၏သန္တာန် ကြိမ်ဖန်ဖန်လျင်၊ မှန်မှန်ပျက်ပြုန်း၊ ကုန်ဆုံးခဲ့ကြလေကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ယခုလက်ငင်း၊ ပက်ပင်းတွေ့ကြုံ၊ အဖုံဖုံပွား၊ သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇရေ၊ နှမ်းအိုးခင်းထက်၊ နှမ်းတွေ့ကျက်သို့၊ ရွတ်တရက်အနေ၊ ချုပ်ပျက်ကြလေကုန်၏။

အနာဂတာစ၊ နောက်နောက်ဘဝ နောက်ကာလ၌ ဖြစ်ကြရန်သင့် အဆင့်ဆင့်ပွား သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇီသန္တိ၊ သည်ပုတ်ထဲက သည်ပဲအနေ၊ ကောန်မုချ ချုပ်ပျက်ကြရလေကုန်လတ္တံ့။

သဗ္ဗေပိ၊ ယခုရှေ့နောက်၊ မျက်မှောက်တွင်ရောက်၊ ချုပ်ပျောက်ပျက်ပြုန်း၊ ရုပ်နာမ် အားလုံးတို့သည်ကား၊ ဘာယိတဗ္ဗကာ၊ အဖြစ်ကိုမမြင်။ အပျက်တွင်ရောက် ကြောက်ဘွယ်ခမန်း၊ အော်ဘေးဘေးတို့ချည်းပါတကား။

၉။ အာဒီနဝဉာဏ်

ဘယဉာဏ်ဖြင့် ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ အပျက်ကိုသာ ရှုမြင်နေရသော ယောဂီအား ထိုရုပ်နာမ်ဓမ္မ တောဘူမက သင်္ခါရတို့၌

အားကိုးပုန်းအောင်းရာ ဟူ၍ မထင်မြင်နိုင်ဘဲ အပြစ်ကိုသာလျှင် အဖန်ဖန် ရှုမြင် ပေါ်လာနေပေတော့သည်။ ထိုဥာဏ်ကိုပင် အာဒီနဝဥာဏ် ဟူ၍ ခေါ်ဆိုရလေသည်။

ဥပမာ-ကြောက်တတ်သောလူတယောက်သည် သားရဲ သစ်ကျားတို့ ထူပြောနေသော တောအုပ်ကြီးထဲ သို့မသွားဝန့်သကဲ့သို့ လည်းကောင်း, မိမိ ဦးခေါင်းကို ဖြတ်ရန် သံလျက် မိုးထားသူကို မကြည့်ဝန့်သကဲ့သို့ လည်းကောင်း-ထို့အတူ ရုပ်နာမ် နှစ်ပါး ဘဝဘူမက သင်္ခါရတရားတို့ကို သားယာဘွယ် မမြင်ဝံ့ဘဲ အပြစ်ကိုသာ မြင်၍ နေပေတော့သည်။ (ယထာဟိသောပုရိသော-စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ လာသည်။)

၁။ နိဗ္ဗိဒါဥာဏ်

ထွက်လေ, ဝင်လေကို ရှုမှတ်၍ ကမ္မဋ္ဌာန်းအလုပ်ကို ဆက်လက်အားထုတ်နေစဉ် ဆိုခဲ့သည့်အတိုင်း ရုပ်, နာမ်တို့၌ အပြစ်ကို မြင်သော အာဒီနဝဥာဏ် ဖြစ်ပေါ်လာပြီးနောက် မကြာခင်ပင် ထိုတဘူမက သင်္ခါရ ရုပ် နာမ်တို့၌ လွန်စွာ ငြီးငွေ့သော နိဗ္ဗိဒါဥာဏ် ဖြစ်ပေါ်လာတော့သည်။

ဖြစ်မှုမပေါ်လာ

ငြီးငွေ့ပုံမှာ- ဘယ်ပုံ ဘယ်နည်း ငြီးငွေ့သနည်း ဆိုသော်-ဟာသ်ဘကိုးသောင်းတို့ကို အုပ်ချုပ်၍ ရှင်ဘုရင် ပြုလုပ်နေသော ရှေဟာသ်ဘမင်းသည် စဏ္ဍာလရှာအနီး တစည်းအိုင် ရှုံ့ဇုက်၌ မပျော်မွေ့သကဲ့သို့ လည်းကောင်း, တောသုံးထောင်ကို အစိုးရ

သော ခြေသေ့်မင်းသည် နှောင်အိမ်တွင်း၌ မပျော်မွေ့သကဲ့သို့ လည်းကောင်း, စာကိုယ်လုံး ဖွေးဖွေးဖြူသော ဆဒ္ဒန်ဆင်မင်းသည် မြို့ရွာအတွင်း၌ ကောင်းမွန်စွာ ကျေးမွေးထားသော်လည်း မပျော်မွေ့သကဲ့သို့ လည်းကောင်း - သို့အတူ ရုပ်နာမ်တို့၌ အပြစ်မြင်သော ယောဂီသည် ထိုရုပ်နာမ်တို့၌ ငြီးငွေ့လာတော့သည်။ (ဝေမယုံ ယောဂီဝရဝါ ရဏော-စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ လာရှိသည်။)

၁၁။ မုစ္စိတုကမ္မတာဉာဏ်

ဘယဉာဏ်,အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်များကား သဒ္ဒါအားဖြင့်သာ ထူးသည်၊ သဘောအားဖြင့် တူကြသည်၊ စာပါးဖြစ်လျှင် ကျန်ဉာဏ်များလည်း ဖြစ်ကြသည်။ ဤသို့ နိဗ္ဗိဒါဉာဏ်ဖြစ်ပြီးနောက် မိမိအလုပ်ကို ဆက်လက် အားထုတ်သည်ရှိသော် ထိုတောဘုမက သင်္ခါရတို့မှ လွတ်မြောက်လိုသော ယောဂီအား မကြာခင်ပင် မုစ္စိတုကမ္မတာဉာဏ်သည် ဖြစ်ပေါ်လာပေသည်။

အဘယ်သို့ လွတ်မြောက်လိုသနည်းဆိုသော်-ကြောင်လက်သဲဝယ် ကြွက်သူငယ်, စွန်လက်သဲဝယ် စာသူငယ်ကဲ့သို့ လည်းကောင်း, ပိုက်ကွန်၌ မီသော ငါး, အလမ္ပါယ် လက်၌ မိ၍နေသော မြွေကဲ့သို့လည်းကောင်း- ထို့အတူ ရုပ်နာမ် ဓမ္မသင်္ခါရ တရားဆိုးတို့မှ အမြန်ဆုံး လွတ်လိုသော ဉာဏ်သည် မုစ္စိတုကမ္မတာဉာဏ်မည်၏။ (ဝေ့ံ တဿ ယောဂီနော စိတ္တံ-စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ လာရှိသည်)

၁၂။ ပဋိသန်ဉာဏ်

သံသရာဝဋ်ဒုက္ခ မှ လွတ်လိုသော မုစ္စိတုကမျှတာဉာဏ်ရှင် ယောဂီသူမှန်အား မိမိလွတ်မြောက်ခဲ့သော ရုပ် နာမ်တရားတို့ကို တဖန်ပြန်၍ အား ထုတ် ခြင်း သည် ပဋိသန်ဉာဏ် မည်၏။ ဥပမာ-အစာရှာရမှ ပြန်လာသောဌက် (ဌင်းတ)သည် အသိုက်သို့ ရောက်သောအခါ မိမိလာရာအရပ်ကို တဖန်ပြန်ပြီး ကြည့်သကဲ့သို့ လည်းကောင်း, ငါးအထင်ဖြင့် ဖမ်းမိသော မြွေကြီးကို မိမိမှာ အန္တရာယ်မပြုနိုင်အောင် နှိပ်စက်ညှင်းပန်းပြီးမှ အဝေးသို့ ပစ်လွှတ်လိုက်သော အခါ တဖန်ပြန်၍ ကြည့်သကဲ့သို့ လည်းကောင်း-ရုပ်နာမ်ခမ္မသန်ဓါရတို့ကို တဖန်ပြန်၍ ကြည့်သော ဉာဏ်သည် ပဋိသန်ဉာဏ် မည်၏၊ သာယာလို၍ ကြည့်သည် မဟုတ်-ဟု ဆိုလိုပေသည်။(ဝိသုဒ္ဓိမဂ်)

၁၃။ သန်ဓါရုပေက္ခာဉာဏ်

သန်ဓါရတရားတို့ကို လျစ်လျူရှုသော ဉာဏ်သည် သန်ဓါရုပေက္ခာဉာဏ် မည်၏။မှန်ပေသည်။ထွက်လေ,ဝင်လေကို အစဉ်မပြတ်ရှုမှတ်နေသော ယောဂီအား ယခင် ဘဂ်,ဘယ,အာဒီနဝဉာဏ်များကို အခြေခံ၍ မုစ္စိတုကမျှတာဉာဏ်နှင့် ပဋိသန်ဉာဏ်တို့ဆက်တိုက် ဖြစ်ပေါ်လာပြီးနောက် ဝိပဿနာ ဉာဏ်စဉ်သည် တောက်တောက်ကြီး အသားကျနေပြီ(စ)၍ အထူးအထူးကြောင့်ကျ ဗျာပါရ စိုက်မနေရတော့ဘဲ သာမန်အားထုတ်မှုဖြင့် ဝိပဿနာ ဉာဏ် ဖြစ်ပေါ်နေပေသည်။ ထိုသို့ ကြောင့်ကျ ဗျာပါရ စိုက်မနေရခြင်းကို လျစ်လျူရှုသည်-ဟု ဆိုရလေသည်။

ဤသခ်ၢိရုပေကၠာဥာဏ်နှင့် ယခင် မုစ္စိတုကမျတာဥာဏ်, ပဋိသခ်ၢိဥာဏ်တို့ ၊ား သဒ္ဒါအား:ဖြင့် တူး:သည်။ သဘောအား:ဖြင့် တူကြသည်။ မုစ္စိတုကမျတာဥာဏ် ဖြစ်လျှင် ကျန်နှစ်ပါး:သည်: ဆက်တိုက်ဖြစ်ကြသည်-ဟု မှတ်ပါ။

သာဓကပါဠိ

ယ စ မုစ္စိတုကမျတာ၊ ယာစ ပဋိသခ်ၢိနုပဿနာ၊ ယာစသခ်ၢိရူပေကၠာ၊ ဣမေဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။

(ပဋိသမ္ဘိဒါမဂ် ဆဋ္ဌမ - ၂၂) (အနက်ကား: လွယ်ပါပြီ)

၁၄။ အနုလောမဥာဏ်

ဥဒယဗ္ဗယာစသော အောက်ဖြစ်သော ဝိပဿနာဥာဏ် ၇-ပါး:တို့အား:လည်း:ကောင်:, မဂ်ခေါ်ဆို ဖြစ်လတံ့သော ဗောဓိပက္ခိယတရား:များ:အား:လည်း:ကောင်: လျော်စွာ:ဖြစ်တတ်သော:ကြောင့် အနုလောမဥာဏ်မည်၏။

လျော်ပုံ။ ။ ဤအနုလောမဥာဏ်သည် ရှေ:ဥာဏ်များ:နည်း:တူ

ဆောဘူမက သခ်ၢိရတရား:များ:ကို:ပင် အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုပျက် အာရုံပြု:နေသော:ကြောင့် ရှေ:ဥာဏ်များ:နှင့် မဆန့်ကျင်:ပေ။ မိမိ ရှုခဲ့ရှာ:အာ ထုတ်ခဲ့သော: အထက်ဗောဓိပက္ခိယတရား:များ:နှင့်လည်း: ဆန့်ကျင်မှုမရှိဘဲ လျော်စွာ ဖြစ်လာပေသည်။ ထို့ကြောင့် အနုလောမဥာဏ်ဟု ဆိုရသည်။

လောကူပမာ။ ။ အမတ်ကြီး ၈ ယောက်က ရှေးဆုံးသတိ်ကျမ်းများ နှင့် အညီ ဆုံးဖြတ်ထားသော အမှုကို ရှင်ဘုရင်က မပြုပြင်ရဲဘဲ အဘည်ပြုပေးရသကဲ့သို့တည်း။ ဤ၌ ရှင်ဘုရင်၏ "ဆုံးဖြတ်ချက်အဘိုင်း တည်စေ"ဟု အမိန့်ပေးခြင်းသည် ရှေးရှေးသတ်ကျမ်းများနှင့်လည်းမဆန့်ကျင်, အမတ်ကြီး ရှစ်ယောက်၏ ဆုံးဖြတ်ချက်နှင့်လည်း လျော်ကန်သင့်မြတ်လှပေသည်။

နိဗ္ဗာန်ကို အာရုံမပြုနိုင်

အချုပ်ကား- ဤအနုလောမညာဏ်ဟူသည် မဂ္ဂဝိထိ၌ပါရှိသော ပရိကံ, ဥပစာ, အနုလုံပင် ဖြစ်သောကြောင့် တေဘူမက သင်္ခါရကိုသာ အာရုံပြုနိုင်သေးသည်။ နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးပါ။ ယင်းသို့ နိဗ္ဗာန်ကိုအာရုံမပြုနိုင်သေးသောကြောင့် တေဘူမက သင်္ခါရကို လက်မလွှတ်သေးပါ။

(ဦးဘကျော်)

ထင်ရှားစေအုံ့။ ။ ထွက်လေ, ဝင်လေကိုမှတ်ရင်းပင် ဖြစ်မှု, ပျက်မှုကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု အဖန်ဖန် ရှုလတ်သော် ထိုသင်္ခါရတို့မှ တွန့်ဆုတ်လျှက် နိဗ္ဗာန်ဘက်ကို ညွှတ်ကိုင်းသော စိတ်ရှိသော ယောဂီအား ထိုနိဗ္ဗာန်ကို တိုက်ရိုက်မမြင်ရသေးသောကြောင့် တေဘူမက သင်္ခါရတရားတို့ကိုပင် အာရုံပြုနေရသေးသည်။

ဥပမာ။ ။ ယခုခေတ်လို စက်မှု လက်မှုမထွန်းကားသေးမှီ အခါက ကုန်သည်များသည် ရွက်လှေကြီးများ

ဖြင့် သမုဒ္ဒရာကို ဖြတ်သန်း၍ ကူးသန်းရောင်းဝယ်ရေး လုပ်ကြ ရသည်။ ထိုကုန်သည်များသည် ကျီးငှက်ကို ရှက်လျှင် ယူသွား ကြရသည်။ သောင်ကမ်းကို မမြင်ရသည့်အခါမှာ ထိုကျီးငှက်ကို လွှတ်ကြရကုန်၏။ ကျီးငှက်သည် ကမ်းကို ပျံသန်းရှာဖွေနေစဉ် ကမ်းကို မတွေ့ရသောအခါ ရှက်လျှင်သို့ ပြန်လာ၍ ရှက်တိုင် ထိပ်၌ နားနေရပြန်၏။ နောက်တကြိမ်ကမ်းကိုရှာပြန်ရာ မတွေ့ လျှင် ရှက်တိုင်ထိပ်မှာ နားရပြန်၏။ ကမ်းကို မြင်ရသောအခါ ၌ကား ပြန်မလာတော့ဘဲ တဟုန်တည်း ကမ်းသို့ရောက်အောင် ပျံသန်းလေတော့၏။

ထို့အတူ ယောဂီ၏ စိတ်သည် နိဗ္ဗာန်ကို မမြင်ရသေးသမျှ သင်္ခါရတရားကို အာရုံပြုကာ ပြုကာဖြင့် နိဗ္ဗာန်ကို ရှာဖွေနေ ပေ၏။ နိဗ္ဗာန်ကို မြင်လောက်သည့်အကြိမ်ကား ပရိကံ, ဥပစာ, အနုလောမဉာဏ်များ ပေါ်လာပြီးနောက် ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို လက်တွေ့မြင်ရသောအခါ မဂ်ဖိုလ်သို့ ဆိုက်ရောက် တော့သည်။ (အဋ္ဌသာလိနီ)

ယခုဆိုအပ်သော သမ္မသနဉာဏ်မှ စ၍ အနုလောမဉာဏ် တိုင်အောင်သော ဤဉာဏ်ဆယ်ပါးကား ဝိပဿနာဉာဏ်များ ဖြစ်ကြသည်။ ဤဉာဏ်များအခိုက်၌ နိဗ္ဗာန်ကို အာရုံမပြုနိုင် သေး။ တောဘူမက သင်္ခါရကိုသာ အာရုံပြုနိုင်သေးသည်။

၁၅။ ဂေါတြဘူဉာဏ်

မဂ်စိတ်၏ ရှေ့၌ ကပ်လျက်ဖြစ်သောစိတ်ကို ဂေါတြဘူစိတ် ဟု ခေါ်သည်။ ထိုစိတ်၌ယှဉ်သော ဉာဏ်ကို ဂေါတြဘူဉာဏ်ဟု

ခေါ်သည်။ ထိုစိတ်ကို ထင်ရှားအောင် မဂ္ဂဝိထိစိတ် ဖြစ်ခဲပါ လာပုံကို ပြဦးအုံ့။

ဘဝင်ဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပဇ္ဇေဒ, မနောဒ္ဒါရာဝဇ္ဇန်း စိတ်, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာပတ္တိမဂ်စိတ် တကြိမ်၊ သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်(သို့မဟုတ်)သုံးကြိမ်၊ ထို့နောက် ဘဝင်ဘဝင်-ဟု စိတ်အစဉ် ဖြစ်ပေါ်လာပေသည်။

အဓိပ္ပာယ်ကား။ ။ ဤဝိထိစိတ်ဖြစ်စဉ်၌ ဂေါတြဘူစိတ်ကား ပုထုဇဉ်အနေနှင့် နောက်ဆုံးပိတ် ဖြစ်သော စိတ်ပေတည်း။ ထို့ကြောင့် ပုထုဇဉ်အနှယ်ကို လွှမ်းမိုး၍ ဖြစ်တတ်သောကြောင့် ဂေါတြဘူစိတ်မည်၏-ဟု ဆိုရသည်။

(တနည်း။) အရိယာအနှယ်သို့ ရောက်တတ်သောကြောင့် ဂေါတြဘူစိတ်မည်၏-ဟု ဆိုနိုင်ပြန်သည်။ မှန်၏။ ယင်းဂေါတြဘူစိတ်သည် အရိယာအခိုက်မရောက်သေး သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်ပြီ ဖြစ်သောကြောင့် သမီ ပူပစာအားဖြင့် အရိယာအနှယ်သို့ ရောက်ပြီ-ဟု ဆိုရလေ သည်။

အာဝဇ္ဇန်းနှင့် အာရုံမတူ။ ။ ဤဝိထိတွင် မနောဒ္ဒါရာ ဝဇ္ဇန်းအစ အနုလုံတိုင်အောင် သော စိတ်များကား တေဘူမက သင်္ခါရကို အာရုံပြုကြ၏။ ဂေါတြဘူနှင့် မဂ်စိတ် ဖိုလ်စိတ်တို့ကား နိဗ္ဗာန်ကို အာရုံပြုကြ သည်။ ထို့ကြောင့် တစိတ်ထဲ၌ အာဝဇ္ဇာန်းကင်းလျက် အာရုံ

ယူနိုင်သော စိတ်မျှားကို ဖော်ပြပါဆိုလျှင် ဤဂေါတြဘူစိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့ကိုလည်း ထုတ်ပြနိုင်ပေသည်။

သတ္တိခြင်းမတူ။ ။ပရိကံစသောအနုလေသမဉ္ဇာဏ်သည်မောဟ အမိုက်မှောင်ကိုသာ ပယ်နိုင်၏။ နိဗ္ဗာန်ကို အာရုံမပြုနိုင်။ ဂေါတြဘူဉာဏ်သည်ကား နိဗ္ဗာန်ကိုသာ မြင်နိုင်၏။ မောဟ အမိုက်မှောင် မပယ်နိုင်။ ဤသို့ အနုလုံနှင့် ဂေါတြဘူဉာဏ်တို့သည် သတ္တိအားဖြင့် မတူကြကုန်။

၁၆။ မဂ်ဉာဏ်

ဤဝိထိဝယ် ဂေါတြဘူနောင် ဆက်လျက် ပေါ်လာသော မဂ်စိတ်နှင့် ယှဉ်သော ဉာဏ်သည်ပင် မဂ်ဉာဏ်မည်၏။

မဂ်ကိစ္စ ၄ ချက်

ဤမဂ်ဉာဏ်သည်-၁။ ဒုက္ခသစ္စာကို ပိုင်းခြားရ သိခြင်းဟူသော ပရိညာကိစ္စ။

၂။ သမုဒယသစ္စာတဏှာလောဘကို ပယ်စွန့်ခြင်းဟူသော ပဟာနကိစ္စ။

၃။ နိရောဓသစ္စာ(နိဗ္ဗာန်)ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကိရိယာကိစ္စ။

၄။ မဂ္ဂသစ္စာကို မိမိသန္တာန်မှာ ဖြစ်စေခြင်း ဟူသော ဘာဝနာကိစ္စ။

ဤကိစ္စ ၄ ချက်ကို တပြိုင်နက် ပြီးစေလျက် ပေါ်လာပေသည်။

ဥပမာ—ဆီမီးသည်-

၁။ မီးစာကို မီးလောင်ခြင်း

၂။ အုမိုက်ဇမ္ဗာင်ကို ပယ်ခြင်း

၃။ အလင်းရောင်ကို ဖြစ်စေခြင်း

၄။ ဆီကို ကုန်ခန်းစေခြင်း-ဟူသော လုပ်ငန်းလေးမျိုး ကို တပြိုင်နက် ပြီးစေနိုင်သကဲ့သို့တည်း။

၁၃။ ဖိုလ်ဉာဏ်

မဂ်ဉာဏ်ပေါ်ပြီး နောက်ဆက်လျက် ဖိုလ်ဉာဏ်သည် ပေါ်လာပေသည်။ (ဂီထိကိုပြန်ရှု)

ဤ ဖိုလ် ဉာဏ် သည် ကား မဂ် ဉာဏ် ပယ် သတ် ပြီး သော ကိလေသာများကို နောက်ထပ်ပြီး ပြန်ပေါ်မလာနိုင်အောင် ငြိမ်းစေနိုင်သည်။သီးခြား အကုသိုလ်များကို မပယ်သတ်နိုင်ပါ။

၁၄။ ပစ္စဝေက္ခဏာဉာဏ်

ဆိုခဲ့ပြီး မဂ္ဂဇိုဏ်၌ မဂ်ဉာဏ် နောင်(မဒ္ဒပုဂ္ဂိုလ်ဖြစ်အံ့)ဖိုလ်ဇောများ ၂ ကြိမ်(တိက္ခပုဂ္ဂိုလ်ဖြစ်အံ့) ၃ ကြိမ်ဖြစ်ပြီးနောက် ဘဝင်စိတ်များ ဖြစ်ပေါ်လာရိုး ဖြစ်သည်။ ထိုဘဝင်စိတ်များ ချုပ်ပြီးလျှင် မဂ်ဖိုလ် စသော အာရုံကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝိထိများ ဖြစ်မြဲတည်း။ ထိုဝိထိတို့၌ ပါသော မဟာကုသိုလ်, မဟာကြိယာ ဉာဏ သမ္ပယုတ်ဇောများနှင့် ယှဉ်သော ဉာဏ်ကို "ပစ္စဝေက္ခဏာဉာဏ်"ဟု ခေါ်ရသည်။

ပစ္စေဝေက္ခဏာဝိထိအပြား

ထိုပစ္စေဝေက္ခဏာဝိထိကား(၀၊)ပစ္စေဝေက္ခဏာဥာဏ်ကား

၁။ မဂ်ကို ဆင်ခြင်သော ဝိထိ

၂။ ဖိုလ်ကိုဆင်ခြင်သော ဝိထိ

၃။ နိဗ္ဗာန်ကို ဆင်ခြင်သော ဝိထိ

၄။ ပယ်ပြီးကိလေသာကို ဆင်ခြင်သော ဝိထိ

၅။ မပယ်နိုင်၍ ကျန်နေသော ကိလေသာကို ဆင်ခြင်သော ဝိထိ-

အားဖြင့်	သောတာပတ္တိမဂ်ကို ရပြီးနောက်	၅ ဝိထိ
	သကဒါဂါမိမဂ်ကို ရပြီးနောက်	၅ ဝိထိ
	အနာဂါမိမဂ်ကိုရပြီး နောက်	၅ ဝိထိ
	အရဟတ္တမဂ်ကိုရပြီး နောက်	၄ ထိ

အားဖြင့် ၁၉-ဝိထိ ဖြစ်သည်။

မှတ်ချက်။ ။အရဟတ္တမဂ်ရပြီးနောက် မပယ်နိုင်၍ ကျန်နေသော ကိလေသာ မရှိသောကြောင့် ပစ္စေဝေက္ခဏာဝိထိ ၄ မျိုးသာ ရှိသည်။

ထို့ပြင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်သော ဝိထိမျှားကား အမြဲဖြစ်ကြသည်။ ပယ်ပြီး, ကိလေသာနှင့် မပယ်ရသေးသော ကိလေသာကို ဆင်ခြင်သော ပစ္စေဝေက္ခဏာဝိထိမျှားကား အမြဲမဖြစ်ကြပါ။ အချို့ပုဂ္ဂိုလ်မျှားမှာဖြစ်၍ အချို့ မဖြစ်နိုင်။

မဟာနာမ်မင်းကြီး လျှောက်ထားချက်

မှန်ပေသည်။ ခုနစ်နှစ်အရွယ် ခလေးသူငယ်များပင် မက်, ဖိုလ်တို့ကို ရနိုင်သဖြင့် ထိုခလေးသူငယ်များမှာ "ပယ်ပြီးကိလေသာကား ဘယ်ဟာ၊ မပယ်ရသေးဘဲ ကျန်နေသေးသော ကိလေသာတို့ကား ဤဟာ" စသည်ဖြင့် ခွဲခြားပြီး သိဘို့ရာ မလွယ်ကူပါ။

ဘုရားသခင်၏ နောင်တော်ဖြစ်သော သကဒါဂါမ်တည်ပြီး မဟာနာမ်မင်းကြီးသည်ပင်လျှင် မိမိမှာ ကျန်ကိလေသာများကို မသိသည့်အတွက်-

"တပည့်တော်များ မပယ်ရသေးဘဲ အဘယ်ကိလေသာများ ကျန်ပါသေးသနည်း"ဟု ဘုရားသခင်အား လျှောက်ထားရာဘူးလေ၏။ထို့ကြောင့် ပယ်ပြီး, မပယ်ရသေး ကိလေသာများကို ဆင်ခြင်မှုကား ပုံသေကားကျ တထစ်ကျ မမှတ်သင့်ပေ၊

သာဓက ပါဠိ

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။
(သင်္ဂဟ ဆဋ္ဌမ ၁၆၂)

အနက်။ ။ပဏ္ဍိတော၊ လောကုတ္တရာဏ်ယှဉ် ပညာရှင်သည်၊ မဂ္ဂဉ္စ၊မဂ်ကိုလည်းကောင်း။ ဖလဉ္စ၊ဖိုလ်ကိုလည်းကောင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်လည်းကောင်း။ ပစ္စဝေက္ခတိ၊ စင်စစ်ကောန် အမှန်ဆင်ခြင်၏။

ဟီနေ၊ ပယ်အပ်ပြီးကုန်သော။ ကိုလေသေစ၊ ကိုလေသာတို့ ကိုလည်းကောင်း။ သေသော၊ မပယ်ရသေးဘဲ ကြွင်းကျန်သေး ကုန်သော။ ကိုလေသေစ၊ ကိုလေသာတို့ကိုလည်းကောင်း။ ပစ္စ ဝေဂွတိ၀ါ၊ အချို့သူ ဆင်ခြင်၏။ နဝါ ပစ္စဝေဂွတိ၊ အချို့သူ ကား လုံး၀ မဆင်ခြင်ပေ။

ဥာဏ်(၁၈)ပါး အကျဉ်းအဓိပ္ပါယ် ပြီး၏။

ဝိသုဒ္ဓိ၇-ပါးနှင့် ဝိပဿနာဥာဏ် ၁၀-ပါး ယှဉ်တွဲပုံ။

၁။ သီလ၀ိသုဒ္ဓိ, စိတ္တ၀ိသုဒ္ဓိ, ဒိဋ္ဌိ၀ိသုဒ္ဓိ, ကင်္ခါ ၀ိတရဏ ၀ိသုဒ္ဓိ-စခန်းဌ် နာမ်ရုပ်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု မသုံးသပ်ရသေးသောကြောင့် သမ္မသန ဥာဏ်ပင် မဖြစ်သေးပေ။

(ဆောင်)သီ-စိတ်-ဒိဋ္ဌ-ကင်၊ ဤလေးအင်၊ ဥာဏ်စဉ် မ၀င်ပါ။

၂။ မဂ္ဂါမဂ္ဂ ဥာဏ ဒဿန ၀ိသုဒ္ဓိစခန်းရောက်သော်ကား- သမ္မသနဥာဏ်နှင့် ဥဒယဗ္ဗယဥာဏ် ရှေ့ပိုင်း ဖြစ်ပေါ် လာ၏။

၃။ ပဋိပဒါ ဥာဏ ဒဿန ၀ိသုဒ္ဓိစခန်းဌ်ကား ဥယဗ္ဗယ ဥာဏ်နောက်ပိုင်း ဘင်ဥာဏ်, ဘယဥာဏ်, အာဒီနဝဥာဏ်, နိဗ္ဗိဒါဥာဏ်, မုစ္စိတု ကမ္မတာဥာဏ်, ပဋိသင်္ခါဥာဏ်, သင်္ခါရုပေက္ခာဥာဏ်, အနုလောမဥာဏ် တို့ ဖြစ်ကြကုန်၏။

၄။ ဉာဏ ဒဿန ဝိသုဒ္ဓိ စခန်းသို့ ရောက်ခဲ့သော် နိဗ္ဗာန်ကို အာရုံပြုနိုင်ရကား **သခ္ခါရတရား**တို့ကို အဲနိစ္စ,ဒုက္ခ, အနတ္တ–ဟု ရှုဘွယ်မလိုသောကြောင့် ဝိပဿနာဉာဏ်များ ဖြစ်ဘွယ် မလိုတော့ပြီ။

(တနည်း) ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ် ၁၈-ပါး ယှဉ်ဘွဲ့ပုံ

၁။ သီလဝိသုဒ္ဓိနှင့် ကမ္မသကတာဉာဏ်တတ္တဲ့၊

၂။ စိတ္တဝိသုဒ္ဓိနှင့် သမထဉာဏ်, နာမ ရူပ ပရိစ္ဆေဒ ဉာဏ်တတ္တဲ့၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပစ္စယ ပရိဂ္ဂဟ ဉာဏ်တတ္တဲ့၊

၄။ **ကင်္ခါ** ဝိတရဏ ဝိသုဒ္ဓိနှင့် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်(ရှေ့ပိုင်း)တတ္တဲ့၊

၅။ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိနှင့် ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းမှ(တစိတ်)တတ္တဲ့၊

၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းမှ စ၍ ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမ္မျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ တတ္တဲ့၊

၇။ ဉာဏ ဒဿန ဝိသုဒ္ဓိနှင့် မဂ်ဉာဏ်တတ္တဲ့–ဟု အကျဉ်းအားဖြင့် မှတ်မိအောင် ကြည့်ရှုထားရမည်။

ဤကား ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားသော "ဥာဏ သံဝေဂကျမ်း"မှ ထုတ်နှုတ်ချက်တည်း။

(တနည်း) ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ကို အကျယ်ပြဆိုခြင်း။

၁။ သီလဝိသုဒ္ဓိ

သံသရာမှထွက်မြောက်ရန် အားထုတ်လိုသော ယောဂီသည် ယခင်ဆိုခဲ့သည့်အတိုင်း သီလဝိသုဒ္ဓိမှစ၍ ဉာဏဒဿနဝိသုဒ္ဓိတိုင်အောင် ဝိသုဒ္ဓိ ၇-ပါးကို အစဉ်အတိုင်း မှန်ကန်စွာ ကျင့်ကြံအားထုတ်သည်ရှိသော် ဉာဏ်မျှားသည်လည်း သူ့နေရာသူ အစဉ်အတိုင်း ပေါ်လာပေသည်။ ဤကဲ့သို့ ပေါ်လာအောင် အားထုတ်သော ယောဂီကိုသာလျှင် "သမ္မာ ပဋိပန္နော"ကောင်းစွာကျင့်သောသူ–ဟု ဆိုရသည်။

ထိုတွင် အစဆုံး သီလဝိသုဒ္ဓိကား လွယ်ပါသည်၊ လူမျှားမှာ အောက်ထစ်ဆုံး ငါးပါးသီလ ဆောက်တည်ရမည်၊ ဆောက်တည်ပြီးလျှင် သီလဝိသုဒ္ဓိ ဖြစ်ပါပြီ၊ ရဟန်း သာမဏေမျှားမှာတော့ ဘုရားပညတ်ထားတဲ့ သိက္ခာပုဒ်မျှားကို ဆောက်တည်ရမည်။ အုကယ်၍ ကျိုးပျက်သည်ဟု ထင်ခဲ့သော် အားထုတ်ခါနီးမှာ အပြစ်အားလျော်စွာ ကုစားရမည်။ ဒေသနာ ကြားခြင်း၊ ဝတ် ဆောက်တည်ခြင်း (သာမဏေဖြင့်အံ့) သရဏဂုံကို ထပ်ပြီးပေးရမည်ဟု ဆိုလိုသည်။ ဤသို့ ကုစားမှုမျှားကို ပြုပြီးလျှင်ကား သီလဝိသုဒ္ဓိ ဖြစ်ပြီ–ဟု မှတ်ရမည်။

ဤ၌ မသင့်လျော်တဲ့ ကိုယ်အမှုအရာ, နှုတ်အမှုအရာကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည် သီလ မည်ပါသည်။ ဤကဲ့သို့

စောင့်ရှောက်ထားသဖြင့်(နိဝရဏ)အပြစ်တို့မှ စင်ကြယ်နေခြင်းသည် ဝိသုဒ္ဓိ မည်ပါသည်။ နှစ်ရပ်ပေါင်းလိုက်တော့ သီလဝိသုဒ္ဓိ မည်ပါသည်။ ဤသီလဝိသုဒ္ဓိအခိုက်၌ မည်သည့်ဉာဏ်မျှ မပေါ်သေးပါ။

၂။ စိတ္တဝိသုဒ္ဓိနှင့် နာမ ရူပ ပရိစ္ဆေဒဉာဏ်

သတ္တဝါတို့၏ စိတ်သည် မြင်မှု,ကြားမှု စသော အာရုံအမျိုးမျိုးကို သာယာမက်မောမှု နိဝရဏအပြစ်တို့နှင့် အမြဲရောထွေးနေသောကြောင့် စင်ကြယ်မှု နည်းပါးလှပေသည်။ ထွက်လေ, ဝင်လေကို ပျောက်မသွားအောင် အမြဲမှတ်နေခြင်းအခါ၌ကား မြင်မှု,ကြားမှု စသော ထိုအာရုံများသည် တစတစ ချုပ်လာပြီး သမာဓိမှာလည်း တဖြည်းဖြည်း အားကောင်းလာတော့သည်။ မိနစ်ပေါင်း နာရီပေါင်း များစွာ တည်နိုင်လေလေ(နိဝရဏတို့မှ ကင်းဝေး၍) စိတ်ဟာ စင်ကြယ်လေလေပင် ဖြစ်သည်။

၁၀-မိနစ်ဖြစ်စေ, ၁၅-မိနစ်ဖြစ်စေ, မိနစ် ၂၀ ဖြစ်စေ,နာရီဝက် စသည်ဖြစ်စေ, မိမိစိတ်ကို တပါးအာရုံသို့ လွှတ်ထွက်မသွားစေဘဲ ထွက်လေ, ဝင်လေကိုသာ သတိကပ်ပြီး မှတ်နေခြင်းသည် မှတ်စိတ်ချည်း သက်သက်ဖြစ်သောကြောင့် စိတ်သည် စင်ကြယ်နေပြီဖြစ်၍ စိတ္တဝိသုဒ္ဓိ ဖြစ်ပြီဟု ဆိုရသည်။

(ဆောင်)အာရုံတပါး၊ မလွှင့်သွား၊ မှတ်သား စိတ္တဝိသုဒ္ဓိ။

ရူပ ပရိစ္ဆေဒဉာဏ်

စိတ္တဝိသုဒ္ဓိဖြစ်အောင် အားထုတ်လို့ ထွက်လေ, ဝင်လေ ဟူသော အာရုံမှာ မှတ်စိတ်သည် ကပ်ခနဲ, ကပ်ခနဲ စဲမြဲစွာ တည်

တန့်ပြီး ကြာကြာနေနိုင်ခဲ့သော် အသိဉာဏ်ကလည်း ထိုအာရုံ မျှားကို ထွက်လေ အာရုံ, ဝင်လေ အာရုံဟု ပိုင်းပိုင်း ခြားခြား သိမှတ်နိုင်တော့သည်။

မှန်ပေသည်၊ အားထုတ်ခါစတုန်းက ဆိုယင် ထွက်လေနှင့် ဝင်လေကို တခုချင်း တခုချင်း ပိုင်းပိုင်း ခြားခြား မသိရဘူး၊ ထွက်လေကို မှတ်နေတုန်းမှာ ဝင်လေကိုလည်း သိနေတတ်သည်၊ ဝင်လေကို မှတ်နေတုန်းမှာလည်း ထွက်လေကိုလည်း သိနေတတ်သည်။

အာရုံ တခုစီ တခုစီ ပိုင်းခြား မခွဲနိုင်သ ကဲ့ရှေ့အာရုံနှင့် နောက်အာရုံကိုလည်း ရောထွေးနေတတ်သည်။ ထွက်လေနှင့်ဝင်လေ အာရုံ၏ အတူပင် ဖြစ်ပျက်ဟု ထင်နေတတ်သည်။

အခါနှစ်ခြောက်ကြာ အားထုတ်၍ ဒီလို လို စိတ်အာရုံ တခုတည်းမှာ အားနိုင်သောအခါ၌ကား ယခင် အာရုံမျှားသည် ရောထွေးမှု မရှိကြပေ၊ ထွက်လေ အာရုံကတမျိုး၊ ဝင်လေအာရုံက တမျိုး၊ ထွက်လေအာရုံသည် ဝင်လေအာရုံ မဟုတ်၊ ဝင်လေ အာရုံသည်လည်း ထွက်လေအာရုံ မဟုတ်ပေ။ ဤသို့ ရုပ်တရားကို ပိုင်းပိုင်းခြားခြား သိခြင်းသည် ရူပ ပရိစ္ဆေဒဉာဏ် မည်ပေသည်။

ထွက်လေ, ဝင်လေကို မှတ်နေပါင်း မှတ်နေပါင်းပင် သူ့အလိုလို ကွဲကွဲပြားပြား ခွဲခြားပြီး သိနေခြင်းကိုသာ ရူပ ပရိစ္ဆေဒဉာဏ် ခေါ်ခြင်း ဖြစ်သည်။ တမျိုးတဖုံ ကြံစားပြီး သိတာမျိုးကို ရူပပရိစ္ဆေဒဉာဏ် မဆိုနိုင်ပါ။ ရုပ်တခုနှင့် တခု

ဟာ ဆက်စပ် ရောထွေးမှု မရှိဘဲ တသီးတခြားအနေနဲ့ ဉာဏ်ထဲမှာ ရှင်းလင်းစွာ ထင်မြင်လာတာကို ဆိုလိုသည်။

ထင်ရှားပေါ်လွင် (အလွယ်ကူဆုံး) ဥပမာ ပြရသော်- စာရှုသူ၏လက်ထဲတွင် ရှိနေသော "မင်းပါက်ဖိုလ်ဝင်(ရုပ်ပြ)အာနာပါနာ ကျင့်စဉ်ကျမ်း" ဟူသော ရုပ်တရားသည် သင်၏ လက်နှင့် အနီးကပ်ဆုံး တွေ့ထိနေသော်လည်း ရုပ်ချင်းလဲမတူ တခြားစီလဲ ဖြစ်နေသကဲ့သို့သည်းကောင်း, အုတ်နံရံကို ခဲနှင့်ပေါက်လိုက်ရာ၌ (ရုပ်ချင်း တူသော်လည်း)နံရံကခြား ခဲတခြား တည်နေသကဲ့သို့လည်းကောင်း၊ ရှေ့ရုပ်နှင့်နောက်ရုပ်များ တကွဲတပြားစီ တည်နေပုံကို ဉာဏ်ထဲမှာ ထင်လာမှုသည် ရူပပရိစ္ဆေဒဉာဏ် မည်ပါသည်။

နာမ ပရိစ္ဆေဒဉာဏ်

ထို့ပြင် ထွက်လေရုပ်, ဝင်လေ ရုပ်များသာလျှင် တခြားစီ ထင်နေသည် မဟုတ်ပါ၊ ထွက်လေကို သိသောစိတ်, ဝင်လေကို သိသော စိတ်များသည်လည်း တခြားစီ တကွဲဒီ ဖြစ်တည်နေကြောင်း ပေါ်ပေါ်လွင်လွင် သိသာစွာ ထင်မြင်လာသည်။

မှန်ပေသည်။ ထွက်လေကို သိတာကတစိတ်၊ ဝင်လေကို သိတာက တစိတ်ဖြစ်သည်။ ထွက်လေကိုသိသောစိတ်သည် ဝင်လေအခိုက်၌ မရှိတော့ပေ။ ထို့အတူ ဝင်လေကိုသိသော စိတ်သည်လည်း ထွက်လေအခိုက်၌ မရှိတော့ပေ။ ဤကဲ့သို့ ရှေးနာမ်တရားနှင့် နောက်မှုဖြစ်သော နာမ်တရားတို့ မရောနှောဘဲ

တခြားစိတည်နေကြောင်းကို ပိုင်းခြားရ၍ သိသောဉာဏ်သည် နာမ ပရိစ္ဆေဒဉာဏ်မည်၏။

ဥပမာ- တောင်းတလုံးတွင်ထည့်ထား သော ကျောက်ခဲများကို တလုံးစီ တလုံးစီကောက်ခါ ကောက်ခါ ပစ်ချပြီး ကျောက်ခဲများက တဖန် ပြန်လာသည်မဟုတ်ဘဲ တောင်းအတွင်းမှ အသစ်အသစ် ကျောက်ခဲများကိုသာ နောက်ထပ်၍ ပယူပစ်ရသလို ထွက်လေအာရုံပေါ်သို့ ကျသွားကဲ့စိတ်ကတော့ ပြန်လာသည် မဟုတ်၊ နောက်ထပ် အာရုံတစ်က ဝင်လေအာရုံပေါ်သို့ ကျသွားခြင်းသာလျှင် ဖြစ်ပေသည်။ ဤကဲ့သို့ ရှေ့စိတ်နှင့် နောက်စိတ်ကို ပိုင်းခြားထင်ထင် သိမြင်လာတတ်ပေသည်။ ထိုသို့ ထင်မြင်လာအောင်လည်း အားထုတ်ရမည်။

သမာဓိအားကောင်းမှ ပိုင်းခြားပြီးသိနိုင်

တရားအားလုံးစ အခြိန်ဘုန်းက ထွက်လေ,ဝင်လေဟူသော အာရုံကခုတည်းဌ စိတ်ကရုပ်တည်မှုမရှိဘဲ ပျံ့လွင့်လျှပ်ရှားနေ သောကြောင့် လည်းကောင်း, စိတ်ကလည်း အပြင်အပျက် လျင်မြန်လှသောကြောင့်လည်းကောင်း ရှေးစိတ်နှင့် နောက်စိတ် ကိုပိုင်းခြားပြီးသိတတ်ရန် မလွယ်ကူခေ။ ရက်လများစွာ အချိန် ကြာကြာ အားထုတ်သဖြင့် အာရုံတခုတည်းဌ တည်နေနိုင်ရန် သမာဓိအားကောင်းသော အခါဌကား ပိုင်းခြားပြီး သိသာစွာ ထင်မြင်လာပေသည်။

ဆိုခဲ့သည့်အတိုင်း သမာဓိအားကောင်း၍ စိတ္တဝိသုဒ္ဓိဖြစ်နေ သော အခါဌ ထွက်လေအခိုက်ဌ ထွက်လေဟူသော ရုပ်တရားနှင့်

ထွက်လေဟု မှတ်သိသော နာမ်တရားတို့ ကွဲပြားစွာ သိရှိ ထင်မြင်နေခြင်း, ဝင်လေအခိုက်မှာလည်း 'ဝင်လေ'ဟူသော ရုပ်တရားနှင့် ဝင်လေဟု မှတ်သိသော နာမ်တရားတို့ ကွဲပြားခြားနားစွာ သိရှိ ထင်မြင်နေခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ် မည်ပေသည်။

တရားအားမထုတ်မီအခါက ဖြစ်စေ,တရားထုတ်ခါစတုန်းက ဖြစ်စေ-ထွက်လေ, ဝင်လေကိုပြုလုပ်သူကား ငါပင်တည်းဟု ပြင်းပြင်းထန်ထန် စွဲလန်းခဲ့သည်။ ယခုအချိန်၌ကား ထွက်လေရုပ်နှင့် ထွက်လေဟု မှတ်သိသောစိတ်၊ ဝင်လေရုပ်နှင့် ဝင်လေဟု မှတ်သိသောစိတ်မှတပါး အခြာ မရှိ၊ ဤကဲ့သို့ ရုပ်,နာမ်တရားတို့ကို အဟုတ်အမှန် ပိုင်းခြားရှု သိနေခြင်းကြောင့် 'ငါ' ဟူသော စွဲလန်းမှုသည်လည်း သိသိသာသာ လျော့နဲသွားပေတော့သည်။

ဤကား စိတ္တ ဝိသုဒ္ဓိနှင့် နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ရာ၌ "ယထာ ယထာ ဟိသ ရူပံ" စသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စကားကို အကျယ်ချဲ့ပြီး ရှင်းလင်းတင်ပြခဲ့ကြတည်း။

သာဓကပါဠိ

ယထာ ယထာဟိသ ,ရူပံ သုဝိကွာလိတံ ဟောတိ နိဗ္ဗဒ္ဓ သုပရိသုဒ္ဓံ၊ တဿ သုပရိသုဒ္ဓံ (ကျန်ပါဠိမှာ-တထာ တထာ စပ္ပစ္စနိက ကိလေသာ သန္ဓိသိဒ္ဓိ-ကဒ္ဒမုပရိ ဥဒကံဝိယ စိတ္တံ ပသန္နံ ဟောတိ) တဒါ

ရမ္မဏာ အရူပမ္မာ ဘဝေ ပါကဋာဟောန္တိ။
(ဝိသုဒ္ဓိမဂ်၊ ၃-၂၂၆)

(ကြားပါဦးမျှား ချန်ထားခဲ့၏။)

အနက်။ ၊ ယထာ ယထာ ယေနယေန အာကာရေန၊ အကြင် အကြင် သို့သောထုတ်လေ, ဝင်လေဟူ၍ ရှုမှတ်သော အချင်းအရာအား ဖြင့်။ ဟောခဲ့ကုန်သည်ရှိသော်။ အသ ယောဂိနော၊ ဘာဝနာပါန ကမ္မဋ္ဌာန်းကို စီးပြန်းကြိုးကုတ် အားသုတ်သော ထိုယောဂီသူမြတ်၏။ ရူပုံ၊ ထုတ်လေ ဝင်လေ ဟူသော ရူပ်ကိုရှုးသည်။ ဝါ၊ ထုတ်လေ, ဝင်လေဟူသော ရုပ်တရားကို။ သုဝိဂ္ဂါလိတံ၊ စင်ကြယ်အောင် ကောင်းမွန်စွာ ဆေးကြောသုတ်သင်အပ်သည်။ နိဗ္ဗဒ္ဓ ၊ ကိလေသာအရူပ်အထွေး မရှိသည်။ သုပရိသုဒ္ဓံ၊ ကိလေသာအညစ်အကြေးတို့မှ ကောင်းစွာ စင်ကြယ်သည်။ ဟောကိ၊ ဧကန်စင်စစ် အမှန်ဖြစ်ပေသည်။ တသာ တထာ၊ တေန တေန အာကာရေန ထိုသို့ ထုတ်လေ ဝင်လေ ရုပ်တရားတို့၏ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်အောင် ဖြစ်နိုင်လောက်အောင်သော အချင်းအရာ အားဖြင့်။ တဒါ ရမ္မဏာ၊ ထိုထုတ်လေ, ဝင်လေဟူသော အာရုံ ရုပ်တရား ဖြစ်သည်လည်းကောင်း။ အရူပမ္မာ၊ ထိုထုတ်လေ ဝင်လေ ရုပ်သိတတ်ကုန်သော ကာမကုသိုလ်စိတ္တုပ္ပါဒ် နာမ်တရားတို့သည်လည်းကောင်း။ သယမေဝ၊ သူ့အလိုလိုသာလျှင်။ ပါကဋာ၊ ထင်ရှားဖြစ်ပေါ်လာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၃။ ဒိဋ္ဌိဝိသုद္ဓိနှင့် ပစ္စယပရိဂ္ဂဟဉာဏ်

နာမ်ဘုး ရုပ်တရားတို့၌ သာယာမက်မောစွဲလန်းမှု အတွေ့မှ ကင်းစင်နေခြင်းသည် ဒိဋ္ဌိ ဝိသုဒ္ဓိမည်၏။

ခဲ့ညီးအုံ။ ။ ဝင်လေ,ထွက်လေကို မှတ်သိနေသော ယောဂီမှာ အားထုတ်မှုကြာလတ်သော် မှတ်တိုင်းမှတ်တိုင်းပင် ရုပ်နာမ်တရားတို့ကို တခြားစီ ကွဲကွဲပြားပြား အတွဲလိုက်အတွဲလိုက် နှစ်မျိုးထင်နေရုံမက ယင်း ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာသော အခြေခံအကြောင်းရင်းပါ ထင်မြင်လာတော့သည်။

ထွက်လေ, ဝင်လေကြောင့် မှတ်သိစိတ် ပေါ်လာသည်။ ထိုထွက်လေ, ဝင်လေနှင့် မှတ်သိစိတ်များသည် အမြဲတည်ရှိနေကြသည်မဟုတ်။ တဖြုတ်ဖြုတ်ဖြစ်၍ တပျက်ထပျက်နေကြသည်။ ထွက်လေ, ဝင်လေ ရုပ်နှင့် မှတ်သိစိတ်မှတပါး အခြားသော ငါ,သူတပါးယောကျ်ား,မိန်းမ မရှိဟု ရှင်းရှင်းလင်းလင်း သိမြင်နေခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ (အယူ၏ စင်ကြယ်ခြင်း) မည်၏။

ပစ္စယပရိဂ္ဂဟဉာဏ်

ဒိဋ္ဌိဝိသုဒ္ဓိနှင့် ပြည့်စုံသော ယောဂီမှာ မိမိလုပ်နေကြ (မှတ်စဉ်က) ဖြစ်သော ထွက်လေ,ဝင်လေကို မှတ်သိစိတ်ဖြင့် ဆက်လက်ပြီး အားထုတ်ပြန်သော် ထွက်လေ,ဝင်လေအာရုံအကြောင်းလေးများရှိမှ မှတ်သိစိတ် ဟူသော အကျိုးတရားများ ဖြစ်ပေါ်နေသည်ကို သေချာစွာ ထင်မြင်လာပေသည်။ ထိုအကြောင်းနှင့်

အကျိုးကို ပိုင်းခြားပြီး သိနေသော ဉာဏ်သည်ပင် ပစ္စယပရိဂ္ဂဟ ဉာဏ်မည်ပေသည်။

မှန်ပေသည်။ မူလကတော့ ထွက်လေ, ဝင်လေ ဟူသော ရုပ်တရားကိုလည်း သိသည်။ ထွက်လေ ဝင်လေကို မှတ်သိသော စိတ်ကိုလဲ သိသည်။ ထိုမှတ်သိစိတ်ကလေးသည် ထွက်လေ, ဝင်လေ ဟူသော ရုပ်အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတာ ဘဲ–ဟု မသိသေးချေ။ တခါတရံမှာ ထွက်လေ, ဝင်လေ ဟူသော မှတ်သိစရာ အာရုံမရှိယင် မှတ်သိစိတ်များလဲ မဖြစ်နိုင်ကြောင်း မှာ ထင်ရှားလှပေသည်။ (လက်တွေ့ အားထုတ်ကြည့်ကြစမ်းပါ)

အာရုံအမျိုးမျိုးပေါ်လာတတ်သည်

ထို့ပြင် ဒိဋ္ဌိဝိသုဒ္ဓိ စခန်းရောက်ပြီး ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်လာသောအခ ဥဒ္ဓကား အာရုံနိမိတ် အမျိုးမျိုးတွေ ထင်လာတတ်သည်။ လူကိုမြင်လာတတ်သည်။ ရဟန်း သာမဏေးတွေ, ဘုရားဆင်းတုတော်တွေ, သစ်ပင်, တောင်, တောင်, ဥယျာဉ်ဗိမာန်တွေ, အသုဘကောင်ကြီးတွေ တမျိုးပြီး တမျိုး မြင်လာတတ်သည်။ ထိုပေါ်လာသော အာရုံအမျိုးမျိုးကို ထွက်လေ, ဝင်လေကို ပြန်ပြီး မှတ်ခြင်းဖြင့် ပျောက်ကွယ်သွားစေရမည်။

ရုပ်ဆင်းသဏ္ဌာန်များသာမက အသံအမျိုးမျိုး, အနံ့အမျိုးမျိုးလည်း ကြားလာ, နံလာတတ်သည်၊ ထိုအသံအမျိုးမျိုး, အနံ့အမျိုးမျိုးကိုလည်း ထွက်လေ ဝင်လေကို ပြန်ပြီး မှတ်ခြင်းဖြင့်ပင် ပျောက်ကွယ်သွားစေရမည်။

တခါတရံလဲ ကိုယ်ထဲမှ မခံသာအောင် ဝေဒနာ ခံစားမှုတွေ ပေါ်လာသည်။ နာကျင်ကိုက်ခဲ ညောင်းညာမှုတွေ ယားမှုအောင့်မှု လေထိုးတက်မှုတွေ, အေးမှု ပူမှုများလဲ မကြာမကြာ တမျိုးပြီးတမျိုး ဖြစ်ပေါ်လာသည်။ ပေါ်လာသမျှသော အာရုံဟူသမျှကို ထုတ်လေ ဝင်လေ အာရုံကို မှတ်သိစိတ်ဖြင့် ပယ်ဖျောက်ပစ်ရမည်။

ဤအဆင့်၌ မှတ်သိစိတ်ပေါ်တိုင်းလည်း "ထုတ်လေ ဝင်လေ အာရုံရုပ် အကြောင်းတရားကြောင့် မှတ်သိစိတ် အကျိုးတရားသည်လည်း ဖြစ်ပေါ်လာသည်" ဟု အသိဉာဏ်ကပ်လျက် ပါလာပေသည်။ ထိုဉာဏ်ကိုပင် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်သည်။

၄။ ကခ်ါဝိတရဏဝိသုဒ္ဓိနှင့် သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် (ရှေ့ပိုင်း)

ဘယ်မှာလဲ ငါကောင်

ဒိဋ္ဌိဝိသုဒ္ဓိ စခန်းအောင်မြင်၍ ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်နေပြီဖြစ်သော ယောဂီမှာ ထုတ်လေ, ဝင်လေကို မှတ်သိတိုင်း မှတ်သိတိုင်း အကြောင်းအကျိုး ဆက်သွယ်နေရုံမျှမက် အသိဉာဏ်ဘမျိုး ပေါ်ပေါက်လာပြန်သည်။ ထုတ်လေ, ဝင်လေများကို မှတ်သိတိုင်းပင် အကြောင်းအကျိုးအနေနဲ့ ဆက်သွယ်နေသည်ကိုသာ တွေ့တွေ့နေရသော ကြောင့် ရှေးကလဲ ဒီလို အကြောင်းနှင့်အကျိုး ဆက်သွယ်ပြီး ဖြစ်နေတာဘဲ၊ နောင်လဲဘဲ ဒီပုံအကြောင်းနှင့်အကျိုး ဆက်သွယ်ပြီး ဖြစ်နေအုံးမှာဘဲ (ဘယ်မှာလဲ ငါကောင်) ငါကောင်ရယ်လို့ မရှိနိုင်ပါဘူး-ဟု

အသိဉာဏ်ဝင်၍ ယုံမှားသံသယပျောက်ပြီး အသိဉာဏ်ရှင်းသွားပေသည်။ ထိုသို့ သံသယကင်းပျောက် အသိဉာဏ် အလင်းရောက်လာသည်ကိုပင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ခေါ်သည်။

ထို့ပြင် အတ္တနှင့်ပတ်သက်၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်သုံးဌာနလုံး၌ ယုံမှား ၁၆ ပါးနှင့် သဗ္ဗညုတညာဏ်ရှင် ဘုရားသခင်အပေါ်၌ ယုံမှားခြင်းမျိုးကိုလည်း ပယ်ဖျောက်နိုင်လေပြီဖြစ်သောကြောင့် စူဠသောတာပန် ဟူ၍ပင် ခေါ်ဆိုထိုက်ပေတော့သည်။

သမ္မသန ဉာဏ်

ဤသမ္မသနဉာဏ်နှင့် ပတ်သက်၍လည်း အနုပဿနာဉာဏ်သုံးမျိုးကို ကဲ့ပြားအောင် သိထားရန် လိုအပ်ပေသည်။

(၁) အနိစ္စာနုပဿနာ

ပါဠိတော်မှာ "အနိစ္စံ ခယဋ္ဌေန - ကုန်ဆုံး ကုန်ဆုံးသွားလို့ မမြဲဘူး" ဆိုတဲ့ သဘောကို သိရမည်-ဟု ဟောထားပါသည်။

အဋ္ဌကထာ ဆရာများကလည်း "ဟုတ္တွာ အဘာဝတောအနိစ္စာ-ဖြစ်ပေါ်လာပြီးနောက် ပျောက် ပျောက်သွားလို့ မမြဲဘူး—ဟု ဖွင့်ဆိုကြပြန်သည်။ ဒီလို "မမြဲ" ဟု သိသွားသောဉာဏ်ကို အနိစ္စာ နုပဿနာဉာဏ်ဟု ဆိုရသည်။

'မမြဲဘူး'-ဟူသော အသိဉာဏ်ကိုလည်း အလွတ်စဉ်းစားလို့ ပေါ်လာတဲ့ အသိဉာဏ်မျိုးကို မဆိုလို၊ ထွက်လေ, ဝင်လေ အာရုံကို မှတ်သိစိတ် ဖြစ်ပေါ်ဆဲခဏ၌ 'မမြဲဘူး'ဟု ပေါ်လာသော ဉာဏ်ကိုသာ အနိစ္စာနုပဿနာဉာဏ်ဟု ဆိုရသည်။

(၂)ဒုက္ခနုပဿနာ

ထွက်လေ ရုပ်တရားနှင့် မှတ်သိစိတ်တရား၊ ဝင်လေရုပ်တရားနှင့် မှတ်သိစိတ် နာမ်တရားသည် ပေါ်လိုက် ပျောက်လိုက်နဲ့ ဆင်းရဲလှုပါတကား၊ နှစ်သက်သာယာဘွယ်ဟူ၍ ဘာမှ မရှိပါတကား၊ ကြောက်စရာကြီးပါတကား၊ အ ရင်ဝ တုန်းက ဘော့အင်မတိ အင်မတန် နေထိုင်မကောင်းမှု ဆင်းရဲတယ်လို့ ထင်ခဲ့တယ်၊ ခုတော့ ဒီလို မဟုတ်ပါတကား၊ 'အင်း ဖြစ်ပြီးရင်း ပျက်ရင်း၊ ဖြစ်ပြီးရင်း ပျက်ရင်းနဲ့ချည်းဘဲ - သာယာနှစ်သက်ဘွယ်ဟူ၍ ဘာတခုမျှ မရှိပါဘကား-'ဟု ရှုပွားနေခြင်းသည် ဒုက္ခာနုပဿနာ မည်၏။

ထို့ပြင် ရှေးတုန်းက ဒီလိုမရှုမိလို့ မသိတာဘဲ၊ အခုရှုလိုက်တော့ 'အင်း ခန္ဓာကိုယ်ထဲမှာ ဘာမှ အားကိုးစရာ မရှိဘူး၊ တကယ်ကြောက်စရာ ဆင်းရဲတွေချည်း စုဝေးနေတာဘဲ' ဟု ဆင်ခြင်လိုက်ရင်လဲ ဒုက္ခသမ္မသနညာဏ်ခေါ်တဲ့ ဒုက္ခာနုပဿနာပင် ဖြစ်သည်။

သာဓကပါဠိ

> သဗ္ဗမေဝ စ တံဒုက္ခံ ဘယဋ္ဌေန၊ ဘယဋ္ဌေနာတိ သမ္ဘဋ္ဌိ ဘယတာယ၊ ယဋ္ဌိ အနိစ္စံ၊ တံဘယာဝဟံ ဟောတိ။
> (ဝိသုဒ္ဓိမဂ်၊ ဒု—၂၄၅)။

အနက်။ ။စ။ အဘိုဝေါပါး ဆိုဦးအုံ့။ သဗ္ဗမေဝ၊ အလုံးစုံ သားလျင်ဖြင့်သော။ စံရှုပ်၊ ထွက်လေ ဝင်လေ ဟူသော ထိုရုပ်စာရားသည်။ (တနည်း) တံနာမ်၊ ထိုထွက်လေ

ဝင်လေဟု မှတ်သိ၊သော ထိုနာမ်တရား၊သည်။(တနည်း)တံ နာမ ရှုပံ၊ ဒုတိယ ထွက်လေ ဝင်လေ ဟူသော ရုပ်တရား၊ ထွက်လေဝင်လေ ဟု မှတ်သိသော နာမ်တရား၊သည်။ ဘယဋ္ဌေန၊ ကြောက်ဘွယ် တုန်အား ဘေး ဟူ၊ သော အနက်သဘော သတ္တိကြောင့်။ ဒုက္ခံ၊ ဆင်း၊ရဲလှုပ်ခြင်း။ (ဣတိ၊ ဤသို့။ သမ္မသတိ၊ ဆင်ခြင် သုံး သပ်၏။)

ဘယဋ္ဌေနာတ်၊ ဘယဋ္ဌေန ဟူဘည်ကား၊ (နာမရှုပသ၊ ထွက်လေ ဝင်လေ ဟူသော ရုပ်တရား၊ ထွက်လေ, ဝင်လေ-ဟု သိတတ်သည့် နာမ်တရား၊၏။)သပ္ပဋိဘယတာယ၊ ကြောက်ဘွယ် တုန်အား ဘေး၊နှင့်တကွ ဖြစ်သောကြောင့်။ ဒုက္ခံ၊ ဒုက္ခ၊သည်။

ဟိသစ္ခံ၊ မှန်၏။ ယံရှုပံ၊ ထွက်၊လေ ဝင်၊လေ ဟူ၊သော အကြင် ရုပ်သည်။ (တနည်း) ယံနာမံ၊ အကြင် ထွက်လေ, ဝင်လေဟု သိတတ်သော ဉာဏ်သည်။ အနိစ္စံ၊ ပျက်စီး၊ဘတ်သော၊သဘော ကြောင့် အမြဲမရှိ။ တံရှုပံ၊ ထွက်လေ, ဝင်လေဟူသော ထိုရုပ် သည်။ (တနည်း) တံနာမံ၊ ထိုထွက်လေ, ဝင်လေဟု သိတတ် သော မှတ်သိစိတ်သည်။ ဘယာ၊ဝဟံ၊ ဘေးကို ဆောင်တတ် သည်။ ဟောတိ၊ ဖြစ်၏။ (ဤကား ဆိုင်ရာ အ ၊လျော်စွာပေး ထား၊သော ကျေးဇူး၊ရှင် ဆရာတော်ဘုရား၊ကြီး၏ အနက်ဘည်း။ ဉာဏ်ကြီး၊တော်မူ၊ပေစွ။)

(၃) အနတ္တာနုပဿနာ

ထွက်လေ, ဝင်လေကို ရှုမှတ်၊နေစဉ် တဖြုတ်ဖြုတ်နဲ့ တခုပြီး တခု ဖြစ်ပျက်, ဖြစ်ပျက်နဲ့ မြင်ရတော့ သူ့အကြောင်း၊ရှိလျှင်

သူ၏ အာကျိုးများလဲ ဖြစ်နေတာဘဲ။ မဖြစ်ပါစေနဲ့လို့လဲ မရဘူး။ အမြဲတည်နေပါစေ-ဟု တောင့်တလို့လဲ မရဘူး။ သူ့သဘောကိုသူ ဆောင်နေတာဘဲ။ အစိုးမရတဲ့ အနတ္တသဘောဘဲ။ ငါကောင်. သတ္တဝါကောင် မဟုတ်ဘူး- စသည်ဖြင့် လက်တွေ့ကျင့်စဉ်အပေါ်မှာ အမြင်ရှင်းရှင်းနဲ့ ဆင်ခြင်ပွားများနေခြင်းသည် အနတ္တာနုပဿနာ မည်၏။

ဤအဆင့်မှာလည်း အာရုံအမျိုးမျိုး ပေါ်လာမှုကြောင့် လုပ်ငန်းကြန့်ကြာစာတ်သည်။ (သတိဖြင့် ပွားများကြည့်ပါ။)

သာဓကပါဠိ။

ယထာ စ ဒုက္ခံ၊ ဧवံသဗ္ဗမိ တံ အနတ္တာ အသာရကဋ္ဌေန။ အသာရကဋ္ဌေနာ တိ(လ)ပရိကပ္ပိတသာ အတ္တသာရသာ အဘာဝေန။ (ဝိသုဒ္ဓိမဂ်၊ ဒု-၂၄၅)

အနက်။ ။ သဗ္ဗံ ရူပံ၊ ရူပ်အကုန်လုံးသည်။ ဒုက္ခံစ၊ ဒုက္ခချည်း သာလျှင်၊ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ၊ သဗ္ဗမိ၊ အလုံးစုံလည်းဖြစ်သော၊ တံရူပံ၊ ထိုရူပ်သည်။ (ဝါ) ထွက်လေ ဝင်လေဟူသောရူပ်သည်။ **အသာ**ရကဋ္ဌေန၊ အမာခံအထည်ကိုယ်ခြေထင်ရှား မရှိသော **အနက်**ကြောင့်။ **အနတ္တာ**၊ **အနတ္တ**မည်၏။ (ဝါ) ပြောပြလောက်အောင် ဘာတခုမျှမရှိ။ (ဣတိ၊ ဤသို့။ သမ္မသတိ၊ ဆင်ခြင် သုံးသပ်၏။) **အသာ**ရကဋ္ဌေနာတိ၊ **အ**သာရကဋ္ဌေန ဟူသည်ကား။ (လ) ပရိကပ္ပိတသာ၊ **သ**ာသနာပ ဗာဟိရ တိတ္ထိတို့သည် ကြံဆအပ်သော။ **အ**တ္တသာရသာ။ **အ**ာမခံ **အ**နှစ်သာရခြင်း၏။ **အ**ဘာ

ဝေနာ၊ လုံးလုံးမရှိခြင်းကြောင့်။ အနတ္တာ၊ အနတ္တမည်၏။ (၀၊)။ ငါမပိုင်၊ အစိုးမရ၊ စီမံခန့်ခွဲလို့ မဖြစ်နိုင်။

မှတ်ချက်။ ။ ထွက်လေ, ဝင်လေကို ပျောက်မသွားအောင် အားထုတ်ကြည့်ပါ။ ဘာမှ ပြုပြင်လို့မရ၊ သူ့အလိုလို ဖြစ်ပျက်နေသော ရုပ်နာမ်တို့၏ အနတ္တသဘောကို ထင်ရှားစွာ တွေ့မြင်ပ လိမ့်မည်။ လက်တွေ့ အားထုတ်ကြည့်စမ်းပါ။

ဉာဏ်ချင်း အနုအရင့်ကွာခြားပုံ

ထွက်လေ, ဝင်လေကို မှတ်သိစိတ်ဖြင့် အားထုတ်နေစဉ် သမာဓိ အဆင့်အတန်း အားလျော်စွာ ဉာဏ်များသည်လည်း သူ့အဆင့်အတန်းနဲ့သူ အစဉ်အတိုင်း ဖြစ်ပေါ်လာပုံကို ပြဆိုခဲ့ပြီးလေပြီ။ သို့ရာတွင် ပေါ်လာပုံ အချင်းအရာခြင်း ကွာခြားသလောက် သတ္တိခြင်းလည်း မတူကြပေ။

မှန်ပေသည်။ အသက်ရှူမှု ပုတ်ထုတ်မှုကို ပြုလုပ်ရာ၌ ထွက်လေ၏အစ, ထွက်လေ၏ အလယ်, ထွက်လေ၏ အဆုံး-ဟု သုံးဌာနရှိသလို ဝင်လေ၏ အစ, ဝင်လေ၏ အလယ်, ဝင်လေ၏ အဆုံးဟု သုံးဌာနပင် ရှိပေသည်။ ထိုတွင်-

၁။ နာမ ရူပ ပရိစ္ဆေဒဉာဏ်ပိုင်းတုန်းကဆိုယင် ထွက်လေ ဝင်လေတို့၏ အလယ်ကိုသာ သိနိုင်သည်။ အစနှင့် အဆုံးကို မသိလိုက်ပေ။ သေသေချာချာ ဂရုစိုက်ပြီး ကြည့်ရှုအားထုတ်နေသော်လည်း ဘယ်လို စပြစ်၍ ဘယ်

ပုံချုပ်သွားမှန်းကို မသိလိုက်ရဘူး။ (လက်တွေ့ အားထုတ်ကြည့်ပါ။)

၂။ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းကျပြန်တော့လဲ ထွက်လေဝင်လေတို့၏ အစပိုး နှင့် အလယ်ပိုင်းလောက်သာသိနိုင်သည်။ အဆုံးပိုင်းကိုတော့ မသိလိုက်တာကများသည်။ ဤဉာဏ်အခိုက်အတန့်၌ ကုန်ဆုံး ပျက်စီးသွားတာကို လက်တွေ့မမြင်ရသဖြင့် မမြဲဘူး-ဟု သိထားသော်လည်း ကိုယ်ပိုင်ဉာဏ်ဖြင့် မမြင်ရသေးသောကြောင့် အနိစ္စာနုပဿနာဉာဏ် အစစ်ဖြစ်ပြီ-ဟု မဆိုနိုင်သေးပါ။ ထွက်လေ, ဝင်လေအာရုံများပေါ်လာရာ၌လည်း ထို့အတူ ကုန်ဆုံးပျက်စီးသွားတာကို မသိနိုင်ပါ။

၃။ ဤသမ္မသနဉာဏ်ပိုင်း ရောက်သောအခါ၌ကား ထွက်လေ, ဝင်လေတို့၏ အစ, အလယ်, အဆုံး, သုံးပါးလုံးကိုပင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။

(က) ထွက်လေ၏ အစဖြစ်ရာ ချက်မှစ၍ ဖြစ်လာတာကို ထင်မြင်နိုင်သည်။

(ခ) ထို့အတူ ရင်ခေါင်းအဘွင်းမှ တလိမ့်လိမ့် တက်လာတာကို သေချာစွာ မြင်ရသည်။

(ဂ) ထို့အတူ နှာသီးဝမှာ ကုန်ဆုံးပျက်စီး ချုပ်ငြိမ်းသွားတာကို မြင်လိုက်ရသည်။

(ဃ) နှာသီးဝမှစ၍ ဝင်သွားသော ဝင်လေအစကိုလည်း သိလိုက်ရသည်။

(c) ထို့အတူ လည်ချောင်းမှတဆင့် ရင်ခေါင်းအတိုင်း တလိမ့်လိမ့် ဝင်သွားသော ဝင်လေ၏ အလယ်ကိုလည်း သိနိုင်သည်။

(စ) ထို့အတူ ချက်တိုင်ရောက်သောအခါ ကုန်ဆုံးမျက်စိ သွားသော ဝင်လေ၏ အဆုံးကိုလည်း သိလိုက်ရသည်။

ဝိပဿနာဉာဏ်အစ သမ္မသနဉာဏ်မှ

ဆိုခဲ့သည့်အတိုင်း ထွက်လေ, ဝင်လေတို့၏ဖြစ်စ, ဖြစ်လယ် ဖြစ်ဆုံးသုံးပါးလုံးကိုတွေ့မြင်ရသောကြောင့် ဘုရားဟောသည် မမြဲဘူး- (အနိစ္စ)၊ ဆင်းရဲခြင်း- (ဒုက္ခ)၊ ငါ မပိုင်ဘူး- (အနတ္တ)-ဟု အသိဉာဏ်များ ဖြစ်ပေါ်လာသဖြင့် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ,အနတ္တာနုပဿနာတရားအစစ ဖြစ်ပေါ်လေတော့သည်။ ထို့ကြောင့် သမ္မသနဉာဏ် စ၍ ဝိပဿနာဉာဏ်များ ဖြစ်ပေါ်ပြီ-ဟု မှတ်ကြပါလေ။

ဥဒယဗ္ဗယဉာဏ်

ထွက်လေ, ဝင်လေ ရုပ်နှင့် မှတ်သိစိတ်နာမ်တရားတို့၏ ဖြစ်, တည်, ပျက်ကို ရှုမှတ်နေသော သမ္မသနဉာဏ် ပိုင်ပြီးသော ယောဂီသည် သမ္မသနဉာဏ် အလွန် အားကောင်းလက်သော် ရုပ်, နာမ်တို့၏ တည်နေမှုကို မမြင်တော့ဘဲ ဖြစ်မှု ပျက်မှု ဤနှစ်ခုကိုသာ မြင်လာတတ်ပေသည်။

ဤ ဥဒယဗ္ဗယဉာဏ် ရရှိထားသော ယောဂီသန္တာန်မှာ ယခင် ဝိသုဒ္ဓိအခန်း တုန်းက ပြခဲ့သော ကြောက်ဘွယ်ကောင်းသော

သြဘာသ(ကိုယ်ရောင်ကိုယ်ဝါ)စသော ဝိပဿနာ၏ ရန်သူများသည် ထင်ရှားစွာ ပေါ်လာကတ် ပေသည်။ (ဝိသုဒ္ဓိ အခန်းကို ပြန်ရှုပါ။)

အောက်ဥာဏ်များ ပေါ်စဉ်ကလည်း သြဘာသ(ကိုယ်ရောင်ကိုယ်ဝါ)များ ပေါ်လာတတ်ပါသည်။ သို့သော်လည်း ကြာကြာတည်တန့်မှု မရှိသဖြင့် ယောဂီက ဝိပဿနာ၏ အန္တရာယ် ဖြစ်လောက်အောင် စွဲလန်းမှု မရှိသော ကြောင့် ဥပက္ကိလေ သ (ဝိပဿနာ၏ အညစ်အကြေး၊ ဝိပဿနာလုပ်ငန်း တိုးတက်မှု မရှိအောင် နှောက်ယှက်တတ်တဲ့ အန္တရာယ်) ဟု မဆိုနိုင်ပါ။

ဤဥဒယဗ္ဗယဥာဏ် ရောက်သော ခါဠိကား အလင်းရောင်များသည် ခေတ်မီးရောင်များလို ကြည်လင်ပြတ်သားစွာ ထင်းထင်းကြီး ပေါ်လာတတ်ပါသည်။ယောဂီ၏သမာဓိအား အစွမ်းအလျောက် အနည်းအများ ပေါ်လာတတ်သည်။ တချို့မှာ မျက်နှာနှင့် ခေါင်း ပတ်ဝန်းကျင်လောက်သာ ပေါ်လာတတ်သည်။ တချို့ မိမိနေတဲ့ တခန်းလုံး, တချို့လဲ အမိုးအကာတွေ မရှိဘဲ ဟာလာဟင် လင်းကြီး ဖြစ်ပြီး မိုးပေါ်က ကြယ်တွေ, လတွေကိုပင် မြင်နေရတတ်သည်။ တချို့မှာလည်း မီးဆလိုက်များ ထိုးထားသလို အလင်းရောင်အတန်းကြီး တွေ့မြင်နေရတတ်ပါသည်။

ဥပက္ကိလေသ။ ။ဤကဲ့သို့ အရောင်အလင်းများသည် ရှေးအခါက မဖြစ်ဘူးဘဲ ယခုမှ အထူးအဆန်း အနေနဲ့ တွေ့မြင်ရတော့ ဝမ်းမြောက်မှုတွေ ဖြစ်လာတတ်သည်။

ထိုအရောင်များကို သဘောကျပြီး ဝိဟာရနာအလုပ်ကို ဆက်၍ မလုပ်ဘဲနေတတ်သည်။ ထိုကြောင့် အရောင် အလင်းများကို ဥပက္ခိုလေသ(ဝိပဿနာ၏ အန္တရာယ်)ဟု ခေါ်ရသည်။

(ပီတိ, ပဿဒ္ဓိ စသည်တို့၏ အဓိပ္ပါယ်ကိုဝိသုဒ္ဓိခန်းမှာ ပြန်ရှုပါ)။

ဤကား ဟာရုဏဝိပဿနာဟု ခေါ်ဆိုရသော နုနယ်လှသော သော ဥဒယဗ္ဗယညာဏ် ရှေ့ပိုင်းအခိုက်၌ အာရုံများ ထင်မြင်လာဘတ်ပုံတည်း။(ဤစာကို သဘောပေါက်အောင် ဖတ်ပြီးလျှင် ဂိုယ်တွေ့ ခံစားနိုင်ရန် လက်တွေ့ လုပ်ကြည့်ကြပါ-ဟု အထူးမေတ္တာရပ်ပါသည်)။

၅။ မဂ္ဂါမဂ္ဂ ညာဏ ဒဿန ဝိသုဒ္ဓိနှင့် ဥဒယဗ္ဗယညာဏ် (နောက်ပိုင်း)

ထွက်လေ ဝင်လေကို မှတ်သိစိတ်ဖြင့် ဆက်လက် အားထုတ်သော အခါ ရုပ်နာမ်တို့၏ ဖြစ်မှု, ချုပ်ငြိမ်းမှုကိုသိသော ညာဏ်သည် တော်တော်ကြီး ကြည်လင်ထက်မြက်နေပေပြီ၊ သို့သော် အရောင် အလင်း စသော အန္တရာယ်များနှင့် ရောထွေးနေသေးသောကြောင့် အထက်ညာဏ်များသို့ တဆင့်တက်နိုင်စွမ်း မရှိသေးပါ။ ထိုကြောင့် ဥဒယဗ္ဗယညာဏ် ဟူ၍ပင် ခေါ်ရသည်။ ကခ်ေါ် ဝိတရဏ ဝိသုဒ္ဓိ စခန်းတုန်းက ပေါ်ခဲ့သော ဥဒယဗ္ဗယညာဏ်သက်ကား အစွမ်းထက်မြက်သောကြောင့် ဤဝိသုဒ္ဓိအခိုက်၌ ပေါ်လာသောညာဏ်ကို နောက်ပိုင်း ဥဒယဗ္ဗယညာဏ်ဟု ခေါ်ဆိုရသည်။ ဆိုလိုရင်းမှာ ကခ်ေါ် ဝိတရဏ ဝိသုဒ္ဓိ အခိုက်၌ ပေါ်

လာသော ဥာဏ်ကို ဥဒယဗ္ဗယဥာဏ် (ရှေ့ပိုင်း)ဟု ခေါ်သည်။

မဂ္ဂါမဂ္ဂ ဥာဏ ဒဿန ဝိသုဒ္ဓိ အခိုက်၌ ပေါ်သောဥာဏ်ကို ဥဒယဗ္ဗယဥာဏ်(နောက်ပိုင်း)ဟု ခေါ်သည်။

ဇဲသန်ဘိုလိုတယ်။ ။ကခ်ါ ဝိတရဏ ဝိသုဒ္ဓိ စခန်းတုန်းက လွန်မြောက်နိုင်ခဲသော ယုံမှားခြင်းတည်းဟူသော တောင်ကြီးကို ကျော်လွန်ခဲ့ပေမဲ့ ဤမဂ္ဂါမဂ္ဂ ဥာဏ ဒဿန ဝိသုဒ္ဓိ စခန်း ရောက်ကြပြန်တော့လည်း အရောင်အလင်း စသော ဝိပဿနာ၏ အန္တရာယ်များကို ဖယ်ရှားနိုင်ဘို့ အလွန်ပင် ခဲယဉ်းလှပေသည်။

မှန်ပေသည်။ ထိုအရောင်များကို လက်တွေ့ မြင်နေရသဖြင့် တချို့ယောဂီများမှာ သာယာဘွယ် တခုအနေဖြင့်ပင် စဲ့လန်းနေတတ်ပါသည်။ တချို့သာ ယောဂီများကျ သော့လည်း "မိမိမျှော်မှန်းပြီး အားထုတ်နေတဲ့ တရားထူးဆိုတာ ဒီဟာဘဲ ထင်ပါရဲ့"ဟု အထင်လွဲမှားပြီး ဆက်လက်ပြီး အားမထုတ်ဘဲ နေတတ်ကြသည်။

ဗဟုသုတလိုပြီ။ ။ဒီနေရာမှာ ဘုရားဟော ဒေသနာ (စာပေ) အတွေ့အကြုံ ဗဟုသုတ ရှိဘို့ လိုပါသည်၊ ကြားဘူးနားဝ ဗဟုသုတ ရှိသူများ'ကတော့ ဤသြဘာသ အရောင်အလင်း စသည်တို့ကား မဂ်မဟုတ်သေးဘူး-(အမဂ္ဂ)မှ၏ အန္တရာယ်များ ဖြစ်ကြတယ်၊ ဤအရောင်အလင်း

အန္တရာယ်များကို ဖယ်ရှားပြီး ဆက်လက်အားထုတ်နိုင်မှု (မဂ္ဂ) လမ်းမှန်ဖြစ်သော မဂ်သို့ ရောက်နိုင်မည်-ဟု သိနိုင်ကြသည်။

ဗဟုသုတရှိသော ယောဂီပင်ဖြစ်သော်လည်း ဒီလို ထူးထူးခြားခြား တွေ့လာတဲ့အခါမှာ တရားထူးမှတ်ပြီး သာယာနေတတ်သေးသည်၊ ကြောက်ဘွယ်ကောင်းပေစုတကား။

အဆန်းမဟုတ်တော့ပြီ။ ။ဗဟုသုတနှင့် ပြည့်စုံသူများပင် အသင်အမှတ် လွဲတတ်သေးလျှင် စာပေနှင့် ကင်းကွာ ဗဟုဗုဒ္ဓ-မရှိရှာသူများ၏ ထင်မိသင်ရာ ပြောချင်ရာ-ပြောဆိုနေခြင်းကား အဆန်းမဟုတ်တော့ပြီ။

ပရိယတ္တိ မကျမ်းကျင်သော စာရေးသူ၏မိတ်ဆွေ

ကျနော်သည် ဤမဂ္ဂါမဂ္ဂဝိသုဒ္ဓိစာအုပ်ကို ရေးနေစဉ် တချိန်တုန်းက မြောက်ဥက္ကလာပ (စျ)စေတီတော်အတွင်းမှာ ဘဝဟူစေတီ သည်တယောက်အနေနှင့် ရင်းနှီး သိကျွမ်းခဲ့ကုန်သော မိတ်ဆွေကြီးတဦးကို သက်နိုးဝတ်ပြုခဲ့ ကားမှတ်တိုင်မှာ တွေ့ရှိရာ-

"ဘဲ့နဲ့ ဆရာကောင်ဘုရား၊ ဘယ်တုန်းက သက်နိုးဝတ်လိုက်ပါသလဲ၊ ဘယ်ကရားကို အားထုတ်နေပါသလဲ"ဟု ကျနော်က စတင်နှုတ်ဆက်လျှောက်ထားလိုက်ပါသည်။

"ဟုတ်တဲ့ ကာကြီး၊ သက်နိုးဝတ်တာ ကြာပါပြီ၊ သမထကို အားထုတ်နေပါတယ်"ဟု အမိန့်ရှိပါသည်။

"ဒါဖြင့် သမထ ဘယ်အဆင့် ရောက်နေပါပြီလဲ" ဟု ဒုတိယအကြိမ် ဆက်၍ လျှောက်ထားလိုက်ရာ-

"အပ္ပနာဈာန် သမာဓိလောက် ရောက်နေပါပြီ"ဟု အမိန့်ရှိပြန်ပါသည်။

"ဒီလိုဆို အရှင်ဘုရား ရရှိထားတဲ့ အပ္ပနာဈာန်သမာဓိမှာ အဘိညာဏ်များ ပါရှိပါသေးသလား"-ဟု တပတိယ အကြိမ် လျှောက်ထားပြန်ရာ-

"ဟုတ်ကဲ့ ဒကာကြီး၊ ပါရှိပါတယ်'ဟု စဉ်းစားမနေဘဲ ရုတ်တရက်(ချက်ချင်းပင်) အဖြေပေးလိုက်ပြန်ပါသည်။

"ဒါဖြင့် အရှင်ဘုရား မြောက်ကျွန်းကြွပြီး ဆွမ်းခံပါလား" ဟု လျှောက်ထားလိုက်ရာ-

"ဟုတ်ကဲ့ ဒါလောက်တော့ တန်ခိုး မရှိသေးပါဘူး" ဟု ပြောပြီး ဆွမ်းခံကြွသွားပါတော့သည်။

အဓိမာနခေါ်သည်။ ။ကျနော်၏ မိတ်ဆွေသည် ဝါကြွားလို၍ ပြောခြင်းမဟုတ်ပါ၊ **စာပေ**ဗဟုသုတ မရှိရှာသဖြင့် သူ့ရဲ့စိတ်ထဲမှာ တကယ့်ကို ရရှိတယ်လို့ အထင်ရှိပြီး ပြောဆိုခြင်းသာ ဖြစ်ပေသည်။ မိမိမှာ အမှန်မရရှိသေးဘဲနဲ့ ရရှိပြီး ထင်မှတ်၍ ပြောဆိုခြင်းသည် ဒေသနာတော်မှာ 'အဓိမာန' ခေါ်သဖြင့် အပြစ်မရှိ၊ (အာပတ်မသင့်)ဟု ပညတ်ချက် ရှိပေသည်။ ထို့ကြောင့် ဂန္ဓိန္ဒာရ(စာပေ)ဗဟုသုတ ရှိရန် အထူးအားထုတ်သင့်လှပေသည်။

မပြောကောင်းသော စကားများ။ ။အချို့သော စာပေ
မနှုးမနှပ် ဇိမ်းဇတ်

ဇတ် (ကြောင်ကောင်ကောင်) ပုဂ္ဂိုလ်များသည် မိမိကိုယ်ကို ကမ္မဋ္ဌာန်းဆရာ အမည်ခံပြီး-

စာပယ်မှ ငါကိုယ်မည်၊ စာမပယ်လျှင် ငါမကိုယ်ဘူး၊
စာဖြုတ်မှ ငါပြုတ်မည်၊ စာမဖြုတ်လျှင် ငါမပြုတ်ဘူး-

စသည်ဖြင့် ဒေသနာတော်နှင့် ဆန့်ကျင်သော (မိမိတို့နှင့်မ သိုက်တန်သော)မပြောကောင်းသော စကားများကို ပြောဆိုနေခြင်းသည် မကြားကောင်း မနာသာပါတကား။

နားဆတ်ဆတ်ကြားလိုက်ရ။ ။ထို့ပြင် ရဟန္တာဟု အမည်ခံသူ၏ သာဝကတယောက်က "စာပေဆိုတာ ရေးချင်ရာ ရေးထားတာဘဲ၊ မမှန်ပါဘူး၊ လက်တွေ့ဖြစ်နေတာမှ အမှန်ဘဲ" ဟု ပြောဆိုသော စကားကို စာရေးသူကိုယ်တိုင် နားဆတ်ဆတ် ကြားလိုက်ရတော့ စာပေ၏ တန်ဘိုးကိုမသိ၊ ထင်မိထင်ရာ ကြမ်းကြုတ်ရက်စက်စွာ ပြောဆိုခြင်းကို ခံနေရရှာသော သာသနာတော်မြတ်ကြီးအတွက် စိတ်ပျက်မိတော့သည်၊ ဝမ်းနဲမိတော့သည်။

ဆရာကောင်းလို။ ။ဆိုခဲ့သည့်အတိုင်း ဩဘာသ(အရောင်အလင်း)စသော ရန်သူများကို မိတ်ဆွေထင်ပြီး သာယာနေတဲ့အခါ တရားမှန်ကို ပြတတ်သော ဆရာကောင်း လိုပေသည်။

ကမ္မဋ္ဌာန်းဆရာက တရားစစ်တဲ့အခါ

"ဒီအရောင်အလင်းတွေဟာ တော်ရုံတန်ရုံ သမာဓိလောက်နဲ့ ပေါ်လာနိုင်တာ မဟုတ်ဘူး၊ ဒါတွေကို သဘောကျပြီး သာ

ယာနေယင် ရှေ့ကိုတိုးမှာ မဟုတ်ဘူး၊ ရှေ့နားကျ တော့ ဒါထက်ကောင်းတာတွေ အများကြီး ရှိသေးတယ်၊ ခုမြင်ရဘာ တွေကို သာယာမှုနဲ့ "မိမိအလုပ်ကိုသာ ဆက်ပြီး အားထုတ် ရန် နည်းပရိယာယ်သုံး၍ သွယ်ဝိုက်ပြီး ပြောဆိုရမည်၊ "မှား နေတယ်"လို့တဲ့တဲ့ ပြောလိုက်ယင် ယောဂိက စိတ်ပျက်သွားမှာ စိုးရသေးသည်။

"ဒါထက်ကောင်းတာတွေ အများကြီး ရှိသေးတယ်၊ ခုမှ စဒါလေးရှိသေး၊ တော်တော်ကြာ အများကြီးကောင်းလာမှာ။ ပေါ်လာသမျှ အာရုံများကို လက်မခံဘဲ ထွက်လေ, ဝင်လေကို တမှတ်ထဲ မှတ်နေရမယ်ဟု စိတ်ဓာတ်မကျအောင် (ဝိရိယထက် သန်အောင်) လိမ္မာပါးနပ်စွာနဲ့ ပြောဆိုတတ်ဘို့လိုသည်။

ဝိသုဒ္ဓိအမှန်ပေါ်ပြီ။ ။ ဆရာက လမ်းမှန်ရောက် အောင် ညွှန်ကြားဟောပြတော့မှ ယောဂိက-သဘောကျသွားတယ်၊ "အော်-ဟုတ်ပေသားဘဲ၊ ဒီအာရုံတွေကို စဉ်းစားနေယင် ငါ့အလုပ်ပျက်တာဘဲ၊ ငါလိုချင်တဲ့ မဂ်တရား မဟုတ်သေးဘူး၊ မှတ်သိအလုပ်ကိုဆက်ပြီး မှတ်နေမှ လမ်းမှန် ရောက်၍ ဉာဏ်တိုးပွားမှာဘဲ" လို့သဘောကျလိုက်ရင် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်သွားပေတော့သည်။

ထွက်လေ, ဝင်လေကို့ဆက်၍ မှတ်ပြန်သောအခါ ထွက်လေ၏ ဖြစ်စနှင့် ချုပ်ပျက်ခြင်းတို့ ပိုင်းပိုင်းခြားခြားသိရသလို ဝင်-လေ၏ ဖြစ်စနှင့် ချုပ်ပျောက်ခြင်းကိုလည်း ကွဲကွဲပြားပြား သိရပေသည်။ ထွက်လေ၏ မှတ်သိစိတ်နှင့် ဝင်လေ၏ မှတ်သိ

စိတ်ကိုလည်း ရောထွေးမှုမရှိ ကင်းကင်းရှင်းရှင်း အသိုးအခြား သိနေရပေသည်။

ရေးတုန်းကတော့ ထွက်လေသည်ပင် ဝင်လေဖြစ်လာသည်။ ဝင်လေကို မှတ်သိစိတ်သည်ပင် ထွက်လေကို မှတ်သိစိတ် ဖြစ်လာသည်-ဟု ထင်မိခဲ့သည်။

ယခုတော့ သူ့နေရာနှင့်သူဖြစ်ပြီး ချုပ်ပျောက်သွားတာဘဲ-ဟု ရှုမှတ်နေသောအခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည်။ ဤဉာဏ်ကား ရင့်နေပြီဖြင့်သောကြောင့် နောက်ပိုင်း ဥဒယဗ္ဗယ ဉာဏ်ဟု ခေါ်သည်။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဘင်္ဂဉာဏ်စသည်

(ဤစိသုဒ္ဓိ အဓိမ္မာယ်ကို ဝိသုဒ္ဓိအခန်းမှာ ပြန်ရှုပါ)

မဂ္ဂါ မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိစခန်း အောင်မြင်သွားသော်လည်း လုပ်ငန်းစဉ်အားဖြင့် ဥဒယဗ္ဗယဉာဏ်ကိုပင်ဆက်ပြီး အားထုတ်နေရသေးသည်။ ထို့ကြောင့် ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းမှစ၍ အနုလောမဉာဏ်အထိ ဉာဏ်ကိုးပါးသည် ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိမည်ပေသည်။

ရှေးကနှင့်မတူ။။ ။ဝိရိယကို မလျှော့ဘဲ တနေ့ထက်တနေ့ အချိန်နာရီတွေ့တိုးတိုးပြီး အားထုတ်သွားပါလျှင် ဥဒယဗ္ဗယဉာဏ်ဟာ အလွန် ရှင်သန်နေပြီ ဖြစ်သည့် အတွက် လုပ်ငန်းအရှိန်မှာလည်း ရှေးကနှင့် မတူဘဲ ပေါ့ပါးလျင်မြန် သွက်လက်လာပေသည်။

ဟိုမရောက် ဒီမရောက်ဖြစ်တတ်

ဖြစ်ပျက်မှု သက်လက် လျှင်မြန်သလောက် မှတ်သိစိတ်ကလဲ နောက်က ထပ်ချပ်မကွာလိုက်ပြီး မှတ်နေသဖြင့် သူ့ဟာသူ မှတ်မှတ်ပြီး ဆဲဆောင်သွားသလို တခုပြီးတခု သူ့ဖာသာပေါ် နေသလို ထင်ရတတ်သည်။ ဖြစ်ပျက်မှတ်သားမှုက လျှင်မြန်လွန်း၍ အာရုံမှာလည်း ဝိုးတိုးဝါးတား မပီမသ မထင်မရှားပေါ်လာတတ်သည်။

အရင်တုန်းက ထွက်လေ, ဝင်လေက သိသာထင်ရှားစွာ မှတ်သိနိုင်ခဲ့သလောက် ယခုမှတ်နေရသည်မှာ အားလုံးမထင်မရှား ဖြစ်နေရသည့်အတွက် ဟိုမရောတ် ဒီမရောက်နဲ့ အားမလို အားမရကြီး ဖြစ်နေတာသည်။

ဘင်ဥာဏ်

ထိုအခါ ယောဂီအနေနဲ့ "မိမိရရှိထားသော သမာဓိစွမ်း အားတွေ ပျက်ကုန်ပြီ"လို့တောင် ထင်လာတတ်သည်။ အမှန် အားဖြင့်တော့ သမာဓိစွမ်းအား ပျက်တာမဟုတ်ပါဘူး၊ တိုးတက်လာခြင်းသာ ဖြစ်သည်။ ကြားကြား အားထုတ်သောအခါ ထွက်လေ ဝင်လေတို့၏ ဖြစ်ရာကို မတွေ့ရတော့ဘဲ ချုပ်ငြိမ်းပျောက်ပျက်သွားခြင်းကိုသာ မြင်နေရတော့သည်။ ထိုအချိန်မှ စ၍ ဘင်ဥာဏ်ပေါ်လာပြီ-ဟု ဆိုရသည်။

သတိပြုရန်ပါဠိ

ဘသော ဝံ သလ္လကေ္ခတ္တာ ပုနပ္ပုနံ အနိစ္စံ ဒုက္ခံ
မနတ္တာတိ ရူပါ ရူပဓမ္မေ တူလယတော ဘိရယတော

တံဉာဏံ တိက္ခံ ဟုတ္တာ ဝဟတိ၊သခ်ါရာ လဟုံ ဥပဋ္ဌဟန္တိ၊ ဉာဏေတိက္ခေ ဟောန္တေ သခ်ါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပါဒံ၀ါ ဌိတိ ၀ါ ပ၀တ္တံ၀ါ နိမိတ္တံ ၀ါ နသမ္ဘဝ ပုဏ္ဏာတိ! ခယ ၀ယ ဘေဒနိရောဓေ ယေ ၀ သတိုသ္သန္တိ ဌိတိ။ တသ္မာ ဥပဋ္ဌိတ္ဝာ ဝေ၀ုနာမ သခ်ါရဂတံ နိရုဇ္ဈတိတိ ပဿတော ဧကသ္မိ ဌာနေ ဘဂ်ါနုပဿနံ နာမ ဝိ၁ဿနာဉာဏံ ဥပဋ္ဌိတိ။ (ဥဒယဗ္ဗယဉာဏ်မှ ဘင်္ဂဉာဏ် ပြောင်းပုံကို ပြသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိပြုစ်သည်။) (ဝိသုဒ္ဓိမဂ္ဂ၊ ဒု ၂၇၂)

အနက်ကား။ ။ဝေ၀၊ ဤ ဆိုအပ် ခဲ့ပြီး သော နည်း အတိုင်း၊ သလ္လက္ခေတ္ဝာ၊ ဖြစ်ကြောင်းမှုကို သေချာစွာမှတ်သား ပြီး၍၊ အနိစ္စ၊ အော်-အနိစ္စပါ တကား၊ ဒုက္ခ၊ အော်-ဒုက္ခပ် တကား။ အနတ္တာ၊ အော်-အနတ္တပါတကား။ ဤတို၊ ဤသို့။ရူပါ ရူပခမျှ၊ထွက်လေ, ဝင်လေ ရှိနှင့်မှတ်သိနိုးမ်တရား တို့ကို။ ပုနပ္ပုနံ၊ ခဏခဏ မကြာမကြာ။ တူလယ ၊ တာ တိရ ယတော၊ ခြင်းချိန် စဉ်းစားတတ်သော။ တသ္မာ ယောဂါ ၀စရသား၊ တမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ် အလုပ်, လုပ်လေ့ရှိသော ထိုယောဂီ၏။ တံဉာဏံ၊ ထိုဥဒယဗ္ဗယ ဉာဏ်သည်။ တိက္ခံ၊ ထက်သည်။ ဟုတ္ဝာ၊ ဖြစ်၍ ၀ဟတိ၊ ဖြစ်ပေါ်လေ၏။

(တနည်း) တံဉာဏံ၊ ထိုဥဒယဗ္ဗယဉာဏ်သည်။ အတ္တနော၊ မိမိ၏။ တိက္ခံ-တိက္ခဘာ၀ံ၊ ထက်သည်၏ အဖြစ်ကို။ ၀ဟတိ၊ ဆောင်တတ်၏။

သခ်ၢိရာ၊ ထုက်လေ ဝင်လေ ရုပ်သခ်ၢိရနှင့် မှတ်သိနာမ်သခ်ၢိရတို့သည်။ လဟုံ၊ လျှင်လျှင်မြန်မြန်။ ဥပဒ္ဒဟန္တိ၊ ဝိုးတိုးဝါးတား မပီမသ မထင်မရှား ထင်လာတတ်ကုန်၏။

ဥာဏော၊ ဥဒယဗ္ဗယညာဏ်သည်။ တိုးကွေ့ ထက်မြက်သည်ဖြစ်၍။ ဟောဒေ္ဓ၊ သူ့အလိုလိုပင် ဆောင်သွားသလို ဖြစ်သည်ရှိသော်။ သခ်ၢိရေသု၊မှတ်သိစရာ အာရုံ သခ်ၢိရတို့သည်။ လဟုံ၊ လျှင်မြန်စွာ ဥပဒ္ဒဟန္တေသု၊ မသဲမကွဲ ထင်လာကုန်သည်ရှိသော်။ ဥပ္ပါဒံဝါ၊အစဆုံး ဖြစ်ပေါ်မှုကိုလည်း။ နသမ္ဘာပုဏာတိ၊မရောက်နိုင်ဘူး။ ဌိတိ ဝါ၊အလယ်တည်ဆဲ ခဏကိုလည်း။ နသမ္ဘာပုဏာတိ၊ မရောက်နိုင်ဘူး။ ပဝတ္တံဝါ၊ ထုက်လေ ဝင်လေ ရုပ်နှင့် မှတ်သိနာမ်တရား တို့၏ မပြတ်ဖြစ်နေခြင်းကိုလည်း။ နသမ္ဘာပုဏာတိ၊ မမှီနိုင် မရောက်နိုင်ချေ။ နိမိတ္တံဝါ၊ အထည်ဒြပ် ပုံသဏ္ဌာန်နိမိတ်သို့လည်း။ နသမ္ဘာပုဏာတိ၊ မမှီနိုင် မရောက်နိုင်ပါ။

ခယဝယဘေဒနိရောဓေယေဝ၊ ကုန်ခန်းခြင်း, ပျောက်ခြင်း, ပျက်ခြင်းဟု ဆိုအပ်သော ချုပ်ခြင်းသဘောဟူသာလျှင်။ သတိ၊ အမှတ်ရမှု သတိသည်။ဝါ၊ သိတတ်သော ဉာဏ်သည်။သန္တိဋ္ဌတိ၊ ကောင်းစွာ တည်နေလေတော့သတည်း။

သခ်ၢိရဂတံ၊ သခ်ၢိရဋ္ဌ ပါဝင်သော ထုက်လေ, ဝင်လေ ရုပ်နှင့် မှတ်သိနာမ်တရားသည်။ ဧဝံ၊ ဤသို့။ ဥပ္ပဇ္ဇိတ္ဝာ၊ မထင်မရှားဖြစ်ပြီး၍။ ဧဝံ၊ ဤသို့။ နိရုဇ္ဈတိနာမ၊ စက်ဆုတ်ဘွယ်လိလိ ချုပ်ရှာလေ၏တကား။ ဣတိ၊ ဤသို့။ ပဿတော၊ ထက်သန်သော ဝိရိယဓာတ်ဖြင့် ပြင်းထန်စွာ ကြည့်ရှုနေသော။ တဿ

ယောဂါ၀စရသေ၊ ထိုယောဂိအား။ ကောသို့ ဌာနေ၊ ဖြစ်ခြင်းကို ချန်လှပ်၍, ပျက်ခြင်းကိုသာ နှလုံးသွင်းရာဖြစ်သော တခုခုသာ ဌာနဌ၌၊ ဘင်္ဂါ နုပဿနံနာမ၊ အပျက်ကိုသာ အဖန်တလဲလဲ ရှုရာဖြစ်သော။ ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ်သည်။ ဥပဓိတို၊ ဖြစ်ပေါ်လာပေတော့သတည်း၊

ရိုးတီးယောင်တောင် ဖြစ်တယ်

ဤဘင်္ဂဉာဏ်အခိုက်၌ ဖြစ်ပေါ်မှုကို လုံ၀မမြင်တော့ဘဲ ပျက်မှုချုပ်မှုကိုသာ မြင်နေရသောကြောင့် ဘင်္ဂဉာဏ်ဟုခေါ်ရသည်။ ဤဘင်္ဂဉာဏ်ရောက်တော့ မှတ်တိုင်း မှတ်တိုင်း ကုန်ဆုံးသွားကာ ပျောက်ပျက် ချုပ်ငြိမ်းသွားတာချည်း တွေ့နေရတတ်သည်၊ ဖြစ်ဖြစ်သွားတာ.မတွေ့ဘဲ ဖြစ်နေတတ်သည်။ ထို့ကြောင့် ဤဘင်္ဂဉာဏ်သို့ ရောက်ခါစမှာ ဘာမှမရှိတာတွေ့ မှတ်နေရသလို ဖြစ်နေသည့်အတွက် မှတ်လို့မကောင်းဘဲ ဟာတာတာကြီး ဖြစ်နေ၍ အားမလိုအားမရ ဖြစ်နေတတ်သည်၊ စိတ်ကလည်း မှတ်စရာ အာရုံဆီသို့ မရောက်ဘဲ ရိုးတီးယောင်တောင် ဖြစ်နေသလို ထင်တတ်သည်။ သို့သော်လည်း ယောဂိအနေနဲ့ စိတ်အားမလျော့ရဘူး၊ "သမာဓိအား တိုးတက်လာတာဘဲ"လို့ သဘောထားပြီး မှတ်မြဲတိုင်း မှတ်နေရသည်။

ပညတ်အာရုံပျား ပေါ်မ‌ဲ့လာတော့ပါ

ယခု မှတ်လို့မကောင်း ထင်နေတာက အရင်ကလို ပညတ်အာရုံတွေကို မရလို့ ထင်နေခြင်း ဖြစ်သည်။ စိတ် ဆို့.တာ ကပညတ်အာရုံကို ကြိုက်တတ်သည်။ ဥဒယဗ္ဗယ ဉာဏ်ထိုအော င်

ပညတ်အာရုံတွေက ကင်းကင်း ရှင်းရှင်း မပျောက်သေးတော့ မှတ်ရတာ ပျော်တယ်လို့ထင်နေတတ်သည်၊ ယခုဘဝ်ဉာဏ်ရောက်တော့ ပညတ်အာရုံတွေက လုံးလုံးပေါ်မလာတော့သဖြင့် မှတ်ရတာ ချောက်ကပ်ကပ်ကြီး ဖြစ်နေတတ်သည်။ ဒါပေမဲ့ ပညတ်အာရုံများ မပေါ်ပေါက်ဘဲ ပရမတ်သဘောကြီး သိသိနေခြင်းသည် ဉာဏ်တဆင့် တိုးတက်ခြင်းပင် ဖြစ်သည်။

ထို့ပြင် ရှေးတုန်းကဆိုရင် ပုံသဏ္ဌာန် အထည်ကိုယ်ခြပ်နိမိတ်တွေ ပေါ်လွင်ထင်ရှားစေတယ်။ မှတ်သိတဲ့ စိတ်ကလေး ပျောက်သွားတာကိုလည်း ရှင်းရှင်းလင်းလင်း မသိခဲ့ရဘူး၊ ယခုတော့ ဘာကိုဘဲမှတ်မှတ် အထည်ခြပ်နိမိတ်တွေ မထင်တော့ဘူး၊ တခါတရံ ယောဂီကိုယ်ကြီး တခုလုံးပင် ပျောက်နေတယ်လို့ထင်ရတတ်သည်။ (သတိပြု၊ လက်တွေ့လုပ်ကြည့်ပါ)ဤကဲ့သို့ ပျောက်ပျောက်သွားတာကို မြင်ရခြင်းသည် ဘဝ်ဉာဏ်တည်း။

ဤဘဝ်ဉာဏ်အခိုက်မှာ စာပေဗဟုသုတ မရှိလျှင် စိတ်ပျက်သွားတတ်သည်၊ ကမ္မဋ္ဌာန်းဆရာက စိတ်ခေတ်မကျအောင် တိုက်တွန်းပြီး အားထုတ်စေရမည်။

အပျက်ချင်းမတူ။ ။ဘချို.က ပျက်တယ်ဆိုတာကို "အိမ်ကြီးများ ပျိုကျသွားသလို အိုးများကဲ့သလို ကစင့်ကရဲ ဖရိုဖရဲ ဖြစ်သွားတယ်"လို့ ထင်နေတတ်ကြသည်။ ဤဘဝ်ဉာဏ်အရာ၌ ဤကဲ့သို့ ပျက်တာကို မယူရချေ။ ဟို သမ္မသနဉာဏ်တုန်းက ပျက်တာမျိုးကား ဖရိုဖရဲ ပျက်ဘာမျိုး ဖြစ်သည်။

ယခုဘင်ဥာဏ်အခိုက်မှာ ပျက်တာမျိုးကဖေတာ့ ဖြစ်ပေါ်လာတာလေး ပျောက်သွားတာ, ချုပ်ငြိမ်းသွားတာကို ဆိုလိုခြင်း ဖြစ်သည်။

နည်းမှန်ရန်လို။ ။ဤဘင်ဥာဏ်က နည်းမှန်လမ်းမှန်အတိုင်း အချိုးကျကျဖြစ်ဘို့အရေးကြီးသည်။ ဤဥာဏ်က အချိုးမကျသေးလျှင် ဘယ်လိုပြောနေနေ သဘောကျမှာ မဟုတ်ချေ။

မှန်ပေသည်။ ဤဘင်ဥာဏ် အမြင်မမှန်လျှင် ဖြစ်စေ, အမြင်မသန့်လျှင် ဖြစ်စေ ဘယ စသော နောက်နောက်ညစ်များသည် သမရိုးကျ ပေါ်လာနိုင်မည်မဟုတ်ချေ။

ဘင်ဥာဏ်၏သဘောပြ ပါဠိတော်

ရူပါရမ္မဏ်တာစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ ဘိဇ္ဇတိ၊ တံအာရမ္မဏံ ပဋိသင်္ခါ တဿစိတ္တဿ ဘင်္ဂအနုပဿတိ။ (ပဋိသမ္ဘိဒါမဂ် ပါဠိ)

အနက်။ ။ရူပါရမ္မဏတာစိတ္တံ၊ ထွက်သက်, ဝင်သက် ဟူသော ရှင်လျှား အာရုံရှိသော မှတ်သိစိတ်သည်။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်ပေါ်လာပြီး၍။ ဘိဇ္ဇတိ၊ ပျက်သွားလေ၏။ တံအာရမ္မဏံ၊ ရှုမှတ်မိသော ထွက်လေ ဝင်လေ ဟူသော ထိုအာရုံကို။ ပဋိသင်္ခါ၊ ပဋိသင်္ခါယ၊ ပျောက်ပျက်သွားပြီ-ဟု သိမြင်ပြီး၍။ တဿစိတ္တဿ၊ အာရုံ၏ ပျောက်ပျက်ခြင်းကိုသိမြင်သော ထိုစိတ်၏။ ဘင်္ဂ၊ အာရုံ၏နောက်ကိုလိုက်၍ ပျောက်

ကွယ်ခြင်း ဟူသော ပျက်စီးခြင်းကို။ အနုပသဿတိ တဆင့်ပြန်လှန်ရှုပြန်၏။

(ဤကား လုပ်ငန်းအားလျော်စွာ ပေါ်းတတ်သော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အနက်တည်း)။

အဓိပ္ပာယ်။ ။ဘဝင်ဉာဏ်ဟူသည် ပေါ်လာသော အာရုံကို ရှုမှတ်လိုက်ရင် ရုပ်အာရုံဖြစ်ဖြစ် နာမ်အာရုံဘဲဖြစ်ဖြစ် ဖြစ်စအပိုင်းမှာမထင်ရှားဘဲပျောက်ပျက်သွားခြင်းကိုသာ ထင်ရှားစွာ တွေ့မြင်နိုင်သော ဉာဏ်ပင်တည်း။

ငါကောင်ဟု စွဲလန်းတတ်ပုံ

မှန်ပေသည်။ ဤဘဝင်ဉာဏ်အခိုက်၌ အားတက်ခံရသော ရုပ်တရားနှင့် မှတ်သိမှု နာမ်တရားသည် ရှေ့ဆင့် နောက်ဆင့် ထပ်ချပ်မကွာ ပျောက်ပျက်သွားတာကိုသာ တွေ့မြင်ရသည်။ အမှတ်ခံရသော အာရုံ ရုပ်တရားများ ပျောက်ပျက်သွားသော အခါ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ထင်မြင်နေသလို မှတ်သိ နာမ်တရားများ ပျောက်ပျောက်သွားသော အခါလည်း အနိစ္စ,ဒုက္ခ, အနတ္တ ဟု ထင်နေပေသည်။

အကယ်၍ "အာရုံလောက်သာ ပျောက်သွားတယ်"ဟု ရှုပြီး မှတ်သိနေတဲ့ စိတ်ကလေး ပျက်သွားတာကို ကိုယ်တိုင် မမြင်လိုက်ရရင် "မှတ်သိစိတ်ကလေးဟာ မြဲနေတဲ့ ငါကောင်"ဟု စွဲလန်းနေတတ်သည်။ထို့ကြောင့် စိတ်ကလေးပါ ပျက်ပျက်သွားတာကို သိဘို့လိုပေသည်။

သတ္တိထူးလောက်သာ။ ။ဤဘင်ဥာဏ်မှ နောက်၌ ဆက်လက်ပြီး ပေါ်လာမည့် ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုစ္စိတု ကမ္ယတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမဆိုတဲ့ ဥာဏ်များသည်လည်း ဤဘင်ဥာဏ် သိပ္ပုံနှင့် အတူပင် ဖြစ်ကြသည်။အာရုံကိုရော မှတ်သိစိတ်ကိုပါ ပျက်ပျက်သွားတာကိုသာ သိကြပေသည်။ ထိုဥာဏ်တို့၏ ပင်ကိုယ်သတ္တိလောက်သာ တူညီကြပေသည်။ သတ္တိထူးများကတော့-

ဘယဒဥာဏ်၏ ကြောက်တဲ့အချင်းအရာ,
အာဒီနဝဥာဏ်၏ အပြစ်မြင်တဲ့ အချင်းအရာ,
နိဗ္ဗိတာဥာဏ်၏ ငြီးငွေ့တဲ့ အချင်းအရာ,
မုစ္စိတု ကမ္ယတာဥာဏ်၏ လွတ်ချင်သော အချင်းအရာ,
ပဋိသင်္ခါဥာဏ်၏ တဖန် မှတ်သိသော အချင်းအရာ,
သင်္ခါရုပေက္ခာဥာဏ်၏ ကြောင့်ကျမှု ကင်းသော အချင်းအရာ,

အနုလောမဥာဏ်၏ မဆန့်ကျင်သော အချင်းအရာများပင် ဖြစ်ကြပေသည်။

(ဆောင်) အပျက်ကိုသာ၊ မြင်နေတာ၊ မှတ်ပါ ဘင်ဥာဏ်။

ဘယဥာဏ်

- တရိပ်ရိပ် ပျက်ပျက်သွားတာကို မြင်နေ သော ဘင်ဥာဏ်သည် အားထုတ်ဖန်များ၍ ရင့်ရင့်လာသောအခါ အာရုံနှင့် မှတ်သိစိတ်ပါ ရိပ်ခနဲ, ရိပ်ခနဲတာပျက်ထဲ ပျက်နေတာကိုသာ

တွေ့မြင်ရဖန် များလတ်သော် အားထုတ်ဆဲ တန်းလန်းမှာပင် ယောဂီ၏ စိတ်အစဉ်မှာ တမျိုး ထင်လာတတ်သည်၊ ထင်လာပုံကား-

တစ္ဆေ သားရဲ ကြောက်သလိုမဟုတ်

"အာ:လုံး တရိပ်ရိပ်နဲ့ ပျက်နေဘာချည်း ပါကလား၊မသိခဲ့လို့သာ ရှေးတုန်းကလည်း ဒီလိုဘဲ ပျက်နေမှာဘဲ၊ နောင်လည်း ဒီလိုချည်း ပျက်ဦးမှာဘဲ၊ ဒါလောက်အပျက်မြန်တာ အပျက်လွယ်တာများကို ငါကောင်, သူကောင် စဲ့လန်းမှုတ်ထင်နေခြင်းဟာ အင်း-တယ်ကြောက်စရာကောင်းလှပါကလား"ဟု အပျက်မြန်တာကလေးအပေါ်မှာ ကြောက်စရာလို့ ထင်လာတတ်သည်။

အဲဒီအချိန်မှာ ရှုမှတ်မှုကို အလျှော့မပေးရဘူး၊ တိုးရှု တိုးရှု ရှုမှတ်နေရမည်။ ရှုမှတ်မှု အားပျော့လာယင် တကယ်ကြောက်သလို ဖြစ်လာတတ်သည်။ သို့သော် သူကြောက်ပုံက တစ္ဆေ, သားရဲ ကြောက်သလို, ရန်သူကို ကြောက်သလို အကြောက်မျိုးတော့ မဟုတ်ပါ၊ တရိပ်ရိပ်နဲ့ ပျက်ပျက်နေတာကို ကြောက်စရာလို့ ထင်တဲ့စိတ်ကလေးတော့ ဖြစ်နေတာဘဲ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်မှာ။ ။ဒီနေရာမှာ ဘယဉာဏ်၏သဘောသွားကို အောက်ပါအတိုင်း ဥပမာဆောင်၍ ပြဆိုထားသည်။

တတ္ထ တသာ ဣတ္ထိယာ ဇေဋ္ဌပုတ္တသ ဆိန္နဿ သီသဒဿနံ ဝိယ ယောဂိနော အတီတ သင်္ခါရာနံ နိရောဓဒဿနံ၊ မဇ္ဈိမသဆိဒ္ဓမာနသီသဒဿနံ ဝိယ ပစ္စုပ္ပန္နာနံ

နိုရောဓဒဿနံ၊ အယမ္ပိ ဇေတသညေဝ သဒိသော ဘဝိဿတိတိ ကနိဋ္ဌပုတ္တမ္ပိ အာလယဝိဿဇ္ဇနံ ဝိယ အနာဂတေပိ နိဗ္ဗတ္တနကသန္တာနေ ဘိဇ္ဇိဿန္တိတိ အနာဂတာနံ နိရောဓဒဿနံ၊ တသ္မာ ပဿတော ကေသ္မိ ဌာနေ ဥပ္ပဇ္ဇတိ ဘယတူပဋ္ဌာနညာဏံ။ (ဝိသုဒ္ဓိမဂ်၊ ဒု-၂၀၂)

အနက်။ ။တဋ္ဌတိဿံ-ဥပမာယံ၊ ဆိုခဲ့ကြားသော သို့ဥပမာ ဥ။(သံသန္ဓနာ၊ ဥပမာ၊ ဝ, ဥပဒေယျတ္ထ ခြားနှောခြင်းကို။ ဝေ၊ ဤသို့ ဆင်အပ်လတံ့သော နည်းအတိုင်း။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မှတ်ကြလေ။)

တဿာ ဤတို့ယာ၊ အမိုကြောင့်သော ဝေါမိန်းမကြီး၏။ ဇေဋ္ဌပုတ္တာယ၊ အကြီးဆုံးသား၏ ဆိန္နသိသဒဿနံ၊ ပြတ်ပြီးဦးခေါင်းကို ကြည့်ရှုခြင်းကို။ ဒဋ္ဌဗ္ဗံဝိယ၊ မှတ်အပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ယောဂိနော၊ အာနာပါနကမ္မဋ္ဌာန်းကို စီးပြန်း ကြိုးကုတ် အားထုတ်သော ယောဂိ၏။ အတီတသန္တာနံ၊ လွန်ပြီးသော တေဘူမကသန္တာနတို့၏ နိရောဓ ဒဿနံ၊ ဧကိကနိရောဓကို ခြင်းကို ဝ၊ ဘင်အခိုက်ကိုသာ ရှုခြင်းကို ဝ။ အပျက်ကိုသာ ရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

မဇ္ဈိမယာ၊ သားအလတ်၏၊ ဘိဇ္ဇမာန သံသဒဿနံ၊ ပြတ်ဆဲဖြစ်သော ဦးခေါင်းကို ကြည့်ခြင်းကို ဒဋ္ဌဗ္ဗံဝိယ၊ ရှုအပ်သကဲ့သို့။ တထာ၊ ထို့အတူ(ယောဂိနော၊ ယောဂိ၏)ပစ္စုပ္ပန္နာနံ၊ ယခုဖြစ်ဆဲဖြစ်ကုန်သော(သန္တာနံ၊တေဘူမက သန္တာနတရားတို့၏။

နိုရောဓဒဿနံ၊ ခဏိကနိုရောဓကို ကြည့်ရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။)

အယမ္ပိ၊ ဣသားယော်သည်လည်း။ တေသညေဝ၊ ထိုသားကြီးသားလတ်တို့၏သာလျှင်။ သဒ်သော၊ ဦးခေါင်းပြတ်ခြင်းအားဖြင့် ဣသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့၊ ဣတိ၊ ဣသိ။ ကနိဋ္ဌပုတ္တမ္ပိ၊ သားယော်ကလေးကပေါ်၌။ အာလယ ဝိဿဇ္ဇနံ၊ ချစ်ခင်တွယ်တာမှုကို စွန့်ပယ်ခြင်းကို။ ဒဋ္ဌဗ္ဗံ ဝိယံ၊ မှတ်အပ်သကဲ့သို့။ တထာ၊ ထို့အတူ။ အနာဂတေပိ၊ နောင်သော အခါ၌လည်း။ နိဗ္ဗတ္တနက သခ်ါရာ၊ ဖြစ်လတ္တံ့သော သင်္ခါရတရားတို့သည်။ ဘိဇ္ဇိ သန္ဓိ၊ ပျက်ကုန်လတ္တံ့။ ဝါ၊ ချုပ်ကုန်လတ္တံ့။ ဣတိ၊ ဣသိ။ အနာဂတာနံ၊ အနာဂတ်ဖြစ်ကုန်သော။ သခ်ါရာနံ၊ သင်္ခါရတရားတို့၏။ နိရောဓ ဒဿနံ၊ ချုပ်လတ္တံ့သော ဘင်ခဏကို။ ကြည့်ရှုခြင်းကို ဒဋ္ဌဗ္ဗံ၊ ရှုအပ် မှတ်အပ်၏။

စေံ၊ ဣ ဆိုအပ်ခဲ့ပြီးသော နည်းအတူ။ ပဿတော၊ ကြည့်ရှုပွားများသော။ တဿ ယောဂိနော၊ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများကြိုးကုတ် အားထုတ်သော ယောဂိအား။ ကေသ္မိံ ဌာနေ၊ ထိုရှုကြည့်ရာဖြစ်သော တခုသော ဌာန၌။ ဘယတူ ပဋ္ဌာနညာဏံ၊ ဘယတူ ပဋ္ဌာနညာဏ်သည်။ ဥပဋ္ဌဟတိ၊ ဖြစ်လေ၏။

(ဆောင်) အပျက်ကိုပင်၊ ကြောက်ဘွယ်ထင်၊ မှတ်လျှင်ဘယ
ညာဏ်။

အာဒီနဝညာဏ်

ဘယညာဏ်ဖြစ်ပြီးနောက် သိတ်မကြာခင်မှာဘဲ အာဒီနဝ ညာဏ်နှင့် နိဗ္ဗိဒါညာဏ်များ ဆက်ပြီး ပေါ်လာတတ်သည်။

အကြောင်းကား ဘယ, အာဒီနဝ, နိဗ္ဗိဒါဉ်ကျမ်းသည် သိတ်ပြီး မကွာခြားလျ၊ အနုစား အလတ်စား, အရင့်စားလောက်သာ ကွဲပြားသောကြောင့် ဖြစ်ရပါသည်။

ဘယဉာဏ်ပေါ်ပြီးနောက် သိတ်မကြာခင် နောက် ဉာဏ်နှစ်ပါး ဖြစ်ပေါ်လာတတ်သည် ဆိုသော်လည်း ပုဂ္ဂိုလ်လိုက်လို့ ဖြစ်ကြသည်။ အချို့မှာ နှစ်ရက်, သုံးရက်ကြာမှ ဖြစ်ပေါ်တတ်သည်။ အချို့ကြတော့လဲ တထိုင်ထဲမှာပင်ပြောင်းပြီး ဖြစ်သွားတတ်သည်။ သေချာစွာ သတိရှိနိုင်မှ သိနိုင်သည်။

ဒီလို တရိပ်ရိပ်နဲ့ ပျက်ပျက်နေတာကို ကြောက်စရာလိုလို ဖြစ်နေစဉ်မှာပင် "မကောင်းဘူး"လို့လဲအပြစ်မြင်လာပြန်သည်။

ဒီခန္ဓာကိုယ်ကြီးကို သာယာဘွယ်ဟု မမြင်တော့ဘဲ အမြဲအနိဋ္ဌာန်ရုံကြီးလို့ ထင်နေပြီး "မကောင်းဘူး၊ မကောင်းဘူး" ဟု အပြစ်မြင်နေတတ်ပေ့သည်။

ဤသို့ ရုပ်နာမ်တရားတို့၏ အပြစ်ကို ရှုမြင်ဓာတ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏–ဟု ဆိုလိုသည်။

သာဓကပါဠိ

ယထာဟိ သောပုရိသော တောနိ သ စ ါ ဌ က ဝနဂဟနာဒီနိ အာဂမ္မ ဘီတော သံဝိဂ္ဂေါ လောမဟဋ္ဌ ဇာ တော သမန္တတော အာဒီနဝမေဝပဿတိ၊ ဧဝ မေဝါ ယံ ယောဂါ ဝစရော ဘဂ်ါနုပဿနာ ဝသေနသဗ္ဗ သင်္ခါရေသု ဘယတော ဥပဋ္ဌိတေသု သမန္တတော

နိရသံ နိရဿာဒံ အာဒီနဝမေဝ ပဿတိ၊ တသော်ဝ ပဿတော အာဒီနဝဉ္စာဏံ နာမ ဥပ္ပဇ္ဇတီဟောတိ။(ဝိသုဒ္ဓိ မဂ္ဂ၊ ဒု၊ ၂၀၄)

အနက်။ ။ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအုံ့။သော ပုရိသော၊ ကြောက်တတ်သော ထိုယောကျားသည်။တောနိ သဝါဇ္ဇက ဝနဂဟနာဒီနိ၊ထိုသားရဲရှိသော တောအုပ် အရှိသည်တို့သို့။ အာဂမ္မ၊ ရောက်လတ်၍။ ဝါ၊ ရောက်သည်ရှိသော်။ ဘီတော၊ ကြောက်သည်ဖြစ်၍။ သံဝိဂ္ဂေါ၊ ထိတ်လန့်သည်ဖြစ်၍။ လောမဟဋ္ဌဇာတော၊ ဖြစ်ပေါ်သော ကြက်သီးမွေးညှင်း ထခြင်း ရှိသည်ဖြစ်၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အာဒီနဝမေဝ၊အပြစ်ကိုသာ လျှင်။ ပဿတိယထာ၊ မြင်သကဲ့သို့။

ဝေဒေမဝ၊ ထို့အတူသာလျှင်။ အယံယောဂါဝစရော၊ ဤအာနာပါနဈာနမဗျဝန်းကို စီးဖြန်း ကြိုးကုတ် အားထုတ်သော ယောဂီသူမြတ်သည်။ ဘင်္ဂါနုပဿနာဝသေန၊ ထုက်လေ, ဝင်လေရှုပ်, မှတ်သိစိတ် ဟူသော သင်္ခါရတို့၏ ပျက်ခြင်းကို ရှုမှတ်သည်၏ အစွမ်းအားဖြင့်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဘယတော၊ ကြောက်ဘွယ်ဟူ၍။ ဥပဋ္ဌိတော သု၊ ထင်လာကြကုန်သော။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတို့၌။ နိရသံ၊ အရသာ မရှိသော။ နိရဿာဒံ၊ သာယာဘွယ် မရှိသော။ အာဒီနဝမေဝ၊ အပြစ်ကိုသာလျှင်။ ပဿတိ၊ ရှုမြင်၏။

ဝေါ၊ ဤသို့ ဆိုအပ်ခဲ့သော နည်းဖြင့်။ ပဿတော၊ ရှုမြင်လေ့ရှိသော။ တဿ ယောဂါဝစရဿ၊ ထိုယောဂီအား။ အာဒီ

နဝဥာဏ်နာမ၊ အပြစ်ကို ရှုမြင်တတ်သော ဥာဏ် မည်သည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ (ဆောင်)အပျက်ကိုပင်၊ အပြစ်မြင်၊ မှတ်လျှင် အာဒီနဝဥာဏ်။

နိဗ္ဗိဒါဥာဏ်

မှတ်သိအလုပ်ကို ဆက်လက် ပွားများနေသော အ ခါ "မကောင်းဘူး"ဟု အပြစ်မြင်ရာမှ ဘော်တော်ကြာဘော့ ခြောက်သွေ့သွေ့ကြီး ဖြစ်ပြီး 'ငြီးငွေ့ဘွယ်ကြီးပါကဲလား"ဟု ထင်လာတတ်သည်။ ထို့ပြင် သာယာဘွယ်ရယ်လို့ ဘာမှမခံ့ ရာဘဲ'အင်း-ခြောက်သွေ့သွေ့ကြီးဘဲ၊ တယ်ပြင်းစရာကောင်းပါ လား'ဟု ထင်နေတာပ်သည်။

နွေကာလမှာ နေပူတဲ့အခါဘုံင် ကွင်းပြင်ကြီးကို ကြည့်ရသလို "ပျင်းစရာကြီး, ငြီးငွေ့စရာကြီးဘဲနော်" ဟု တခါ့တရံမှာ ပါးစပ်ကယောင်ပြီး ရုတ်တရက် ထွက်သွားတတ်သေးသည်။ သို့သော် ဤအခိုက်မှာ ပျင်းရိငြီးငွေ့ဘွယ် ထင်နေသော်လည်း ရှုမှတ်မှုကား မပျက်ခဲ့၊ ထိုအခါယောဂီမှာ တေဘူမ္မကသင်္ခါရ ဌ် ပျော်မွေ့ခြင်းမရှိဘဲ နိဗ္ဗာန်သို့သာ ညွှတ်ကိုင်းလျက် ရှိချေပြီ။ (ငြီးငွေ့ပုံကို ယခင်နိဗ္ဗိဒါဉာဏ်အခန်းမှာ ပြန်ကြည့်ပါ)။

သာဓကပါဠိ

ဝေမယံ ယောဂိဝရဝါရဏော သဗ္ဗသိမ္မိ သင်္ခါရဂတေ နာဘိရမတိ၊ အနုပ္ပါဒေါ ခေမန္တိအာဒိနာ နယေန

ဒိဋ္ဌေသန္တိပဒေယျေ အဘိရမတိ၊ တန္နိန္နတမ္ပေါ်ကာ တမ္ပဲ ဗ္ဘဒ္ဒရ မာနသော ဟောတိ။

(ဝိသုဒ္ဓိမဂ်၊ ၃-၂၈၈)

အနိုက်။ ။ဝေ၊ ဤအတူ။ အယုံယောဂိဝရစါရကော၊ ဤ ယောဂီဆင်မြတ်သည်။ (ဝါ) ဆင်မြတ်နှင့် တူသော ယောဂီသူမြတ်သည်။ ဆဗ္ဗသိမ္မိ၊ အလုံးစုံလည်း ဖြစ်သော။ သခ်ါရဂတေ၊ သခ်ါရတရားအပေါင်း၌။ နာဘိုရမတိ၊ မမှေ့လျော်, မပျော်ပိုက်ချေ။

အနုပ္ပါဒေါ၊ နောက်ထပ်၍ မဖြစ်တော့ပြီ၊ ခေမံ၊ ဘေးမရှိ, အလွန်အေးမြ၏။ ဣတိအာဒီနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ဒီဋ္ဌေ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော။ သန္တိ ပဒေယျေ၊ အလုံးစုံသော သခ်ါရတို့ ငြိမ်းရာ အမြိုက်နိဗ္ဗာန်၌ သာလျှင်။ အဘိုရမတိ၊ မှေ့လျော် ပျော်ပိုက်၏။ တန္နိန္နေ၊ ပ။ မာနသော၊ ထိုနိဗ္ဗာန်၌ ညွှတ်သော, ကိုင်းဆောက်, ရှိုင်းသောစိတ် ရှိသည်။ ဟောတိ၊ ဖြစ်၏။

(ဆောင်) အပျက်ရှုတာ၊ ငြီးငွေ့ရှာ၊ မှတ်ပါ နိဗ္ဗိဒါဉာဏ်။

၀

၉

မုစ္စိတုကမ္မတာဉာဏ

ထွက်လေ, ဝင်လေနှင့် မှတ်သိစိတ် စသော ရုပ်, နာမ် ဓမ္မ သခ်ါရတို့ကို အပြစ်မြင်ပြီး ငြီးငွေ့လာသောအခါ တော်တော် ကြာတော့ ထိုငြီးငွေ့ရာမှ လွတ်ချင်လာတတ်သည်။ နိဗ္ဗိဒါဉာဏ် ရင့်သန်လေလေ မုစ္စိတုကမ္မတာဉာဏ်ဘက် နီးလေလေပင် ဖြစ်

ယောဂီအား။ မုစ္ဆိတုကမျှတာဥာဏ်၊ မုစ္ဆိတုကမျှတာဥာဏ်သည်။ ဥပဇ္ဈတိ၊ ဖြစ်ပေါ်လာ၏။

မျှော်စင်ကြီးနဲ့တူ

ထိုပြင် ဘဝ်ဥာဏ်မှစပြီး သခ်ါရတရားတို့၏ အပျက်ကိုသာ မြင်တွေ့နေရသော ယောဂီသန္တာန်မှာ "ဒုါတွေ့ အားလုံးဟာ သခ်ါရဒုက္ခဆိုတဲ့ ဆင်းရဲတွေချည်းဘဲ၊ ဒီ သခ်ါရဒုက္ခတို့မှ လွတ်ရာဖြစ်တဲ့အရပ်ဟာ နိဗ္ဗာန်ဘဲဖြစ်ရမည်-ဟု စဉ်းစားမှု ပေါ်လာတယ်" ထို့ကြောင့် ဒုက္ခတို့ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို တကယ်လိုချင်လာတတ်သည်။

တရားအားမထုတ်ခင်တုန်းကတော့ "နိဗ္ဗာန်ကို မြို့ကြီး,ပြကြီးလိုလို, ဘုံနန်းပြဿဒ်ကြီးလိုလို ထင်ခဲ့မိသည်။ ထို့ပြင် ဟိုရောက်တော့လဲ အခြေအရံတွေနဲ့ တပျော်တပါးကြီး နေရလိမ့်မည်" ဟု ထင်ပြီး လိုချင်ခဲ့ခြင်း ဖြစ်သည်။

ယခုလိုချင်တာကတော့ ဒီလို မဟုတ်ဘူး၊ ဖြစ်ပျက်နေတဲ့ သခ်ါရဒုက္ခတွေ လုံးဝမရှိတာကို လိုချင်ခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိ သွားရမည့်အရပ်ကို မျှော်စင်ကြီးပေါ်မှ နေပြီး မျှော်ကြည့်လိုက်သလို ဒီဥာဏ်မှနေပြီး နိဗ္ဗာန်ကို မျှော်ကြည့်နေသည်နှင့် တူသည်ဟု ဆိုကြသည်။

(အခ်ကျယ်ကို ဝိသုဒ္ဓိအခန်း၌ ပြန်ကြည့်ပါ။)

(ဆောင်) သခ်ါရမျိုး၊ တရားဆိုးမှ၊ လွတ်လိုလျှ၊ မှတ်ပ
မုစ္ဆိတုကမျှတာဥာဏ်။

ပဋ္ဌိသခ်ၫာဏ်

အဝေးမှ နိဗ္ဗာန်ကိုလှမ်းကြည့်ပြီး လက်ရှိ သခ်ၫာရ ဒုက္ခမှ လွတ်ချင်နေသော(မျှော်စင်ကြီးနဲ့တူသော)မုစ္စိတုကမျှတာဉာဏ်မှာ တဆင့်တိုးတက်ရန်အတွက် အနိစ္စ, ဒုက္ခ, အနတ္တ - အချင်းအရာအားဖြင့် ထင်ရှားအောင် ဖြစ်ဆဲ သခ်ၫာရကိုပင် တဖန်ပြန်ပြီး ရှုမှတ်ရသေးသည်။ ထို တဖန်ပြန်ပြီး ရှုမှတ်သော ဉာဏ်သည် ပဋ္ဌိသခ်ၫာဏ် မည်၏။

ဆိုလိုရင်းကား သခ်ၫာရဒုက္ခတို့မှ လွတ်ချင်တာက မုစ္စိတုကမျှတာဉာဏ် မည်၏။ တ်ကယ်လွတ်အောင် တဖန် ပြန်ပြီး ရှုမှတ်အားထုတ်နေတာက ပဋ္ဌိသခ်ၫာဏ်မည်၏-ဟု ဆိုလိုသည်။ ထို့ကြောင့် လွတ်ချင်တဲ့ (မုစ္စိတုကမျှတာ) ဉာဏ်နဲ့ လွတ်အောင် တဖန် ပြန်ပြီး ရှုမှတ်အားထုတ်မှု (ပဋ္ဌိသခ်ၫာ)ဉာဏ်ဟာ ကာလကြာအောင် ဆိုင်းနေလို့ မဖြစ်, တဆက်ထဲပင် ဖြစ်သင့်သည်။

ဒုက္ခဝေဒနာ တိုးလာ

ထို့သို့ ဆက်လက်ပြီး ရှုမှတ်အားထုတ်နေတဲ့ ဖဋ္ဌိသခ်ၫာဉာဏ်အခိုက်မှာလဲ ဒုက္ခဝေဒနာများသည် ရှေးစာနှင့်မတူဘဲ တိုးပြီး ထင်ရှားစွာ ဖြစ်ပေါ်လာတတ်သေးသည်။ ယောဂီအနေနဲ့ကား "သူဖြစ်ချင်သလို ဖြစ်နေတဲ့ အနတ္တ တရားတွေဘဲ, အစိုးမရတဲ့ စာရားတွေဘဲ" ဟု သဘောထားပြီး ရှုမှတ်မှုကိုသာ ဆက်လက်လုပ်သွားသင့်သည်။

ပဋ္ဌိသခ်ၤဥာဏ် သဘောပြပါဠိ

ဧဝမယံ ယောဂါဝစရော တိလက္ခဏာရောပနေန သခ်ၤါ ၄ရအာဝိဋ္ဌိတ္ဌာ ဒုဗ္ဗလေ ကတ္ဌာ ပုန နိစ္စ သုခ သုဘ အတ္တာ ကာရေန ဥပဋ္ဌာတုံ အသမတ္ထတံ ပါပေတ္ဝာ သုမုတ္တံ မုစ္စတိ၊ တေနဝုတ္တံ မုစ္စနသဒ္ဒ၊ ပါယသမ္ပဝဒနတ္ထံ ဧဝံ ပရိဂ္ဂဏ္ဏာတိတိ။ ဧတ္တာ ဝတာ တသ ဥပ္ပဇ္ဇံ ဟောတိ ပဋိသခ်ၤဥာဏံ။

(ဝိသုဒ္ဓိမဂ်၊ ဒု-၂၉၀)

အနက်။ ။ဧဝံတထာ၊ ထိုအတူ။ အယံယောဂါဝစရော၊ ဤ ယောဂါဝစရ ပုဂ္ဂိုလ်သည်။ တိလက္ခဏာ ရောပနေန၊ လက္ခဏာသုံးပါးသို့ တင်သဖြင့်။ သခ်ၤါရေ၊ တောဘုမ္မ ကသခ်ၤါရတရားတို့ကို။ အာဝိဋ္ဌိတ္ဌာ၊ အပတ်ပတ်မှီ၍။ (ရှေး နိဿယ)။ (ဝါ) ဆဲပြီးဆန့်၍။ (ဝါ) ဆဲရမ်း၍။ ဒုဗ္ဗလေ၊ အားနည်းသည်တို့ကို။ (ဝါ) အားနည်းအောင်။ ကတ္ဌာ၊ ပြု၍။ ပုန၊ တဖန်။ နိစ္စ သုခ သုဘအတ္တာ ကာရေန၊ မြဲသော အချင်း အရာ, ချမ်းသာသော အချင်းအရာ, တင့်တယ်သော အချင်းအရာ အစိုးရသော အချင်းအရာဖြင့်။ ဥပဋ္ဌာတုံ၊ ထင်ခြင်းငှာ။ အသ မတ္ထတံ၊ မစွမ်းနိုင်သည်၏အဖြစ်သို့။ ပါပေတ္ဝာ၊ ရောက်စေ၍။ သုမုတ္တံ မုစ္စတိ၊ ကောင်းကောင်းကြီး လွတ်လေ၏။ တေန၊ ထို, ကြောင့်။ မုစ္စနသဒ္ဒ၊ ပ။ ပရိဂ္ဂဏ္ဏာတိတိ၊ ဟူ၍။ ဝုတ္တံ၊ ဟော တော်မူအပ်၏။

တွေ့ကြုံ၀တာ၊ ဤ ဆိုအပ်ခဲ့သော သခ်ၤါရတရားတို့ကို အနိစ္စ စသော အချင်းအရာဖြင့် ဆင်ခြင်သောအားဖြင့်။ စာသရောဂါ ၀စရသ၊ ကမ္မဋ္ဌာန်းကိုအားထုတ်သော ထိုယောဂိအား။ ပဋိ သခ်ၤါဉာဏ်၊ သခ်ၤါရတရားတို့ကို တဖန်ရှုမှတ်သော ပဋိသခ်ၤါဉာဏ် သည်။ ဥပပ္ပန်၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။

(ကျန် အဓိပ္ပာယ်များကို ဝိသုဒ္ဓိအခန်း၌ ပြန်ရှုပါ)
(ဆောင်) သခ်ၤါရကို တဖန်ပြန်ရှု၊ မှတ်သိပြု၊ ခေါ်မူ
ပဋိသခ်ၤါဉာဏ်။

သခ်ၤါရပေက္ခာဉာဏ်

သခ်ၤါရတရားတို့ကို အထူးကြောင့်ကျမစိုက်ရဘဲ (လျစ်လျူ ရှုကာ)အမှတ်မထင် ရှုမှတ်နိုင်သော ဉာဏ်သည် သခ်ၤါရပေက္ခာ ဉာဏ် မည်၏။

မှန်ပေသည်။ ပဋိသခ်ၤါဉာဏ်တုန်းကတော့ အာရုံပေါ်လာ အောင် ကြောင့်ကျစိုက်နေရသည်။ ပေါ်ပြီး အာရုံကိုလည်း လွှတ်ထားလို့ မရ၊ ကြောင့်ကျစိုက်ပြီး ရှုမှတ်နေရသည်။ လျစ် လျူရှုထားလိုက်ယင် မှတ်သိမှုဟာ ပျောက်,ပျောက်သွားတတ် သည်။ ဤ သခ်ၤါရပေက္ခာဉာဏ်ရောက်တော့ အထူး ကြောင့်ကျ မစိုက်ရတော့ဘဲ အာရုံများဟာ တခုပြီးတခု ပေါ်နေတော့ သည်။ ပဋိသခ်ၤါဉာဏ်တုန်းကလောက် မလေးဘူး၊ ပေါ့ပေါ့ ပါးပါး, သွက်သွက်လက်လက်ရှိတတ်သည်။

အောက်ဥာဏ်များကဲ့ အမှုအရာတွေအားလုံးပျောက်

ထို့ပြင် အောက်,အောက်ဥာဏ်များမှာ သီးခြားဖြစ်ခဲ့တဲ့ အမှုအရာများဟာ ဤသင်္ခါရပေကွာဥာဏ်မှာ ဖြစ်ပေါ်မလာတော့ဘူး၊ ဆိုလိုတာက ဘယဥာဏ်တုန်းက ကြောက်စရာလို့ တွေးပြီး ကြောက်စရာဟု ထင်မှတ်နေတာ, အာဒီနဝဥာဏ်မှာလဲ မကောင်းဘူးဟု အပြစ်မြင် နေ တာ, နိဗ္ဗိဒါဥာဏ်တုန်းမှာလဲ ခြောက်သွေ့သွေ့ကြီးဖြစ်ပြီး ငြီးငွေ့နေတာ, မုစ္စိတုကမျတာဥာဏ်မှာလဲ လွတ်မြောက်ရေးတွေးပြီး လွတ်မြောက်ချင်နေတာ, ပဋိသင်္ခါဥာဏ်မှာလဲ လွတ်မြောက်အောင် အထူးကြောင့်ကျမှုပြုနေတာတွေဟာ ဖြစ်ခဲ့ကြပေမဲ့ ဤ သင်္ခါရပေကွာဥာဏ် ရောက်တော့ အဲဒီ ကြောက်တာ,အပြစ်မြင်တာ,ငြီးငွေ့တာ,လွတ်ချင်တာ,အထူး ကြောင့်ကျစိုက်ဘာတွေဟာ ဘာမှ မဖြစ်ပေါ်လာတော့ဘူး၊ အကုန်လုံး ကင်းပြိမ်းနေတတ်တယ်။ သို့သော် အပျက်မြင်တာကတော့ ပိုပြီး ထင်ရှားလာသည်။

အဌကထာမှာ "ဘယဉ္စ နန္ဒိဗ္ဘဝိပ္ပဟာယ" ပဓာန နည်း-ဟု ဆိုထားသောကြောင့် "ဘယဥာဏ် တပါးတည်း ဖြစ်လျှင်ပင် သင်္ခါရပေကွာဥာဏ် ဖြစ်နိုင်ပြီ" ဟု ထင်တတ်ကြသည်။ သို့ပေမဲ့ ကြောက်ခြင်းတမျိုးနဲ့တော့ သင်္ခါရပေကွာဥာဏ် မဖြစ်နိုင်သေးပါ။ အာဒီနဝ,နိဗ္ဗိဒါ,မုစ္စိတုကမျတာ,ပဋိသင်္ခါ-ဆိုတဲ့ ဒီဥာဏ်များရဲ့ အချင်းအရာတွေအားလုံးတင်းမှသာလျှင် သင်္ခါရပေကွာဥာဏ် ဖြစ်တတ်သည်– ဟု မှတ်သင့်သည်။ အဌကထာ၌ကား ပဓာနနည်း, နိဒဿနနည်းအရသာ ပြဆိုထားခြင်း ဖြစ်သည်။

ဂုဏ်ခြောက်မျိုး

ဤ သခ်ၸါရပေကၽွာဥာဏ်မှာ အညီအမျှရှိနိုင်တဲ့ သတ္တိ(ဂုဏ်) သုံးမျိုးနှင့် ထူးခြားတဲ့ သတ္တိ(ဂုဏ်)သုံးမျိုး ရှိသည်။ ထို တွင်—

၁။ ကြောက်ခြင်း, နှစ်သက်ခြင်းမှစင်းတဲ့ ဂုဏ်၊
၂။ ချမ်းသာ, ဆင်းရဲ ညီမျှအောင်ရှိနိုင်တဲ့ ဂုဏ်၊
၃။ ကြောင့်ကျမှုမပြိုရဘဲ လွယ်လွယ်လေးရှိနိုင်တဲ့ဂုဏ်—

ဟု အညီအမျှရှုဆ ဒ္ဓ သတ္တိသုံးမျိုး သိရှိထားရမည်။

ခဲ့ညီးအံ့

(၁) သခ်ၸါရပေကၽွာဥာဏ် ရောက်သောအခါ၌ ကြောက်ခြင်းလဲ ကင်းသည်၊ သာယာနှစ်သက်ခြင်းလဲ မရှိတော့ဘူး၊ မိမိရှုမှတ်နေတဲ့ အာရုံအပေါ်မှာရော, ရှုမှတ်နေတဲ့ စိတ်အပေါ်မှာရော မချစ်, မမုန်း အလယ်အလတ်ထားပြီး ညီညီမျှမျှ ရှုမှတ်နိုင်ပေသည်။ ဆို, ကြောင့်—

ဘယဗ္ဗ နန္ဒိဗ္ဗဝိပ္ပဟာယ သဗ္ဗသခ်ၸါရသု
ဥဒါသိနော ဟောတိ မဇ္ဈတ္တော — ဟု အဋ္ဌကထာ
(ခု-၂၉၄)ဆရာက မိန့်ဆိုခြင်း ဖြစ်သည်။

အနက်။ ။ဘယဗ္ဗ၊ လောက, သဘာဝ နှစ်ဌာနအားဖြင့် ကြောက်ခြင်းကိုလည်းကောင်း။ နန္ဒိဗ္ဗ၊ သာယာနှစ်သက်ခြင်းကိုလည်းကောင်း။ ဝိပ္ပဟာယ၊ ပယ်ရှား၍။ သဗ္ဗ သခ်ၸါရေသု၊ မိမိရှုမှတ်နေဆဲ စောဘူမက သခ်ၸါရတရားတို့၌။

ဥဒါသိနော၊ လျှစ်လျှူရှုသည်။ မဇ္ဈတ္တော၊ ကြောင့်ကျ မစိုက်သည်။ ဟောတိ၊ ဖြစ်၏။

(ဆောင်) ကြောက်ခြင်းကင်းကွာ၊ နှစ်သက်တာ၊ ဘယ်ဟာ မရှိပြီ။

(၂) ချမ်းသာတာဘဲဖြစ်ဖြစ်, ဆင်းရဲတာဘဲဖြစ်ဖြစ်၊ ဝမ်းသာခြင်း, စိတ်ဆိုးခြင်းမရှိဘဲ လျှင်လျှူရှုကာ အသိအမှတ်ထား လျက် ရှုမှတ်နေနိုင်သော သတ္တိလည်း ရှိပေသည်။

မှန်ပေသည်။ အလွန် လှုပ်တက်တယ်သည့် ရူပါရုံကို ဖြင်စေ, မိမိကြည့်ချင်သည့် အာရုံတမျိုးမျိုးကိုဖြစ်စေ ကြည့်ရှု တွေ့မြင်ရ သော်လည်း ဝမ်းမြောက် သာယာခြင်းလည်း မရှိ။ မမြင်ချင် တာတွေ့ မြင်ပြင်းကပ်စရာ, ကြောက်စရာ, ရှုံ့စရာ အာရုံတွေ့ကို တွေ့သော်လည်း နှလုံးမသာခြင်း, ကြောက်လန့်ခြင်း, စက်ဆုတ် ရွံ့ရှာခြင်း မရှိချေ။

ထို့ကြောင့် "နေဝသုမနော ဟောတိ နဒုမ္မနော၊ ဥပေက္ခကော စ ဟရတိ သတောသမ္ပဇာနော"-ဟု ဘုရားသခင် ဟော တော်မူခြင်းဖြစ်သည်။

အနက်။ ။(စက္ခုနော၊ မျက်စိဖြင့်။ ရူပံ၊ လှုပ်တက်တယ် ရှုချင်ဘွယ်ကောင်းသောအဆင်းအာရုံကို။ ဒိဿွာ၊ မြင်ရသည်ရှိသော်။ (ဝါ) မြင်ရခြင်းကြောင့်)။ သုမနော၊ နှစ်သက်ရှင်လန်း, ဝမ်းမြောက်သည်။ နေဝဟောတိ၊ မဖြစ်။

(ရူပံ၊ အော့အန်ချင်ဘွယ်၊ မတင့်တယ်သော အဆင်းအာရုံ ကို။ ဒိဿွာ၊ မြင်သည်ရှိသော်။ ဝါ၊ မြင်ခြင်းကြောင့်။)ဒုမ္မနော၊

နှလုံးမသာယာသည်။ နဟောတိ၊ မဖြစ်ဘူး။ဥပေက္ခကော၊ လျစ်လျူ။ရှုသည်ဖြစ်၍။ ဝါ၊ အညီအမျှ ရှုနိုင်သည်ဖြစ်၍။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍။ ဝါ၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဆောင်) ချမ်းသာဆင်းရဲ၊ တူညီတဲ့၊ အမြဲရှုပေသည်။

၃။ သခ်ါရုပေက္ခာဥာဏ် မရောက်ခင် အောက်အောက် ဉာဏ်တွေ့တုန်းကဆိုရင် အာရုံပေါ်လာအောင် ကြောင့်ကျစိုက်နေရသည်။ ဤဉာဏ်ရောက်တဲ့အခါကျတော့ အာရုံပေါ်လာမှုဘဲဖြစ်ဖြစ် အထူးကြောင့်ကျစိုက်ရန်မလို၊ သူ့အလိုလို ပေါ်လာနေတတ်သည်။ကြောင့်ကျမစိုက်ရပေမဲ့ အားထုတ်မှုကျတော့လဲ လျှော့နည်းမသွားဘူး၊ အလယ်အလတ် ညီမျှပြီး ရှုမှတ်မှုဟာ ပေါ်ပေါင်းနေမြဲပင်။

သို့သော် အစဆုံး ဦးတည်မှုကိုတော့ အားထုတ်ပေးရသည်။ အစဦးတည်မှု ရှုမှတ်ပေးလိုက်ယင် အာရုံပေါ်မှုပါ သူ့အလိုလို ဖြစ်ပေါ်နေတော့သည်။ အထူးအားထုတ်မှု မလိုတော့ပါ။

ဥပမာ–ထမ်းပိုးထမ်းညီညီ ရှန်းချိသွားနေသော လှည်းကို မောင်းနှင်သော လှည်းသမားသည် နွားနှစ်ကောင်က သူတို့ဟာ သူတို့ မှန်မှန်သွားနေတော့ ဘယ်နွားကိုမှ မောင်းဘို့လည်း မလို၊ ဆွဲထားဘို့လည်း မလိုဘဲ လှည်းပေါ်က အသာကလေး ခပ်ပြီး လိုက်သွားရသကဲ့သို့တည်း။

ထို့ကြောင့် "သခ်ၢါရ ဝိစိနနေ မဏ္ဍတ္ထံဟူတ္ဝာ" ဟု အဋ္ဌကထာ မိန့်ဆိုခြင်း ဖြစ်သည်။

(ဆောင်) ကြောင့်ကျမပြု၊ မှတ်ရှုမှု၊ သခ်ၢါရဉာဏ်သုံးလီ။

ထို့ပြင် အခြားဉာဏ်များထက် ထူးခြားသည့် သတ္တိများ လည်း ရှိပေသေးသည်။ ထိုသုံးပါးတို့ကား—

၁။ ကြာရှည်စွာ စာည်နေနိုင်ခြင်း,

၂။ ကြာလေ သိမ်မွေ့လာခြင်း,

၃။ တခြား အာရုံများသို့ မပြန့်လွင့်ခြင်း-တို့ ဖြစ်ကြ သည်။

ထိတင်—

(၁) အောက်အောက် ဉာဏ်တွေတုန်းက ရှုမှတ်မှုသည် ကြာကြာမတည်နိုင်ဘူး၊ ဘယ်လိုပင် အမှတ်ကောင်းနေသော် လည်း အခြားအာရုံတမျိုး ဝင်လာယင်ပျက်သွားစာဘဲ၊ ကြာ ကြာမခံဘူး၊ ဒီသခ်ၢါရပေကွာ ဉာဏ်မှာတော့ ၁၅-မိနစ်၊ ၂၀-မိနစ်မှစ၍ တနာရီ, တနာရီခွဲလောက် ကြာအောင်ပင် တည်နေ နိုင်လေသည်။ တချို့များ နှစ်နာရီ သုံးနာရီလောက်ပင် ဝိပဿနာဉာဏ် တစဉ်တတန်းကြီးတည်နေနိုင်သည်-ဟု ပြောသံ ကြားဘူးသည်။ ကျင်နာ ကိုက်ခဲမှုများလုံးဝမရှိ၊ ဣရိယာပုထ် လည်း ပြောင်းလဲမှုမရှိဘဲ ပက်တိုအတိုင်း တည်နေနိုင်ပေသည်။ အချိန် ကုန်မှန်းမသိ ကုန်သွားတတ်သည်။ ထိုအခါ ယောဂီ၏ စိတ်ထဲကတော့ "အချိန်ကလဲ ကုန်လွယ်လိုက်တာ" လို့တောင် ထင်တတ်သည်။(လက်တွေ့လုပ်ကြည့်မှါ။)

(ဆောင်) ကြာရှည်စွာဘဲ၊ တည်နိုင်မြဲ၊ ထူးကဲဂုဏ်သတ္တိ။

၂။ ရှုမှတ်မှု ကြာလေ ကြာလေ ဤသင်္ခါရပေကွာဒဿာဏ်သည် သိမ်မွေ့လာလေတဲ့၊ အခြားဒဿာဏ်များနှင့် နှိုင်းစာရင် အလွန်သိမ်မွေ့တဲ့ဒဿာဏ် ဖြစ်ပေသည်။ဒါပေမဲ့ ဖြစ်ခါစမှာတော့ မသိမ်မွေ့သေးဘူးပေါ့၊ အာဝဇ္ဇနလေလေ တဖြည်းဖြည်းသိမ်မွေ့လာလေတဲ့၊ ဥပမာအားဖြင့် ဆန်အမှုန့်တွေကို ဗန်း (ဆန်ကော)နဲ့ ဝိုင်းပြာတီးလိုက်တဲ့အခါ အဖြူန်းတွေ အကြွမ်းတွေ ခါချလိုက်တော့ အမှုန့်ကလေးများဟာ တဖြည်းဖြည်း နူးညံ့သိမ်မွေ့လာသလိုပင်တည်း။

မှန်ပေသည်။ တရက်, နှစ်ရက်, သုံးရက် စသည်ဖြင့် ရှုမှတ်ဖန် များလာခဲ့သော် တွေ့ထိမှုအာရုံနှင့် မှတ်သိမှုစိတ်များသည် အေးကဲနဲ့, နွေးကနဲ့ နူးနူးညံ့ညံ့လေး ထိထိသွားတတ်သည်။ နှာခေါင်းဝကို ဝါဂွမ်းဖြင့် တို့ကြည့်ပါမှ အသက်ရှူမှန်း သိရတော့သည်။ ဤသည်ပင် သင်္ခါရပေကွာဒဇာ၏ ဒုတိယ သတ္တိထူးပေတည်း။

(ဆောင်) စာလကြာ၍၊ ထိုဥာဏ်တွေ့၊ သိမ်မွေ့လှလေသည်။

(၃) အောက်ဥာဏ်များ တုန်းကဆိုယင် စိတ်တွေ့ စာခြားအာရုံကို မသွားအော့ဘင် အထူးကြောင့်ကျစိုက်ပြီး ထိန်းသိမ်းထားရသည်၊ ဒီလိုဂရုစိုက်ပြီး ရှုမှတ်နေတာတောင် စိတ်ကတခြားကို ထွက်သွားတတ်သေးသည်။ ခုတော့ မထိန်းရဘဲနဲ့ သူ့ဟာသူ တည်ငြိမ်ပြီး နေနိုင်သည်။

မပြန့်လွင့်။ ။ရှေးတုန်းက ကိုယ် ကြိုက် တစ်တဲ့ အာရုံများကိုတောင် စိတ်ကူးပြီး ပိုကြည့်တစ်

တယ်။ ဒါပေမဲ့ ကြာကြာမသွားဘူး၊ ခဏတဖြုတ်ဆို ရှုမှတ်မြဲ ရှုမှတ်နေတာဘဲ၊ အဲဒါကို "နသမ္ပသာရိယတိ" (မပြန့်လွင့်ဘူး) လို့ ဆိုခြင်းဖြစ်သည်။

ကိုယ်ကြီးပါပျောက်။ ။ဒီသခ်ါရုပေ ကွာဉာဏ် အားကောင်းလေလေ တွေ့ထိမှုဟာ သိမ်မွေ့လေလေပင်။ တကယ်အားကောင်းလာပြီဆိုယင် နောက်ဆုံးကျတော့ ကိုယ်ကြီးပါပျောက်ပြီး ထိမှုလဲ ပေါ်မလာလို့ ဘာမှ မှတ်စရာ မရှိသလို ဖြစ်နေတတ်သည်။ သို့သော်လည်း သိနေတဲ့ စိတ်ကလေးကတော့ ထင်ရှားစွာပုံ ဖြစ်နေပါသည်။ အလွန် ကြည်လင်နေတဲ့ ကောင်းကင်ကြီးထဲမှာ အင်မတန်ကြည်လင်နေတဲ့ စိတ်ကလေးတခုဘဲ ကျန်နေတော့သည်။ ထိုစိတ်ကလေးရဲ့ ကြည်လင်မှုဟာ နှိုင်းယှဉ်ပြီစရာ မရှိသလောက်ပင် ကြည်လင်လှပေသည်။

သို့သော် အမျှားနှားလည်အောင် ပြောရယင် ကောင်းကင်တိမ်ပြာအတွင်းမှာ ဖွေးဖွေးဖြူနေသော ဗျိုင်းဖြူကလေးတကောင်ပျံဝဲနေသည့်အခါ ထင်ရှားစွာ မြင်ရသလို ထိုစိတ်ကလေးဟာ ပေါ်လွင်ထင်ရှားစွာ တည်နေသည်ကို မြင်နေရပါသည်။ ဒါပေမဲ့ အဲဒီစိတ်ကလေးဟာ မြဲနေတာတော့ မဟုတ်ဘူး၊ သီပြီးယင်း ပျောက်သွားယင်းနဲ့ တစိတ်ပြီးတစိတ် ပြတ်သားစွာ ပေါ်နေတတ်ပေသည်။

'နသမ္ပသာရိယတိ'ပင်။ ။ဤကဲ့သို့ စိတ်ကလေး တခုထဲ ကြည်လင်ပြီး ချမ်းသာစွာ ဖြစ်

နေတဲ့အခါမှာ တခြားဘဝအာရုံကို ပြန့်စရာမရှိတဲ့အတွက် (နသမ္ပဲ သာရိယတိ)ပြန့်လို့မရတဲ့ ကိစ္စဘာမျိုးလို့ပင် ဆိုနိုင်ပေသည်။ အာရုံတမျိုးထဲမှာ တည်နေမှု အလွန်ထင်ရှားလှပေသည်။

အန္တရာယ်တမျိုး။ ။ဒီလို ကြည်လင် ချမ်းသာနေတဲ့ စိတ်ကလေးကို ယောဂီက သာယာနေ တတ်သေးသည်။ ဒီလိုသာယာမှုမျိုးကို "ဓမ္မရာဂ-ဓမ္မနန္ဒိ" လို့ ဒေသနာတော်မှာ ဟောထားခြင်း ဖြစ်ပါသည်။ ဒီလို သာယာနေယင်လဲ အထက်ဉာဏ်များကို မဲ့တိုးတက်နိုင်တော့ဘဲ ဖြစ်နေ တတ်သဖြင့် အန္တရာယ်တမျိုးပင် ဖြစ်ပေသည်။ ထို့ကြောင့် ဒီလို သာယာမှုမျိုးကိုလဲ လက်ခံမထားရဘူးတဲ့။

(ဆောင်) အာရုံတခြား၊ ပြန့်မသွား၊ ထူးခြားဂုဏ်သတ္တိ။

ဤကား သင်္ခါရုပေက္ခာဉာဏ်၌ အညီအမျှရှုတတ်တဲ့ ဂုဏ်သုံးမျိုးနှင့် ထူးခြားတဲ့ ဂုဏ်သုံးမျိုး-ပေါင်း ခြောက်မျိုး ဖြစ်ပေသည်။ (အလွန် အရေးကြီးသည်။ အကြိမ်ကြိမ်ဖတ်ပါ။)

ကိုယ့်ကိုယ်ကို စစ်ကြည့်ပါ။ ။သင်္ခါရုပေက္ခာဉာဏ် ဖြစ်ဘူးခဲ့တဲ့ယောဂီမှန်ယင် ဆိုခဲ့ပြီး ဂုဏ် ၆-မျိုးကို တွေ့ဘူးရမည်။ ထို့ကြောင့် မိမိမှာ ဒီဂုဏ် ၆-ပါးနှင့် ပြည့်စုံတဲ့ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ဘူးပြီလား, မဖြစ်သေးဘူးလား ဆိုတာ ကိုယ့်ကိုယ်ကို ကိုယ်တွေ့နှင့် တိုက်ဆိုင်ကြည့်တတ်ရမည်။ (စာပေအတွေ့အကြုံ ဗဟုသုတမရှိသူများမှာ ဘယ်ပုံဘယ်နည်း ဝေဖန်တတ်မည်နည်း၊ ထင်မိထင်ရာ ပေါက်ကရတွေ ပြောနေကြမည်သာ ဖြစ်ပေမည်။)

အရေးအကြီးဆုံးဉာဏ်။ ။မှန်ပေသည်။ ဤသခ်ာရုပေကွာ ဉာဏ်**ကား** ဝိပဿနာ ဉာဏ်ထဲမှာ အရေးအကြီးဆုံးဉာဏ် ဖြစ်ပေသည်။ ဒီဉာဏ် အချိုးကျကျ ဖြစ်မှ အထက်ဉာဏ်များသို့ တက်နိုင်သည်။ ဒီဉာဏ်ဟာ ပုံမှန် အနေအထားနဲ့ ဖြင့်မလာသေးဘူးဆိုလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဆိုတာ ဖြစ်ရိုးထုံးစံ မရှိဘူး၊ ထို့ကြောင့် ဒီ သခ်ာရုပေကွဲဉာဏ် အချိုးကျကျဖြစ်လာဘို့ အလွန် အရေးကြီးလှပေသည်။

ပုံမှန်အနေအထား အချိုးကျကျ ဖြစ်လာရမည်- ဆိုတာက ယခင်ပြဆိုခဲ့ပြီးတဲ့ ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံမှုပင် ဖြစ်ပေသည်။ အချိုယောဂီများမှာ ဒီဉာဏ် အချိုးကျကျပေါ်လာတာတောင် တက်လိုက်, ကျလိုက် ဖြစ်နေလို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ဇောတ်ဇောတ်နဲ့ (ရုတ်တရက်) မရောက်နိုင်ဘဲ တစ်ဆို့နေတတ်သေးသည်။

အတက်,အကျဆိုတာ။ ။ဒီဉာဏ်အချိုးကျကျ ပုံမှန် အနေ**အထားအတိုင်း**ဖြစ်နေတဲ့အခါမှာ ရှုမှတ်မှုဟာ သွက်လက် လျင်မြန်ပြီး အထူး ကောင်းမွန်နေတတ်သည်။ ဒီလို အဆူးဖြစ်ပေါ်လာပြန်တော့လဲ ယောဂီက "နောက်ဘယ်ပြီး ဘာများဖြစ်ဦးမှာလဲ" ဟု စိုးရိမ်မှုနဲ့ စဉ်းစားနေတတ်သည်။ ထို့ပြင်-

(၁) ကြောက်လန့်ပြီး ရှုမှတ်မှုကို လျော့လိုက်ဘတ်ခြင်း၊

(၂) လုပ်ပုံ မမှန်သေးဘူးထင်ပြီး ပြင်လိုက်တတ်ခြင်း၊

(၃) တရားထူးတော့ ရတော့မှဿဘဲ-ဟု စမ်းမြောက်တတ်ခြင်း၊

(၄) ဆထက်တံပိုး တိုးပြီး အားထုတ်တတ်ခြင်းများ ဖြစ်ပေါ်လာတတ်ပေသည်။

ဆိုခဲ့သည့်အတိုင်း စိုးရိမ်မှုကြောက်ပြီး လုပ်ငန်းလျော့ပေးမှု စသည်တို့ကြောင့် ဝိပဿနာ၏အန္တရာယ် ဖြစ်ပေါ်လာတတ်ပြန်သည်။ ဤသို့ အားထုတ်လိုက်, ပြန်ပြီး လျော့ကျလိုက်ဖြင့် အတက်,အကျ ဖြစ်နေတတ်ပေသည်။

ကျီးငှက် ဥပမာ။ ။ဤနေရာမှာ "ဒီသာကာက" ကျီးငှက် ဥပမာကို ယခင်က ပြဆိုပြီး ဖြစ်သော်လည်း အဌကထာက ဖွင့်ဆိုလာပြန်သဖြင့် ထင် ရှား အောင် ပြဆိုဦးအုံ့။

ရှေးတုန်းက ပင်လယ်ကူးသင်္ဘောတွေမှာ (ယခုခေတ်လို) ဒီဂရီအတိုင်းအတာ (တောင်, မြောက်)မရှိသေးတော့ လေမုန်တိုင်းမိပြီး လွင့်ချင်ရာ လွင့်သွားတဲ့အခါမှာ ဘယ်ဆီရောက်သွားမှန်း မသိဘူးပေါ့။ ထိုအခါ အဆင်သင့်ယူလာသည့် ကျီးငှက်ကို လွှတ်ကြည့်ကြရသည်။ အဲဒီ ကျီးငှက်ကလဲ အရပ်ရှစ်မျက်နှာ ပြန်ပြီး ကြည့်ရှု လမ်းစကို မမြင်ရတဲ့အခါ သင်္ဘောမှာပင် ပြန်ပြီး နားရသည်။ သင်္ဘောကလည်း ကျီးငှက်ပျံသန်းရာသို့ နောက်ကလိုက်၍ ခုတ်မောင်းရသည်။ ယောဂီမှာလည်း ကျီးငှက်အတိုင်း ပါဝဲ ရှုမှတ်မှု သွက်သွက်လက်လက်ဖြင့် မြန်ဆန်စွာ ရှုမှတ်နေခြင်းဟာ နိဗ္ဗာန်ကမ်းဆီသို့ သွားတော့မလို့ အားယူလိုက်ခြင်း

ပင် ဖြစ်သည်။ သို့သော်လဲ သဒ္ဓိန္ဒြေ စသော ဣန္ဒြေ ၅-ပါး မည်ကဲ့သို့သော်လည်း ကြောင့် နိုဗ္ဗာန်သို့ မရောက်နိုင်သေးဘဲ ပြန်ပြီး လျှောကျနေခြင်းသည် ကျိုးငှက်ဟာ ကမ်းစကိုမမြင်ရသေးသည့်အတွက် ဝေးပြီး ပြန်လာရသလိုပင် ဖြစ်သည်။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်

သာဓကပါဠိ

ယာသိခါပဋ္ဌာသာ သာနုလောမာ သန်ဓိရုပေက္ခာ ဝုဋ္ဌာနဂါမိနီဝိပဿနာတိ စ ပဝုစ္စတိ။

(သင်္ဂဟ အဋ္ဌကထာ၊ ဆဋ္ဌမ-၁၆၁)

အနက်။ ။သိခါပဋ္ဌာ၊ သန်ဓိရုပေက္ခာဉာဏ် သုံးမျိုးတို့ တွင် အထက်တန်းစား အထွတ်အထိပ်သို့ရောက်သော။ ယာသန်ဓိရုပေက္ခာ၊ အကြင် သန်ဓိရုပေက္ခာဉာဏ်သည်။ အတ္ထိ၊ ရှိ၏။သာနုလောမာ၊ အနုလောမဉာဏ်နှင့်တကွဖြစ်သော။ သာသန်ဓိရုပေက္ခာ၊ အထွတ်အထိပ်သို့ရောက်သော ထိုသန်ဓိရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍လည်း။ ပဝုစ္စတိ၊ ခေါ်ဆိုအပ်ပေသည်။

အဓိပ္ပာယ်။ ။အနုလောမဉာဏ်နှင့် သန်ဓိရုပေက္ခာဉာဏ်ကိုပင် ဝုဋ္ဌာနဂါမိနီဝိပဿနာလို့လည်း ခေါ်ကြသေးသည်-ဟု ဆိုလိုသည်။

ဤ၌ သိခါပဋ္ဌာပုဒ်ဖြင့် သန်ဓိရုပေက္ခာဉာဏ်တိုင်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ခေါ်သည်မဟုတ်, (သိခါပဋ္ဌာ) အဲထက်တန်းစား

ခေါင်ထိပ်ရောက်နေသော သခ်ၢါရုပေကၽွာဉာဏ်ကိုသာ ဝိုဋ္ဌာနဂါမိနီဝိပဿနာခေါ်သည်-ဟု ပြ၏။

သခ်ၢါရုပေကၽွာသုံးမျိုး

မှန်ပေသည်။

(၁) သခ်ၢါရုပေကၽွာဉာဏ်သည် ဖြစ်ခါစ အနုစားဉာဏ်လဲ ရှိသည်၊

(၂) ဖြစ်ပြီးလို့ တော်တော်တန်တန် ရင့်သန်လာတဲ့ သခ်ၢါရုပေကၽွာဉာဏ်လဲ ရှိသည်။

(၃) မဂ်ဉာဏ်အထိ တက်နိုင်လောက်အောင် အားအင်ပြည့်နေပြီး အလုံ့နှ် ရင့်နေတဲ့ ထိပ်တန်းစား သခ်ၢါရုပေကၽွာဉာဏ်လဲ ရှိသည်၊ ထိုသုံးမျိုးထဲက ခေါင်ထိပ်ရောက်နေတဲ့ သခ်ၢါရုပေကၽွာဉာဏ်ကို သာ ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ဆိုရသည်။

အားအင်ပြည့်ဖြိုး။ ။သခ်ၢါရုပေကၽွာဉာဏ်၏ ခေါင်ထိပ်ရောက်နိုင်သော အားအင်ပြည့်ဖြိုးမှု ဆိုသည်ကားသဒ္ဓါနှေ့စသောဣန္ဒြေ ၅-ပါး၏ အား အစွမ်းညီမျှမှု ပင်ဖြစ်သည်။ သခ်ၢါရုပေကၽွာဉာဏ် အဝေးအင် မပြည့်သေးခင်က ဆိုယင် သဒ္ဓါက လုံ့နှ်နေတာလဲရှိသည်။ သမာဓိက လုံ့နှ်နေတာလဲ ရှိသည်။ ပညာက လုံ့နှ်နေတာလဲ ရှိသည်။ သတိကတော့ လုံ့နှ်သည်-ဟူ၍မရှိဘူးပေါ့၊ ဆိုခဲ့သည့်အတိုင်း ဣန္ဒြေတပါးကဲဘဲ ဖြစ်ဖြစ်၊ နှစ်ပါး, သုံးပါးကဲဘဲ ဖြစ်ဖြစ်- လုံ့နှ်နေယင်တော့ မဂ်

ဥာဏ်, ဖိုလ်ဥာဏ်ဆိုတ၏ မဖြစ်နိုင်သေးပါ၊ ဒီဂူနှြ ငါးပါးလုံး အားအင်ညီမျှနေမှသာ ဖြစ်နိုင်ပေသည်။

ဒီငါးပါးလုံး ညီညွတ်တဲ့အခါမှာ ရှုမှတ်မှု အသိကလေး မျှားသည် သူ့အရှိန်နဲ့သူ သွက်လက်လျင်မြန်စွာ အထူးဖြစ်နေပေသည်။ ထိုဖြစ်မှုကိုပင် ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု ခေါ်ဆိုရလေသည်။

ဝုဋ္ဌာနဂါမိနီပုဒ် အဓိပ္ပါယ်

ဤဌာနမက်ကို ဝုဋ္ဌာနခေါ်ရသည်၊ ဗဟိဒ္ဓ တောဘုမ္မကသင်္ခါရ တရားများကို ရှုမှတ်နေရင်းက ထိုသင်္ခါရတို့၏ ချုပ်ရာ(ကင်းရာ-မရှိရာ) နိဗ္ဗာန်သို့ ရောက်သွားဘတ်သောကြောင့် မက်ကို ဝုဋ္ဌာနလို့ ခေါ်ခြင်းဖြစ်သည်။(မက်သည် သင်္ခါရတရားများမှ ထသွားသောကြောင့် ဝုဋ္ဌာနမည်၏-ဟု ဆိုခြင်းဖြစ်သည်။)

အထူးရှုမှတ်နေသော မှတ်သိမှုဘရားကလေးသည် မက်ဥာဏ်ဆီသို့ တဟုန်ထိုး ပြေးတက်လာသောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု ဆိုရသည်!

ဥပမာအားဖြင့် ရေငတ်နေသော နွားသည် ရေကို မြင်ရသောအခါ တဟုန်ထိုး ပြေးသွားသကဲ့သို့လည်းကောင်း, ခလေးသူငယ်များသည် ပဲတို့, ကစားဝိုင်းတို့ သွားသောအခါ အနီးအနားရောက်လျှင် ဝမ်းသာအားရ အာဘီးပြေးသွားသကဲ့သို့လည်းကောင်း မှက်သိမှု အသိစိတ်သည် မက်ဥာဏ်သို့ ဦးတည်လျက် တရှိန်ထိုး ပြေးသွားလေသည်။

ဂေါတြဘူဉာဏ်ကိုမခေါ်။ ။ဆက်ဦးအုံ၊ ဂေါတြဘူဉာဏ်ကို မဂ်နှင့်အနီးကပ်ဆုံး တည်နေသော်လည်း မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်နေသောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု မခေါ်ရချေ၊ ထိပ်ဆုံးသင်္ခါရူပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်ကိုသာလျှင် ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု ခေါ်ရသည်။

အနုလောမဉာဏ်

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်သည် မန္ဒ (ဉာဏ်လေးသူ)ဖြစ်အုံ့။ ၂-ကြိမ်ဖြစ်သည်။ တိက္ခ(ဉာဏ်ထက်သူ)ဖြစ်အုံ့ ၃-ကြိမ်ဖြစ်တတ်သည်။ ၂-ကြိမ်ဖြစ်ခဲ့သော် ဒုတိယအကြိမ် ဖြစ်သော ဝုဋ္ဌာနဂါမိနီဉာဏ်သည် အနုလောမဉာဏ် မည်၏။ သုံးကြိမ်ဖြစ်ခဲ့သော် ဝုဋ္ဌာနဂါမိနီဉာဏ်သည် အနုလောမဉာဏ် မည်၏။ (အောက်ဉာဏ်များနှင့် မဆန့်ကျင်ခြင်း, အထက်မဂ်, ဖိုလ်ဉာဏ် အားလျော်စွာ ဖြစ်ခြင်းကြောင့် အနုလောမဉာဏ် မည်၏)။

ဂေါတြဘူဉာဏ်

အနုလောမဉာဏ် ချုပ်ငြိမ်းသွားပြီးတဲ့နောက်မှာတော့ မှတ်စရာအာရုံနှင့် မှတ်သိစိတ်ကလေးသည် ယူပင်သလို ပျောက်ငြိမ်းသွားတော့သည်၊ နောက်ထပ်အခြားအာရုံလည်း မပေါ်၊ စိတ်အသစ်လည်းမပေါ်လာတော့ဘူး။ သင်္ခါရအားလုံး ချုပ်ငြိမ်းသွားတဲ့သဘောကိုတော့ သိလိုက်သည်။ ထိုချုပ်ငြိမ်းမှုကို သိလိုက်သော သဘောသည် ဂေါတြဘူဉာဏ်ပင် ဖြစ်သည်။

ဤ၌ ပုထုဇဉ်အနှယ်ကို ဂေါ်တြခေါ်သည်။ လွမ်းမိုး ပျက်စီးသွားခြင်းကို 'ဘူ' ခေါ်သည်။ နှစ်ခုပေါင်းလိုက်သင် ပုထုဇဉ်အနှယ်ကို လွမ်းမိုး ဖျက်ဆီးတတ်သော သဘောကို ဂေါ်တြဘူ ခေါ်သည်။ ပုထုဇဉ်အနှယ်သည် ဤဂေါ်တြဘူမှာ ဆုံးသည်ဟု ဆိုလိုသည်။

(တနည်း)အရိယာအနှယ်ကို ဂေါ်တြခေါ်သည်။ရောက်သွားခြင်းကို ဘူခေါ်သည် နှစ်ခုပေါင်းလိုက်တော့ အရိယာအနှယ်ကို ဝင်ရောက်သွားခြင်းကို ပေါ်တြဘူ ခေါ်သည်။(သင်္ဂဟပါဠိနှင့် အနုဋ်ရှု)

၇-ဉာဏဒဿနဝိသုဒ္ဓိနှင့် မဂ်,ဖိုလ်ဉာဏ်

ဂေါ်တြဘူဉာဏ်ဖြစ်ပြီးလျှင် မဂ်ဉာဏ်နှင့် ဖိုလ်ဉာဏ်သည် ဘဆက်ထဲ ဖြစ်လာတော့သည်။ ထိုဘဝင် မဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

မှန်ပေသည်။ ယခင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ နယ်အဆုံးကား ဥဒယဗ္ဗယ ဉာဏ်နောက်ပိုင်း တစိတ်မှစ၍ အနုလောမဉာဏ်အထိ ဖြစ်သည်။ ဂေါ်တြဘူဉာဏ်သည်ကား ကိလေသာအင့်အသက်မကုန်သေးသဖြင့် ဉာဏ်အမြင်လုံးလုံး မစင်ကြယ်သေးသောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ မမည်နိုင်သေးချေ။

မဂ်ဉာဏ်ကသာလျှင် ကိလေသာတို့မှ လုံးလုံးစင်ကြယ်နေပြီးဖြစ်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ မည်နိုင်သည်။

ယံကိဋ္ဌိ သမုဒယဓမ္မံ၊ သဗ္ဗံတံနိရောဓ ဓမ္မံ။

ဓဂါတြဘူဉာဏ်ဖြစ်ပြီးတော့ အားလုံး သင်္ခါရတရားများ ချုပ်ငြိမ်းသွားတဲ့သဘော ဖြစ်နေတယ်၊ ထိုချုပ်ငြိမ်းမှုသဘောမှာ အသိဉာဏ်ကလဲ ပါရှိနေတဲ့အဘွက် အသိစိတ်ဖြစ်နေသည်ဟု ဆိုနိုင်သည်။

နိဗ္ဗာန်၏ သဘောကိုပြသည့် နေရာမှာ "ယံကိဋ္ဌိသမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ- ဖြစ်သမျှသဘောသည် ချုပ်ခြင်းသဘောရှိတယ်"ဟု ဟောထားသောကြောင့် ထိုသင်္ခါရတို့၏ အသိစိတ်တမျိုးနဲ့ချုပ်ငြိမ်းနေခြင်းသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်မည်ပေသည်။ သို့သော် ရှေ့ပိုင်းကို မဂ်ဉာဏ်၊ နောက်ပိုင်းကို ဖိုလ်ဉာဏ်ဟူ အမည်ပေးရသည်။-ထို့နောက် ဆက်ခါဆက်ခါ ဖြစ်နေတာကတော့ ဖိုလ်ဉာဏ်ချည်းဖြစ်သည်။

မဂ်၏ စွမ်းအင်လေးမျိုး

ပေါ်တြဘူဉာဏ်ပြီးလျှင် ကပ်လျက်ပေါ်လာသော အဆိုပါ မဂ်စိတ် (မဂ်ဉာဏ်)သည် တပြိုင်နက်သော ဧကဋ္ဌ အလုပ်လေးမျိုးကို ပြီးဝေလျက် ဖြစ်ပေါ်လာပေသည်။ ထိုကိစ္စလေးမျိုးကား-

၁။ ဒုက္ခသစ္စာကို ပိုင်းပြားပြီးသိခြင်း၊

(ဒုက္ခသစ္စာကား လောကီစိတ် ၈၁၊ စေတသိတ် ၅၂၊ ရူပ် ၂၈၊ ဣမျှသာရှိသည်။) ဣမှ အပိုအလွန် မရှိ-ဟု ပိုင်းခြားရှင်းသည်။)

၂။ သမုဒယသစ္စာကိုပယ်ခြင်း၊

(မဂ်လေးပွါးက အကုသိုလ်ကို ပယ်ပုံကို စာမျက်နှာ- -၌ ကြည့်ပါ)

၃။ နိရောဓသစ္စာနေ၊သော နိဗ္ဗာန်ကို မျက်မှောက် (တိုက်ရိုက်အာရုံ) ပြုနိုင်ခြင်း၊

၄။ မဂ္ဂသစ္စာကို ဖြစ်စေခြင်း၊ (တက္ခ ဖြစ်ဘက်အရား တို့ကို တိုးပွားစေခြင်း) အားဖြင့် လေးမျိုးတို့ တည်း။

ဥပမာ။ ထင်ပေါ်စေဦးအုံ၊ ထိုမဂ်စိတ် (မဂ်ဥာဏ်) သည် ဖော်ပြပါ ကိစ္စလေးမျိုးကို တပြိုင်နက် ပြီးစေနိုင် ပေသည်။ ဥပမာအားဖြင့် ဆီးသည်-

(၁) ဆီးကို ကုန်းမိုးစေခြင်း၊
(၂) အမှောင်ကို ပယ်ရှားစေခြင်း၊
(၃) အလင်းကို ပေါ်လာစေခြင်း၊
(၄) မီးစာကို ကုန်စေခြင်း ဤကိစ္စလေးခုတ်ကို တပြိုင်နက် ပြုလုပ်နိုင်သကဲ့သို့တည်း။

ဥပမာတမျိုး။ ။ ထို့ပြင် ပဝေဏမဂ်ဒိတ်သည် တကြိမ်ဘဲဖြင့် ကိစ္စ လေးမျိုးကို ပြီးစေပုံကား မြင်တဖက် ကမ်းသို့ကူးသော လှေမှာ-

(၁) ဒီဘက်ကမ်းကို ဘုန်ခွာခြင်း၊
(၂) ရေအလျှင်ကို ဖြတ်ကူးခြင်း၊

(၃) လေ့ပေါ်ရှိ ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်ခြင်း၊
(၄) ဟိုမှာဘက်ကမ်းသို့ ရောက်ခြင်း=ဟူသော ကိစ္စ လေးမျိုးကို ပြီးစေနိုင်ပေသည်။

သာဓကပါဠိ

တဿာ နန္ဒရမေဝ မဇ္ဈဂါဒုက္ခသစ္စံ ပရိဇာနန္တော၊ သမုဒယသစ္စံ ပဇဟန္တော၊ နိရောဓသစ္စံ၊ သစ္ဆိကရောန္တော၊ မဂ္ဂသစ္စံ ဘာဝေနာ ဝသေန အပ္ပနာဝီထိ မောတရတိ။ (သင်္ဂီဟ ဆဋ္ဌမ-၁၆၁)

အနက်။ ။ မဂ္ဂေါ၊ မဂ်သည်။ တဿ စိတ္တဿ၊ ထိုဂေါတြဘူစိတ်၏။ အနန္တရမေဝ၊ အခြားမဲ့ဋ္ဌသာလျှင်။ ●ါ၊ ကပ်လျှင်ဋ္ဌသာလျှင်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနန္တော၊ ပိုင်းပိုင်းခြားခြား သိလျက်လည်းကောင်း။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဇဟန္တော၊ ပယ်စွန့်လျက်လည်းကောင်း။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောန္တော၊ မျက်မှောက် (အာရုံ) ပြုလျက်လည်းကောင်း။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဝသေန၊ ဖြစ်စေခြင်း၏ အစွမ်းအားဖြင့်၊ အပ္ပနာဝီထိံ၊ အပ္ပနာဝီထိသို့။ သြတရတိ၊ သက်ဝင်လေ၏။

မှတ်ချက်။ ။ ဤ ‘‘အပ္ပနာဝီထိသို့ သက်ဝင်၏’’ ဟူသည် ‘‘တတော ပရံ ဒ္ဝေ တီဏိ ဖလ စိတ္တာနိ ’’ ဟု ဆိုလတန်သည်နှင့်အညီ မဂ်စိတ်တကြိမ်၊ ထိုနောင်ဖိုလ်စိတ် နှစ်ကြိမ်၊ သုံးကြိမ်-ဟု အစီအစဉ်အတိုင်း အပ္ပနာဇောများ ဖြစ်နေခြင်းပင်တည်း။

မဂ်၏ အမည်ထူးများ

၁။ မဂ်သည် အနိမိတ္တမဂ်

၂။ အပ္ပဏိဟိတမဂ်

၃။ သုညတမဂ်-ဟု သုံးမျိုးရှိသည်။ ထိုတွင်-

(၁) ဤ၌ နိမိတ္တ သဒ္ဒါသည် "ပုံပန်းသဏ္ဌာန်" ဟူသော အနက်ကို ဟောပေသည်။ ပုထုဇဉ်တို့က ရုပ်, နာမ်အပေါင်းကို တလုံးတခဲထဲ ပူးတွဲနေဟန် ပုံသဏ္ဌာန်ကြီးလို ထင်နေကြပေသည်။ ထိုအထင်မှားမှုကို ဝိပလ္လာသနိမိတ် ခေါ်သည်။ ယင်း ဝိပလ္လာသ နိမိတ်ကို အနိစ္စာနုပဿနာက ပယ်ရှားလေသည်။ အနိစ္စာ နုပဿနာ အကြောင်းခံပြီး ပေါ်လာသော မဂ်သည် အနိမိတ္တမဂ်မည်၏။

(ရုပ်နာမ် ခန္ဓာ၌ ပုံသဏ္ဌာန်မရှိ၊ ယခုဖြစ်၊ ယခုပျက်၊ မမြဲသော သဘောသာရှိ၏။ ပုံသဏ္ဌာန် ဖြစ်လောက်အောင် ကြာရှည်လေးမြင့်စွာတည်ပြီး စုပေါင်းတွဲခဲ့ ပူးတွဲနေသည်ကို မတွေ့ရပါတကား-ဟု ဆင်ခြင်မှုသည် အနိစ္စာနုပဿနာမည်၏။)

ဤအနိစ္စာ နုပဿနာ ဟူသည်လည်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ စွမ်းအားပင် ဖြစ်၏။ ထို့ကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာက အနိမိတ္တဖြစ်ခဲ့သော် ထို့နောက်၌ကပ်ဖြီး ဖြစ်ပေါ်လာသော မဂ်သည်လည်း အနိမိတ္တမဂ် မည်ပေတော့သည်။

သာဓကပါဠိ

အနိစ္စာနုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စတိ အနိမိတ္တာနုပဿနာနာမ၊ တသ္မာယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခောနာမ။

(သင်္ဂဟ-ဆဋ္ဌမ-၁၆ ၂/.၃)

အနက်။ ။ **အနိစ္စာနုပဿနာ**၊ ဝုဋ္ဌာနဂါမိနီ အမည် ရသော **အနိစ္စာနုပဿနာ**သည်။ ဝိပလ္လာသနိမိတ္တံ၊ ရုပ်နာမ်အပေါ်၌ အစဲ့အလန်း လဲ့မှားခြင်းကို၊ **မုဉ္စတိ**၊ စွန့်လွှတ် ပယ်ရှားနိုင်သည်။ (ဟုတ္တ၊ ဖြစ်၍၊ ဝါ၊ ဖြစ်ခြင်းကြောင့်။) **အနိမိတ္တာ** **နုပဿနာနာမ**၊ **အနိမိတ္တာ** **နုပဿနာမည်သော**။ (**ဝိမောက္ခမုခံ**၊ **ဝိမေက္ခမုခသည်**၊) **ဟောတိ**၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်၊(**အနိစ္စာနုပဿနာ**၊ **အနိစ္စာနုပဿနာ**သည်။ ဝါ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်) **အနိစ္စတော**၊ ရုပ်နာမ်တရားကို **အနိစ္စ**ဟူ၍။ ဝါ၊ **အနိစ္စအား**ဖြင့်၊ **ယဒိ**ဝိပဿတိ၊ အကယ်၍ ရှုခဲ့ငြားအုံ့။ ဝေံသဘိ၊ ဤသို့ ရှုခဲ့သော် (မဂ္ဂေါ၊ မဂ်သည်၊) **အနိမိတ္တော**၊ **အနိမိတ္တမည်သော**။ **ဝိမောက္ခာနာမ**၊ **ဝိမောက္ခမည်**၏။

(၂) **အပ္ပဏိဟိတ**၌ ပဏိဟိတဟူသည် သာယာမက်မော **အားသာ**ငန်းမှုတည်း၊ တဏှာ ပဏိဓိနှင့် အတူပင်ဖြစ်၏။ ရုပ်နာမ် ဟူသမျှ၌ တကယ်ချမ်းသာစစ်ရှိ-မရှိကို ထိထိမိမိ တိုက်ဖျစ်ခွာ လက်တွေ့အားဖြင့် ဆင်ခြင်ကြည့်လိုက်သော် ချမ်းသာဘွယ်

မမြင် ဆင်းရဲဘွယ်ချည်းသာ ထင်ရသောကြောင့် ထိုသာယာ မက်မောမှု တဏှာပဏိဓိကို စွန့်ခွါနိုင်သဖြင့် အပ္ပဏိ ဟိတာနုပဿနာအမည်ရသော ဒုက္ခာနုပဿနာပင် ဖြစ်ပေသည်။

ထိုဒုက္ခာနုပဿနာဟူသည် ဝုဋ္ဌာနဂါမိနီဝိပဿနာပင် ဖြစ်၏။ ထို့ကြောင့် ဒုက္ခာနုပဿနာ အမည်ရသော ဝုဋ္ဌာနမိနီဝိပဿနာသည် အပ္ပဏိဟိတဖြစ်အံ့၊ ထို့နောက်၌ ကပ်လျက်ဖြစ်သော မဂ်သည်လည်း အပ္ပဏိတမဂ်ပင် မည်၏-ဟု ဆိုလိုသည်။

သာဓကပါဠိ

ဒုက္ခာနုပဿနာ တဏှာပဏိဓိ မုဉ္စိတုံ အပ္ပဏိ ဟိတာနုပဿနာမ။ (တသ္မာ) ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခောနာမ။

(သင်္ဂီဟ ဆဋ္ဌမ-၁၆၃)

အနုက်။ ။ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿနာသည်။ တဏှာပဏိဓိ။ ။ တောင့်တတတ်သော တဏှာကို။ မုဉ္စိတုံ၊ စွန့်ခွါနိုင်သည်။ ဟုတ္တာ၊ ဖြစ်၍၊ ဝါ၊ ဖြစ်ခြင်းကြောင့်။ အပ္ပဏိဟိတာနုပဿနာနာမ၊ အပ္ပဏိဟိတာနုပဿနာ မည်သော။ ဝိမောက္ခမုခံ၊ ဝိမောက္ခမုခသည်။ ဟောတိ၊ ဖြစ်၏။

(တသ္မာ၊ ထို့ကြောင့်၊) (ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿနာသည်။ ဝါ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။) ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဝါ၊ ဒုက္ခဟူ၍။ ယဒိ ဝိပဿတိ၊ အကယ်၍ ရှုပြားအံ့။ ဧဝံသတိ၊ ဤသို့ ရှုသည်ရှိသော်။ အပ္ပဏိဟိတော၊

အပ္ပဏိဟိတမည်သော။ ဝိမောက္ခောနာမ၊ ဝိမောက္ခမည်သည်။ ဟောတိ၊ ဖြစ်၏။

(၃) ပုထုဇဉ်လူသားတို့က ရူပ်နာမ် ခန္ဓာအိမ် အတွင်း၌ အမျိုးမျိုးကိစ္စကို စီမံခန့်ခွဲနိုင်သော အလွန် တန်ခိုးကြီးသော 'အတ္တ' ခေါ်သော လိပ်ပြောကောင်သည် အခိုင်အမာ တည်ရှိ၏-ဟု အစဲ့အလန်း မျှားလျက်ရှိ၏။ ခန္ဓာကိုယ် တကိုယ်လုံး၌ အနတ္တ'နုပဿနာဖြင့် ကြောင်းကျိုးစုံလင်အောင် မေ့နှောက်၍ 'အတ္တာခေါ် လိပ်ပြောကောင် တကယ်ရှိ-မရှိကို ထိထိမိမိ တိတိကျကျ ဆင်ခြင်လိုက်သော် ဘာမှုမရှိ'သည်'ချည်းသာရှိကြောင်း တွေ့မြင်ရလေသည်။

ဤသို့လျှင် အနတ္တာ နုပဿနာသည် အတ္တကိုင်းစင် သည်ထင်အောင် ရှုနိုင်သောကြောင့် သည်ဘာနုပဿနာ မည်လေသည်။ (သည်တ-အတ္တမှ ကင်းဆိတ်၏-ဟု-အနုပဿနာ-ရှုတတ်သောဥာဏ်)

သာဓကပါဠိ

တတ္ထ အနတ္တာ နုပဿနာ အတ္တာဘိနိဝေသံ ပဋိပ္ခိတ္တိ သုညတာ နုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ။

(သင်္ဂီဟ၊ ဆဋ္ဌမ-၁၆၂)

တသ္မာ ယဒိဝုဋ္ဌာနဂါမိနိ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခောနာမဟောတိ မဂ္ဂါ။

(သင်္ဂီဟ ဆဋ္ဌမ-၁၆၃)

အနက်။ ။ အ ဘွား ထိုပိ ပ ဿ ၊ ၁ ရှု ခန်းခ်ဋ္ဌ။ အ နတ္တာ နုပဿနာ ၊ နတ္တာ ပဿနာသည်။ ဇတ္တာဘိန် ဝေသံ ၊ အတ္တဟု ခဲ့လန်းခြင်းကို။ ဝါ ၊ ငါ့ သူတပါး ဟု ၊ မိန်းမဟု ခဲ့လန်းခြင်းကို။ မုဥ္စိ ၊ စွန့်ခွာ ၊ ခ်ိုင်သည်။ (ဟုတ္ဝာ ၊ ဖြစ်ခြင်းကြောင့်။) သုညတာ နုပဿနာနာမ ၊ သုညတာ နုပဿနာမည် သာ ၊ ဝိမောက္ခမုခ် ၊ ဝိမောက္ခမုခဿည်။ ဟောတိ ၊ ဖြစ်၏။

တသ္မာ ၊ ထို့ကြောင့်။ ဥဒ္ဓေသက မိန် ပိပဿနာ ၊ သုခ်ါရှု ပေကွာဘုဏ် အမည်ရှိသော ဥဒ္ဓေသကမိန် ဝိပဿနာသည်။ အနတ္တာတော ၊ အနတ္တအားဖြင့်။ ဝါ ၊ အတ္တဟူ၍ ဘာတမ္ပ မရှိဟူ၍ ၊ ယဒိဝိပဿတိ ၊ အကယ်၍ ရှု၏ခြားအံ့။ (ဝေ့ဝံသတိ ၊ ဤသို့ ရှုသည်ရှိသော်။) မဂ္ဂေါ ၊ မဂ် ည်။ သုညတော ၊ သုညတမည် သော။ ဝိမောက္ခောနာမ ၊ ဝိမောက္ခမည်သည်။ ဟောတိ ၊ ဖြစ်၏။

မှတ်ချက်။ ။ ဤ၌ ဝိမောက္ခာဟူသည် ကိလေသာတို့မှ လွတ်သော မဂ်ဖိုလ်ပင်ဖြစ်သည်။

၁။ မှန်ပေသည်။ သဒ္ဒိ ဇွန်လွန်သော ယောဂီ ဖြစ်အံ့ ၊ အ ဒိ စ-ဟု အရှုမျှား သောကြောင့် အနိမိတ္တ ဝိမောက္ခမဂ်ကို ရနိုင်၏။

၂။ သမာဓိဇွန် လွန်ကဲသော ယောဂီဖြစ်အံ့ ၊ ဒုက္ခ ဟု အ ရှုမျှားသော ကြောင့် အ ပ္ပ ဏိ ဟိ တ ဝိမောက္ခမဂ်ကို ရနိုင်၏။

၃။ ပညိန္ဒြိယလွန်သော ယောဂီဖြစ်အံ့၊ အနတ္တ–ဟု အရှုများသောကြောင့် သုညတ ဝိမောက္ခကို ရနိုင်၏။

ဆောင်ပုဒ်။ အနိစ္စဟု၊ အမြဲရှု၊ မှတ်ပြုသဒ္ဓါမှန်။
ဒုက္ခဟူဘီ၊ ရှုလေ့ရှိ၊ သမာဓိကဲ့ရှိလွန်၊
အနတ္တသာ၊ ရှုသူမှာ၊ ပညာထက်မြက်ချန်။
အကျဉ်းချုပ်ကား....

မဂ္ဂဝိထိဒ္ဓ

၁။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနိစ္စာနုပဿနာ ဖြစ်အံ့၊ မဂ်သည် အနိမိတ္တမဂ်၊

၂။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဒုက္ခာနုပဿနာ ဖြစ်အံ့၊ မဂ်သည် အပ္ပဏိဟိတမဂ်၊

၃။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် **အနတ္တာ**နုပဿနာ ဖြစ်အံ့၊ မဂ်သည် သုညတမဂ်ဖြစ်သည်။

ဖလသမာပတ္တိဝိထိဒ္ဓ

မဂ်နှင့် မဆက်စပ်သော ဖလသမာပတ္တိဝိထိဒ္ဓကား ဖိုလ်၏ ရှေ့နား**ဏ** ဝိပဿနာနှင့်စပ်၍ သုညတဝိမောက္ခ စသော အမည်များကို ရကြလေသည်။

မှန်၏။ ဖိုလ်ဝင်စားလိုလျှင် ဝိပဿနာကို နှလုံးသွင်းရသေးသည်။

၁။ ထိုဝိပဿနာက အနိမိတ္တ မောက္ခ ဖြစ်ခဲ့သော် ပေါ်လာသော ဖိုလ်သည်လည်း ထိုဝိပဿနာနှင့် အတူ (ယခင် မဂ္ဂင်ထိတုန်းက ဘာဘဲဖြစ်နေနေ) ယခု ဝိပဿနာအတိုင်း အနိမိတ္တဝိမောက္ခဖိုလ်ပင် အမည် ရသည်။

၂။ ဒုလ်ဝင်စား၊ခါနှီး ဝိပဿနာက အပ္ပဏိဟိဘဝိမောက္ခ ဖြစ်ခဲ့သော် ထိုဝိပဿနာနှင့်အတူ ဖိုလ်သည်လည်း အပ္ပဏိဟိတဝိမောက္ခဖိုလ်ပင်ဖြစ်၏။

၃။ ဖိုလ်ဝင်စား၊ခါနှီး ဝိပဿနာက သုညတဝိမောက္ခ ဖြစ်ခဲ့သော် ထိုဝိပဿနာနှင့်အတူ ဖိုလ်သည်လည်း သုညတဝိမောက္ခ မည်ပေသည်။ (ကျန်အဓိပ္ပာယ်များကို သင်္ဂဟ အဋ္ဌကထာမှာ ရှုကြပါရန်)

နိမိတ်သုံးပါးနှင့် ဘာဝနာသုံးပါး

ကမ္မဋ္ဌာန်းကို အားဘုတ်ရာ၌ နိမိတ်နှင့် ဘာဝနာ ဟူ၍လည်း (မသိယင် မဖြစ်၍) အရေးပါသော အခန်းမှ ပါဝင်နေပေသည်။ ယောဂီဘဉီး၏ ကမ္မဋ္ဌာန်းအလုပ် (သမာဓိအား အခြေအနေ)ကို သိလိုရာ နိမိတ်ကိုမေး စီစစ်ကုန်၏။ ထို့ကြောင့် နိမိတ်နှင့် ဘာဝနာအပြားကို ချင်းပြဦးအံ့။

ထို နိမိတ်သည်–

၁။ ပရိကမ္မ နိမိတ်၊

၂။ ဥဂ္ဂဟ နိမိတ်၊

၃။ ပဋိဘာဂ နိမိတ်–ဟု သုံးပါးရှိသည်။

ဘာဝနာ သုံးမျိုး

ထိုအတူ ဘာဝနာသည်လည်း-

၁။ ပရိကမ္မ ဘာဝနာ၊

၂။ ဥပစာရ ဘာဝနာ၊

၃။ အပ္ပနာ ဘာဝနာ - ဟု သုံးမျိုးပင် ရှိပေသည်။

ပရိကမ္မနိမိတ် နှင့် ပရိကမ္မ ဘာဝနာ

၁။ ထိုတွင် မျက်စိဖြင့်ကြည့်၍ အံ့ဘုတ် အပ် သော ကမ္မဋ္ဌာန်းအာရုံသည်လည်းကောင်း, စိတ်ထဲမှ မှန်းဆပြီး အားဆုတ်သော ကမ္မဋ္ဌာန်းအာရုံသည် လည်းကောင်း ပရိကမ္မ နိမိတ်မည်၏။

ထို အားထုတ်ဆဲခဏ၌ ဖြစ်သော ဘာဝနာသည် ပရိကမ္မ ဘာဝနာ မည်၏။

ခဲ့ဦးအုံ။ ။(ဥပမာ)ယောဂိပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းကို အားထုတ်လိုခဲ့သော် တထ္ထာ, လက်လေးသစ်မျှ ရှိသော ပထဝီကဲ့သိုလ်းဝန်းကလေးကို စိမ်ရသည်။ ထိုနောက် ၎င်း ကသိုဏ်းဝန်းကလေးကို မျက်လုံးဖြင့် ကြည့်ရှု၍ "ပထဝီ, ပထဝီ" ဟု ပါဠိလိုဖြစ်စေ, (သို့မဟုတ်) မြေ, မြေ-ဟု မြန်မာလိုဖြစ်စေ ဆိုနိုင်သည်။ တဒါတရုံ မျက်စိကိုမှိတ်၍ နှုတ်မှုရှစ်လို ဖြစ်စေ, (သို့မဟုတ်)မရှစ်မှုရှိ၍ဖြစ်စေ ဆင်ခြင်ရာ၏။ ထိုကဲ့သို့ မျက်စိဖြင့် ရှုအပ်,စိတ်ထဲမှာ မှန်းဆအပ်သောအာရုံသည် ပရိကမ္မ

နိမိတ် မည်၏။ "ပထဝီ, ပထဝီ" (ခြေ, ခြေ) ဟု ပွားများမှု (ဘာဝနာ)သည် ပရိကမ္မဘာဝနာ မည်၏။

သာဓကပါဠိ

အာဒိကမ္မိကဿ ဟိ ပထဝီမဏ္ဍလာဒီသုနိမိတ္တံ ဥဂ္ဂဏှန္တဿ တမာရုဗျတ်၊ ပရိကမ္မနိမိတ္တံ ပဏ္ဍတိ၊ သော စ ဘာဝနာ ပရိကမ္မ ဘာဝနာ နာမ။

(သင်္ဂဟ အဋ္ဌကထာ၊ ဆဋ္ဌမ-၁၅၂)

အနက်။ ။ဟိ၊ အကျယ်ချဲ့ဦးအုံ။ ပထဝီ မဏ္ဍလာဒီသု၊ တထ္ထာ, လက်လေးသစ်ခြေသော ပထဝီ ကသိုဏ်း ဝန်း စသည်တို့၌။ နိမိတ္တံ၊ ကမ္မဋ္ဌာန်းအာရုံကို။ ဥဂ္ဂဏှန္တဿ၊ ယူသည်ရှိသော်။ (ဝါ)ရှုမှတ်သည်ရှိသော်။ (ဝါ)ဖမ်းယူသော။ (ဝါ)ရှုမှတ်သော၊ အာဒိကမ္မိကဿ၊ ကမ္မဋ္ဌာန်းကို အားထုတ်ခါစ်ကစ်သော ယောဂီ၏။ တမာရုဗျတ်၊ ရှုမှတ်, ဖမ်းယူအပ်သော ကို ပထဝီကသိုဏ်းဝန်း ကမ္မဋ္ဌာန်း အာရုံကို။ ပရိကမ္မနိမိတ္တန္တိ၊ ပရိကမ္မနိမိတ်ဟူ၍၊ ပ ဏ္ဍတိ၊ ဆိုအပ်၏။

စ၊ နိမိတ်မှတပါး ဘာဝနာအမည်ရပုံဆိုဦးအုံ။သောဘာဝနာ၊ ပထဝီ, ပထဝီ (မြေ, မြေ) ဟူ၍ စီးဖြန်းသော ထို ဘာဝနာ သည်။ ပရိကမ္မ ဘာဝနာ နာမ၊ ပရိကမ္မ ဘာဝနာ မည်၏။

ဥဂ္ဂဟနိမိတ် နှင့် ပရိကမ္မ ဘာဝနာ

ကမ္မဋ္ဌာန်းကို ကြာကြာ အားထုတ်သဖြင့် သမာဓိအား ဇကာင်းလာသောအခါ စိတ်ထဲမှာ ထင်ရှားစွာပေါ်လာသော

အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။ ထိုအခိုက်၌ဖြစ်သော ဘာဝနာသည် နိမိတ်ပြောင်းသော်လည်း ပရိကမ္မ ဘာဝနာပင်ဖြစ်သည်။ သို့သော် ပရိကမ္မနိမိတ်အခိုက်၌ရှိသော ဘာဝနာနှင့်ကား မတူပါ၊ အလွန်တည်ကြည် အားကောင်းလှပါသည်။

ခဲ့ပြီးအံ့။ ။ယောဂီသည် ယခင်ပထဝီကသိုဏ်းဝန်း အာရုံကိုပင် မှိတ်တုံ့ဖွင့်တုံ့ဖြင့် အမျိုးမျိုးအဖုံဖုံ အာရုံပြု၍ ရှုမှတ်နေရာ တော်တော်ကြာတော့ သမာဓိအားကောင်းလာသဖြင့် မျက်စိကို မှိတ်ထားသော်လည်း မျက်စိဖြင့် တိုက်ရိုက်မြင်နေရသလို စိတ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာနေပေသည်။ ထို စိတ်ထဲမှာ ထင်မြင်နေသောအာရုံကား အခြားအာရုံမဟုတ်၊ ယခင် ပထဝီကသိုဏ်းဝန်းဖြစ်သော ပရိကမ္မနိမိတ်အာရုံပင် ဖြစ်သည်။

သို့ဖြစ်၍ ထို ပရိကမ္မနိမိတ်သည်ပင် စိတ်ဖြင့် ကောင်းစွာ ဖမ်းယူအပ်သောကြောင့် " ဥဂ္ဂဟေ တ ဗ္ဗန္တိ ဥဂ္ဂဟံ " ဟူသော ဝစနတ္ထအရ ဥဂ္ဂဟနိမိတ်-ဟု အမည်ရလေသည်။

ဤ ဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည်ကား ရှေးကထက် သာဓိအားကောင်းသဖြင့် အလွန် တည်ကြည်လှပေသည်။ သို့သော်လည်း ပရိကမ္မဘာဝနာ ဟူသော အဆင့်အတန်းမှကား မတိုးတက်နိုင်သေးပါ။

သာဓကပါဠိ

ယဒါပနတံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တော ဝိယ မနောဒ္ဒါရေ အာပါထမာဂတံ၊

တဒါတမေဝါ ရမ္မဏံ ဥဂ္ဂဟနိမိတ္တံနာမ၊ သာစဘာဝနာ သမာဓိယတိ။

(သင်္ဂီဟ အဋ္ဌကထာ၊ ဆဋ္ဌမ-၁၅၃)

အနက်။ ။ပန်၊ ပရိကမ္မနိမိတ်ထင်ပုံမှတပါး ဥဂ္ဂဟနိမိတ် ထင်ပုံကို ဆိုဦးအုံ့။ ယဒါ၊ အကြင်အခါ၌။ တံ နိမိတ္တံ၊ ထို ပထဝီ, ပထဝီ (မြေ, မြေ)ဟူသော ပရိကမ္မနိမိတ် ဖြစ်သော အာရုံသည်၊ စိတ္တေန၊ စိတ်ဖြင့်။ သမုဂ္ဂဟိတံ၊ ကောင်းစွာ ယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ စက္ခုနာ၊ မျက်စိဖြင့်။ ပဿန္တော၊ မြင်ရစဉ်ကကဲ့သို့။ မနောဒ္ဒါရသာ၊ မနောဒ္ဒါရ၏။ (ဝါ)မနောဒ္ဒါရအား။ အာပါတံ၊ ရှေးရှုကျရောက်ခြင်းသို့။ **အာဂ**တံ၊ ရောက်သည်။ ဟောဘိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တဒေမဝ အာရမ္မဏံ၊ ထို ပရိကမ္မနိမိတ်ဖြစ်သော အာရုံသည်ပင် လျှင်။ ဥဂ္ဂဟနိမိတ္တံနာမ၊ ဥဂ္ဂနိမိတ် မည်၏။

သာစဘာဝနာ၊ ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ဘာဝနာ သည်လည်း။ သမာဓိယတိ၊ သမာဓိရ၏။ ဝါ၊ ပရိကမ္မနိမိတ်က ထက် တည်ကြည်၏။

ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ

ပရိကမ္မဘာဝနာသမာဓိဖြင့်(စိတ်ထဲမှာ ပဏာတိအတိုင်း ထင်နေသော) ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ စိတ်ကြည်မှု ရရှိသော ယောဂီသူမြတ်သည် ထိုဥဂ္ဂဟနိမိတ်ကိုပင် ယခင်ပရိကမ္မဘာဝနာ သမာဓိဖြင့် (ပထဝီ-ပထဝီ စသည်ဖြင့်)ဆက်လက်၍ အားထုတ်

ပြန်သည်ရှိသော် ထိုဥဂ္ဂဟာနိမိတ်နှင့် ပုံသဏ္ဌာန်မမာဏအားဖြင့် အလားတူသော အာရုံတမျိုးသည် မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း စိတ်ထဲမှာ ငြိမ်သက်တည်ကြည်စွာ ထင်လာ၏။ ပုံတူဓာတ်ပုံရိုက်ပြီး ထည့်ထားသလို စိတ်ထဲမှာ တည်နေပေ၏။ (ပဋိဘာဂ-ဒ္ဒိပဋိသဒ္ဒါကား အတူဟူသော အနက်ကိုဟော၏)

ပရိကမ္မနိမိတ်, ဥဂ္ဂဟာနိမိတ်တုန်းကအတိုင်းပင် တထွာ လက်လေးသစ်မျှရှိသော ပထဝီကသိုဏ်းဝန်းကလေးသည် စိတ်ထဲမှာ စဲမြဲစွာ တည်နေသည်-ဟု ဆိုလို၏။

ဗျိုင်းဖြူကလေး။ ။ဤပဋိဘာဂနိမိတ်သည်ကား ဥဂ္ဂဟာနိမိတ်ထက် အဆ ရာထောင်မက လွန်၍ ကြည်လင်လှပေသည်။ ဥပမာအားဖြင့် (ယခင် သခ်ါရူပေကွာ ဥာဏ်တုန်းက ပြောခဲ့သော) ဆွတ်ဆွတ် ဖြူနေသော ဗျိုင်းစာလေးသည် မဲမှောင်နေသော တိမ်တောင်တိမ်လိပ်အတွင်းမှာ ပုံ့ဝဲနေသောအခါ လွန်စွာကြည့်ရှုလို ကောင်းသကဲ့သို့ ပဋိဘာဂနိမိတ်အမည်ရနေသော ပထဝီ ကသိုဏ်းဝန်းစာလေးသည်လည်း ယောဂီ၏ စိတ်အစဉ်မှာ အလွန်ကြည်လင်နေပေတော့သည်။

ပညတ်အာရုံ။ ။သို့သော် ပထဝီ ကသိုဏ်းဝန်းသည် ပဋိဘာဂနိမိတ်အခိုက်၌ ပရမတ် မဟုတ်တော့ခေ။ ပညတ်အာရုံဟု ခေါ်ဆိုရသည်။ (ပရိကမ္မနိမိတ် ဥဂ္ဂဟာနိမိတ်အခိုက်၌ အဌကလာပ်ရုပ်မျှ ပြစ်သောကြောင့် ပရမတ်ဖြစ်သည်။)

သာဓကပါဠိ

တထာသမာဟိတသ ပနေတသ တတောပရံတသ္မိ ဥဂ္ဂဟ နိမိတ္တေ ပရိကမ္မ သမာဓိနာ ဘာဝန မနုယုဉ္ဇန္တသ ယဒါ တပ္ပဋိဘာဂံ ဝတ္ထုဒမ္မမုစ္စိတံ ပညတ္တိ သခ်ါတံ ဘာဝနာမယ မာရမ္မဏံ ဇ်ောတေ သန္ဒိသိန္ဒ သမပ္ပိတံ ဟောတိ။ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။ (သင်္ဂီဟ အဋ္ဌကထာဆဋ္ဌမ-၁၅၃)

အနက်။ ။ပန၊ ဥဂ္ဂဟနိမိတ်ထင်သည်မှတပါး ပဋိဘာဂ နိမိတ်ထင်သည်ကို ဆိုဦးအုံ။ တထာ တေန အာကာရေန၊ ထိုသို့ဥဂ္ဂဟနိမိတ်ထင်စဉ်အခါ၌ ဆိုအပ်ပြီးသော အချင်းအရာအားဖြင့်။ သမာဟိတသ၊ တည်ကြည်သော စိတ်ရှိသော။ ဇောသယောဂိနော၊ သိုယောဂီသည်။ ဝါ၊ ထိုယောဂီ၏။ တတော၊ ထိုဥဂ္ဂဟနိမိတ်ထင်ရာ အခ မှ။ ပရံ နောက်အခါ၌။ ပရိကမ္မသမာဓိနာ၊ ပထဝီ ပထဝီ ဟူ၍ ဝိုးဖြန်းသော ကာမဝစရ ဘာဝနာသမာဓိဖြင့်။ ဘာဝနံ၊ ပထဝီပထဝီ ဟူ၍ စီးဖြန်းခြင်းကို။ အနုယုဉ္ဇန္တသ၊ ဆက်လက်၍ အားထုတ်ပြန်သည်ရှိသော်။

ယဒါ၊ အကြင်အခါ၌။ တပ္ပဋိဘာဂံ၊ ထိုဥဂ္ဂဟ နိမိတ်နှင့် အလားတူသော။ ဝတ္ထု ဓမ္မဝိမုစ္စိတံ၊ ဝတ္ထုခြုပ် ပရမတ်သဘောမှ လွတ်သော။ ပညတ္တိသခ်ါတံ၊ သမူဟပညတ်ဟု ဆိုအပ်သော။ ဘာဝနာမယံ၊ ဘာဝနာသညာကြောင့် ဖြစ်ပေါ်လာသော။ အာရမ္မဏံ။ ပထဝီ ကသိုဏ်းဝန်းအာရုံသည်။ စိတ္တေ၊ စိတ်၌။

သိန္ဓိသိန္ဓံ၊ ငြိမ်ငြိမ်ကလေးတည်နေသည်ဖြစ်၍။ သမ္ပိတံ၊ ကောင်းစွာသွင်းထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တံပဋိဘာဂနိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကို။ သမုပ္ပဇ္ဇန္တိ၊ ကောင်းစွာဖြစ်ပြီဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဥပစာရုဘာဝနာ။ ။ပဋိဘာဂနိမိတ်ကို ဖြစ်ပေါ်စေနိုင်သော ဘာဝနာစိတ်သည်လည်း ရှေးကသက် အဆပေါင်းများစွာ တိုးတက်၍ သမာဓိအားကောင်းမှသာ ဤပဋိဘာဂနိမိတ်ကို ဖြစ်စေနိုင်သည်။

ထို့ကြောင့် ပဋိဘာဂနိမိတ် ပေါ်လာသည်မှစ၍ ဘာဝနာစိတ်အစဉ်ကလည်း ပရိကမ္မဘာဝနာအဆင့်ကို ကျော်လွန်ပြီး ဥပစာရဘာဝနာအဆင့်အတန်းသို့ ကူးပြောင်းနိုင်ပြီ-ဟု မှတ်ရမည်။

ကာမာဝစရပင်၊ ။ဤဥပစာရ ဘာဝနာ ဟူသည်လည်း သမာဓိပြောင်းသော ကာမာဝစရပင် ဖြစ်သည်။ သို့သော် ထိုဘာဝနာ၌ ပါရှိသော ဝိတက်ဝိစာရစသော စျာန်တို့သည်လည်း ကာမစ္ဆန္ဒ စသော အကုသိုလ်နီဝရဏတို့ကို ကင်းပြတ်အောင် မခွာနိုင်သေးစေကာမူ အထိုက်အလျောက် လျော့နည်းသွားအောင် လုပ်နိုင်ကြပြီဖြစ်၏။

လိုရိုင်းအချုပ်ကား။ ။ပဋိဘာဂနိမိတ် ဖြစ်ပေါ်သော အခါ ဘာဝနာအစဉ်ကို ဥပစာရဘာဝနာခေါ်သည်။ ထိုဥပစာရဘာ ဝ နာ ဖြစ်ပေါ် လာ ရင် ကာမစ္ဆန္ဒ စသော နီဝရဏ်များသည် တဲ့ဒဂ်အားဖြင့် ကင်းကွာ၍

ဝိတက် ဝိစာရ စသော စျာနင်တို့သည်လည်း ကိုယ့်ဆိုင်ရာ ကိစ္စ မျှားကို အထင်အရှား ဆောင်ရွက်နေကြပြီ-ဟု ဆိုလိုပေသည်။

သာဓကပါဠိ

တတော ပဌာယ ပရိဗန္ဓ ဝိပ္ပဟီနာ ကာမာဝစရသမာဓိ သခ်ါတာ ဥပစာရဘာဝနာ နိပ္ပန္နာနာမ ဟောတိ။

(သင်္ဂီဟ အဋ္ဌကထာ၊ ဆဋ္ဌမ-၁၅၃)

အနက်။ ။တတော၊ ထို ပဋိဘာဂ နိမိတ်ထင်ရာအခါမှ။ ပဌာယ၊ စ၍။ ပရိဗန္ဓ ဝိပ္ပဟီနာ၊ သမာဓိ၏ ဘေးရန်ဖြစ်သော နီဝရဏတို့ကို ပယ်ရှားတတ်သော။ ကာမာဝစရ သမာဓိသခ်ါတာ၊ ကာမာဝစရ သမာဓိဟု ဆိုအပ်သော။ ဥပစာရ ဘာဝနာ၊ ဥပစာရ ဘာဝနာသည်။ နိပ္ပန္နာနာမ၊ ဖြစ်သည် မည်သည်။ ဟောတိ၊ ဖြင့်၏။ (သမထယာနိက ယောဂီသည် ရူပ, အရူပ, အပ္ပနာစျာန်ကို ရအောင်အားမထုတ်တော့ဘဲ ဤ ဥပစာရ သမာဓိမှလည်း ဝိပဿနာလမ်းကြောင်းသို့ ပြောင်းနိုင်သည်။)

ပဋိဘာဂနိမိတ် နှင့် အပ္ပနာ ဘာဝနာ

မိမိသန္တာန်မှာ ပဋိဘာဂနိမိတ်ထင်လာ၍ (ကာမာဝစရ) ဥပစာရဘာဝနာသို့ရောက်ပြီးသော ယောဂီသည် ထို ထင်လာသော ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် ဆက်လက်၍ အားထုတ်ပြန်သည်ရှိသော် ပါရမီမျိုးစေ့ပါ၍ ထက်မြက်သော ဉာဏ်ကြီး

ရှင်တို့မှာ မကြာခင်ပင် "အပ္ပနာ ဘာဝနာ" ခေါ်သော ရူပ စျာန်များသည် ဖြစ်ပေါ်လာပေသည်။

ပါရမီမျိုးစေ့ နည်းပါး, ဉာဏ်မဲ့သူများမှာကား (သူများလို ရူပစျာန်များကို ရအောင် အားမထုတ်နိုင်ခဲ့သော်) မိမိတို့ ရရှိ ထားသောပဋိဘာဂနိမိတ်ကို ပျောက်ကွယ်မသွားအောင် အထူး စောင့်ရှောက်လျက် အဆက်မပြတ် အထပ်ဆပ်အခါခါ အား ထုတ်နေရမည်။

ဥပမာအားဖြင့် "စကြာမင်းဖြစ်လိမ့်မည်" ဟု ဗေဒင်ဆရာ တို့က အဟောထွက်ထားသော ကိုယ်ဝန်သူငယ်ကို မယ်တော် မိဖုရားကြီးနှင့်တကွ အပေါင်းပါတစုတို့စာ မပျက်စီးအောင် စောင့်ရှောက်ရဘိသကဲ့သို့တည်း။

သာဓကပါဠိ

တတော ပရံ တမေဝ ပဋိဘာဂနိမိတ္တံ ဥပစာရ သမာဓိနာ သမာသေဝန္တဿ ရူပါဝစရ ပထမဈာန မပ္ပေတိ။

(သင်္ဂီဟ အဋ္ဌကထာ၊ ဆဋ္ဌမူ-၁၅၃)

အနက်။ ။တမေဝ ပဋိဘာဂနိမိတ္တံ၊ ထို ပဋိဘာဂနိမိတ် ကိုပင်။ ဥပစာရ သမာဓိနာ၊ (ကာမာဝစရ) ဥပစာရ သမာဓိဖြင့်။ သမာသေဝန္တဿ၊ ကောင်းစွာ အားထုတ် သည်ရှိသော်။ (ဝါ)အားထုတ်သော ယောဂီအား။ ရူပါဝစရ

ပထမဈာနံ၊ ရူပါဝစရ ပထမစျာန်သည်။ အပ္ပေတိ၊ ဖြစ်ပေါ်လာ၏။

ဒုတိယစျာန် စသည်ဖြစ်ပုံ

ပထမစျာန်ကို ရပြီးနောက် ဒုတိယစျာန်ကို လိုချင်သော ယောဂီသည် မိမိရရှိပြီးဖြစ်သော ပဌမစျာန်ကို ဝသီဘော်ငါးပါးတို့ဖြင့် အကောင်အစွမ်းသတ္တိရှိဘိုရန် ကြိမ်ဖန်များစွာ ဝင်စားရသည်။

ဆိုခဲ့သည့်အတိုင်းပထမစျာန်ကိုအစွမ်းထက်အောင် အကြိမ်ကြိမ် ဝင်စားပြီးနောက် ထိုပထမစျာန်မှာရှိသော စျာန်အင်္ဂါငါးပါးတွင် ဝိတက်သည် ကြမ်းတမ်း၏။ ယင်းဝိတက်ဖြင့် ကာမဂုဏ်ကို ကြံမိခဲ့သော် ကာမစ္ဆန္ဒတည်း ဟူသော ရန်သူကြီးနှင့် နီးလှပေ၏။ ထို့ကြောင့် ဝိတက် အလျင်းမပါအောင် ပယ်ခွါဘို့ အဘွဲ့ကလည်းကောင်း, ယခင် ပထမစျာန် တုန်းကထက် သိမ်မွေ့လှသော ဝိစာရစသော စျာန်နင်များ နောက်ထပ်ပေါ်လာဘို့အတွက်လည်းကောင်း ရှေးကထင်ပြီးသော ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပြီး အာဃာတပြန်သည်ရှိသော် ဒုတိယစျာန် ပေါ်လာပေတော့သည်။

ဝိတက်မပါလာ။ ။ နဂိုက ဝိတက်ကို ဆက်ဆုပ်၍ ဘာဝနာကို အာဃာတခဲ့သောကြောင့် ထိုပေါ်လာသော ဒုတိယစျာန်မှာ ဝိတက်စျာန်အင်္ဂါ ပါမလာတော့ချေ။ 'အိမ်သာမှ ဧည့်လာ' ဆိုသလို ဘာဝနာက ဝိတက်ကို မကြည်သာသဖြင့် ဝိတက်လည်း မပါဝံ့ရှာတော့ချေ။

(တတိယစျာန် စသည်တို့ တက်ဆုမှာလည်း ဤနည်းအတိုင်း ပင်တည်း။)

သာဓကပါဠိ

တတော ပရံ တမေဝ ပထမစျာနံ အာဝဇ္ဇနံ, သမာပဇ္ဇနံ, အဓိဋ္ဌာနံ, ဝုဋ္ဌာနံ, ပစ္စဝေက္ခဏာစေတိ ဣမာဟိ ပဋ္ဌာဟိ ဝသီတာဟိ ဝသီဘူတံ ကတ္တာ ဝိတက္ကာဒိကမောဌ္ဌာ ဒိကံ ပဟာနာယ ဝိစာရဒိသုခုမဂုံပ္ပတ္တိယာ ပဒဟတော ယထာဝုတ္တမံ ဒုတိယဇ္ဈာနာဒယော ယထာ ရဟာမပ္ပေန္တိ။ (သင်္ဂီဟ အဋ္ဌကထာ၊ ဆဋ္ဌမ-၁၅၄)

အနက်၊ ။ တတော၊ ထိုပဌမစျာန်မှ။ ပရံ၊ နောက်၌။ တမေဝ ပထမဇ္ဈာနံ။ ထိုပဌမစျာန်ကိုပင်လျှင်။ အာဝဇ္ဇနဉ္စ၊ အာဝဇ္ဇနဝသီဘော်လည်းကောင်း။ **သမာ**ပဇ္ဇနဉ္စ၊ **သမာ**ပဇ္ဇနဝသီ**ဘော်လည်း**ကောင်း။ **အ**ဓိဋ္ဌာနဉ္စ၊ **အ**ဓိဋ္ဌာနဝသီ**ဘော်လည်း**ကောင်း။ ဝုဋ္ဌာနဉ္စ၊ ဝုဋ္ဌာနဝသီ**ဘော်လည်း**ကောင်း။ ပစ္စဝေက္ခဏာစ၊ ပစ္စဝေက္ခဏာဝသီ**ဘော်**လည်းကောင်း။ ဣတိ၊ ဤသို့။ ပဋ္ဌာဟိ၊ ငါးပါးကုန်သော။ ဣမာဟိ ဝသီတာဟိ၊ ဤဝသီ**ဘော်**တို့ဖြင့်။ ဝသီဘူတံ၊ ဝသီ**ဘော်**သို့ ရောက်သည်ကို။ **ကတ္တာ**၊ ပြု၍။ ဝိတက္ကာဒိကံ၊ ဝိတက် **အ**စရှိသော။ ဩဠာရိကံ၊ ရှုန့်**ရ**င်းသော စျာန်**အင်္ဂါ**ကို။ ပဟာနာယ**စ**၊ ပယ်ခြင်းငှာလည်းကောင်း။ ဝိစာရဒိသုခုမဂုံပ္ပတ္တိယာ**စ**၊ ဝိစာရ **အ**စရှိသော သိမ်မွေ့**သော** စျာန်**အင်္ဂါ**တို့ ဖြစ်ပေါ်လာခြင်းငှာလည်းကောင်း။ ပဒဟတော၊ **အား**ထုတ်**သည်**ရှိ**သော်**။ ဝါ၊ **အား**

ထုတ်သော ယောဂီအား။ ယထာဂ္ဂမံ၊ **အစဉ်**အတိုင်း။ ဒုတိ ယဇ္ဈာနာဒယော၊ ဒုတိယစျာန် အစရှိသည်တို့သည်။ ယထာရဟံ၊ **ထိုက်**သည်**အား**လျော်စွာ။ အပေါ်ဆုံ၊ ဖြစ်ပေါ်လာကုန်၏။

အမှာ။ ။ အရှုပစျာန်ကို ရဇအောင် **အား**ထုတ်နည်း အကျယ်ကို '**သမ**ထတန်ခိုး**မျှ**ား' ကျမ်းဌ ရှုကြ ပါကုန်၏။

နိမိတ်သုံးပါးနှင့် ကမ္မဋ္ဌာန်း

ယခင် ဆိုခဲ့ပြီးသော နိမိတ်သုံးပါးကို သမထကမ္မဋ္ဌာန်း ၄၀ နှင့် ဝေဖန်လိုက်သော် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်ကို **အ**လုံး စုံ**သော** ကမ္မဋ္ဌာန်း ၄၀-တို့ဌ်ပင် ရကောင်**း**ပေသည်။

ပဋိဘာဂ နိမိတ်ကို**ကား**ကသိုဏ်**း**မည်တ် ၁ဝ,ဆံ**အ**စရှိသော ကာယအစုပည်တ်, **အာ**နာပါနဟု ဆို**အ**ပ်သော ၂၂-ပါ**း**သော သမထကမ္မဋ္ဌာန်းတို့ဌ် ရကောင်း၏။

အထူးမှတ်ဘွယ်

ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်ကို ကမ္မဋ္ဌာန်းတိုင်းဌ် **အ**တိ **အ**ကျ ခွဲခြားလို့ မရ**ကော**င်းချေ။ ပဋိဘာဂ**နိ**မိတ်ရကောင်း သော ၂၂-ပါ**း**သော **ကာ**မ္မဋ္ဌာန်းတို့ဌ်သာ ရကောင်းသည်။

ခွဲခြားပုံ**အ**ဆုံ။ ။ "ပထဝီ-ပထဝီ"ဟု- နှုတ်ဖြင့် ရွတ်ရ**ကော**င်း, မရွတ်ဘဲ မျက်စိဖြင့် စူးစိုက်ကြည့်ရ**ကော**င်း, ပွား**မျ**ား **နေ**စဉ် ထို**ပ**ထဝီ **ကသို**ဏ်**း**သည် ပရိ**ကမ္ဘ**နိမိတ်မည်၏။

ကမ္မဋ္ဌာန်း အသားကျ၍ ပထဝီကသိုဏ်းဝန်း အနားမှ ခွါပြီး သင့်လျော်ရာ အရပ်ဌာနေစဉ် စိတ်ဖြင့် မှန်းဆ၍ စီးဖြန်းလိုက်သည့်အခါ မျက်စိဖြင့် ကြည့်နေရသလို ထင်ရှားစွာဖြင့် မြင်နေရသော ယခင် ပထဝီကသိုဏ်းဝန်းသည် ဥဂ္ဂဟနိမိတ်မည်၏။

ဤသို့ စသည်ဖြင့် ပဋိဘာဂနိမိတ်ရကောင်းသော ကမ္မဋ္ဌာန်းများ၌ကား ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟ နိမိတ်ကို ကွဲကွဲပြားပြား သိရပေသည်။

ပဋိဘာဂနိမိတ် မရကောင်းသော ဗုဒ္ဓါနုဿတိ စသည်တို့၌ကား မူလ စီးဖြန်းစကပင် အရဟံစသော ဂုဏ်တော်များကို စိတ်ဖြင့် မှန်းဆပြီး အားထုတ်ရသောကြောင့် မည်သည့်အခိုက်အတန့်ကို ပရိကမ္မနိမိတ်၊ မည်သည့် အခိုက်အတန့်ကို ဥဂ္ဂဟနိမိတ်ဟု နယ်ခြားသတ်မှတ်၍ တိတိကျကျခွဲခြားလို့ မဖြစ်နိုင်ပါ။ ထို့ကြောင့် သင်္ဂီဟ အဋ္ဌကထာ၌ 'ယထာရဟံ ပရိယာယေန'ဟု ဆိုထားခြင်း ဖြစ်ပေသည်။ သို့သော် အရဟံစသော ဂုဏ်တော်များကို စိတ်ထဲမှာ ကောင်းစွာ မထင်ရှားသေးခင် 'အရဟံ၊ အရဟံ'ဟု နှုတ်ဖြင့် စီးဖြန်းနေခြင်းသည် ပရိကမ္မနိမိတ်မည်၏။ အတော်အတန် ထင်ရှားလာသောအခါ ဥဂ္ဂဟနိမိတ်မည်၏။ ဤသို့ သာမည အားဖြင့်သာ ခွဲခြားနိုင်သည်။

သာဓကပါဠိများ

နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံ ဥဂ္ဂဟနိမိတ္တဿ သဗ္ဗတ္ထာပိ ယထာ ရဟံ ပရိယာယေန လဗ္ဘန္တေ ဝ။

(သင်္ဂီဟ၊ ဆဋ္ဌမ-၁၅၂)

ပဋိဘာဂနိမိတ္တံ ပန ကသိဏာသုဘကောဋ္ဌာသ အာနာ
ပါနေသ္ဌဝ လဗ္ဘတိ။ (သင်္ဂဟ-၁၅ ၂)။

အနက်။ ။ပန၊ အဘိုတပါးကို ဆိုဦးအုံ့။ နိမိတ်တို့သည်၊ နိမိတ်သုံးပါးတို့တည်း။ ပရိကမ္မနိမိတ်ဟု၊ ပရိကမ္မနိမိတ်ကို လည်းကောင်း။ ဥဂ္ဂဟနိမိတ်ဟု၊ ဥဂ္ဂဟနိမိတ်ကို လည်းကောင်း။ သဗ္ဗတ္ထာပိ၊ အလုံးစုံသော သမထကမ္မဋ္ဌာန်း ၄၀ တို့၌လည်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ဝါ၊ ဥပစာအားဖြင့်။ လဗ္ဘန္တေ၀၊ ရအပ်ကုန်သည် သာလျှင်တည်း။

ပန၊ ပဋိဘာဂ နိမိတ်ရကောင်းဧသော ကမ္မဋ္ဌာန်းကို ဆိုဦးအုံ့။ ပဋိဘာဂနိမိတ်၊ ဗဋိဘာဂ နိမိတ်ကို။ ကသိဏာသုဘကောဋ္ဌာသအာနာပါနေသ္ဌဝ၊ ကသိုဏ်းပညတ် ၁၀၊ အသုဘပညတ် ၁၀၊ ကောဋ္ဌာသပညတ်၊ အာနာပါန ကမ္မဋ္ဌာန်းတို့၌သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။

ပဋိဘာဂနိမိတ်ရမှ စျာန်ရနိုင်

ရူပ, အရူပစျာန်များကို ရအောင်အားထုတ်ရမည့် ကမ္မဋ္ဌာန်းများကား ပဋိဘာဂနိမိတ် ရရှိသော ယခင် ၂၂ ပါးသော ကမ္မဋ္ဌာန်းများတည်း။

မှန်ပေသည်။ ထို ၂၂-ပါးသော ကမ္မဋ္ဌာန်းများကို အားထုတ်မှသာလျှင် ရူပ, အရူပစျာန်များကို ရနိုင်သည်။ 'အရဟံ' စသည်ဖြင့် ပွားများရသော ဗုဒ္ဓါနုဿတိ- စသော ၁၀-ပါး

သော ကမ္မာန်းကို အားထုတ်သော် စျာန်အဘိညာဉ်များကို မရနိုင်ပါ။

သာဓကပါဠိ

တတ္ထ ဟိ ပဋိဘာ ဂ နိမိတ္တ မာ ရ ဗ္ဘ ဥ ပ စာ ရ သ မာ ဓိ
အ ပ္ပ နာ သ မာ ဓိ စ ဝ တ္တ န္တိ။

(သင်္ဂီဟ အဋ္ဌကထာ၊ဆဋ္ဌမ-၁၅၂)

အနက်။ ။ဟိ၊ သစ္စံ၊ မှန်၏။ တတ္ထ၊ ထိုကသိုဏ်း,အသုဘ, ကောဋ္ဌာသ, အာနာပ နတို့၌။ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်ကို။အရဗ္ဘ၊အာရုံပြု၍။ဥပစာရသမာဓိစ၊ ဥပစာရသမာဓိသည်လည်း၊ကောင်း။ အပ္ပနာသမာဓိစ၊ အပ္ပနာသမာဓိသည်လည်း၊ကောင်း၊ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ (ပဋိဘာဂနိမိတ် မရကောင်းသော ကမ္မဋ္ဌာန်းတို့၌ကား ဥပစာရဘာဝနာက ဥဂ္ဂဟနိမိတ်ကိုသာ အာရုံပြုသည်။)

၃။ ကမ္မဋ္ဌာန်းသင်ပေးမည့်ဆရာရှိရမည်

တရားအားထုတ်မည့်နေရာကို စီစဉ်ပြီးခဲ့သော် "ကမ္မဋ္ဌာနာစရိယံ ဥပနိဿာယ၊ကမ္မဋ္ဌာနံ ဂဟေတ္တာ" စသည်ဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုအပ်သည်နှင့် အညီ ကမ္မဋ္ဌာနာစရိယခေါ် ကမ္မဋ္ဌန်းကို သင်ပေးမည့် ဆရာကောင်းသမားကောင်းကို ရှာမှီးရမည်။ ဆရာလွဲမှားလျှင် ဒကာများ ငရဲသွားရသော (ကဿပဘုရား လက်ထက်က)ကပိလထုံးကို နှလုံးမူသင့်သည်။

ထိုကမ္မဋ္ဌာန်းဆရာ(၆)ဦးကား-

၁။ ရဟန္တာပုဂ္ဂိုလ်

၂။ အနာဂါမ် ပုဂ္ဂိုလ်

၃။ သကဒါဂ ်မ် ပုဂ္ဂိုလ်

၄။ သောတာပန် ပုဂ္ဂိုလ်

၅။ စျာန်ရ ပုထုဇဉ်

၆။ ဂန္ဓန္ဓရ ဗဟုသုတ လင်္ဂီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။

မှတ်ချက်။ ။ဘုရားသခ ်သက်တော်ထင်ရှား ရှိစဉ်က ဖြစ်ခဲ့သော် ကမ္မဋ္ဌာန်းဆရာ(၇)ဦး ဖြစ်ပေသည်။

မှန်ပေသည်။ထို(၆)ဦးတို့ကို အစဉ်အတိုင်း ရှာမှီး၍ တပည့်ခံပြီး ကမ္မဋ္ဌာန်း တောင်းရမည်။ ဆို(၆)ဦးတို့တွင်လည်း-

၁။ ဘုရားသခင် ပရိနိဗ္ဗာန်စံပြီးနောက် ရဟန္တာ ပုဂ္ဂိုလ် တဦးဦးထံမှာ ကမ္မဋ္ဌာန်းတောင်းရမည်။

၂။ ရဟန္တာပုဂ္ဂိုလ်ကို ရာလှိုမရရှိခဲ့သော် အနာဂါမ်ပုဂ္ဂိုလ် ထံမှာ ကမ္မဋ္ဌာန်းတောင်းရမည်။

၃။ အနာဂါမ်ပုဂ္ဂိုလ်ကို ရာလှိုမရရှိခဲ့သော် သကဒါဂါမ် ထံမှာ ကမ္မဋ္ဌာန်း တောင်းရမည်။

၄။ သကဒါဂါမ်ပုဂ္ဂိုလ်ကို ရှာလှိုမရရှိခဲ့သော် သောတာပန် ပုဂ္ဂိုလ်ထံမှာ ကမ္မဋ္ဌာန်းတောင်းရမည်။

၅။ သောတာပန် ပုဂ္ဂိုလ်ကို ရှာလို့မရရှိခဲ့သော် ဂန္ဓိန္ဒရ ဗဟုသုတ လင်္ဂီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်ထံမှာ ကမ္မဋ္ဌာန်း တောင်းရမည်-ဟု ဆိုလိုသည်။

ထိုပြင် ဂန္ဓိန္ဒရ ဗဟုသုတ လင်္ဂီပေသလ ပုဂ္ဂိုလ်သည်လည်း အရည်အချင်း အမျိုးမျိုးရှိပေသည်။

၁။ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ် ထံ မှာ ချဉ်း ကပ်၍ ကမ္မဋ္ဌာန်းတောင်းရမည်။

၂။ ထိုပုဂ္ဂိုလ်မျိုး မရှိခဲ့သော် ပိဋကတ် နှစ်ပုံဆောင်ပုဂ္ဂိုလ် ထံ တောင်းရမည်။

၃။ ထိုပုဂ္ဂိုလ်မျိုး မရှိခဲ့သော် တပုံဆောင် ပုဂ္ဂိုလ်ထံမှာ ကမ္မဋ္ဌာန်းတောင်းရမည်။

၄။ ထိုပုဂ္ဂိုလ်မျိုး မရှိခဲ့သော် အဋ္ဌကထာနှင့်တကွ နိကာယ် တမျိုးလောက်ကိုသာ လေ့လာ သင်ကြားဘူးသော လင်္ဂီပေသလ သိက္ခာကာမပုဂ္ဂိုလ်များထံမှာ ကမ္မဋ္ဌာန်းကို တောင်းရမည်။ ဤကား ဝိသုဒ္ဓိမဂ်လာကမ္မဋ္ဌာန်း စရိယခေါ် ကမ္မဋ္ဌာန်းဆရာများတည်း။

သာဓကပါဠိ

သစေ ခီဏာဝုံ လဘတိ၊ ဣစ္ဆေတံ ကုသလံ၊ နောစေ လဘတိ၊ အာနာဂါမိ, သကဒါဂါမိ, သောတာပန္နံ, ဗျာနလာဘီပုထုဇ္ဇနံ တိပိဋကဓရ, ဒ္ဝိပိဋကဓရ, ဧကပိဋကဓရေသု ပုရိမယာ ပုရိမယာ သန္တိဏော၊ ဧက

ပိဋ္ဌကဓရေပိ အာသတိ ယသ ကောဏ်ပိ အဋ္ဌကထာယ သဒ္ဒိ ပဂုဏာ၊ အယဉ္စ လဇ္ဇီဟောတိ၊ တသ္မာ သန္တိကေ ဂဟေတဗ္ဗံ။ ။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ ၁ ၅)

အနက်။ ။ခီဏာသဝ၊ အာသဝေါ ကုန်ခန်း ရဟန္တာ ပုဂ္ဂိုလ်ကို၊ သစေလဘတိ၊ ကမ္မဋ္ဌာန်းဆရာ ပြုလုပ်ရန်အတွက် အကယ်တိတိ ရရှိဘိမူ။ ဣစ္ဆေတံ၊ ဣတံတေ လဘနံ ဣတိ ရဟန္တာ ကမ္မဋ္ဌာန်းဆရာ ရရှိခြင်းသည်။ ကုသလံ၊ အတိုင်းထက် အလွန်တောင်းမှန်လှ ပေ၏။ (ခီဏာသဝ၊ အာသဝေါ ကုန်ခန်း ရဟန္တာ ပုဂ္ဂိုလ်ကို) နောစေ ဘာဝိ ပုဗ္ဗေစ၊ ကံ၊ အခြေမဟာန်၍ ကောင်တိတိ၊ မရှိမူ။ အနုဝဂါမိ, သကဒါဂါမိ, သောတာပန္န, ဗျာန လ၊ ဘီ, ပုထုဇဉ်, တိပိဋ္ဌက, ဒွိပိဋ္ဌက, ကေပိဋ္ဌကဓရော၊ အနာဂါမ်, သကဒါဂါမ်, သောတာပန်, ဗျာန်ရပုထုဇဉ်, ပိဋ္ဌကတ်သုံးပုံဆောင် ပုဂ္ဂိုလ်, နှစ်ပုံဆောင်, တပုံဆောင် ပုဂ္ဂိုလ်တို့တွင်။ ပုရိ၊ သပုရိမသ၊ ရှေးရှေးသော ပုဂ္ဂိုလ်မျိ။ သန္တိကေ၊ အထံ၌။ (ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတဗ္ဗံ၊ သင်ယူအ ၏။)

ကောဏ်ပိ ပိဋ္ဌကဓရော၊ ပိဋ္ဌကတတ်ပုံဆောင် ပုဂ္ဂိုလ်သည်လည်း။ အာသ၊ ရှိ၊ မရှိခဲ့သော်။ ဝ၊ ရှာမရခဲ့သော်။ ယသ၊ ပုဂ္ဂိုလ်သ၊ အကြင်ပုဂ္ဂိုလ်အား။ ဝ၊ အကြင်ပုဂ္ဂိုလ်သည်။ အဋ္ဌကထာယ၊ အဋ္ဌကထာနှင့်။ သဒ္ဒိ၊ အတူတကွ၊ ဝ၊ တဲ့ဘက်လျက်။ ကေ သဂ်ိတိပိ၊ နိုက်ဘယ်ငါးပါးတွင် တပါးပါးကိုမျှလည်း။ ပဂုဏာ၊

သင်ကြားလေ့လာအပ်သည်။ (ဟောတိ၊ ဖြစ်၏။) အဟဠ္ဠ ပုဂ္ဂလော၊ အဌကထာနှင့်တကွ နိကာယ်တမျိုးကိုသာ လေ့လာ ဘူးသော ပုဂ္ဂိုလ်သည်လည်း။ လင်္ဂီ၊ အကုသိုလ်ဆိုး အပြစ်မျိုး မှ ရှက်နိုးတတ်သည်။ ဟောတိ၊ ဖြစ်၏၊ တဿ ပုဂ္ဂလဿ၊ နိကာယ်ငါးမျိုးလုံး မစုမ်းနိုင်၊ တမျိုးကိုသာ သင်ကြားလေ့ လာဘူးသော လင်္ဂီပေသလ သိက္ခာကာမဖြစ်သော ထိုပုဂ္ဂိုလ်၏။ သန္ဓိကော၊ အထံ၌။ (ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို) ဂဟေတဗ္ဗံ၊ အမြတ် တနိုး၊ စိတ်ဝယ်ကိုး၍၊ အရိုးကြေကြေ၊ အရေချောက်ချောက်၊ နောက်သို့မဆုတ်၊ အားထုတ်အပ်ပေသတည်း။

၈။ တရားအားထုတ်ရမည့်နေရာ

"ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ, ရုက္ခမူလဂတော ဝါ, သုညာဂါရဂတော ဝါ နိသီဒတိ" ဤ ပါဠိတော်အားဖြင့် တရားအားထုတ်ရမည့် နေရာပြသော ပါဠိ ဖြစ်သည်။ ထိုတွင်–

၁။ အရညဂတော ဝါ။ လူတို့နေထိုင်သော မြို့ရွာမှ ဝေးကွာသော (လူသူ ကင်းဆိပ်သော) တောအုပ်ကြီး ဖြစ်ရမည်။

၂။ ရုက္ခမူလ ဂတော ဝါ။ သစ်တပင်ရင်း ဝါးတပင် အောက် ဖြစ်ရမည်။

၃။ သုညာဂါရ ဂတော ဝါ။ ရွာသံ, လူသံ, စက်သံမှ ကင်းဆိတ်သောအရပ် ဖြစ်ရမည်။

ဖော်ပြပါနေရာများသို့ မသွားရောက်နိုင်ခဲ့သော် ယခုခေတ် တရားအားထုတ်ရာဌာနဟု သတ်မှတ်ထားသော ရိပ်သာများသို့ သွားရောက်၍ အားထုတ်သင့်ပေသည်။ အကယ်၍ ထိုရိပ်သာများသို့ပင် မသွားနိုင်ခဲ့သော် လုံခြုံတိတ်ဆိပ် သမာဓိရနိုင်သော အဆောက်အဦးတခုခု(သို့မဟုတ်) အခန်းတခုခုကို ရှာထားသင့်သည်။

ထိုဆိပ်ငြိမ်ရာ အရပ်ကိုပင် ရှာ၍ထားနိုင်ခွင့် မရရှိနိုင်ခဲ့သော် မိမိ၏အိမ်မှာ 'တရားအားထုတ်သည့်နေရာ'ဟု သင့်လျော်သော အခန်းတခုကို သတ်မှတ်ပြီး ထားသင့်သည်၊ (အခြေအနေပေးလျှင် တရားအားထုတ်မည့် အချိန်ကိုပါ သတ်မှတ်ထားသင့်ပေသည်။)

၉။ ဝတ်စားဆင်ယင်မှုနှင့် ပြည့်စုံရမည်

ကမ္မဋ္ဌာန်းကို အားထုတ်မည့်ယောဂီသည် ဆိုခဲ့ပြီး အခြေခံတို့နှင့် ပြည့်စုံခဲ့သော် ဝတ်စားဆင်ယင်မှုကိုလည်း ပြုပြင်ပြောင်းလဲသင့်သည်။

မိမိလုပ်ငန်းနှင့် အံဝင်အောင် ဝတ်ဆင်မှုသည် လုပ်ငန်းအား အထောက်အကူကို ပေးနိုင်သည်။ ဝတ်စားဆင်ယင်မှုသည် သာမန်ကြည့်လျှင် အရေးမပါ၊ အရာမရောက်-ဟု ထင်ရသော်လည်း ထိုဝတ်စားဆင်ယင်မှုကြောင့် ကံယ်အမှုအရာ, နှုတ်အမှုအရာများ သိသာစွာ ပြောင်းလဲ သွား ခြင်း ကို ကားအထူးသတိပြုသင့်ပေသည်။ ပြေးခုန်ကစားမှု လွှန်ကဲ သော

၈-နှစ် ၉-နှစ်အရွယ် ခဲလေးများအား သက်နှံးဝတ်ပေးလျှင် ဥ ခြေနှင်းများ သိသိသာသာ ငြိမ်သက်သွားကြောင်း တွေ့ရှိရပေသည်။

ထို့ကြောင့် ဂမ္ဘီရဘာန်းအားထုတ်ရာ၌ ဝတ်စားဆင်ယင်မှုသည်လည်း အရေးမကြီးဟု ထင်ရသော်လည်း လက်တွေ့ပိုင်းမှာ အဓိက အခန်းက ပါဝင်နေပေသည်။

ဝတ်စားဆင်ယင်မှုအမျိုးမျိုး

ဝတ်စားဆင်ယင်မှုသည်–

၁။ ဖြူသောအဝတ်

၂။ **သစ်ခေါက်ဆိုး** အဝတ်ဟူ၍ နှစ်မျိုးရှိပေသည်။ အဝတ်ဖြူကို ပရဇိုဇ်များ ဝတ်လေ့ဝတ်ထ ရှိကြသည်။ သံသရာမှ ထွက်မြောက်လိုသော သူတော်ကောင်းတို့သည် **ကား** (ကာသာယာနိုဝတ္ထာနိ နိုဝါသေတ္တာ-သစ်ခေါက်ဆိုး **အဝတ်**ကို ဝတ်ကြသည်)- ဟူ၍ ပါဠိတော်များစွာ၌ ဟောတော်မူခဲ့ပေသည်။

မှန်ပေသည်၊ သုဝဏ္ဏသာမဇာတ်၌ ဘုရားလောင်း သုဝဏ္ဏသာမတို့ မိသားစုသည် သစ်ခေါက်ဆိုးကို ဝတ်ကြသည်။

ဝေဿန္တရာဇာတ်၌ ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီမိဖုရားတို့ **သစ်ခေါက်ဆိုး**ကိုဝတ်ကြသည်။

ဥပ္ပလဝဏ်ထေရ် မိထွေးတော် ဂေါတမီတို့သည် နန်းတော်အတွင်းကပင် **သစ်ခေါက်ဆိုး**ကို ဝတ်လာကြသည်။

လူလောကမှ ထွက်မြောက်ရန်အတွက် အားထုတ်ရာတွင် ဝတ်စားဆင်ယင်မှုမှစ၍ သာမန်လူဝတ်ကြောင်တယောက် ဝတ်ဆင်ပုံနှင့် မတူအောင် ဇတာလှန်ရုံးကန် ဝတ် ဆင် ခြင်း သည် သဘာဝကျပေသည်။

သို့ရာတွင် မိမိမှာ ဘဝအခြေအနေ မပေးသဖြင့် လုပ်ငန်းနှင့် သင့်လျော်သော အဝတ်အထည်ကို မရနိုင်ပါလျှင် ခါတိုင်း ဝတ်နေကျ (ပင်ကိုယ်) အဝတ်အထည်နှင့်ပင် အားထုတ်နိုင်ပါ**သ**ည်။'

၁၀။ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရာလမ်း ၂-သွယ်

တဘဝမှ တဘဝသို့ ပြောင်းသွားရာ၌ ဆင်းရဲအချိုးမျိုးကို ခံစားရခြင်း (သံသရာဒုက္ခ)မှ လွတ်လိုသူဘိုင်းသည် လမ်းသာတွေ ပြည့်လျှံနေသည်ဟု ကြားဘူးသော (ကြားဘူးသည့် အတိုင်း ယုံလည်းယုံကြည်နေသော) မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်လိုကြသဖြင့် ဖြောင့်တန်းစွာ ရောက်နိုင်သော နည်းကောင်းလမ်းမှန်ကို ရှာဖွေခဲ့ကြသည်။

အစစ်အမှန်လမ်းကြောင်း ၂-မျိုးကို တွေ့ရှိကြ၍ မဂ်,ဖိုလ်, နိဗ္ဗာန် ဟူသော ဟိုမှာဘက်ကမ်းသို့ ကူးသွားကြသူများလည်း မရေတွက်နိုင်အောင် ရှိသည်-ဟု အထောက်အထား၊ခိုင်လုံစွာဖြင့် တွေ့ရှိထားကြပြီးဖြစ်သည်။' ထိုလမ်းကြောင်းနှစ်မျိုးကား-

၁။ သမထမှ တဆင့်သွားရသော (သမထ ယာနိက) လမ်းကြောင်း,

၂။ ဝိပဿနာ သက်သက်ဖြင့် သွားရသော (ဝိပဿနာ ယာနိက)လမ်းကြောင်းတို့ ဖြစ်ပေသည်။

မဂ်ဖိုလ်နိဗ္ဗာန်သို့ ကြသွားတော်မူကြကုန်ပြီးသော အဆူဆူသော ဘုရားသခင်တို့နှင့် တပည့်တော်ပန်း ရှင်လူရဟန်းတို့သည် လည်းကောင်း၊ နောက်ဆက်တဲ့အနေနဲ့ ကူးသွားလတံ့ကုန်သော ဤ"မဂ်ပေါက်ဖိုလ်ဝင် (ရုပ်ပြ) အာနာပါန ကျင့်စဉ်"စာအုပ်ကို ဖတ်ပြီး လေ့လာအားထုတ်နေ[illegible]သော ယောဂီသူမြတ်တို့သည် လည်းကောင်း ဤလမ်း[illegible]စ်သွယ်မှတပါး အခြားသွားစရာ လမ်းမရှိတော့ပြီ။ ဤလမ်းနှစ်သွယ်ဝင်အနက် မိမိတို့ကြိုက်နှစ်သက်ရာ လမ်းမှ သွားနိုင်ကြကုန်၏။ ၂-လမ်းလုံးမှပင် ရောက်နိုင်ကြကုန်၏။

ခဲ့ဆိုအုံ၊ ထိုဘွင်-

သမထ ယာနိကလမ်းကြောင်းခွဲ

(က) ဥပစာရသမာဓိမှတဆင့် ဝိပဿနာသို့ ကူးပြောင်းပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ ကူးသွားနိုင်သော လမ်းကြောင်းက တမျိုး၊

(ခ) အပ္ပနာသမာဓိမှတဆင့် ဝိပဿနာသို့ ကူးပြောင်းပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ ကူးသွားနိုင်သော လမ်းကြောင်းက တမျိုး-ဟု ၂-မျိုးရှိပြန်သည်။

သာဓကပါဠိ

ယာတိ ပဇ္ဇတိ ဧတေနာတိ ယာနံ၊ သမထောဝ ယာနံ သမထယာနံ၊ တံ အသ အတ္ထိတိ သမထ ယာနိကော။

စျာနေ၀ါ စျာနူ ပစာရေ၀ါပတိဋ္ဌာယ ဝိဖယသနံ အနုယုဉ္ဇန္တိသေတံ နာဝမံ။(မဟာဋီကာ၊ ဒု-၃၅၀)။

အနက်။ ။ဧတေနကမ္မဋ္ဌာနေန၊ ဣကမ္မဋ္ဌာန်းဖြင့်။ ပဒံ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့။ ယာတိပဋ္ဌတိ၊ ရောက်တတ်၏။ ဣတိစာသဟ၊ ထို့ကြောင့်။ တံကမ္မဋ္ဌာနံ၊ အားထုတ်ကြောင်းဖြစ်သော ထိုကမ္မဋ္ဌာန်းသည်။ ယာနံ၊ ယာဉ်မည်၏။

သမထော၀၊ အာနာပါန-စသော အကျင့်တရားသည်သာ လျှင်။ ယာနံ၊ ယာဉ်မည်၏။ ၀ါ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဓမ္မအေးယာဉ်ကြီး မည်၏။ သမထယာနံ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း ဓမ္မအေးယာဉ်။

အာသယောဂိနော၊ ထိုအာနာ၀ါန ယောဂိအား။ တံသမထယာနံ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မေ့အေးယာဉ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သမထယာနိကော၊ သမထယာနိကမည်၏။

ဧတံနာ၀မံ၊ ဤသမထယာနိကဟူသော အမည်သည်။ စျာနေ၀ါ၊ ပထမစျာန်စသော(မဟဂ္ဂုတ်)အပ္ပနာစျာန်မျှားခ၌လည်းကောင်း၊ စျာနူပစာရေ၀ါ၊ အပ္ပနာစျာန်၏ အနီးခ၌ဖြစ်သော ကာမာ၀စရဖြစ်သော ဥပစာရစျာန်ခ၌လည်းကောင်း။ ပတိဋ္ဌာယ၊ တည်နေ၍။ ၀ါ၊ ရအောင်အားထုတ်ပြီး၍။ ဝိပဿနံ၊ အနိစ္စ, ဒုက္ခ, အနတ္တဟူသော ဝိပဿနာကို။ အနုယုဉ္ဇန္တသ၊ စီးပြန်းကျိုးကုတ် အားထုတ်သော ယောဂိ၏။ နာ၀မံ၊ အမည်ဖြစ်ပေ၏။

လမ်းပြောင်းလမ်းခွဲ

သမထယောဂနိုကလမ်းဖြင့် သွားလိုသော ယောဂီသည် အာစာသ ကသိုဏ်းနှင့်အာလောကကသိုဏ်းကိုကြဉ်၍ ကျန်သမထ ကမ္မဋ္ဌာန်း ၃၈-ပါးတို့အနက် မိမိတို့ စရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို (ကမ္မဋ္ဌာန်းဆရာထံမှာ နည်းခံ၍) အားထုတ်ရသည်။ 'ဆရာမပြလျှင် ငါးမီးဖုတ်တောင် နည်းမကျ' ဟု ဆိုရိုးစကားရှိသည့်အတိုင်း ဆရာနှင့် ကင်း၍ အားမထုတ်သင့်ချေ။ 'မိမိဆရာသည် မည်သူမည်ဝါဖြစ်သည်' ဟု လက်ညှိုးထိုးပြ စရာမရှိဘဲ ရဟန္တာအမည် ခံနေကြခြင်းသည် 'ယိုသူမရှက် မြင်သူရှက်' ဆိုသလို နားရှက်လှပေသည်။

ဆရာကောင်းထံ နည်းခံ၍ သမထကမ္မဋ္ဌာန်းကို အားထုတ်နေသော အဆိုပါယောဂီသည် ယခုဘဝတွင်ပင် မဂ်ဖိုလ်ရအောင် အားထုတ်လိုခဲ့သော် သမထလမ်းကြောင်းမှ ဝိပဿနာ လမ်းကြောင်းသို့ ကူးပြောင်း၍ အားထုတ်ရသည်။

လုပ်ငန်းစဉ် မပြောင်းရပါ

ဝိပဿနာလမ်းသို့ ကူးပြောင်းရသည်ဆိုသော်လည်း လုပ်ငန်းစဉ်တမျိုးပြောင်းနေရသည်မဟုတ်ချေ။ ဝိသုဒ္ဓိ ၇-ပါးကို အစဉ်အတိုင်း အားထုတ်သွားလျှင်ပင် ကိစ္စပြီးသည်။ သက်ဆိုင်ရာ ဝိသုဒ္ဓိသို့ရောက်လျှင် ထင်လာသော အာရုံကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုမှတ်၍ ဆက်လက်အားထုတ်သွားရုံမျှသာဖြစ်သည်။ (ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ခဏ်းမှာ ပြန်ရှုပါ။)

အပွနာစျာန် ရပြီးသူ ဖြစ်ပါမူ ဝိပဿနာလမ်း ပြောင်းလို ခဲ့သော် မိမိရရှိသော စျာန်ကို ပါဒက, သမ္မသိတ, ပုဂ္ဂလစ္ဆာ သယတို့၏ အစွမ်းအားဖြင့် ရုပ်နာမ်တရားကို ဝိပဿနာရှုပြီး ပြောင်းရသည်။ (နောက်ဌ ဘွဲ့ရလတန်)

သာဓကပါဠိ

တတ္ထ သမထယာနိကဿ သမထမုခေန ဝိပဿနာဘိနိ ဝေသော။ (မဟာဋီကာ-၃-၃၅၁)

အနက်။ ။ တတ္ထ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရာဖြစ်သော ထိုလမ်း နှင့်သွယ်တို့တွင်။ သမထယာနိကဿ၊ သမထယာနိကယောဂီအား။ သမထမုခေန၊ သမထပဋိဘာဂ နိမိတ်ကို အဦးပြုသောအားဖြင့်။ဝိပဿနာဘိနိဝေသော၊ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာကို နှလုံးသွင်းခြင်းပင်တည်း။

(၂) ဝိပဿနာယာနိက ပုဂ္ဂိုလ်ဟူသည် သမထမပါဘဲ သင်္ခါရတရားကို အနိစ္စ, ဒုက္ခ, အနတ္တ–ဟူ၍ ဝိပဿနာသက်သက် အားထုတ်သောသူပင် မြစ်၏။ (သုဒ္ဓ-ဝိပဿနာယာနိက ခေါ်သည်။)

သာဓကပါဠိ

ဝိပဿနာယာနိကဿ ပန သမထံအနိဿိတာဝယာတိ အာဟသုဒ္ဓဝိပဿနာယာနိကောတိ။ သမထဘာဝနာယ အမိဿိတဝိပဿနာယာတိအတ္ထော။ (မဟာဋီကာ ၃-၃၅၁-)

အနက်။ ။ ပန၊ အဘို့တပါးကိုဆိုဦးအုံ့။ ဝိပဿနာယာနီ ကား၊ သမထမပါ ဝိပဿနာသက်သက်ကိုသာ အားထုတ်သော သုဒ္ဓဝိပဿနာယာနိက ယောဂီ အား၊ သမထံ၊ သမထကို။ အနိသိတာယ၊ မမှီမှီ၍။ (ဝိပဿနာ ဘိနိဝေသော၊ ဝိပဿနာကို နှလုံးသွင်း အားထုတ်ခြင်းပင် တည်း။) ဣတိ ဗဟုဝေ၊ ထို့ကြောင့်။ သုဒ္ဓဝိပဿနာယာနိ-ကောတိ၊-ဟူ၍။ အာဟ၊ မိန့်ဆိုပြီ။

သမထ ဘာဝနာယ၊ သမထဘာဝနာနှင့်။ အမိသိတ ဘာဝနာယ၊ မရောမဘက် သက်သက်သော ဘာဝနာကို။ (အ ဘိ နိ ဝေ သော၊ နှလုံးသွင်း အား ထုတ် ခြင်း ပင် တည်း) ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ဝိပဿနာဘိနိဝေသော ပုဒ်ကို အနက်ပေးပုံတည်း။

အာနာပါနကို အထင်မသေးသင့်

မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရနိုင်သော ၃၈-ပါးသော ကမ္မဋ္ဌာန်း တို့တွင် ထွက်သက်, ဝင်သက် ခေါ်သော အာနာပါန ကမ္မဋ္ဌာန်းလည်း ပါဝင်နေပေသည်။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းကို အထင်မသေးသင့်ပေ။

သာဓကပါဠိ

အဌကထာ သာယ ကမ္မဋ္ဌာနေသု ယေနယေန မုခေန နိဗ္ဗာနံ သြတရိဟုကာမာ ဟောန္တိ၊ တံ တဒေव တိတ္ထံ၊ နိဗ္ဗာနသာ အတိတ္ထံနာမကမ္မဋ္ဌာနံ နတ္ထိ။ (မူလပဏ္ဏာသ အဌကထာ)

အနက်။ ။ အဋ္ဌတိ သာယ၊ သုံးဆယ့်ရှစ်ပါးသော။ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းတို့တွင်၊ ယေနယေန မုခေန၊ အကြင်အကြင် အားထုတ်အပ်သော ကမ္မဋ္ဌာန်းဘခုကို အမှီးပြုသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ သြတရိတုကာမာ၊ ဆင်းခြင်းငှာ အလိုရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံတဘေဝ၊ ထိုထို အမှီးပြု၍ အားထုတ်သော ကမ္မဋ္ဌာန်းသည်သာလျှင်။ တိတ္ထံ၊ သက်ဆင်းရာဆိပ်ကမ်းမည်၏။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အတိတ္ထံ၊ သက်ဆင်းရာ ဆိပ်ကမ်းမဟုတ်သော။ ကမ္မဋ္ဌာနံနာမ၊ ကမ္မဋ္ဌာန်းမည်သည်။ နတ္ထိ၊ မရှိချေ။

အဓိပ္ပာယ်။ ။သမုဒ္ဒရာသို့ ဆင်းလိုလျှင် ဘယ်နေရာမှမဆို ဆင်းနိုင်သလို မဂ်ဖိုလ်နိဗ္ဗာန် ရောက်လိုသော ယောဂီသည်လည်း သမထကမ္မဋ္ဌာန်း ၃၈ ပါးထဲက အဘယ် ကမ္မဋ္ဌာန်းကို အားထုတ် အားထုတ် နိဗ္ဗာန်ကို ရောက်နိုင်သည်။ မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကိုသာ အားထုတ်ပါ။ မုချ နိဗ္ဗာန် ရောက်နိုင်သည်-ဟု ဆိုလိုသည်။

အာနာပါနကမ္မဋ္ဌာန်းကို အလေးပြုထိုက်ကြောင်း

ထို့ပြင် အာနာပါန သမထအလုပ်သည် အလွန်အလေးပြု အပ်သော ဓာရုးဖြစ်သည်။ ဝိရိယနည်းပါးသော တော်ရုံတန်ရုံ လူသာမန်တို့နှင့် မဆိုက်တန်ချေ။ တာ၀ဲဆိပ်သီး ရဲရဲတောက် ဗါရမီရှင်တို့နှင့်သာ ထိုက်ဘန်သည်-ဟု ဘုရားသခင်ဓာလည်း ဟောတော်မူခဲ့သည်။ အဋ္ဌကထာ၌လည်း ဖွင့်ဆိုချက်ရှိသည်။

ဤသို့ ဟောကြား ဖွင့်ဆိုချက်ရှိသောကြောင့် ဤအာနာပါန အလုပ်ကို လေးလေးစားစား အားထုတ်သင့်လှပေသည်။

သဒ္ဓကပါဠိများ

နာဟံ ဘိက္ခဝေ မုဋ္ဌဿတိ သ အသမ္မုဋ္ဌနဿ အာနာပါနဿတိဘာဝနံ ဝဒါမိ။

(သတိပဋ္ဌာန်ပါဠိတော်)

အနက်။ ။ဘိက္ခဝေ၊ အို့နာ,သေရေး၊ ဒုက္ခဘေးကို ကြုံတွေ့ကြောက်ငြား အို့ယောဂိများတို့။ မုဋ္ဌဿတိသ၊ သတိလွတ်ကင်း မေ့လျော့ခြင်းရှိသော။ အသမ္မုဋ္ဌနဿ၊ ပညာဆင်ခြင်မှုမရှိသော၊ (ယောဂိနော၊ ယောဂိအား) အာနာပါနဿတိဘာဝနံ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမှုပါ။

ဣဒံ ဟန အာနာပါနဿတိကမ္မဋ္ဌာနံ ဂရုကံ ဂရုဘာဝနိယံ၊ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံ ယေဝ မနသိကာရဘူတံ။(ဝိသုဒ္ဓိမဂ်)

အနက်။ ။ပန်၊ ဆက်၍ ဆိုဦးအုံ့။ ဣဒံ အာနာပါနဿတိကမ္မဋ္ဌာနံ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်။ ဂရုကံ၊ ခဲယဉ်း ဝန်လေးလှ၏။ ဂရုဘာဝနိယံ၊ ခဲခဲယဉ်းယဉ်း အားထုတ်မှသာ ရနိုင်၏။ ဝါ. လေးလေးစားစား အားထုတ်အပ်၏။ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ,ဗုဒ္ဓပုတ္တာနံ၊ ဘုရား,ပစ္စေက

ဗုဒ္ဓါ, ဘုရားသားတော် ဖြစ်ကြကုန်သော။မဟာပုရိသာနံယော၀၊ အာဇာနည် ပါရမီရှင် ထိပ်တန်းကျသော ယောကျားမြတ်, မိန်းမမြတ်, ယောဂီဘိုသည်သာလျှင်။ မနသိကာရ ဘူမိဘူတံ၊ နှလုံးသွင်းအပ်သော ဂရုဖြစ်၍ ဖြစ်ပေ၏။

မှတ်ချက်။ ။ဤပါဠိတော် အဌကထာ အရ အာနာပါန ကမ္မဋ္ဌာန်းကို သမာသနာပ အခါ၌သည်း ပြုလုပ်နိုင်ကြောင်း သိရ၏။

သတိပဋ္ဌာန်လေးပါးလုံး ပြည့်စုံနိုင်

သမထကမ္မဋ္ဌာန်းတို့တွင် အာနာပါနကမ္မဋ္ဌာန်းသည် အဘယ်ကြောင့် အရေးကြီးပါသနည်း - ဆိုလျှင် ဤ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့သော် သတိပဋ္ဌာန်လေးပါးလုံး ပြည့်စုံနိုင်သောကြောင့် ဖြစ်ပေသည်။

သာဓကပါဠိ

အာနာပါနဿတိ ဘိက္ခဝေ ဘာ၀ိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

(သတိပဋ္ဌာန်ပါဠိ)

အနက်။ ။ဘိက္ခဝေ၊ အို,နာ,သေရေး ဒုက္ခဘေးကို ကြံ့ဖွေးကြပြား အို ယောဂီများတို့။ အာနာပါန သတိ၊ အာနာပါန သတိကမ္မဋ္ဌာန်းကို။ ဘာ၀ိတာ၊ ပွားများ အပ်သည်ရှိသော်၊ (၀ါ) ပွားများအပ်သောကြောင့်။ ဗဟုလီကတာ၊ အကြိမ်ကြိမ် အဖန်ဖန် လေ့လာအပ်သည်ရှိသော်။ (၀ါ)

အကြိမ်ကြိမ် အဖန်ဖန် လေ့လာအပ်သောကြောင့်။ စတ္တာရော သတိုပဋ္ဌာနေ၊ သတိပဋ္ဌာန်လေးပါးတို့ကို။ ပရိပူရေန္တိ၊ ဖြည့်ကျင့်သည် မည်ကုန်၏။ (၀၊)ပြည့်စုံနိုင်ကုန်၏။

ထို့ပြင် အာနာပါန ကမ္မဋ္ဌာန်းကို ပွားများခြင်း ကြောင့် စျာန်ကိုရရှိခဲ့သော် ထိုစျာန်ကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟု လက္ခဏာတင်၍ အားထုတ်လျှင် ပဋိသမ္ภိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို ရနိုင်ပေသည်။ ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ရမည်-ဟု အဋ္ဌကထာဆရာက အောက်ပါအတိုင်း ဖွင့်ဆိုပြန်သည်။

သာဓကပါဠိ

တသ္မာ ကမ္မဋ္ဌာနံ ဘာဝေတ္ဝာ အာနာပါန စတုက္ကဇ္ဈာနပဒဋ္ဌာနာယ ဝိပဿနာယ သဟပဋိသမ္ภိဒါဟိ အရဟတ္တံ ပါပုနိတုကာမေန အာဒိကမ္မိကေန ကုလပုတ္တေန (လ) ဣဒံ အာနာပါနဿတိ ကမ္မဋ္ဌာနံ မနသိကာတဗ္ဗံ။

(ဝိသုဒ္ဓိမဂ်)

အနက်။ ။တသ္မာ၊ ထို့ကြောင့်။ ဣမံ ကမ္မဋ္ဌာနံ၊ ထွက်လေ့ဝင်လေကို မှတ်သားရသော ဤ အာနာပါန ကမ္မဋ္ဌာန်းကို။ ဘာဝေတ္ဝာ၊ ဖြစ်စေ၍။ (၀၊)ပွားများ၍။ အာနာပါန စတုက္ကဇ္ဈာနပဒဋ္ဌာနာယ၊ အာနာပါန ကမ္မဋ္ဌာန်းမှ ရအပ်သော စျာန်လေးပါးလျှင် အခြေခံအကြောင်းရင်းရှိသော။ ဝိပဿနာယ၊ သမထယာနိက ဝိပဿနာ ဘာဝနာဖြင့်။ သဟပဋိ

ဆမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ။ အရဟာတ်၊ အရဟာတ္တဖိုလ်သို့။ ပါပုနိတုကာမေန၊ ရောက်ခြင်းငှာ အလိုရှိသော။ အာဒိကမ္မိကေန၊ ကမ္မဋ္ဌာန်း အားထုတ်ခါစ ဖြစ်သော။ ကုလပုတ္တေန၊ အမျိုးကောင်းသား(သမီး)သည်။ (လ)ဣဒံ အာနာပါန ဃတိ ကမ္မဋ္ဌာနံ၊ ဤ အာနာပါန:ကမ္မဋ္ဌာန်းကို။ မနသိ ကာတဗ္ဗံ၊ နှလုံးသွင်း အားထုတ်အပ်၏။

အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီမှာ ဘယ်အခါမှ အနည်းနှီး မပြစ်နိုင်၊ အားထုတ်သော ဝိရိယစွမ်းအားအလျောက် အကျိုးပေးနိုင်ပေသည်။ အ နည်း ဆုံး အား ဖြင့် အောက်ပါ အကျိုး ၅-ပါးကိုတော့ ရခဏ ရနိုင်ပါသည်။

အာနာပါန အကျိုးငါးပါး

ဂုဏ်းတို့ကား—

၁။ ယခုဘဝ၌ပင်လျှင် ရဟန္တာဖြစ်နိုင်ခြင်း,

၂။ အကယ်၍ အသက်ရှိစဉ် ရဟန္တာမဖြစ်နိုင်ခဲ့သော် သေခါနီးကာလ၌ သမ္ဘဝီဘိုရဟန္တာအဖြစ်သို့ ရောက်နိုင်ခြင်း,

၃။ အကယ်၍ ထိုသို့ မဖြစ်နိုင်ခဲ့သော် နတ်ပြည်သို့ ရောက်သောအခါ မေမ္ဘကထိကနတ်သား၏ တရားသံကို ကြားရ၍ ရဟန္တာဖြစ်နိုင်ခြင်း,

၄။ အကယ်၍ ထိုသို့ မဖြစ်နိုင်ခဲ့သော် အရိမေတ္တေယျ ဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ခြင်း,

၅။ အကယ်၍ ထိုသို့မဖြစ်နိုင်ခဲ့သော် ပဋ္ဌာန်တော်မူလတံ့သော အရိမေတ္တေယျ စသော ဘုရားသခင်တို့ထံ၌ ဒါရုစိရိယမထေရ်စသည်တို့ကဲ့သို့ ခိပ္ပါဘိညရဟန္တာ ဖြစ်နိုင်ခြင်း,

ဟူသော ငါးပါးတို့ ဖြစ်ကြသည်။

သာဓကပါဠိ

ဣဓ ဘိက္ခု အာနာပါနဿတိ အနုယုတ္တော ဧကာ သနေ နိသိန္နော၀ သဗ္ဗာသ၀ေ ခေပေတ္ဝာ အရဟတ္တံ ပ္ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီတိ ဟောတိ၊ တထာ အသက္ကောန္တော ဒေ၀လောကေ နိဗ္ဗတ္တိတ္ဝာ ဓမ္မကထိကဒေ၀ပုတ္တသ ဓမ္မံ သုတ္ဝာ အရဟတ္တံ ပါပုဏာတိ၊ ဧတေ ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိं သစ္ဆိကရောတိ၊ တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာ၀ေ ဗာဟိယတ္ထေရာ၃ယော ဝိယ ခိပ္ပါဘိညော ဟောတိ။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ)

အနက်။ ။ဣဓ-ဤမသို့ သာသနေ၊ အုံ့ဖွယ်ရှစ်ဖြာ, ဤ ငါ ဘုရား သာသနာတော်၌။ (ပဋိပန္နကော၊ ကျင့်သော) ဘိက္ခု၊ သံသရာဘေး, လေးဆောစန်ကို ရှုလေ့ရှိသော ယောဂီရဟန်းသည်။ အာနာပါနဿတိ၊ အာနာပါန သတိ ကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ လုလ္လကြိုးကုတ်, အားထုတ်သည်

ဖြစ်၍။ ကောသနေ၊ တခုသောနေရာ၌။ (၀၊)တထိုင်ဘည်း၌။ နိသိန္နော်ဝစ၊ ထိုင်နေလျက်သာလျှင်။ သဗ္ဗာသဝေ၊ လုံးစုံအမျှားအာသဝေ၊တရား လေးပါးတို့ကို။ ခေပေတ္မာ၊ ကုန်ခမ်းစေ၍။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ဆိုက်ရောက်နိုင်၏။

တထာ၊ ထိုသို့ ဆိုခဲ့သည့်အတိုင်း။ အသက္ကောန္တော၊ ရဟန္တာအဖြစ်သို့ မရောက်နိုင်သေးသည်ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတ္မာ၊ နတ်ဖြစ်၍။ ဓမ္မကထိကဒေဝပုတ္တသ၊ ဓမ္မကထိကနတ်သားတပါး၏။ ဓမ္မံ၊ ဟောဖော်ပြသ တရားဓမ္မကို။ သုတ္မာ၊ နာရ၍။ (၀၊) နာရသည်ရှိသော်။ (၀၊) နာရခြင်းကြောင့်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ဆိုက်ရောက်နိုင်သေး၏။

တတော၊ ထိုနတ်ပြည်မှ။ ဝိရုဠှါ၊ ချုတ်ယွင်းခဲ့သည်ရှိသော်။ (၀၊)စုတေခဲ့သည်ရှိသော်။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားပွင့်ခြင်းသည်။ အနုပ္ပန္နေ၊ မဖြစ်သည်ရှိသော်။ (၀၊) ဘုရားမပွင့်သည်ရှိသော်။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်၏။ (၀၊)ပစ္စေက ဗုဒ္ဓါဘုရား ဖြစ်နိုင်ပါ၏။

တံ ပစ္စေကဗောဓိံ၊ ထို ပစ္စေကဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက်မှောက်မပြုနိုင်ခဲ့သည်ရှိသော်။ (၀၊)ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်ခဲ့သည်ရှိသော်။ ဗုဒ္ဓါနံ၊ ပွင့်တော်မူလတံ့ကုန်သော အရိမေတ္တေယျ အစရှိကုန်သော သစ္စာသိမြင် ဘုရားရှင်တို့၏။ သမ္မုခီဘာဝေ၊ မျက်မှောက်အဖြစ်၌။ ဗာဟီ ယတ္ထေရုဒယော

ဝိယ၊ ဗာဟိယမထေရ် စသည်တို့ကဲ့သို့။ ခိမ္ဗါဘိညော၊ လျင်မြန်သောအဘိဉာဏ်ရှိသည်။ ဟောတို့၊ ဖြစ်နိုင်၏။

၁၁။ လက်တွေ့ တရားထိုင်ရာ၌-

လိုရင်းဖြစ်သော အာနာပါနပဗ္ဗသတိပဋ္ဌာန်ပါဠိတော်၌ ကထဉ္စ ပန ဘိက္ခဝေ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော၊ ရုက္ခမူလဂတော၊ သုညာဂါရဂတော၊ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္မာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္မာ။

၁။ သော သတော၊ အဿသတိ၊ သတော၊ ပဿသတိ။

၂။ ဒီဃံ၊ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။

ဒီဃံ၊ ပဿ သန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

ရဿံ၊ အဿ သန္တော ရဿံ အဿသာမီတိ ပဇာနာတိ။

ရဿံ၊ ပဿ သန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

၃။ သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၄။ ပဿမ္ဘယံ ကာယခ်ိုရံ အဿသိဿာမိတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသခ်ိုရံ ပဿသိဿာမိတိ သိက္ခတိ။

၅။ သေယျထာပိ နာမ ဘိက္ခဝေ ဒက္ခော ဘမ်ကာ ရော၀ါ ဘမကာရန္တေ၀ါသိ၀ါ ဒီဃံ အဿသန္တော ဒီဃံ အဿသာမိတိ ပဇာနာတိ။

ရဿံ၀ါ အဿသန္တော ရဿံအဿသာမိတိ ပဇာနာတိ။ ဧ၀မေ၀ ဘိက္ခဝေ ဒီဃံ အဿသန္တော ဒီဃံ အဿသာမိတိ ပဇာနာတိ။

ရဿံ အဿသန္တော ရဿံ အဿသာမိတိ ပဇာနာတိ။

၆။ ဣတိ အဗ္ဘန္တရံ၀ါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဣတိ ဗဟိဒ္ဓါ၀ါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဣတိ အဗ္ဘန္တရဗဟိဒ္ဓါ၀ါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

၇။ သမုဒယ ဓမ္မာနုပဿီ၀ါ ကာယသ္မိံ၀ါ ဝိဟရတိ။ ဝယဓမ္မာနုပဿီ၀ါ ကာယသ္မိံ ဝိဟရတိ။

သမုဒယ ဝယဓမ္မာနုပဿီ၀ါ ကာယသ္မိံ ၀ါ ဝိဟရတိ။

၈။ အတ္ထိ ကာယောတိ၀ါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။

ယာဝဒေဝ ဥာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ နစကိဉ္စိ လောကေ ဥပါဒိယတိ။

ဧवံခေါ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟရတိ။ (အာနာပါန ပဗ္ဗံနိဋ္ဌိတံ)

အနက်။ ။ ဘိက္ခဝေ၊ ချမ်းသား ချစ်သမီးတို့။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ ယောဂီသည်။ ကထဉ္စိပန၊ ဘယ်ပုံဘယ်နည်း။ ကာယေ၊ ရုပ်ခန္ဓာ-ဟု ဆိုအပ်သော ကိုယ်ကောင်ကြီး၌။ ဝါ၊ ထုက်လေ ဝင်လေ-ဟု ဆိုအပ်သော ရုပ်အစု၌။ ကာယာနုပဿီ၊ ရုပ်ရုပ်-ဟု အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေပါသနည်း။ (ဣတိ၊ အယံ၊ ဤသည်ကား။ ပုဗ္ဗာ၊အမေးတည်း။)

ဘိက္ခဝေ၊ သတိသမ္ပဇဉ်၊ အမြဲယှဉ်လျက်၊ ကြည်လင်မှာသော ချစ်သားချစ်သမီးတို့။ ဣဓ-ဣမသို့ သာသနေ၊ အုံ့ဖွယ်ရှစ်ဖြာ၊ ဤငါဘုရား သာသနာတော်၌။ (ပဋိပန္နကော၊ ကျင့်ကြံကျိုးကုတ်၊ အားထုတ်သော။) ဘိက္ခု၊ သံသရာအား လေးသောဝန်ကို ရှုလေ့ရှိသော ယောဂီသည်။ ဝါ၊ ရဟန်းရှင်လူ၊ မည်သူမဆို၊ မျှားလူဗိုလ်သည်။

အရညဂတော ဘာဝေ၊ လူသူမနီး တောမြိုင်ကြီးသို့ ကပ်ရောက်သည်ဖြစ်၍လည်းကောင်း။

ရုက္ခမူလကတောဝါ၊ သစ်တပင်ရင်း ဝါးတပင်အောက်သို့ ကပ်ရောက်သည်ဖြစ်၍လည်းကောင်း၊

သုညာဂါရကတောဝါ၊ စက်သံ,ကားသံ, လူသံတို့မှ ကင်းဆိပ်ရာ တိုက်ခန်း, အိမ်ခန်း, ကျောင်းခန်း, သာသနာ့ရိပ်သာစသော အရပ်သို့ ကပ်ရောက်သည်ဖြစ်၍လည်းကောင်း။

ပလ္လင်္ကာ၊ ထက်ဝယ်တင်ပလ္လင်ကို။ အာဘုဇိတ္တာ၊ ဖွဲ့ခွေနေ၍။ ကာယံ၊ အထက်ဖြင်သော ခန္ဓာကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ ဝါ၊ အလိုက်သင့်နေ၍။ သတိ၊ထွက်လေဝင်လေဟူ-ရှုမှတ်သော သတိကို၊ ဝါ၊ တွေ့ထိရာ ဗေဒဒ္ဒဗ္ဗကာယဒ္ဒ ရှုမှတ်သော သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုတည့်တည့်။ ဝါ၊ အာနာပါန ကမ္မဋ္ဌာန်း၏ အချက်ထွက်သက် ဝင်သက်သို့ ရှေ့ရှု။ ဥပဋ္ဌပေတ္တွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်နေရာ၏။

၁။ သောဘိက္ခု၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးသော ထိုယောဂီရဟန်းသည်။ဝါ၊အာနာပါနကမ္မဋ္ဌာန်းကို စီးပြန်းကျိုးကုတ် အားထုတ်နေသူ ဘယ်လူမဆို ယောဂီပုဂ္ဂိုလ်သည်။ သတောဝ၊ မလစ်စေမှု၊ သတိပြုသည်ဖြစ်၍သာလျှင်။ဝါ၊ ထွက်လေကို ထွက်တိုင်း ထွက်တိုင်း၊ မှတ်မိသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်လေကိုထုတ်၏။
(သောဘိက္ခု၊ !သည်။ ဝါ၊ သည်။)သတောဝ၊မလစ်စေမှု သတိပြုသည်ဖြစ်၍သာလျှင်။ ဝါ၊ ဝင်လေကို

ဝင်တိုင်းဝင်တိုင်း မှတ်မိသည် ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်လေကို ရှု၊ရှိုက်၏။

၂။ (သောဘိက္ခုသည်၊ ဝါ၊ သည်။) ဒီဃ ဝါ၊ ရှည် ရှည်လည်း။ အဿသန္တော၊ ထွက်လေကို ထုတ် သည်ရှိသော် (အဟံ၊ ငါယောဂီသည်။) ဒီဃ၊ ရှည်ရှည်၊ အဿသိဿामि၊ ထွက်လေကို မှတ်ထုတ်အံ့၊ ဤတို့၊ ဤသို့။ ပဇာနာတိ၊ သိလေ၏။

(သောဘိက္ခု၊ သည်။ ဝါ၊ သည်။) ဒီဃ ဝါ၊ ရှည် ရှည်မူလည်း၊ ပဿသန္တော၊ ဝင်လေကို ရှု၊ရှိုက် သည်ရှိသော်၊ (အဟံ၊ သည်) ဒီဃ၊ ရှည်ရှည်။ ပဿသိဿामि၊ ဝင်လေကိုရှု၊ရှိုက်၏။ ဤတို့၊ ဤသို့။ ပဇာနာတိ၊ သိ၏။

(သောဘိက္ခု၊ သည်။ ဝ၊ သည်)ရဿံ ဝါ၊ တိုစွာ လည်း၊ အဿသန္တော၊ ထွက်လေကို ထုတ်သည် ရှိသော်။ (အဟံ၊ ငါသည်) ရဿံ၊ တိုစွာ။ အဿ သိဿामि၊ ထွက်လေကိုထုတ်အံ့။ ဤတို့၊ သို့၊ ပဇာ နာတိ၊ အပြားအားဖြင့် သိ၏။

၃။ (သောဘိက္ခု၊ သည်။ ဝါ၊ သည်။ အဟံ၊ ငါသည်။) သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံသော ထွက်လေ တို့၏ အစ အဆုံး အလယ် အဆုံး သုံးပါးလုံးကို ထင်လင်း စေလျက်။ အဿသိဿामि၊ ထွက်လေကိုထုတ်အံ့။

ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်ကြံကျိုးကုတ် အား
ထုတ်၏။

(သောဘိက္ခု၊ သည်၊ ဝါ၊ သည်၊ အဟံ၊ ငါသည်)
သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏
အစ အလယ် အဆုံး သုံးပါးလုံးကို ထင်လင်းစေ
လျက်၊ ပဿသိဿामိ၊ ဝင်သက်ကို ရှူ။ရှိုက်အံ့။
ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

၄။ (သောဘိက္ခု၊ သည်၊ ဝါ၊ သည်၊ အဟံ၊ ငါသည်။)
ကာယသင်္ခါရံ၊ အထုတ်ပြင်း၍ ရှုနှိုးရင်းသော ထွက်
သက်ကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ သာယာဖြည်း
ညင်းထုတ်ခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿामိ၊
ထွက်လေကိုထုတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊
ကျင့်၏။

(သောဘိက္ခု၊ သည်၊ ဝါ၊ သည်၊ အဟံ၊ ငါသည်။)
ကာယသင်္ခါရံ၊ အရှူ။ပြင်း၍ ရှုနှိုးရင်းသော ဝင်
လေကို။ ပဿဒ္ဓယံ ပဿမ္ဘယန္တော၊ သာယာဖြည်း
ညင်း ရှူ။ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက်။ ပဿသိ
ဿामိ၊ ဝင်သက်ကိုရှူ။အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊
ကျင့်ကြံကျိုးကုတ် အားထုတ်၏။

အမှာ။ ။ကျွန်သော ပါဠိတော်များ၏ **အ**နက်ပေးပုံကို
သက်ဆိုင်ရာ ကျမ်းများမှ ယူကြပါကုန်၊**အ**ားလုံး
ကို ကုန်**အော**င် **အ**နက်**ပေး**ခဲ့**သော**် **အ**ခြား**သ**ိဘုယ်များ **ကျ**ွန်

နေမည်ဖြစ်၍ ဤ၌ လျစ်လျူ၊ရှုရပါ့တော့သည်။ ထို့ပြင် ဤ ကျမ်းတွင် အာနာပါနပဗ္ဗကို အထူးရေးမည် ဖြစ်သောကြောင့် ယခုရေးခဲ့ပြီး ပါဠိတော်နှင့် အနက်များကိုတော့ အထူးဂရုစိုက်ပြီး အကြိမ်များစွာ ဖတ်ထားစေလိုပါသည်။

ထို့ပြင် ဆိုခဲ့ပြီး ပထမ အာနာပါနပဗ္ဗ လေးပုဒ်၏အဓိပ္ပာယ် အကျဉ်းကို အောက်ပါဆောင်ပုဒ်များဖြင့် သိရာ၏။

(ဆောင်) သတိမြဲစွာ၊ ပထမာ၊ဒုမ္မာရှည်တိုသိ၊

လုံးစုံလင်းရာ တ-ဌ်သာ၊စ-မ္မာ ငြိမ်းစေဘိ (လယ်တီ)။

ဤအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီသည် အာရုံအမျိုးမျိုးသို့ ရောက်ယက်ခတ်အောင် ပြေးသွားနေသော မိမိ၏စိတ်ရိုင်းကို ထွက်လေဝင်လေ-ဟူသော ကမ္မဋ္ဌာန်း အာရုံ၌သာ မြဲစွာသတိဖြင့် ဖွဲ့ချည်ထားရမည်။

ဥပမာ- လောက ဥပမာအားဖြင့် ပြောရသော် မယဉ်ပါးသော နွားငယ်မိုက်ကို ဆုံးမလိုသော ယောဂျားသည် ခိုင်ခန့်သောချည်တိုင်ကို စိုက်ထူ၍ ထိုတိုင်၌ မပြတ်နိုင်သော ကြိုးဖြင့် ချည်နှောင်ထားသောအခါ ထိုနွားငယ်သည် အခြားသို့ ထွက်မသွားနိုင်ဘဲ ချည်တိုင်ရင်း၌သာ အိပ်ရသကဲ့သို့-ထို့အတူ ရူပါဠုံစသော ဗဟိဒ္ဓအာရုံ၌ ကျက်စားတတ်သော နွားမိုက်နှင့်တူသော မိမိ၏စိတ်ရိုင်းစိတ်မိုက်ကို နွားချည်တိုင်နှင့်တူသော ထွက်လေဝင်လေ-ဟူသော အာရုံ၌ ကြိုးနှင့်တူသော သတိတရားဖြင့် ခိုင်မြဲအောင် ချည်ထားရမည်။

သာဓက

ဧဝမေဝ ဣမိနာပိ ဘိက္ခုနာ ဒီဃရတ္တံ ရူပါရမ္မဏာဒိ ရသပါန ဝဖိုတံ ဒုဋ္ဌစိတ္တံ ဒမေတုကာမေန ရူပါဒိ အာရမ္မဏတော အပနေတ္တာ အရညံဝါ(ပ)သုညာဂါရံ ဝါ ပဝေသေတ္တာ တတ္ထ အဿာသ ပဿာသထမ္ဘေ သတိယောတ္တေန ဗန္ဓိတဗ္ဗံ။(ဝိသုဒ္ဓိမဂ်)

အနက်။ ။ဧဝမေဝ၊ မယဉ်ပါးသေးသော နှာမိုက်ကို ဆုံးမသောယောဂျားနှင့်အတူသာလျှင်။ဣမိနာ ပိဘိက္ခုနာ၊ ဤယောဂီရဟန်းသည်လည်း။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ရူပါရမ္မဏာဒိရသပါနဝဖိုတံ၊ ရူပါရုံ အစရှိသော အာရုံအမျိုးမျိုး၌ သာယာအပ်သော အရသာကို သောက်သုံးခြင်းဖြင့် ကြီးပွားရ၍ လာရသော။ ဒုဋ္ဌစိတ္တံ၊ ပျက်စီးရှိနေသော စိတ်ရှိုင်းစိတ်မိုက်ကို။ ဒမေတုကာမေန၊ ဆုံးမလိုသည်ရှိသော်။ ရူပါဒိအာရမ္မဏတော၊ ရူပါရုံ စသော ငါးဖြာ အာရုံ ကာမဂုဏ်မှ။အပနေတ္တာ၊ ဆုတ်ခွာပယ်ရှား၍။အရညံဝါ၊ လူသူမနီး၊ တောမြိုင်ကြီးသို့ လည်းကောင်း။(ပ)သုညာဂါရံဝါ၊ လူသုံ စက်သံတို့မှ ကင်းဆိပ်ရာ အရပ်သို့ လည်းကောင်း။ ပဝေသေတ္တာ၊ ဝင်စေ၍။ တတ္ထ၊ ထိုတော စသည်တို့၌။ အဿာသ ပဿာသထမ္ဘေ၊ ထွက်သက်ဝင်သက် တည်းဟူသော ချည်တိုင်၌။ သတိယောတ္တေန၊ သတိ တည်းဟူသော ကြိုးဖြင့်။ ဗန္ဓိတဗ္ဗံ၊ ဖွဲ့ချည်၍ထားအပ်၏။

(ဂ) သတိပဋ္ဌာန် ပါဠိတော်၌ အကျဉ်းချုပ်မှတ်ရန်

၁။ ပထမအခန်းမှာ ထွက်သက်ဝင်သက်တို့၌ သတိမြဲမှု ကိုသာ အားထုတ်ရသည်။

၂။ ဒုတိယအခန်းမှာ ထွက်သက်ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်-ဟု သိရမည်။ တိုလျှင် တိုသည်-ဟု သိရမည်။

၃။ တတိယအခန်းမှာ ထွက်သက်ဝင်သက်တို့ကို အစ အလယ်အဆုံး သုံးပါးလုံး၌ ထင်လင်းအောင် အားထုတ်ရမည်။

၄။ စတုတ္ထအခန်းမှာ ရှုနှုန်ရင်းသော ထွက်သက်ဝင်သက်တို့ကို အစဉ်အတိုင်း တဖြည်းဖြည်း ချုပ်ငြိမ်းစေလျက် သိမ်မွေ့သွားအောင် အားထုတ်ရမည်။

ဤကား ပထမ စတုက္ကဋ္ဌ လိုရင်း အဲကျဉ်းချုပ် သိဘွယ်တည်း၊

၁၁။ လက်တွေ့တရားထိုင်နည်း

တရားထိုင်မည့်ယောဂိသည်

(က) ရှေးဦးစွာ မိမိနှစ်သက်သော ၅-ပါး, ၈-ပါး စသော သီလတမျှားမျှားကို ခံယူရမည်။

(ခ) ထို့နောက် "အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်သော ဘုရားတပည့်တော်၏ ခန္ဓာကိုယ်ကို ကိလေသာ

တို့မှ ကင်းဝေးတော်မူသော မြတ်စွာဘုရား အား လှူဒါန်းပါ၏"-ဟုဆို၍ ဘုရားသခင်အား မိမိ၏ခန္ဓာကိုယ်ကို လှူဒါန်းရမည်။ ထိုနောက် အောက်ပါ အစီအစဉ်အတိုင်း ထိုင်၍ အား ထုတ်ရမည်။

နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္စာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံသတိံ ဥပဋ္ဌပေတ္စာ၊ (သတိပဋ္ဌာန်ပါဠိတော်)

(ပုံ ၁-က)

(ပုံ ၁-ခ)

ဤသတိပဋ္ဌာန်ပါဠိတော်ဖြင့် ကဲမ္မဋ္ဌာန်း ထိုင်ပုံထိုင်နည်းကို ပြထားပေသည်။ ဖော်ပြပါ ၁။(က) (ခ) အမှတ်ပြပုံများကို

ကြည့်ပါ။ အဝတ်ဖြူ (သို့မဟုတ်) သစ်ခေါက်ဆိုး အဝတ်ကို ဝတ်၍ လောဘက်ခေါ် တဘက်အဝတ်ဖြူ(သို့မဟုတ်) အညိုကို လက်ဝဲဘက်၌ သိုင်းထားပါ၊ ယောကျားဖြစ်ပါက တင်ပလွင်ခွေလျှက်ထိုင်ပါ။ မိန်းမဖြစ်ပါက (မိန်းမထိုင်) ကြုံ့ကြုံ့ထိုင်ပါ။

မှတ်ချက်။ ။ထက်ဝယ်ဘွဲ့ခွ ထိုင်နေမှုသည် ကမ္မဋ္ဌာန်းအလုပ်ဖြင့် အထူးသင့်လျော်သောကြောင့် (ပလွင်ကန်• အာဘုဇိတ္ဌာ)-ဟု ဟောတော်မူခြင်း ဖြစ်သည်။ စင်စစ်သော်ကား ဣရိယာပုထ် ၄ ပါးလုံး၌ပင် သင့်လျော်ပါသည်။

"ဥဇု• ကာယံ ပဏိဓာယ"နှင့်အညီ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၍ တာရှည် ထိုင်နိုင်အောင် အလိုက်သင့် လျှော့လျှော့ထား၍ ထိုင်ပါ။

ဘယ်ဘက် လက်ဝါးက အောက်က၊ ညာဘက်လက်ဝါးကို အပေါ်က တင်ထားပါ၊ မျက်စိကို အသာအယာ စုံမှိတ်ထားပါ။ တအားမှိတ်မထားပါနဲ့။ (ပုံကိုကြည့်ပါ)

(ဃ) ပထမအခန်း

ထိုတွင် "သောသတောဝ အသသတိ၊ သတောဝပသ်တီ"-ဟူသော ပထမခန်း၌ ထွက်လေဝင်လေကို ထွက်လေ ဝင်လေ မှန်းသိအောင် အားထုတ်နေရမည်၊ ထွက်ယင်ထွက်မှန်း သိရမည်။ ဝင်ယင်ဝင်မှန်း သိရမည်။ ထိုထွက်လေ ဝင်လေကိုပင်

မှတ်နေရမည်-ဟု ဆိုလိုသည်။ ဤကား 'သတိမြဲရာ ပထမ'၏ အဓိပ္ပာယ်အကျဉ်းချုပ်တည်း။

ထိရာဌာန ၂-မျိုး -

အဆိုပါ ထွက်လေ, ဝင်လေတို့၏ ထိခိုက်ရာ ဌာနကား-

၁။ နှာသီးဖျား,

၂။ အထက်နှုတ်ခမ်းဖျား-ဟု ၂-ဌာန ရှိသည်။

ပုံ (၂)

ထိုတွင် အချို့သူတို့မှာ နှာသီးဖျားဌ် ထိခိုက်မှု ထင်ရှား၏။ အချို့သူတို့ကား အထက်နှုတ်ခမ်းဖျားမှာ ထိခိုက်မှု ထင်ရှားပေသည်။ နှုတ်ခမ်းထော်သောသူတို့မှာ အထက်နှုတ်ခမ်းဖျားမှာထိခိုက်မှု ထင်ရှားတတ်သည်။ (အဌကထာဌ် သွားခေါ်ဆူမှာ နှုတ်ခမ်းဖျားဌ်ထိခိုက်မှု မျှားသည်-ဟု ဖွင့်ဆို၏။) မိမိမှာ ထင်ရှားရာ တခုခုကို အစဲပြု၍ ထွက်လေ, ဝင်လေကို မှတ်သားရမည်။ ပုံစံ(၂)ကို ကြည့်ရှုပါ။

ဤ ပုံစံ(၂)ဌ် ထွက်လေ, ဝင်လေ ၂-မျိုးကို ဖမ်းယူရာ နှာသီးတဂ-အာနာပါနနိမိတ်ခေါ်သော အာနာပါန ကသိုဏ်းကွက်ကို သိသာ ထင်ရှားအောင် မြှားပြထားပါသည်။ သေချာ

စ္ဌာ ကြည့်ပါ။ (မျက်စိမမြင်သူများသည် ဤစာကို ဖတ်ခိုင်း၍ ပုံစံအတိုင်း ကျနအောင် အားထုတ်ပါ၊ မုချ အောင်ရမည်။)

ပုံကို လေးစား ပါ။ ။ပထမအခန်းပါ အမှတ် (၁-၂)ပုံစံ သည် အာနာပါန အလုပ်၌ အခြေခံ အကျဆုံးဖြစ်၍ ပုံစံအတိုင်း စနစ်တကျ လေးလေးစားစား အားထုတ်ဘို့ လိုသည်။ ဤအခန်း၌ ထွက်လေ, ဝင်လေတို့၏ အရှည်, အတို စသည်ကို မှတ်ရန် မလိုသေးပါ။ တနာရီ, တနာရီခွဲ, နှစ်နာရီ စသော အချိန်အတွင်းမှာ မိမိ၏စိတ်ကို အပြင်သို့ ထွက်မသွားအောင် ထိန်းသိမ်းထားနိုင်ရန် အားထုတ်ရမည်။

အချိန်ကြာမြင့်စွာ မိမိ၏စိတ်ကို အောင်ထွက်မသွားအောင် ထိန်းသိမ်းထားနိုင်မှသာလျှင် "သေသတော၀ အသသတိ၊ သတော၀ ပဿသတိ" ဟူသော ပထမခန်းပါဠိတော်အရ' ထွက်ယင် ထွက်မှန်း သိရမည်၊ ဝင်ယင် ဝင်မှန်း သိ မည်" ဟူသော လုပ်ငန်းအစဉ် အောင်မြင်သည်-ဟု ဆိုရမည်။ (သတိမြဲရာ ပဿမာပင်တည်း။)

အာရုံအမျိုးမျိုး ထင်လာတတ်သည်၊ ။ဤ အမှတ် ( ) ပုံအတိုင်း တနာရီ, နှစ်နာရီ စသည်ဖြင့် ထွက်လေ,ဝင်လေကို မှတ်နေစဉ် တဲ့ ထွက်လေ,ဝင်လေတို့ ထိရာ(မှတ်ရာ)ဖြစ်သော နှာခေါင်းများသည် ကင်ရှားစွာ ပေါ်လာပြီး ကျဉ်းသွားသလို, ကျယ်သွားသလို ခုတ်ချောင်းကလေးများနှင့် ထိုးထားသလို ခုလုခုလု ဖြစ်နေတတ်သည်။ တခါတရံ ထန်းသီးခန့်, အုန်းသီးခန့် နှာဖူး ကြီး,ကြီး

လာတတ်သည်။ တခါတရံတော့ ဆင်နှာမောင်းကြီးလို ရှည်, ရှည်ထွက်နေ တတ်သည်။ တခါတရံ ;မီးခိုးတန်း, အလင်းရောင် တန်းကြီး ထွက်နေ သလို ;ငင်တတ်သည်။

သတိမြဲရာ ပထမမာ။ ။ဤကဲ့သို့ နှာသီဖျားမှ ထူးခြားသော အာရုံတွေ ပေါ်လာ၍သော "သောသတောဝ အဿသတိ"စသော ပထမခန်းဌ "သတိမြဲရာ ပဌမာ"အရ အောင်မြင်သည်-ဟု မှတ်ရမည်၊ ဘာမှုမဖြစ်သေး ဘူးဆိုယင် "သတိမမြဲဘူး"ဟု မှတ်ပါ။ ဤ ပထမခန်းဌပင် ဆက်ပြီး အားထုတ်ပါဦး၊ ရှေ့သို့ မတက်ပါနဲ့ဦး။

ဌာနဝါရတင်။ ။အဌကထာဌ ထွက်လေ,ဝင်လေကို မှတ်ရာ၌ ထွက်လေ,ဝင်လေ တစ်၊ ထွက်လေ, ဝင်လေ နှစ်၊ ထွက်လေ,ဝင်လေ သုံး ဟုသည်ဖြင့် ငါးထိအောင် တဝါရ၊ တဖန် ထွက်လေ, ဝင်လေ တစ်၊ ထွက်လေ, ဝင်လေ နှစ် စသည်ဖြင့် ခြောက်ထိအောင် တဝါရ၊ တဖန် အစမှ ခုနှစ်ထိအောင် တဝါရ၊ တဖန် ရှစ်ထိ အောင် တဝါရ၊ တဖန် အစမှ ရေတွက်၍ တဆယ်ထိအောင် တဝါရ-ဟု ခြောက်ဝါရ တင်ပြီး အားထုတ်ရန် ဖွင့်ဆိုထားလေသည်။ ထို အဌကထာ လာနည်းကိုလည်း လက်တွေ့ အားထုတ်ကြည့်ကြပါလေ။

ဤ အာနာပါနကို အားထုတ်ရာ၌-

၁။ ကသိုဏ်းဌာန,

၂။ ကသိုဏ်းအာရုံ-ဟု ၂-မျိုး ရှိသည်။ ထိုတွင်-

(၁) ယခင် ဆိုခဲ့သည့်အတိုင်း နှာသီးဖျား အထက်နှုတ်ခမ်းဖျားသည် ကသိုဏ်းဌာန် မည်၏။

(၂) ထွက်သက်၊ဝင်လေ အာရုံနှင့် ကသိုဏ်းဌာနမှာ ထင်လာသော အခြားဝေဒနာအာရုံများသည် ကသိုဏ်းအာရုံ မည်၏။

ဖမ်းယူနည်း အမျိုးမျိုး

ယောဂီများသည် ဖော်ပြပါဌာနနှင့် အာရုံကို မိမိတို့ ကြိုက်သလို စိတ်ဖြင့် ဖမ်းယူ အားထုတ်နိုင်ကြသည်။

(က) အချို့ယောဂီက ကသိုဏ်းဌာနကို အဓိကထား၍ အာရုံကိုတော့ သာမညထားပြီး ဖမ်းယူ အားထုတ်ကြသည်။

(ခ) အချို့ယောဂီက ကသိုဏ်းအာရုံကို အဓိကထား၍ ကသိုဏ်းဌာနကို သာမညထားပြီး ဖမ်းယူ အားထုတ်ကြသည်။

(ဂ) အချို့ယောဂီက ဌာနနှင့် အာရုံ ၂-မျိုးလုံးကိုပင် စုံမိအောင် ဖမ်းယူ၍ အားထုတ်ကြသည်။

အမှတ်(၂)ပုံသည် ကသိုဏ်းဌာန နှစ်မျိုးတို့တွင် နှာသီးဖျားမှာ စိတ်ထား၍ အားထုတ်နေခြင်း ဖြစ်သည်။ ထို နှာသီးဖျားတွင် မိမိ၏စိတ်ကို တနာရီ, နှစ်နာရီ ဖြစ်စေ, ထို ထက် လွန်၍ ဖြစ်စေ, မိမိအလိုရှိသလိုဖြစ်စေ ထားနိုင်ခဲ့သော် အခြားနည်းကို ပြောင်းပြီး အားထုတ်နိုင်သည်။

ပုံ (၃)

ထို့ပြင် ဒုတိယ ကသိုဏ်းဌာနဖြစ်သော အဆက်နှုတ်ခမ်း၏အထက်၌ မိမိစိတ်ကို စွဲမြဲစွာထားရှိလည်း အားထုတ်နိုင်သည်။ သုံးနံပါတ်ပုံ ကြည့်ပါ၊ ဤနည်းကို သွားခေါ်သော ပုဂ္ဂိုလ်မျှားနှင့် သင့်လျော်သည်-ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုတော်မူ၏။ ဤကားကသိုဏ်း ဌာနကို အဓိကထား၍ ကသိုဏ်းအာရုံကို သာမညထားပြီး အားထုတ်သော ယောဂီမျှားတည်း။

အာရုံကို အဓိကထား၍ အားထုတ်နည်း

ကသိုဏ်းအာရုံနိမိတ်ကို ဖမ်းယူ၍ အားထုတ်ရာ၌ ပကတိထွက်လေ,ဝင်လေ ဟူသော ကသိုဏ်းအာရုံကို ဖမ်းယူအားထုတ်သော ယောဂီသည် သွားမခေါ်သူ (နှုတ်ခမ်းမ,ထော်သူ)ဖြစ်အံ့၊ ပုံနံပါတ်(၂)ကိုကြည့်ပြီး ထွက်လေ,ဝင်လေတို့၏ ထိမှုကို ဖမ်းယူ အားထုတ်ရသည်။

သွားခေါ်သူ (နှုတ်ခမ်းထော်သူ)ဖြစ်အံ့၊ ပုံနံပါတ်(၃)ကို ကြည့်ပြီး ထွက်လေ,ဝင်လေတို့၏ ထိမှုကို ဖမ်းယူ အားထုတ်ရသည်။

သတိပြုရန်။ ။ဤ၌ ပုံနံပါတ်တူသော်လည်း ယခင်ကသိုဏ်းဌာနတုန်းက ဌာနကို အဓိကထား ဖမ်းယူအားထုတ်သည်။

ဤ ကသိုဏ်းအာရုံ၌ကား ဌာနကို သာမည, ထွက်လေ, ဝင်လေ တို့၏ တွေ့ထိမှုအာရုံ ကို အဓိကထား ဖမ်းယူ အားထုတ်သည်။ (အားထုတ်ရပုံခြင်း မတူပါ။)

(ပုံ ၄)

ကသိဏဌာနမှ ထင်လာသော အခြားအာရုံ ဟူသည် ယောဂီ ပုဂ္ဂိုလ်က စိတ်ဖြင့် တမင် ကြံစည် လုပ်ယူထားသော အာရုံကို ဆိုလိုသည်။ (ပုံစံ ၄-ကို ကြည့်ပ ။)

ဤပုံတွင် မိမိ လက်ဖမိုး ကို နှာခေါင်းအဝနှင့် (ထွက်လေ, ဝင်လေ ထိလောက်ရာ) လက် တသစ်, နှစ်သစ်ခန့် အရပ်မှာ ခွာထား၍ စိတ်ထဲက ကြည့်နေပါ။ နှာခေါင်းဝမှ တိုး၍ထွက်လာသော လေသည် လက်ဖမိုးကို တိုး၍ ဝင်သွားပေလိမ့်မည်။

တဖန် လက်ဖမိုးကို ထိ ပြီး လာ သော လေ သည် လည်း နှာခေါင်းဝကိုတိုးပြီး အတွင်းသို့ ဝင်သွားပေလိမ့်မည်။

ထိုအခါ ယောဂီသည် ပကတိသော ထွက်လေဝင်လေ ရိုးရိုးသာ ကြည့်နေခြင်းမဟုတ်ဘဲ မိမိအလိုရှိသော အဖြူ အနီ အဝါ စသော အချောင်းကလေးများကို ဖြစ်စေ၊ အလုံးကလေး တခုခု ကိုဖြစ်စေ စိတ်ဖြင့် ကြံစည်၍ ထိုထွက်လေ ဝင်လေ အတွင်းမှာ

ထည့်သွင်းပြီး ကြည့်ရှုနေခြင်း ဖြစ်သည်။ သို့သော် သိပ်ပြီး ကြီးလွန်းသော အခြားငဲ့ကလေးများ မဟုတ်ပဲ ရှေးစေ့ခန့် ဗုလဲလုံးသဏ္ဌာန် အလုံးကလေးများကို ကြံစည်စိတ်ကူးရှိ ထားရမည်။

မိမိစိတ်ကူး ထည့်သွင်းထားသော ပုံသဏ္ဌာန်လေးများ ပေါ်လာသည်အထိ စူးစိုက်ပြီး ကြည့်ရှုနေရမည်။

ပုံ(၁)တွင်းက သမာဓိပြားကောင်းသူများမှာ နှာနာရီ နှစ်နာရီခဲ့ သုံးနာရီခန့်ကြာလျှင် စိတ်ဖြင့် ကြံ၍ ထည့်သွင်း ထားသည့်အတိုင်း ပေါ်လာပေသည်။ (ပုံစံ- ကိုကြည့်ပါ)။

(ပုံ ၅)

ယောဂီသည် ပုံစံ(၄)အတိုင်း မိမိစိတ်ဖြင့် ကြံစည်စိတ်ကူး ထည့်သွင်း ထား သော အ ခြောင်း ကလေး (သို့မဟုတ်) အလုံး ကလေးကို ပေါ်လာရေးအတွက် အားထုတ်နေ စဉ် ကြာမြင့်ပြီး ထွက်လေ ဝင်လေ ဟက်ကုန်း ဝင်တိုင်းပင် အခြောင်းကလေး များ (သို့မဟုတ်) အလုံးကလေး များသည် ထွက်လေ ဝင်လေနှင့် အတူ တထပ်တည်း ထွက်ခုံ့ည်ဝင်ချည် ဖြစ်နေသည်ကို တွေ့ လာရပေသည်။ (ပုံစံ-၅ ကိုကြည့်ပါ) ထိုအခြောင်း (အလုံး)

ကလေးများသည် တခါတရံ မပေါ်တချက်ပေါ်တချက်, မထင်တချက် ထင်တချက် ဖြစ်နေတတ်သည်။ ယောဂီသည် ဝိရိယကို မလျော့ဘဲ ဆက်လက်အားထုတ်ပါ။ ပုံအတိုင်း ထင်ရှား ပြတ်သားစွာ ဥဂ္ဂဟနိမိတ်များ ပေါ်သွားလေပါလိမ့်မည်။

ထူးဆန်းသော အရောင်တွေ။ ။ဤနည်းကို အားထုတ်၍ ဥဂ္ဂဟနိမိတ်များ ထင်လာသောအခါ အစတုန်းက ●စိတ်ပြင့် ကြံစည် ထည့်သွင်းထားသော ပုံသဏ္ဌာန် တိုင်းလည်း ပေါ်လာတတ်သည်။ အခြားထူးဆန်းသော အရောင်အမျိုးမျိုး၊ ပုံစံ အမျိုးမျိုးများလည်း ပေါ်လာတတ်သည်၊ ဘယ်အရောင် ဘယ်သဏ္ဌာန်မျိုးဘဲ ပေါ်ပေါ် ထွက်လေ ဝင်လေဟိုနှင့် တဆတ်တ(ပြောင်ပြောင်ပြည်း) ဖြစ်နေရန် ဖြစ်သည်။ ထွက်လေ မှတ်ထုတ်တိုင်း အပြင်သို့ (ထွက်လေနှင့်အတူ) ထွက်သွား ရမည်၊ ဝင်လေ ရှုရှိုက်ဝိုင်း (ဝင်လေနှင့်အတူ)အတွင်းသို့(ထိုအခါ ကလေးများသည် ဝင်သွား ရမည်ဟု ဆိုလို သည်။ (ပုံစံ ၅-ကို ကြည့်ပါ)။

ဤကား အာရုံကို အဓိက ကသိဏဌာနကို သာမညထား၍ အားထုတ်သော (ခ)အမှတ် ဒုတိ နည်းတည်း။

(ပုံ ၆)

ကသိဏဌာနနှင့် ကသိုဏ်အာရုံကို တပြိုင်နက် ဖမ်းယူသော ဂ)အမှတ်မှ ကတိယနည်းကိုလည်း ပြဆိုဦးအုံ့။ ဤနှစ်ပါးမှမိအောင် ●ဖမ်းယူသောနည်း ဌ(ပထမ) ကသိဏဌာန ဖြစ်သောနှာသီးဖျားဌ အပြူ အနီ အဝါ အစိမ်းစသော အလုံးကလေးတလုံးလုံ.ကို တွေ့မြင်ရ

မည်။ ထိုအလုံးကလေးကား ယောဂီကစိတ်ဖြင့် ကြံစည်ထားသော အလုံးကလေးဖြစ်သည်၊ (ပုံစံ ၆-ကိုကြည့်ပါ။)

(အချို့ယောဂီများသည် ကသိဏဌာနဖြစ်သော နှာသီးဖျားခ္ဍ ထုံးစက်ကလေး ဖြစ်စေ၊ အခြားထင်ရှားသော အမှတ်အသားတခုခုကို ဖြစ်စေ ရေးချစ်ထားလျက် ထိုအမှတ်အသားကို မှန်ဖြင့်ကြည့်၍ အားထုတ်ကြသည်။ စဲ့မြဲစွာ ထင်သော အခါ၌ မှန်ကို ဖယ်ရှားမ၍ အားထုတ်ကြသည်။ ဤနည်းက ထင်လွယ်သည်ဟု အားထုတ်ဘူးသူများက ပြောကြသည်။)

ဖော်ပြပါ ကသိဏဌာနများ အရောင်အမျိုးမျိုးနဲ့ ပေါ်နေသော အလုံးကလေးသည် ထွက်လေ ဝင်လေနှင့် အတူပြိုင်ပြီး ပေါ်ချည် ပျောက်ချည် ဖြစ်နေပေသည်။

(ပုံ ၇)

ဖော်ပြခဲ့ပြီး နံပတ်(၆)ပုံအတိုင်း ဆက်လက်အားထုတ်နေသောယောဂီသည် နှာသီးဖျား ကသိုဏ်းကွက်တွင် တည်ရှိသော အလုံးကလေးမှ အရောင်များသည် တလက်လက် ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာ၍ သေးသွားလိုက်၊ ကြီးလာလိုက်နဲ့ ဖြစ်နေတတ်သည်။ သို့သော် လက်ဘသစ် နှစ်သစ်ခန့်ထက် ပိုပြီး မကြီးရချေ။

ထိုဖန်ဆင်းထားသော အလုံးကလေးမှ တလက်လက် ထွက်နေသော အရောင်များသည်လည်း နှာသီကဂ္ဂခေါ် ကသိဏဌာန

မှာ ထွက်လေ ဝင်လေနှင့်အတူပြိုင်ပြီး ဖြစ်နေရမည်။(ပုံစံ ၇-ကိုကြည့်ပါ) ဤသို့ အရောင်များ တလက်လက် ထွက်ပေါ်နေခြင်းသည် ဝမ်းမြောက်ဘွယ်ခေါင်းလှသည်-ဟု အဋ္ဌကထာဆရာက ဖွင့်ဆို၏။

မှတ်ချက်။ ။တခါတရံ ကသိုဏ်းအလင်းရောင်ကစပြီး ပေါ်၍ ထွက်လေ ဝင်လေ အာရုံက နောက်မှ ပေါ်လာတတ်သည်။ တခါတရံလည်း ထွက်လေ ဝင်လေ အာရုံကစပြီးပေါ်၍ ကသိုဏ်းအလင်းရောင်က နောက်မှ ပေါ်လာတတ်သည်။ ပြိုင်ပြီးပေါ်မှ ပိုကောင်းသည်။ ထွက်လေ ဝင်လေ အာရုံနှင့် အရောင်အလင်းများ တပြိုင်တည်း ပေါ်လာသည် အထိ လေ့ကျင့်နေရမည်။ ပြိုင်ပြီး မပေါ်လာ ခေါ်လျှင် ရှေ့ဆက်ပြီး အားမထုတ်ပါနဲ့ဦး။

နှုတ်ခမ်းထော်(သွားခေါ်) သောယောဂီ၏ (ဒုတိယ)ကသိဏဌာနဖြစ်သောနှုတ်ခမ်းဖျားခွံ ပုံနှံပတ် ၆-တုန်းက အတိုင်းပင်စိတ်ဖြင့် ဖမ်းယူထည့်သွင်းထားသောအလုံးကလေး(အစက်အပျောက်ကလေး)များကို တွေ့မြင်ရပေလိမ့်(ပုံ ၈) မည်။ (ပုံစံ၈-ကိုကြည့်ပါ)

ပုံ နံပတ် ၆-နှင့် ဌာနသာကဲ့သည်။ အဓိပ္ပာယ်ကား အတူတူပင် ဖြစ်သည်၊

ဤပုံနှိုပ်တွင် ၈-သည်လည်း နှုတ်၊ ၇-တုန်းကအတိုင်းပင် အဓိပ္ပာယ်ကို သိရှိရမည်။ ကသိဏဌာနသာထူးသည် သို့သော်လည်း ကသိဏဌာနထူးသည့်အတွက် ပုံ၊ နေအထား (ပုံပန်းသဏ္ဌာန်) လည်း ကွဲပြားသွားရတော့ ၏။

ဤကား "သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ" ဟူသော ပထမ စတုက္ကပထမနည်းခ္ပ စိတ်ရှိုင်းစိတ်ဝိုက်ကို အပြင်သို့ ထွက်မသွားအောင် ထွက်လေ ဝင်လေ-ဟူသော အဿာသပဿာသ အာရုံခ္ပ တိမြဲစွာ ထားရမည်-ဟု ဖွင့်ဆိုချက်တည်း။

(သတိမြဲခြင်း ပထမတည်း)

သာမက

မဟိ ဝိသဒ္ဒဝိဘက္ကဝိစ္ဆေဒံ ကတ္တာ အဿသာ ပဿာသာ ရမ္မဏော တိ သံထမ္ဘနတ္ထံယေဝ ဟိ ဝိဿနာ (ဝိသုဒ္ဓိမဂ်)။

အနက်၊ ။ ဝိဿနာ၊ ရှေ့တွက်ခြင်းမည်သည်။ ဗဟိ၊ မိမိ ကိုယ်အင်္ဂါမှ ပြင်ပ၌။ ဝိသဒ္ဒ ဝိတက္ကဝိစ္ဆေဒံ၊ ဘဝအဆက်ဆက် ပြန့်နှံ့ ပြားသွား၍နေသော ဝိတက်အလျှင်၏-ပြတ်စဲခြင်းကို၊ ကတ္တာ၊ ပြုလုပ်၍။ အဿာသ ပဿာသာ ရမ္မဏော၊ မိမိ၏ ကိုယ်အင်္ဂါဖြစ်သော ထက်လေ ဝင်လေ အာရုံ၌။ သတိ သံထမ္ဘနတ္ထံ ယေဝ၊ သတိကို ခိုင်မြဲစွာ ထားခြင်းငှါသာ လျှင်။ ဟောတိ၊ ဖြစ်၏။

ပထမ စတုက္ကဒ္ဒ ပထမနည်း ပြီး၏။

ပ္ထမစတုက္ကဋ္ဌ ဒုတိယနည်း

ဤဌ္ဌ အာနာပါနကမ္မဋ္ဌာန်းနိမိတ်ထင်လာခြင်းသည် တော်ရုံတန်ရုံ အားထုတ်ခြင်းဖြင့် ထင်လာနိုင်သည်မဟုတ်ပါ။ ထင်လာသော အာရုံသည်လည်း ဥဂ္ဂဟနိမိတ်ထူးပင် ဖြစ်သောကြောင့် အားထုတ်သော ယောဂီသည် သာမည အညတြ ပုဂ္ဂိုလ်မျိုး မဟုတ်နိုင်ပါ။ ကောင်းမွေကံ ပါရမီနှင့် ပြည့်စုံသော ဘုန်းရှင်ကံရှင် ပါရမီရှင်ကြီးသာ ဖြစ်ပေလိမ့်မည်။

ထိုဘုန်းရှင် ကံရှင် ပါရမီရှင်ကြီးယောဂီသူမြတ်သည် ဥဂ္ဂဟနိမိတ်ထင်သည်အခါ အားလုတ်နိုင်ခဲ့ပြီးဖြစ်သောကြောင့် မိမိ၏ အာနာပါနအလုပ်ကိုလည်း အထူးနှစ်သက်သဘောကျ စိတ်ဝင်စားလာခဲ့သည်။

ထို့ထက် မှန်မြတ်သော နိမိတ်မျိုး ပေါ်လာရန်အတွက်လဲ မနားမနေ ကြိုးစားချင်ရှိလာသော စိတ်ဓာတ် မဖြစ်မနေ မလျှော့တန်း အားထုတ်လိုသော သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိမဂ္ဂင်တို့သည်လည်း တဖွားဖွား ပါပေါက်လာတော့သည်။

ထို့ကြောင့် 'ဒီဃ ဝါအသ သန္တောဒီဃ အသသာမိတိ ပဇာနာတိ(လ) ဒီဃ ဝါ ပဿသန္တောဒီဃ ပဿသာမိတိ ပဇာနာတိ' ဟူသော ပ္ထမ စတုက္ကဋ္ဌ ဒုတိယနည်းအရ လုပ်သင့်လုပ်ထိုက်သော အရှည်အတို ရှူရှိုက်နည်းများကိုလည်း ဆက်လက်၍ အားထုတ်လျက် ရှိပေပြီ။

အရှည်အတို ရှု။ရှိုက်ဆူများ

ဒုတိယနည်းခွဲ-

၁။ အချို့လူများသည် (ဆင်၊ မြွေ၊ ကျွဲ၊ နွားများလို) ထွက်လေ ဝင်လေကို ရှည်ရှည်ရှု။ရှိုက်တတ်ကုန်၏။

၂။ အချို့လူများသည်ကား (ခွေး ယုံများလို) ထွက်လေ ဝင်လေကို ကိုတိုရှု။ရှိုက်တတ်ကြကုန်၏။

သာဓကပါဠိ

မနုဿေသု ပန် ကေစိ ဟတ္ထိ, အဟိအာဒယော ဝိယ ကာလဒ္ဓါနဝသေန ဒီဃံ အဿသန္တိစ၊ ကေစိ သုနက္ခ သသာဒယော ဝိယ ရဿံ၊ (ဝိသုဒ္ဓိမဂ်)

အနက်။ ။ ပန်၊ **အထူး**ကိုဆိုအံ့။ **အ**နုဿေသု၊ **ခ**ဒ္ဓါကိုယ် **အ**တိုင်း**အ**တာ**အ**ား**ဖြ**င့် တူ**ကြ**ကုန်**သော** သူတို့**တ**ွင်။ ဟတ္ထိ **အ**ဟိ **အ**ာ**ဒ**ေ**ယ**ာ**ဝ**ိ**ယ၊ **ဆ**င်၊ **မ**ြွေ၊ **စ**သည်တို့ကဲ့သို့၊ **က**ာ**လ** **ဒ**္ဓါ**နဝ**သေန၊ **အ**ချိန်**အ**ခါ **အ**တိုင်း**အ**တာ**၏** **အ**စွမ်း**အ**ား**ဖြ**င့်။**ဒီ**ဃံ၊ **ရ**ှည်**စ**ွာ။**အ**သ**သ**န္တိ**စ**၊ **ထ**ွက်**လ**ေ**လ**ကို**လ**ည်း **မ**ူတဲ့**ထ**ုတ်**ကြ**ကုန်**၏**။ **ပ**သ**သ**န္တိ**စ**၊ **ဝ**င်**လ**ေ**လ**ကို**လ**ည်း **ရ**ှု။**ရ**ိုက်**ကြ**ကုန်**၏**။

ကေစိ၊ **အ**ချို့**သ**ော **ခ**ဒ္ဓါ**ကို**ယ်**သ**ေ**း**ငယ်**သ**ော **သ**ူ**တ**ို့**သ**ည်**က**ား၊ **သ**ုနက္ခ **သ**သာ**ဒ**ေ**ယ**ာ**ဝ**ိ**ယ၊ **ခ**ွေ၊ **ယ**ုန် **စ**ော **သ**တ္တ**ဝ**ါ**တ**ို့**က**ဲ့**သ**ို့ (**က**ာ**လ** **ဒ**္ဓါ**နဝ**သေန၊ **အ**ချိန်**အ**ခါ **အ**တိုင်း**အ**တာ**၏** **အ**စွမ်း**အ**ား**ဖြ**င့်)**ရ**ဿံ **တ**ို**စ**ွာ။(**အ**သ**သ**န္တိ**စ**၊ **ထ**ွက်**လ**ေ**လ**ကို**လ**ည်း

မှုတ်ထုတ်ကြကုန်၏။ ပဿသန္ဓိစ၊ ဝင်လေကိုလည်း ရှူ။ရှိုက်ကြကုန်၏။)

အရှည်အတိုဟူသည်

ဤ၌ ထွက်သက်ကို

။ ရှည်ရှည်မှုတ်ထုတ်ခြင်း (ဒီဃအဿာသ)
တိုတိုမှုတ်ထုတ်ခြင်း (ရဿအဿာသ)

၂။ ဝင်သက်ကိုလည်း
ရှည်ရှည်ရှူ။ရှိုက်ပြင်း (ဒီဃပဿာသ)
တိုတိုရှူ။ရှိုက်ခြင်း (ရဿပဿာသ) ဟု နှစ်မျိုး ရှိသည်။

ထိုတွင်-

(၁) ပြင်းပြင်းထန်ထန် မှုတ်ထုတ်ခြင်း, ပြင်းပြင်းထန်ထန် ရှူ။ရှိုက်ခြင်းကို ဒီဃ (အရှည်) ခေါ်သည်။

(၂) ညှင်းညှင်းသာသာ မှုတ်ထုတ်ခြင်း၊ ညှင်းညှင်းရှူ။ရှိုက်ခြင်းကို ရဿ (အတို) ခေါ်သည်။

မှတ်ချက်။ ။ ဤ၌ ယောဂီ၏ သမာဓိအစွမ်း အလျောက် (အရှည်-အတို) ဒီဃရဿကို သိရမည်။

ထိခိုက်မှုဌာနဌ၌ ကြာကြာထိခိုက်လျှင် ရှည်သည်။ ကြာကြာ**မ**ထိခိုက်လျှင် တိုသည်ဟု လယ်တီ ဆရာတော်ဘုရား မိန့်၏။

သမာဓိတန်ခိုးဖြင့် ပြည့်စုံသော ယောဂီမျှားမှာ ၃၁-ဘုံ ကိုလည်း မြင်နိုင်သည်။ လွန်လေပြီးသော ကပ္ပာ, လာလတ္တံ့သော ကပ္ပာပေါ်မျှားစ့ာကိုလည်း မြင်နိုင်သည်။ သို့သော် ဒုတိယနည်းဌ်ကား နှစ်ထောင် သုံးထောင်မှစပြီး လေ့ကျင့်အားထုတ်ရသည်။

အထူးမှတ်ဖွယ်မျှား

ဤထွက်လေ ဝင်လေကို မိအောင်ဖမ်းဆုဌ် ရှည်ရှည်ကိုဖမ်းနည်း, တိုတို ဖမ်းနည်းတို့တွ ရှည်ရှည်ကိုသာ ဖမ်းကြသော ယောဂီကား မျှားသည်။ တိုတိုဖမ်းသော ယောဂီကားနည်းလှသည်။ ရှ ရှည်ကိုဖမ်းသောနည်းဖြင့် အားထုတ်သော ယောဂီသည် အောက်ပါ အာကာရ (အားထုတ်နည်း) မျှားကို နားလည်ထားရဦးမည်။

ထိုအားထုတ်နည်း (အာကာရ)တို့ကား-

၁။ တိုင်းတာပုံ အချင်းအရာ (အဒ္ဓါနာကာရ)

၂။ ယောဂီ၏ ဆန္ဒအစွမ်းအလျှောက် အားထုတ်ပုံ အချင်းအရာ (ဆန္ဒဝသာကာရ)

၃။ ဝမ်းမြောက်သော အစွမ်းအလျှောက် အားထုတ်ပုံ အချင်းအရာ (ပါမောဇ္ဇ ဝသာကာရ) အားဖြင့် သုံးပါးရှိသည်။

ထိုတွင် တပါးတပါးခ္ခ-

၁။ ထွက်လေထုတ်ပုံ အချင်းအရာ (အဿာသသာကာရ)

၂။ ဝင်လေရှူပုံ အချင်းအရာ (ပဿာသသာကာရ)

၃။ ထွက်လေ ဝင်လေကို ၂-ပါးတွဲ၍ အားထုတ်ပုံ အချင်းအရာ (အဿာသပဿာသာကာရ)ဟု သုံးမျိုးစီ ပြားပြန်သည်။ ထို့ကြောင့် အာကာရအားဖြင့် ကိုးပါးဖြစ်သတည်း။

သာဓကပါဠိ

တတြာယံ ဘိက္ခု နဝဟာကာရေဟိ ဒီဃံ အဿသန္တော ပဿသန္တောစ ဒီဃံ အဿသာမိ ပဿသာမီတိ ပဇာနာတိ။

အနက်။ ။ တတြ၊ ထိုပါဠိတော်၌။ နဝဟာကာရေဟိ၊ ကိုးပါးသောအချင်းအရာတို့ဖြင့်။ အဿသန္တောစ၊ ထွက်သက် မှုတ်ထုတ်သည်လည်း ဖြစ်သော။ ပဿသန္တောစ၊ ဝင်သက်ရှူသည်လည်း ဖြစ်သော။ အယံ ဘိက္ခု၊ ဤယောဂီ ရဟန်းသည်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ထွက်သက်ကို ဖြစ်စေအံ့။ ပဿသာမိ၊ ဝင်သက်ကိုဖြစ်စေအံ့။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိနိုင်၏။

ယခင် ဆိုခဲ့သည့်အတိုင်း ထွက်သက်၏ ရှည်ရှည် မှုတ်ထုတ်ခြင်းကိုသာ ရှုမှတ်နေသော ယောဂီသည် နှစ်တောင်, သုံးတောင်

ဟူသော (အဒ္ဓါနာဝကာရ)မိမိ၏နယ်ကို မလွန်စေမူ၍ သမ္မာ ဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ ဟူသော မဂ္ဂင်သုံးပါးကို ဖြစ်စေလျက် ဆက်လက်အားထုတ်သည်ရှိသော် (ပုံ ၁၀-ကို ကြည့်ပါ)ထွက်လေကို တကြိမ်ထက်တကြိမ်,တမိနစ်ထက်တမိနစ်, တနာရီထက် တနာရီ, တထိုင်ထက် တထိုင်, တနေ့ထက် တနေ့ မိမိဘာဝနာ၌ သာယာမှု ဖြစ်လာခဲ့ပေသည်။

ထိုအခါ မိမိ၏ဘာဝနာအလုပ်ကို တိုး,တိုးပြီး အားထုတ် လိုသောဆန္ဒကား ပျင်းပြေလာသဖြင့် တိုး၍,တိုး၍ပင် အားထုတ် ခဲ့မေသည်။ ထိုယောဂီမျိုးသည် အဒ္ဓါနဇာဝသ ဆန္ဒဝသာ ကာရ ပုဂ္ဂိုလ် မည်၏။

ထိုယောဂီသည် ထွက်လေကို အားစိုက်ပြီး တွန်းထိုး ပို့ပေး သောအခါ ထွက်လေ အရောင်အတန်းကြီးသည် နှစ်ဘောင်ခန့်, သုံးတောင်ခန့် တန်းပြီး ထွက်နေပါတော့သည်။ (ပုံစံ ၁၀-ကို ကြည့်ပါ) အထူးမှာ ဤနည်းကို အားထုတ်စဉ် ထွက်လေနှင့် အရောင်အတန်းကြီးသည် တပြိုင်နက်မဟုတ်ဘဲ တခုခုက နောက် ကျနေတတ်သည်။ မိမိက ထွက်လေကို မှုတ်ထုတ်တိုင်း, မှုတ်ထုတ် တိုင်း ထွက်လေနှင့် အရောင်အတန်းကြီး ပြိုင်ထွက်လာအောင် အားထုတ်ရမည်။

ဤကား ယောဂီ၏ ဆန္ဒအစွမ်းဖြင့် ထွက်လေ ဖြစ်ပေါ်လာ သောကြောင့် "ဆန္ဒဝသာကာရ" ဟု အဌကထာ၌ ဖွင့်ဆိုထား ခြင်း ဖြစ်ပေသည်။

(ပုံ ၉)

ယောဂီ၏ ဆန္ဒအစွမ်းဖြင့် ထွက်လေ ကိုဖြစ်စေသလို, ဝင်လေကိုလည်း ဖြစ်စေ လျက် အရောင်တန်းကြီးများကို ဝင် လေနှင့်အတူ မြင်နေရပေမည်။ (ပုံ နံ ပတ် ၉-ကိုကြည့်) ဤ၌လည်းဖော်ပြ ပါ အရောင်တန်းကြီးသည် ထွက် လे နည်း အ တိုင်း ၂-တောင်, ၃-တောင်ခန့် မှနေ၍ နှာသီးဝမှတဆင့် ဝင်သွားနေ ပေသည်။ ဤပုဂ္ဂိုလ်မျိုးကို အဒ္ဓါနပဿာသဆန္ဒဝသာကာရ ယောဂီ-ဟု ခေါ်ဆိုရသည်။ အားထုတ်နည်းမှာ ယခင် အသာ သဆန္ဒဝသာကာရနည်းအရ အားထုတ်ပုံနှင့် တူသည်။

(ပုံ ၁၀)

ယောဂီ၏ ဆန္ဒအစွမ်းအလျောက် ထွက် လे ကို လည်း ကောင်း, ဝင် လे ကို လည်း ကောင်း နှစ်တောင်ခန့်, သုံး တောင် ခန့်သို့ ရောက်အောင် အလင်းရောင်တန်းကို ဖြစ်စေ လျက် အားထုတ်နေပုံ ဖြစ်သည်။ (ပုံစံ ၁၀-ကို ကြည့်ပါ။)

ဤနည်းကို အားထုတ်နေသော ယောဂီ၏ နှာသီးဝမှ အလင်း ရောင်တန်းကြီးသည် နှစ်တောင်, သုံးတောင် အရပ်တိုင်အောင် ထွက်ချည်, ဝင်ချည် ဖြစ်နေပေလိမ့်မည်။ ဤအခိုက်၌ ထွက်လေ ဝင်လေသည် သိမ်မွေ့.လှပြီးဖြစ်၍ သုခုမအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဤကား ယောဂီ၏ ဆန္ဒအစုမ်း(ဆန္ဒဝသာကာရ) အားဖြင့် အားထုတ်နည်း ၃-မျိုးတည်း။

သာဓကပါဋိ

ဆန္ဒော ဥပ္ပဇ္ဇတိတိ ဘာဝနာယပုဗ္ဗောနာပဓံဝိသေသံ အာဝဟန္တိယာ လဒ္ဓဿာဒဘ္ဘာ တတ္ထ သာတိ သယော ကတ္တုကာမတာလက္ခဏော ကုသလစ္ဆန္ဒော ဥပ္ပဇ္ဇတိ။
(မဟာဋီကာ)

အနက်။ ။ဆန္ဒော ဥပ္ပဇ္ဇတိတိ၊ဟူသည်ကား။ဘာဝနာယ၊ အာနာပါနသမထ ဘာဝနာသည်။ ဝါ၊ အဒ္ဓါနာကာရ ဘာဝနာသည်။ ပုဗ္ဗေနာပဓံ၊ ရှေ့နောက်ဖြစ်သော။ ဝိသေသံ၊ တရားထူးကို။ ဝါ၊ ထူးသော သမာဓိ ဆန္ဒကို။ အာဝဟန္တိယာ၊ ရှက်ဆောင်နိုင်ခဲ့သည်ရှိသော်။ ဝါ၊ ရှက်ဆောင်နိုင်ခြင်းကြောင့်။(လဒ္ဓဿာဒဘ္ဘာ) လဒ္ဓဿာဒတ္တာ၊ ရအပ်သော သာယာခြင်း ရှိသည်၏ အဖြစ်ကြောင့်၊ဝါ၊ သာယာမှုကို ရခြင်းကြောင့်။ တတ္ထ၊ထိုဘာဝနာ၌။ သာတိသယော၊ လွန်ကဲသော။ ကတ္တုကာမတာလက္ခဏော၊ ပြုလိုသည်၏ အဖြစ်လျှင် လက္ခဏာရှိသော။ ကုသလစ္ဆန္ဒော၊ ကုသိုလ်ဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

အာကာသေစလုင်ကာကာရပတ္တံ ဝိယ-ဟု အဋ္ဌကထာဆရာ မိန့်ဆိုသကဲ့သို့ ပိမိ၏ အစုမ်းအဲလျှောက် (ဆန္ဒဝသာကာရ) အားဖြင့် ဆက်လက်ပြီး အားထုတ်ဖန်များလတ်သော် ထွက်

(ပုံ ၁၁)

လေ့ ဝင်လေတို့၏ ရှုန့်ရင်းကြွမ်းတမ်းမှု မရှိတော့ပြီဖြစ်၍ ခန္ဓာကိုယ်မှာလည်း လေဟုန်စီး၍ လိုက်သော ဌက်ကြီးကဲ့သို့ လည်းကောင်း၊ ပုခက် အေးယာဉ်(တန်း)စီးနေရသကဲ့သို့လည်းကောင်းပေါ့ပါးခြင်း၊ နူးညံ့ခြင်းသို့ ရောက်၍ ဝမ်းမြောက် နှစ်သက်ရှင်လန်းနေပေတော့၏။ ထိုကိုပင် (ပါမောဇ္ဇဝသာကာရ)ဝမ်းမြောက်သော အစုမ်းအလျှောက်အားထုတ်နည်း ဆိုရသည်။

သမာဓိ၏ အရှိန်ကြီးမြင့်လာပြီဖြစ်သော ယောဂီ၏ ကိုယ်သည် တကိုယ်လုံး ပေါ့ပါး၍ ပန်းဆိုင်းမျှား ဆွဲထားအံ့အလား ထင်မှတ်ခါ တနေကုန်အောင် အားတုတ် ရှုမှတ်နေသော်လည်း ညောင်းညာကိုက်ခဲခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း အလျဉ်းမရှိ၊ မပင်မပန်း မနှမ်း မနယ်ဘဲ ချမ်းသာစွာ ဖြင့် ကာယလဟုတာ စိတ္တလဟုတာ စသော ယုဇဒ္ဓာနန္ဒ တရားမျှားသည် ဖြစ်ပေါ်နေပေပြီ။

ဤပါမောဇ္ဇဝသာကာရအခိုက်၌ အလေ့အလာပြုမှု(ပဂုဏ)နိုင်နင်းနေပြီ ဖြစ်သောကြောင့် ထွက်လေဝင်လေ အရောင်အလင်း၊တန်းကြီးသည် ထွက်လေဝင်လေနှင့်အတူ အရှည် အတို အားဖြင့် ထွက်ချည်ဝင်ချည် ဖြစ်နေသည်မှာ (ပုံစံ ၁၁-ကို ကြည့်) ဝမ်းသာစရာ ဖြစ်ပေသည်။

ထို့ပြင် ယောဂီသန္တာန်၌ ဥဂ္ဂဟနိမိတ်ထူးမျှား ထင်နေပြီ ဖြစ်သော်ကြောင့် ဝမ်းသာလုံးကြီး ဆို့ပြီး လုပ်ငန်းကို ရှုတ်

တရက် ရပ်ပစ်လိုက်တတ်သည်။ (သုခုမတရ အဆင့်သို့ ရောက်ပေပြီ)။

မှန်ပေသည်။ မျက်စိမှိတ်ပြီး အားထုတ်လျှင်လည်း (ဖွင့်ထားသလို) ထင်မြဲ ထင်နေပြီဖြစ်၍ ယောဂီ၏ စိတ်ဆန္ဒအတိုင်း လုပ်လို့ရပေပြီ။သို့သော် ဝမ်းသာလွန်ကဲသော သဘောဖြင့်ကား လုပ်ငန်းမှ ရုတ်တရက် ရပ်နားခြင်းကို မပြုရပါ။ အကယ်၍ ရပ်နားလိုက်ရင် အဆိုပါ အရောင်အလင်းမျှားသည် ပျောက်ကွယ်သွားတတ်သည်။ ပျောက်ကွယ်သွားလျှင် အလွယ်တကူနှင့် ပြန်ပြီး မပေါ်လာတတ်ဖါ။ တချို့မှာ ၅-လ၊ ၆-လခန့်ကြာသော်လည်း ပေါ်နေကျ အရောင်အလင်းမျှား ပေါ်မလာသဖြင့် စိတ်ပျက်ပြီး ကမ္မဋ္ဌာန်းအလုပ်ကို ရပ်စဲထားလိုက်တတ်ကြကုန်၏။ (အလွန် အရေးကြီးသော အချိန်ပင်တည်း။)

အိပ်မက်ထဲမှ ရွှေအိုးပမာ

ထို့ကြောင့် အလွန်ရခဲလှသော တရားထူးကိုရရှိနေပါလျက် ပေါ့ပေါ့ဆဆ အမှတ်တမဲ့ လုပ်မိသည့်အတွက် 'အိပ်မက်ထဲမှ ရွှေအိုးရသလို' ဗျုန်းကနဲ ဝမ်းသာရပြီး ကဗျာတရာ ဝမ်းနည်းသွားရတတ်ချေသည်။

သို့ဖြစ်၍ မိမိ၏စိတ်ကို အတတ်နိုင်ဆုံးထိန်းသိမ်းပြီး သိမ်မွေ့နူးညံ့ ဖြည်းညှင်းသာယာစွာ အလုပ်ကို ရပ်စဲရမည်။

မီးဆလိုက်ဖြင့်ထိုးလိုက်သလို

ယောဂီသည် မိမိစိတ်ကို သမာဓိတန်ခိုးဖြင့် ထိန်းချုပ်နိုင်ပြီးဖြစ်၍ ထွက်လေဝင်လေတို့ အရှည်အတိုနှင့်အတူ အလင်းရောင်

တန်းကြီးများကျိုလိုသလို(အမိုက်အမှောင်အတွင်းသို့ ၎င်းဆစ်ထိုး လက်နှိပ်ခေတ်မီးဖြင့် ထိုးလိုက်သကဲ့သို့လည်းကောင်း၊ မီးရထား မီးမောင်း၊ သဘော်ဘီးမောင်းများ ထိုးလိုက်သကဲ့သို့လည်း ကောင်း၊) စိတ်ဆန္ဒအလျှောက် ပိုင်နိုင်စွာ အားထုတ်နိုင်ပြီ ဖြစ်သောကြောင့် ဘာဝနာ၏ စွမ်းအားကား ထက်မြက်လှပေပြီ။ ဥဒယဗ္ဗယဉာဏ်အဆင့်သို့ ရောက်နေပြီဖြစ်၏။ (ပုံစံ ၁၁–ကို ကြည့်ပါ။) သုခုမတရ ဖြစ်ပုံတည်း။

ဘာဝနာ၏ တန်ခိုးရှိန်ကြောင့်အုရောင် အလင်းဟွ လင်းထိန်နေအောင် လိုသလို ရရှိနေပြီဖြစ်သော ယောဂီအားပကတိ ထွက်လေ ဝင်လေကို လက်လွှတ်၍ ထိုအာရုံနှင့် တထပ်တည်းတူသော ပဋိဘာဂ နိမိတ်ဟူသောအာရုံလည်း ထင်မြင်နေပေပြီ။ ထိုအခါ ယောဂီမှာမျက်စိကို မှိတ်လိုက် ဖွင့်လိုက် လုပ်လိုသော်လည်းကောင်း၊ နေရာမှထ၍ ဣ ရိ ယာ ပုထ် များကိုပြောင်းလိုသော်လည်းကောင်း၊ အာရုံနိမိတ်သည် မပျောက်တော့ပြီ။ (ပုံစံ ၉–ကို ကြည့်ပါ။)' သုခုမတမတည်း။အရောင် တန်းကြီးသည် ယောဂီ၏ ဆန္ဒအတိုင်း တခုဖြစ်စေ, နှစ်ခုဖြစ်စေ ဖြစ်နေပေသည်။

သာဓကပါဠိ

ဘာဝနာဗလေန ပန သုခုမတရ ဘာဝပ္ပတ္တေ ဆု အဿာသ ပဿာသေသု တတ္ထ ပဋိဘာဂနိမိတ္တေ ဥပ္ပန္နေ ပကတိ အဿာသ ပဿာသတော စိတ္တံ နိဝတ္တတိ။ (မဟာ ဋီကာ)

အနက်။ ။ ပန၊ အထူးကိုဆိုဦးအုံ့။ ဘာဝနာဗလေန၊ အဿာသ၊ ပဿာသ ဘာဝနာ၏ အစွမ်းဖြင့်။ သုခုမဘာဝမ္မတ္တောသု၊ အလွန်နှုးညံ့သည်၏ အဖြစ်သို့ ရောက်ကုန်သော။ **အ**ဿာသ ပဿာသေသု၊ ထွက်လေ ဝင်လေတို့သည်။ တတ္ထ၊ ယိုအဿာသပဿာသ ကမ္မဋ္ဌာန်းဌ၊ ပဋိဘာဂ နိမိတ္တော၊ ပဋိဘာဂ နိမိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ပကတိ **အ**ဿာသ ပဿာသတော၊ ပင်ကိုယ်ထွက်လေဝင်လေ အာရုံမှ။ စိတ္တံသည်။ နိဝတ္တတိ၊ ဖယ်ရှားလေတော့၏။

ဤ**ကာ**း၊ ဒီဃ**ဝ**ါ အဿသန္တော 'စသော ဒုတိယနည်း အရ' ဒုမှာ ရှည်တိုသိ'ကို အကျယ် ရှင်းလင်းချက်တည်း။

ပထမစတုက္ကဋ္ဌ တတိယနည်း

အာနာပါန နိမိတ်ထူးကို ဘုန်းထူးကံထူးရှိသော ဘုန်းရှင်ကံရှင်တို့မှသာလျှင် မိကြောင်ဖမ်းနိုင်ကြသည်ဟု ဟောတော်မူချက်ရှိသော်လည်း အနည်းဆုံး ပါရမီကုသိုလ်ပါရှိအောင်ဘာ့**အ**ားထုတ်ကြပါ-ဟု လယ်တီဆရာတော်ဘုရားကြီးက ပြင်းပြင်းထန်ထန် တိုက်တွန်းတော်မူခဲ့ပေသည်။ ထို့ကြောင့် ဤကျမ်း**တ**လည်း ထပ်မံတိုက်ဘုန်းလိုပေသည်။ သို့ဖြစ်၍ **အ**စဉ်အားဖြင့် ရောက်လာသော 'သဗ္ဗကာယပဋိသံ**ဝ**ဒိ-**စ**သော တတိယနည်း အရ 'လုံးစုံလင်းရာ၊ ဝဒ္ဓသာ' ဟူသော စကားကို **အ**ကျယ်ပြဦးအုံ့။

သို့ရာတွင် **တ**တိယနည်းသို့ မကူး**သေ**းမီ ဒုတိယနည်းတုန်းက **ပ**ဓာနဖြစ်တဲ့ ဣရိယာပုထ်နှင့်ပတ်သက်သော **စ**ေ-၂၆-ချက်ကို

နှိုင်နှင်းအောင် အား:ထုတ်ရမည်။ ဤ စေ ၂၆-ချက်ကို မနှိုင်နှင်းလျှင် စာတိယနည်း:ကို အား:ထုတ်သောအခါ အခက်အခဲနှင့် ကြုံနေမည်။ ထို့ကြောင့် ဤ စေ-၂၆-ချက်ကို အကြိမ်ပေါင်း များစွာ အား:ထုတ်ရမည်။

စေ ၂၆-ချက်

၁။ ရှည်စေ	၂။ တိုစေ
၃။ ကြီး:စေ	၄။ ငယ်စေ
၅။ ထောင်စေ	၆။ လဲစေ
၇။ ကွေ:စေ	၈။ ကောက်စေ
၉။ သွား:စေ	၁၀။ ရပ်စေ
၁၁။ ထိုင်စေ	၁၂။ ထံစေ
၁၃။ ဝိုင်း:စေ	၁၄။ အထောင့်ဖြစ်စေ
၁၅။ မျက်စိမှုထွက်စေ	၁၆။ နှာ:မှုထွက်စေ
၁၇။ ပါ:စပ်မှုထွက်စေ	၁၈။ ပါ:မှုထွက်စေ
၁၉ နိုး:ဝေ	၂၀။ ဝေ:စေတို့ဖြစ်ကြ သည်။

ထိုစေ ၂၀-ချက်ကို အရောင် ၆-မျိုးနှင့် ပေါင်း:စပ်သော် စေ ၂၆-ချက်ဟု ခေါ်ကြသည်။

(၁) ထိုတွင် မိမိ၏ ထွက်လေ, ဝင်လေအတန်:ကို ရှည်စေ လိုသော် (သို့မဟုတ်) မိမိ၏စိတ်ထဲမှ ဥပါဒ်ထား:သော အရပ်

မျှားမှ ထွက်စေလိုသော် (မိမိ၏ ဆန္ဒအတိုင်း) ထွက်လေ,ဝင်လေ နှင့်အတူ ထွက်စေ,ဝင်စေနိုင်ပါသည်။ (ထို စေရာ၌လည်း ထို့အတူပင် ဖြစ်၏။)

(၃-၄)ကြီးစေ,ငယ်စေရာ၌လည်း(ယောဂီ၏ဆန္ဒအလျောက် ရှည်ရှည် ဖြစ်စေ၊ အဝိုင်း, လေးထောင့်ပင် ဖြစ်စေ) အကြီး, အဖေးကို ဖြစ်စေနိုင်ရမည်။ ထွက်လေ,ဝင်လေနှင့် ပြိုင်ပြီး မဖြစ်လျှင်လည်း မဒေအာင်မြင်သေးပါ။ (သောင်စေ, လဲစေလည်း ထို့အတူပင်)

(ပုံ ၁၂)

(၇) ကေ့ားစေ-ဟု ရှုရာ၌ ယောဂီ၏ ခန္ဓာကိုယ် အနီး ကပ်ဆုံးပတ်ဝန်း ကျင်မှာ(အမှတ် ၁၂-ပုံအတိုင်း)

၁။ နားတဖက်မှ အခြား နားတဖက်,

၂။ ပခုံး တဖက်မှ အခြားပခုံးတဖက်,

၃။ ရင်ပတ်မှ နောက် ကျောသို့ စသည်ဖြင့် ယောဂီ၏ ဆန္ဒအတိုင်း

အရောင်အတန်းကြီး ကေ့ားသွားနေစေရမည်။

(၈) ကောက်စေ၌လည်း အ လင်း တန်း ကြီး မိမိ လိုသလောက် ကောက်ပြီး သွားနေစေရမည်။ သို

(ပုံ ၁၃)

သော် ယောဂီ၏ အနိုးအနား မှာ မဟုတ်၊ မိုင်ပေါင်း များစွာ သွားနိုင်စေရမည်။

ဥပမာ- ထွက်လေနှင့် အတူ ရှေတိုဂုံစေတီတော် တို့မှတဆင့် မန္တလေးတောင်၊ ထိုမှ ကျိုက်ထီးရိုးဘုရား ရောက်အောင် လိုသလိုကောက်စေပြီး ထွက်လေ,ဝင်လေနှင့် အပြန်အလှန် လျင်မြန်စေရမည်။

ထို့ပြင် ဤမြန်မာနိုင်ငံမှာသာမက အိန္ဒိယ, သီဟိုဠ်နိုင်ငံမှာ ရှိတဲ့ ဗောဓိပင်,ဗုဒ္ဓဂါယာ, မဟာစေတီတော် များ ကို လည်းကောင်း၊ နတ်ပြည်မှာရှိတဲ့ စူဠာမဏိစေတီတော်ကိုလည်းကောင်း အရောင်အလင်းတန်းကို စေလွှတ်ပြီး ဖူးမျှော်နိုင်ပေသည်။ (ပုံစံ ၁၃-ကို ကြည့်ပါ)ရှေတိုဂုံစေတီတော်ကို ဖူးမျှော်နေပုံဖြစ်သည်။

ဤ၌ "သဗ္ဗကာယပဋိသံဝေဒီ" ဟူသည် အလုံးစုံသော ထွက်လေ,ဝင်လေတို့၏ အစ,အလယ်,အဆုံး သုံးပါးလုံးကို သိအောင် အားထုတ်ခြင်းကို ဆိုလိုသည်။

ထိုတွင်-

၁။ ထွက်လေ၏ အစကား ချက်တိုင်,

၂။ ထွက်လေ၏ အလယ်ကား ရင်ချိုင့်,

၃။ ထွက်လေ၏ အဆုံးကား နှာသီးဖျားတည်း။

၁။ ဝင်လေ၏ အစကား နှာသီးဖျား,
၂။ ဝင်လေ၏ အလယ်ကား ရင်ချိုင့်,
၃။ ဝင်လေ၏ အဆုံးကား ချက်တိုင်တည်း။

ပုဂ္ဂိုလ်အမျိုးမျိုး

၁။ အချို့ယောဂီသည် ထွက်လေ ဝင်လေတို့၏ အစကို သာ မှတ်မိလိုက်၏။ အလယ်နှင့်အဆုံးကို မမှတ်မိ လိုက်ပါ၊ ထိုယောဂီမျိုးကို အာဒိလဒ္ဓ ပုဂ္ဂိုလ်ဟု ဆိုရသည်။

၂။ အချို့ယောဂီကား ထွက်လေ ဝင်လေတို့၏ အလယ် ကိုသာ သိလိုက်သည်။ အစနှင့်အဆုံးကို မသိလိုက် ချေ။ ထိုယောဂီမျိုးကို မဇ္ဈလဒ္ဓ ပုဂ္ဂိုလ်ဟု ဆိုရ သည်။

၃။ အချို့ယောဂီကား ထွက်လေ ဝင်လေတို့၏ အဆုံး ကို သိလိုက်သည်။ အစနှင့်အလယ်ကို မသိလိုက်ချေ။ ထိုယောဂီမျိုးကို အန္တာလဒ္ဓ-ဟု ဆိုရသည်။

၄။ အချို့ယောဂီသည်ကား ထွက်လေ ဝင်လေတို့၏ အစ အလယ် အဆုံး သုံးပါးလုံး ပြင် သိနိုင်သည်။ ထို ယောဂီမျိုးကို တယောလဒ္ဓ ပုဂ္ဂိုလ်-ဟု ဆိုရသည်။

သာဓကပါဠိ

ကေသေ သဗ္ဗမိ ပါကဋ ဟောတိ၊ သောသဗ္ဗမိ ပရိဂ္ဂ ဟောတုံ သက္ကောတိ၊ နကတ္ထစိ ကိလမတိ၊ တာဒိသော ဘဝိတဗ္ဗံ။ (ဒီဃနိကာယ်)

တာဒီသေန ဘဝိတဗ္ဗန္တိစတုတ္ထ ပုဂ္ဂလသဒိသေန ဘဝိတဗ္ဗံ။(မဟာဋ္ဌိကာ)။

အနက်။ ।ကေဿ। တ ယောက်သော ယောဂီအား။ သဗ္ဗမ္ပိ၊ အလုံးစုံသော ထွက်လေ ဝင်လေတို့၏ အစ, အလယ်, အဆုံး သုံးပါးလုံးသည်လည်း။ပါ၀ဋ္ဌ၊ အလွန်အကဲ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

သော၊ ထွက်လေ ဝင်လေတို့၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို အကုန်ဆင်ခြင်နိုင်သော ထိုယောဂီသည်။ သဗ္ဗမ္ပိ၊ အစ, အလယ်, အဆုံး အလုံးစုံကိုလည်း။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်းခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။

ကတ္ထစိ၊ အစ, အလယ်, အဆုံး သုံးပါးလုံးတို့တွင် တပါးပါးသော အရပ်၌။ နကိလမတိ၊ ပင်ပန်းခြင်း လုံးဝမရှိ။ တာဒိသေန၊ထိုသို့သဘောရှိသော လေးယောက်မြောက် ယောဂီနှင့်တူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်ဖြစ်ထိုက်၏။(ဝိသုဒ္ဓိမဂ် အနက်တည်း)။

တာဒိသေန ဘဝိတဗ္ဗန္တိ၊ ဟူသည်ကား။ စတုတ္ထ ပုဂ္ဂလသဒိသေန၊ လေးယောက်မြောက်ဖြစ်သော တယောလဒ္ဓပုဂ္ဂိုလ်နှင့်တူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်ဖြစ်ထိုက်၏။ (မဟာဋ္ဌိကာ အနက်)

တယောလဒ္ဓပုဂ္ဂိုလ်ဖြစ်အောင်အားထုတ်

ဤပုဂ္ဂိုလ် လေးယောက်တို့တွင် လေးယောက်မြောက်သော တယောလဒ္ဓပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ရမည်။

ပထမနည်းတုန်းက ထွက်လေဝင်လေကို မှတ်နေမှုကို အောင်မြင်စွာ အားထုတ်ခဲ့ခြင်း၊ ဒုတိယနည်းတုန်းကလည်း ထွက်လေဝင်လေတို့ကို ရှည်စေ တိုစေ စသည်ဖြင့် မိမိဆန္ဒအတိုင်း ထားနိုင်အောင် အပြတ် အသတ် အားထုတ်ခဲ့သူ ဖြစ်ခဲ့သော် တယောလဒ္ဓဖြစ်အောင် အားထုတ်ဘို့အရေးသည် ဝန်မလေးတော့ပြီ၊ အဆင့်အတန်းမမှီဘဲ အားထုတ်သူမှာကား ခဲယဉ်းစွာ ထပ်ပြီး အားထုတ်ရပေလိမ့်မည်။

(ပုံ ၁၄)

မှန်ပေသည်။ ဒုတိယနည်းခ္ခ ပြခဲ့ပြီးသော ပဋိဘာဂနိမိတ်ကို နှိုင်နင်းစွာ ရရှိပြီးသော ယောဂီသည်၊ ဤတတိယနည်းကို အားထုတ်သောအခါ ထွက်လေ ဝင်လေတို့၏ အစ အလယ် အဆုံးသုံးပါးလုံးကို တခုစီတခုစီ ထင်လင်းစွာ သိသာအောင် ၎င်း၏ဝင်သက် (ဝင်လေ)သည် နှာသီးဖျားတွင် ရှိသေး၏၊ ဟော-ယခုရင်ဘတ် ရောက်သွားပေပြီ။

ဟော....ချက်တိုင် ရောက်သွားပြီ ဟူ၍လည်းကောင်း, ၎င်း၏ ထွက်သက် (ထွက်လေ)သည် ယခု ချက်တိုင်မှာရှိသေး၏။ ဟော....နှာသီးဖျားသို့ ရောက်ခဲ့ပြီဟူ၍လည်းကောင်း, လိုက်၍ မှတ်နိုင်ရမည်။ ထွက်လေ ဝင်လေနှင့်အတူ ပဋိဘာဂ နိမိတ် (အရောင်အလင်းတန်း) ကိုလည်း ထင်လင်းစွာ မြင်နေရမည်။

ပုံနုံပါတ် ၁၄-ကား အာဒီလဒ္ဓအန္တောလဒ္ဓ (အစ အဆုံး) တို့ခ္ခ နိမိတ်ထင်နေသော ယောဂီ၏ ပုံတည်း။

(ပုံ ၁၅)

ထိုအတူ အာဒီအန္တော (အစ အဆုံး)၌ မထင်ဘဲ အလယ်၌သာ အလင်းတန်းကြီး ထင်နေပုံကိုလည်း (ပုံ-၁၅) ကိုကြည့်ပါ။ အစနှင့် အဆုံးကို ဖမ်းလို့မမိလိုက်ဘဲ အလယ်တခုကိုသာ ဖမ်းမိနေပုံဖြစ်သည်။

(ပုံ ၁၆)

ပဋ္ဌိဘာဂ နိမိတ်ရပြီးဖြစ်သော်လည်း တခါတရံ ဘာဝနာ၏ တန်ခိုးအရှိန် ပျံ့နှံ့အောင် မလုပ်နိုင်ဘဲလည်း ဖြစ်တတ်ကြောင်းကို ပြသည်။ ဆိုခဲ့သည့်အတိုင်း အစမှာ မိလိုက်၊ အလယ်မှာ မိလိုက်၊ အဆုံးမှာမိလိုက်၊ အစအဆုံးမှာမိလိုက် ဖြစ်နေခြင်းသည် အစ၊ အလယ်၊ အဆုံး၊ သုံးပါးလုံးမှာ မီမိလိုသလို ရှည်စေ၊ တိုစေ အားဖြင့်လည်းကောင်း, အဖြူ၊ အနီ အဝါစသော အရောင် အမျိုးမျိုးအားဖြင့်လည်းကောင်း, ယောဂီဆန္ဒအတိုင်း ဖြစ်နိုင်သော တယောလဒ္ဓပုဂ္ဂိုလ်ဖြစ်ပါသည်။(ပုံစံ-၁၆)ကို ကြည့်ပါ။ ထိုတယောလဒ္ဓပုဂ္ဂိုလ်ဖြစ်အောင် အကြိမ်ကြိမ် အားထုတ်သင့်ပေသည်။

ပဋ္ဌိဘာဂနိမိတ်ထင်လာအောင် အကြိမ်ကြိမ်အားထုတ်သော်လည်း တခါတရံ မထင်နိုင်ဘဲ ခက်ခဲ၍နေတတ်သည်။ ထိုအခါ စိတ်က ဗုံသဏ္ဌာန်တခုခုကို ဥပါဒ်ပေးရသည်။(စိတ်ဖြင့် ပုံတခုကို ဖန်ဆင်းပေးရသည်ဟု ဆိုလိုသည်။)

ယင်းသို့ မိမိဖြစ်စေချင်သော ပုံတခု (အာရုံတခုကို) ဆွဲ၍ အားထုတ်သောအခါ မကြာမီပင် မိမိဖြစ်စေချင်သော အရာ ဝတ္ထု ဖြစ်ပေါ်လာတတ်သည်။ (လုပ်ကြည့်ပါ)။

ထို့အပြင် အလင်းတန်း (အချောင်း) ကြီး မဟုတ်ဘဲ အဝိုင်း (အလုံး)ကိုလည်း ကွမ်းသီးလုံးခန့် သံပုရာသီး ရှောက်သီး အုန်းသီး ပိန္နဲသီးခန့် ခွဲတောင်း၊ တင်းတောင်း ရုဝင်အိုးခန့် ပုတ်ကြီး၊ အိမ်ကြီးခန့် စသည်ဖြင့် လိုသလို ကြီးစေ ငယ်စေ ဖြစ်စေလျက် လွှတ်ပေးပါ။ (ပုံစံ-၁၆ ကိုကြည့်ပါ)

အရောင်အဆင်းမှာလည်း ဒီတခါ အဝါရောင် အဆင်းထွက်စေ၊ ပြေးစေရမည်။ ဒီတခါတော့ အနီရောင်၊ ဒီတခါတော့ အစိမ်းရောင်၊ အပြာ၊ အ[illegible]။ ကြက်သွေးရောင် ပြေးစေရမည်-။သည်ဖြင့် မိမိအလို ရှိသော အရောင်အမျိုးမျိုးကို လည်းထွက်လေ ဝင်လေနှင့် အစဉ်ထွက်စေ ဝင်စေရမည်။ (လက်တွေ့လုပ်ကြည့်ပါ)

(ပုံ ၁၇)

ထွက်လေ ဝင်လေဟူသော ပဋိဘာဂနိမိတ်ကို တယောလဒ္ဓ ဖြစ်ခဲ့အောင် အား ထုတ် နိုင်သော ယောဂီသည် တခါတရံ မိမိ၏ ဦးခေါင်း တည့်တည့် (ဗဟိဒ္ဓ)၌ အာရုံ (နိမိတ်)

တခုကို ဖြစ်စေရမည်-ဟု စိတ်ဖြင့် ဥပါဒ်ကြီး ထွက်လေနှင့် အတူဖြစ်အောင်အားထုတ်ရမည်။

အားထုတ်နည်း

မိမိ၏ ယေဘုယျဝတ္ထုတည့်မှ အာရုံ (နိမိတ်) ချောင်းတခုကို အတုတ်အားဖြင့် လက်ညှိုးခန့်၊ အရှည်အားဖြင့် ပေးထောင့်ခန့်လောက်ကို ထွက်လေနှင့်အတူ (စိတ်ထဲမှ) မှုတ်ထုတ်လိုက်ပါ။ တခါတရံ ထွက်လေမဆုံးသေးခင် 'လစ်ခနဲ' ထွက်သွားမည်။ မိမိ၏ ယေဘုယျပေါ်မှာ ဝတ်မီးချောင်းကြီး ဒေါင်လိုက်စိုက်ထားလိုက်သလို အရောင်အလင်းတွေနဲ့ တထိန်ထိန်တောက်ပနေပေလိမ့်မည်။ (ပုံ-၁၇ ကြည့်) တခါတရံ ထွက်လေနဲ့အတူ ပေါ်နေမည်။ အရောင်အလင်းကို အစွမ်းကုန်လင်းနေအောင် စိတ်ဖြင့် အမိန့်ပေးနေရမည်။

အဿာသ ပဿာသ

ဤအရောင်အလင်းချောင်းကြီးကို နှာသီးဖျားနှင့် စက်စပ်မှုမရှိဘဲ သီးခြားတွေ့မြင်နေရမည်။ ယင်းသို့ သီးခြားတွေ့မြင်နေရသော်လည်း ထွက်လေ ဝင်လေကို အမှီပြုပြီး ဖြစ်ပေါ်လာသောကြောင့် အဿာသ ပဿာသ အာရုံ(နိမိတ်)ဟူ၍ပင် ဆိုရသည်။ (ဝိသုဒ္ဓိမဂ်)

နှစ်မျိုးပေါ်တတ်

ထိုဗဟိဒ္ဓအာရုံအလင်းတန်းကြီးကား-

၁။ ဒေါင်လိုက်လည်း ပေါ်တတ်သည်၊

၂။ ကန့်လန့်ဖြတ်ကြီးလည်း ပေါ်တတ်သည်၊

(ပုံ ၁၈)

ယောဂီ၏ စိတ်က ပြူပြင်ပေးရသည်။ ပုံစံ-၁၆-ကား ဒေါင်လိုက်ပေါ်ပုံတည်း။

ဤ၁၈-နံပါတ်ပုံကား ၁၇-ပုံတုန်းက ငယ်ထိပ်၏ အထက်မှာ မှတ်ထုတ် တင်ထားသော လက်ညှိုးခန့် အချောင်းကလေးကို လေးထောင့် ရာဝင်အိုးကြီးခန့်ကြီးဝေ ဟူသော အဆိုအတိုင်း ပုံကြီးခွဲပုံတည်း။

ဤသို့ လေးထောင်(ရာဝင်အိုးကြီး)ခန့်ပုံကြီးခွဲခြင်းသည် အကြောင်းရှိသည်။ဤအလင်းချောင်းကြီးကို ထွက်လေဖြင့် အထက်သို့ ဆွဲချသောအခါ ယောဂီ၏ ခန္ဓာကိုယ်နှင့် အံဝင်ဂွင်ကျဖြစ်၍ ပင်ပန်းမရှိ မြန်မြန် အတင်အချ ပြုလုပ်ရန်ဖြစ်သည်။ (ပုံစံ ၁၈-ကိုကြည့်ပါ။)

အထူးမှာထားချက်။ ။ဤပုံတွင်လေးထောင့် (ရာဝင်အိုး) ခန့် နီ မိတ်လုံးကြီး တခုလုံး ကို အရောင်အလင်း ညီမျှအောင် အားထုတ်ရမည်။သတိပြု၍ ရှုမှတ်ပြီး မလင်းလျှင် လင်းအောင် စိတ်က ပြူပြင်ပေးမ၊။

ထို့ပြင် မြေးမှိန်ပြီး မထင်ရှားသော အာရုံဖြင့် မရှုပွားဘဲ အလင်းရောင်ညီညီမျှမျှရှိစေရန် အကြိမ်ကြိမ် ပွားများ၍ လင်းရမည်၊ ယခု လင်းစေ-ဟူ မိမိစိတ်က ညွှတ်ပေးပါလေ။

ဗဟိဒ္ဓသို့ ထွက်လေနှင့်အတူ မှုတ်ထုတ်ပြီး အပေါ်မှာ တင်ထားသော အရောင်ချောင်းကို ပုံနံပါတ် ၁၇ ဖြင့် တင်ထား၍ပုံနံပါတ် ၁၈ မှာတော့ ပုံကြီးခွဲထားတာကို တွေ့မြင်ပြီး ဖြစ်မည်။

ထိုဦးခေါင်းပေါ်မှာ ၁၈ ဖြင့် ပုံကြီးခွဲထားသော အာရုံနိမိတ်ကို ဝေဖန် ပဿာသ (ဝင်လေ) နှင့်အတူ အောက်သို့ ဆဲချထားပုံကို ပုံနံပါတ် ၁၉ ၂၀-၂၁ တို့ကို ကြည့်ရှုပါ။ ပုံနံပါတ် ၁၉ မှာ အလင်းရောင်တန်းကြီးက ယောဂီ၏ အပေါ်က (ပုံ၁၉) နေမည်။ (ပုံ ၁၉ ကို ကြည့်ပါ)။

ပုံနံပါတ် ၂၀ မှာတော့ ယောဂီ၏ ကိုယ်တဝက်လောက်ဖုံးနေမည်။

ပုံနံပါတ် ၂၁ မှာတော့ အလင်းရောင် တန်း ကြီး သည် ယောဂီ၏ အောက်မှာ ရောက်ပေမည်။ ဝင်လေ အခိုက်မှာ ထင်လွယ်အောင် ပုံ (၃)၊ မျိုးကို ပြထားပါသည်။

(ပုံ ၂၀) မျက်တောင် တခါခပ် လျှပ်တမျက် (ပုံ ၂၁)

အတွင်းကာလမျှ နုံ့ဖြစ်သော ဝင်သက် (တရှိုက်) အကျိုန်မှာ ထင်ရှားစေလိုသဖြင့် ပုံသုံးမျိုး ဆွဲထားခြင်း ဖြစ်သည်။ စိတ်ပညာအရာဖြစ်၍ လက်တွေ့လုပ်ဘူး(အောင်မြင်ဘူး)သောယောဂီ မျှားမှ ယုံကြည်နိုင်သည်။

ထို့အတူ ထွက်သက် (ထုတ်လေ)နှင့် အ တူ ထိုအလင်းရောင်ကြီးကို အပေါ်သို့ မှုတ်လိုက်သော အခါ အစဉ်အတိုင်း ပုံနံပါတ် ၂၂-၂၃-၂၄ ကို တွေ့ရပေမည်။ ဤကဲ့သို့ ထွက်လေမှာ ပုံသုံးမျိုး, ဝင်လေမှာလည်း ပုံသုံးမျိုးဖြစ်အောင် ရှုမှတ်ပွားရမည်။

ဖော်ပြပါနည်းအတိုင်း ထွက်သက် (ထုတ်လေ)နှင့် အတူ အထက်သို့ တက်လိုက်၊ ဝင်သက် (ပုံ ၂၂) (ရှူလေ)နှင့်အတူ အောက်သို့ဆင်းလာလိုက်နှင့် အရောင်အလင်းကြီး မပြတ် ဖြစ်နေအောင်မြန်မြန် အာရုံပြု၍ 'ရှူးရဲ့ ရှူးရဲ့'နဲ့ ထွက်လေ ဝင်လေကို ပြုလုပ်နေ

ရမည်။ ထိုအခါ အရောင် အလင်းကြီးသည် အပေါ်တက်လိုက် အောက်ဆို့ဆင်းလိုက်နဲ့ ဖြစ်နေပေမည်။ အလွန် မြန်ဆန်သောအခါ အရောင် အလင်းသည် အထက်နှင့်အောက် တစပ်တည်း ထင်ရပေမည်။

(ပုံ ၂၃)

(ပုံ ၂၄)

ဥပမာ-မီးစ တဲခုကိုကိုင်ပြီး ရမ်းကြည့်စမ်းပါ၊ မီးဝိုင်းကြီးကို တွေ့မြင်နေရပေမည်။ ထို့အတူ ထွက်လေကြောင့် ဖြစ်သော အလင်းရောင်နှင့် ဝင်လေကြောင့် ဖြစ်သော အလင်းရောင်သည် တစပ်တည်း(တခုတည်း)လို ထင်နေရမည်။

အထူးမှာထားချက်။ ။ပုံနံပါတ် ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ တို့အရ အားထုတ်ရာ၌ ပုံစံတပုံစံ ကြည့်ပြီး အားထုတ်ရန် မဟုတ်ပါ၊ ဩတိလက်လွတ်ရန်အတွက် အခိုက်အတန့်ကာလမျှသာ ပြထားခြင်း ဖြစ်ပါသည်။ အမှန် အားဖြင့် ဝင်လေတချက်တည်းဖြင့် ၂၂ ၂၃၊ ၂၄ နံပါတ်ပုံ မျှားဖြစ်သွားပေသည်။ ထို့အတူ ထွက်လေတချက်တည်းဖြင့် ပင် ၂၅၊ ၂၆၊ ၂၇ နံပါတ်ပုံမျှား ဖြစ်သွားပေသည်။ ပုံကို ကြည့်ပြီး သဘောပေါက်အောင် အကြိမ်ကြိမ်စဉ်းစားပါ။

ပုံနံပါတ် ၅ မှ ၂၇ တို့အရ အလင်းရောင်တန်းကြီးသည် ထွက်လေ ဝင်လေနှင့် အတူ မြန်မြန်ဆန်ဆန် စီးနေသောအခါ ထွက်လေကြောင့်ဖြစ်သော အလင်းရောင်တန်းသည် တစပ်တည်းဖြစ်၊ ယောဂီ၏ ခန္ဓာကိုယ်ကို ဖုံးကွယ်နေပြီးသောကြောင့် ခန္ဓာကိုယ်သည် အဆက်တက်လိုက် ပျောက်ဆုံးလိုက် ဖြစ်နေ (ပုံ ၂၅) သော အလင်းရောင်တန်းကြီး အတွင်းမှာ ပျောက်လု

ပျောက်ခင် (ပျောက်ကွယ်ခါနီး) နေပြီဖြစ်၍ သေးသေးငယ်ငယ် ကလေးသာ မြင်နေရပေလိမ့်မည်။(ပုံ ၂၆ ကိုကြည့်ပါ)။

ထိုသို့ ရှုမှတ်နေစဉ် အာနာပါနဿတိ ဘာဝနာ သမာဓိသည်တစ တစ အလွန် အားကောင်းလာသော အခါ ယောဂီ၏ခန္ဓာ မှာလည်း အလင်းရောင်ကြီး အတွင်းမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားသလို ဖြစ်သွားပါတော့သည်။

မေတ္တာရပ်ခြင်း။ ။ဖော်ပြပါ ရုပ်ပုံများကို စိတ်ကူးယဉ်သဘောဖြင့် ရေးဆွဲထားခြင်းမဟုတ်ပါ။ လက်တွေ့အောင်မြင်သူတွေ့ များ(ပုံ ၂၆)လှပါသည်၊ ဤအာနာပါနဿတိ လုပ်ငန်းကို တကယ်တန်း ကျကျနန အားထုတ်ပါလျှင် အောင်မြင်နိုင်ပါသည်။ နည်းမှန်ဘို့နဲ့ ဇဲရှိဘို့သာ လိုပါသည်။ တကယ်လိုချင်ယင် တကယ်အားထုတ်ကြပါ-ဟု မေတ္တာရပ်ခံလိုပါသည်။(အစီအစဉ် အတိုင်း အား ထုတ်လာ သောယောဂီမှာ ဤအခြေအနေရောက်လျှင် မခဲယဉ်းတော့ပါ၊အားထုတ်ဘို့သာ လိုပါသည်။)

ဤကား အာရုံ(နိမိတ်)ကို ဒေါင်လိုက် မြှင့်တ ဆွဲချနည်းတည်း။

ဗဟိဒ္ဓအာရုံ အလင်းရောင်တန်းကြီးသည် ဒေါင်လိုက်အား ဖြင့်လည်းကောင်း၊ ကန့်လန့်အားဖြင့် လည်းကောင်း ၂ မျိုး ပေါ်လာရာတွင် ပုံ ၁၈ မှစ၍ ၂၆ အထိ ဒေါင်လိုက် ပေါ်

လာပုံကို ပြဆိုခဲ့ပေပြီ။ ဤပုံနံပါတ် ၂၇ ကား ကန့်လန့်ဖြတ် အားဖြင့် ပေါ်လာပုံ ဖြစ်စေသည်။

(ပုံ ၂၇)

ပေါ်လာပုံ။ ။**မှတ်ထုတ်လိုက်သော ထုတ်လေနှင့် အတူ 'ငါ၏နှားတာချက်မှ အတုတ်အားဖြင့်လက်ညှိုးခန့် အရှည်အားဖြင့် လေးတောင်ခန့် ရှိသော အရင်းအဖျားညီမျှသော အလင်းတန်းကို ထုတ်အံ့'**-ဟု စိတ်ကို ဆောက်တည်ရမည်။ ထိုအခါ မီးခလုပ် ဖွင့်လိုက်လျှင် မီးဖလ်ချောင်းကြီး'လင်းခန့်'ပေါ်လာသလို အလင်းရောင်တန်းကြီး ပေါ်လာပေမည်။

(ပုံ ၂၈)

စိတ်မပါမဖြစ်။ ။**ယောဂီ၏ နှားတဖက်မှကန့်လန့်ဖြတ် ထုတ်ထားသော အရောင်တန်းကို လက်ညှိုးခန့် အုသော်ကလေးမှ ရာ ဝင်အိုးခန့် ကြီးလာအောင် အကျယ်ချဲ့၍ ပြထားပုံတည်း။**

အချို့ယောဂီတို့က စိတ်ကိုညွှတ်စေမှုမပြုဘဲ အာရုံပေါ်လာမှုကို အားထုတ်ကြသည်။ ယင်းတို့ အားထုတ်ကြသော်လည်း အံ့မဘလာ အဖတ်တင်သည်။ လိုချင်သောအာရုံကား ဖြစ်ပေါ်မလာပါ။ အမှန်အားဖြင့် စိတ်က အရင်ညွှတ်ပြီး ပေါ်ပေးရသည်။ စိတ်မပါဘဲ မဖြစ်နိုင်-ဟု မှတ်မပါ။

စိတ်ကား အလွန်အဖြစ်မြန်လှပေသည်။သာမန်စိတ်သည်ပင် မျက်တောင် တခတ်အတွင်းမှာ စကြာဝဠာအနန္တကို ရောက်အောင်သွားနိုင်ပေသည်။ ဥပစာရသမာဓိ အဖြစ်သို့ ရောက်ပြီးသောအဓိစိတ္တ အဓိဝိသုဒ္ဓိဂုဏ်နှင့် ပြည့်စုံသော စိတ်မျိုးကား အဘယ်ဆိုဘွယ်ရာ ရှိအုံ့နည်း၊ထို့ကြောင့် အဓိစိတ္တ အလုပ်မျိုးကို အစိုးရသော သမထယောဂီကဲယဉ်ဂီသူမြတ်သည့် စိတ်လုပ်ငန်းဟူသမျှ လှုပ်ရှားမှုများကို အလွယ်ပင် ဖြစ်စေနိုင်ပေသည်။

(ပုံ ၂၉) (ပုံ ၃၀) (ပုံ ၃၁)

ထွက်လေဖြင့် လက်ဝဲဘက်နားမှ မှုတ်ထုတ်ထားသော ၂၇ နံပါတ်နှင့် တဖန် ထိုပုံကိုပင် အုကျယ်ခွဲထားသော ၂၈ နံပါတ်ပုံကို ဝင်လေ(ရှူ၊ရှိုက်လေ)ဖြင့် ပြန်ဆွဲလိုက်လျှင် ၃၀၊ ၃၁၊ ၃၂ နံပါတ်ပုံများ အစဉ်အတိုင်း ဖြစ်လာပေသည်။ ဒေါင်လိုက်ပြခဲ့သော ပုံများကို သဘောကျလျှင် ကဏ္ဍလန္ဒဖြတ်ပေါ်လာသော နည်းများကိုလည်း လွယ်ကူစွာ သိနိုင်ပေသည်။

လက်ဝဲဘက် ပုခုံးစွန်းမှ လက်ျာဘက်သို့ ရောက်နေသော အလင်းရောင်တန်းကြီးကို တဖန် လက်ဝဲဘက်သို့ ပြန်ရောက်

အောင် ၅၀၊ ၂၉၊ ၃၀ ပုံများအတိုင်း ဖြစ်ပေါ်လာရမည်-ဟု စိတ်ဖြင့် ပြုပြင်ပေးရမည်။

ထိုအခါ အလင်းတန်းကြီးသည် ပခုံး၏ ဟိုဘက်,ဒီဘက် (လက်ဝဲ-လက်ျာ)သို့ ယက္ကန်းစင်၌ ယက်ဖောက်ပြေးနေသလို, လွှဆွဲနေသလို စိတ်လျင်မြန်သလောက် လှုပ်ရှားနေပေမည်။

ပြောင်းလဲအားထုတ်ခါစမှာ **ယောဂီ**၏ဦးခေါင်းကို အလင်းရောင်အတွင်းမှာ ခပ်မှေးမှေး မြင်နေဦးမည်။ (ပုံ ၂၅-ကို ကြည့်)တော်တော်ကြာအောင် အားထုတ်သောအခါ ယောဂီ၏ **အ**ထက်ပိုင်း ခန္ဓာကိုယ်ကို မမြင်ရတော့ဘဲ(ပုံ ၃၁-ကိုကြည့်ပါ)

(ပုံ ၃၂)

ဆက်ပြီး အားထုတ်ပြန်သော် ယောဂီ၏ ခန္ဓာကိုယ် တခုလုံးကို အလင်းရောင်များ ဖုံးလွှမ်းပြီး လုံးဝ မမြင်ရတော့ခေါ်။(ပုံ ၂၆-ကြည့်ပါ) အလင်းရောင်ကြီးကား ယောဂီ၏ စိတ် လျင်မြန်သလောက် တဖြတ်ဖြတ်နဲ့ လှုပ်ရှားနေပေလိမ့်မည်။

ဤပုံများအတိုင်း အားထုတ်လာသော ယောဂီသည် ဝိပဿနာသို့ အချိန်မရွေး ပြောင်းရွှေ့ အားထုတ်နိုင်ပေပြီ။

အဇ္ဈတ္တ သုံးချက်, ဗဟိဒ္ဓ သုံးချက်။

ဤ "သဗ္ဗကာယပဋိသံဝေဒီ"၌ "လုံးစုံလင်းရာ တတိယာ" အရ အားထုတ်ရာ၌ အဇ္ဈတ္တ သုံးချက် ရှုနည်း, ဗဟိဒ္ဓ သုံးချက် ရှုနည်း—ဟု သုံးချက်စီရှိရာ ဗဟိဒ္ဓရှုနည်းကို မျက်မြင် လွယ်ကူသောကြောင့် ရှေးဦးစွာ ပြဆိုခဲ့ပေပြီ။

ဤအဇ္ဈတ္တ၌ သုံးချက်ရှုနည်းသည်လည်း ယခင် ဗဟိဒ္ဓ၌ ပြဆိုခဲ့သလို ထွက်လေ,ဝင်လေတို့၏—

၁။ နှာသီးဖျား,
၂။ ရင်လယ်,
၃။ ချက်တိုင်—

ဟူသော အစ,အလယ်,အဆုံး သုံးဌာနပင် ဖြစ်သည်။(ခန္ဓာကိုယ်အတွင်းနှင့် အပြင်ပ အရပ်သာ ထူးခြားသည်။) သို့သော် ထင်ရှားအောင် ရုပ်ပုံမျှားဖြင့် ပြဆိုဦးအံ့။ (ပုံနံပါတ် ၃၃-ကို ကြည့်ပါ)

ဤပုံကား အဇ္ဈတ္တဖြစ်သော မိမိဝမ်းတွင်းသို့ အာရုံနိမိတ်ကို သွင်းရန် အခြေခံအားဖြင့် ထွက်လေကို မှုတ်ထုတ်၍ ပြသထားပုံတည်း။

အရောင်အလင်းကို ထိန်လင်းနေအောင် အထူး အားထုတ်ပါ၊ ဝင်လေနှင့်အတူ မိမိဝမ်းဗိုက်အတွင်းသို့ သွင်းယူရမည် ဖြစ်သောကြောင့် ထို အလင်းရောင်ကို အကျယ်ချဲ့ရန် မလိုတော့

ပါ။ အလင်းရောင်ကို ခွဲ့ရန်မလိုတော့သဖြင့် ပုံနံပါတ် ၂၃-နှင့် အလားတူသော ပုံကိုလည်း ဆွဲရန်မလို။

အဇ္ဈတ္တသုံးချက်ကို ရှုရာ၌ မျက်စိကို စုံမှိတ်ထားရမည်။ ဖွင့်ကြည့်မိလျှင် အဇ္ဈတ္တအာရုံမဟုတ်ဘဲ ဗဟိဒ္ဓအာရုံ ဖြစ်သွားစာတ်သည်။ (ပုံ ၃၃)ထက်လေဖြင့်မှုတ်ထားသော အလင်းရောင်ကြီးကို ဝင်လေဖြင့် ရှု။ ရှိုက်ယူလိုက်သောအခါ အတွင်းဝမ်းခေါင်းထဲသို့ မြားပြထားသောလမ်းကြောင်းအတိုင်း ပုတို ဝင်သွားပေသည်။ (ပုံအမှတ် ၃၃-ကို ကြည့်ပါ)ဝင်သက်၏အဆုံးဖြစ်သော ချက်တိုင်၌ အလင်းအလုံးကြီး တည်နေပုံကို ပြသထားပေသည်။

(ပုံ ၃၃)

ယခင် အ ပေါ် မြောက် တင်ထား စဉ် အလင်းအာချောင်းကြီး ဖြစ်ပေသည်။ ယခု အတွင်းသို့ ဝင်လာသောအခါ၌ကား သံပုရာသီး, လိမ္မော်သီးခန့် အလုံးငယ် ဖြစ်ပေသည်။

ဝင်သွားပုံ

ပုလင်းဖြူတလုံးအတွင်းသို့ ပြဒါးရည်တွေ့လောင်းထည့်လိုက်သောအခါ မြင်တွေ့နေရသော ပုံသဏ္ဌာန်နှင့်တူပေသည်။ ထိုအလင်းအလုံးမှ အရောင်တွေ့ဖြာထွက်ပြီး မိမိ၏ ခန္ဓာကိုယ်ကိုတောင် ဖေါက်ထွက်မတတ် ထင်ရသည်။ အလင်းလုံးကြီး ဝင်သွားသောအခါ၌လည်း-

ဟော....နှာသီးဝသို့ ရောက်ပြီ,
ဟော....ရင်လယ်သို့ ရောက်ပြီ,

ဟော....ချက်တိုင်သို့ ရောက်ပြီ-
ဟု ရှုမှတ်နေရမည်။

ကျောဘက်မှာထား၊ ။ထိုသို့ရှုမှတ်သောအချိန်အတွင်းမှာ အဇ္ဈတ္တအာရုံဟု ထင်ရှားစွာ သိနိုင်ရန်အတွက် မိမိ၏စိတ်ကို ကျောဘက်မှာ ထားရသည်။ အား ထုတ်ဟိုင်း, အား:ထုတ်တိုင်း ကျောဘက်မှာသာထား၍ အား ထုတ်ပါ။ လွယ်ကူစွာ ထင်မြင်နိုင်ပါသည်။ သို့ရာတွင် အလင်း ရောင်ကိုဘာ့ နေ-လ အရောင်တို့ထက် သာလွန်အောင် စိတ် တန်ခိုးဖြင့် ချီးမြှင့်နေရသည်။ (ပုံ ၃၃-ကိုကြည့်ပါ) အနှောလဒ္ဓ ပုဂ္ဂိုလ်မျိုးတည်း။

ထိုအလင်းတုံးကို အဆုံးမှထွက်လေဖြင့် မှုတ်ထုတ်လိုက်သည် ရှိသော် ထွက်လေ, ဝင်လေတို့၏ အလယ်ဖြစ်သော ရင်လယ် အရပ်ကို တွေ့နိုင်သည်။ ထို ရင်လယ်အရပ်၌ အလင်းလုံးကလေး တည်နေသည်ကို (ပုံ ၃၃-မှာ)တွေ့မြင်မည်၊ ဤကား မဇ္ဈလဒ္ဓ ပုဂ္ဂိုလ်တည်း။

(ပုံ ၃၄)

ထွက်လေ၏ အလယ်ဖြစ်သော ရင်လယ်မှာ တည်နေပုံကို သေချာစွာမြင်ရအောင် အား:ထုတ် : ထွက်လေ၏ အဆုံးဖြင်သော နှာသီး:ဝမှာ ထိုအလင်းလုံးကလေးအရောင်တွေ့ တလက်လက်ထွက်ပြီ:တည်နေကြောင်:ကို (ပုံ ၃၄-)မှာ သေချာစွာကြည့်ပါ။ သို့သော် ကျောဘက်မှာ စိတ်ကိုထား၍

အားထုတ်သောကြောင့် ခေါင်း၏ နောက်စေ့ တည့်တည့်၌ အလင်းရောင်အလုံးကို တွေ့မြင်ရမည်။

ဤ၌ အချုပ်ကား–ဝင်လေ၏ အစနှင့် **အ**လယ်မှာ ပုံကို မပြတော့ဘဲ အဆုံးချက်မှာ ပုံပြထားပေသည်။ (ပုံ ၃၄-ကို ကြည့်ပါ) ထိုနောက် ထွက်လေကို မှတ်ထုတ်လိုက်သောအခါ ပုံ နံပါတ် (၃၅)ဖြစ်လာ**သ**ည်။ ထိုနောက် 'မှတ်ထုတ်လိုက် **သော**အခါ ပုံနံပါတ်(၃၆)ဖြစ်လာသည်။ ဤ**ကာ**း ယခင်ကဆိုခဲ့သည့်အတိုင်း အစကိုသာမြင်သော အာဒီလဒ္ဓ ပုဂ္ဂိုလ်များ ဖြစ်ပေသည်။

အစ,**အ**လယ်,**အ**ဆုံး သုံးပါးလုံးမြင်အောင် (**တ**ယောလဒ္ဓ) ဖြစ်အောင် **အ**ားထုတ်ရမည်–ဟု **အ**ဌကထာ ဖွင့်ဆိုထားသော ကြောင့် လာလဘန့်သောပုံများကို သတိပြု၍ **အ**ားထုတ်ပါ**လ**ေ။

တယောလဒ္ဓဖြစ်**အ**ောင် ရှုနည်း

ထွက်လေ,ဝင်လေတို့၏ **အ**စ,**အ**လယ်,**အ**ဆုံး သုံးပါးလုံးကို သဘောပိုင်**အ**ောင် **အ**ားထုတ်ဘို့ လိုသည်။ ထို့ကြောင့် ပုံဖြင့် ရှင်းလင်းစွာ ပြဆိုဦးအုံ့။

"ဤစိတ်ခေတ်ကား **အ**လွန်ပင် ဆန်းကျယ်လှပေသည် " ဟု ဘုရားသခင်**ဟ** ဟောတော်မူခဲ့ခြင်းကြောင့် စိတ်သည် ဆန်းကျယ်စွာ ဖြစ်တတ်ကြောင်းကို သိရပေသည်။ **အ**မှန်**အ**ားဖြင့်**ကာ**း စိတ်၏ ဆန်းကျယ်ပုံကို လက်တွေ့**အ**ားဖြင့် မတွေ့ဘူး,မခံစားခဲ့ရဘူးသေ**သ**ောကြောင့် မည်သူမျှ တစ်တစ်ခွဲခွ**မ**ပြောတတ်,

မဆိုဘတ် ဖြစ်နေပေသည်။ မည်သို့ပင်ဖြစ်စေ၊ ပုံ(၃၄)အတိုင်း ကြည့်၍ အားထုတ်နေသောယောဂီမှာကား စိတ်၏ ဆန်းကျယ်မှုကို အထိုက်အလျောက် ခံစားနေရပြီ–ဟု ဆိုနိုင်သည်။

ပုံနံပါတ်(၃၄)ကား ထွက်လေ၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ ပဋိဘာဂနိမိတ်လုံးမျှား ထင်နေပုံ ဖြစ်သည်။

ထို့အတူ ပုံနံပါတ်(၃၅)ကား ဝင်လေ၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ ပဋိဘာဂနိမိတ်(အလင်းလုံးကြီး)ဝင်လေ၏ အစ နှာသီးဖျားမှ စ၍ သုံးဌာနလုံး ထင်နေပုံ ဖြစ်ပေသည်။

ဤ(၃၄-၃၅)နံပါတ်တို့၌ ထွက်လေ, ဝင်လေတို့၏နှေးကွေး, လျင်မြန်သည့်အလျောက် အရောင်အလင်းလုံးသည် အထက်သို့ တက်လိုက်, အောက်သို့ ဆင်းလိုက်ဖြင့် ဆင်းချည်, တက်ချည် ဖြစ်နေသည်ကို တွေ့မြင်နေရပေသည်။

ဥပမာအားဖြင့် ချိန်သီးလုံးကို ဆွဲချလိုက်, တင်လိုက် လုပ်နေသကဲ့သို့ ထင်ရှားစွာ တွေ့မြင်နေရပါမည်။ (၃၄–၃၅-ကို ကြည့်ပါ)

ဤ အဇ္ဈတ္တသုံးချက်ကို ရှုမှတ်ရာ၌ အစ ကနဦးမှာ ခက်ခက်ခဲခဲ ရှုမှတ်ရမည် ဖြစ်၏။ အရှုကျင်လည်သောအခါ၌ကား လွယ်လွယ်လေးနှင့် ရှုနိုင်ပါလိမ့်မည်။ လေ့ကျင့်မှုသာ အဓိက ဖြစ်ပေ၏။ သို့ဖြစ်၍ ထွက်လေနှင့် အဇ္ဈတ္တသုံးချက်, ဝင်လေနှင့် အဇ္ဈတ္တသုံးချက်ကို သေချာစွာဖတ်ရှု၍ လေ့ကျင့်ကြပါလေ။

တနည်း ရှုမှတ်နည်း သုံးမျိုး

အဇ္ဈတ္တ သုံးချက်ကို ရှုမှတ်ရာ၌—

၁။ ဌာနအကျဉ်းအားဖြင့် ရှုနည်း,
၂။ ဌာန မကျဉ်း,မကျယ်,အလတ်အားဖြင့် ရှုနည်း,
၃။ ဌာန အကျယ်အားဖြင့် ရှုနည်း-

ဟူ သုံးမျိုး ရှိပြန်သည်။ ထိုတွင်—

(၁) ယခင် ဆိုခဲ့သော ခန္ဓာကိုယ်၏ အုထက်ပိုင်း,နှာသီးဝ, ရင်လယ်,ချက်-ဟူ၍ ရှုမှတ်ခြင်းသည် ဌာန အကျဉ်းအားဖြင့် ရှုနည်း မည်၏။ (ယခင် ပြခဲ့သောပုံများကို ကြည့်ရှုပါ)

(၂) ထိုင်နေသော ယောဂီ၏ ခန္ဓာကိုယ်ကို ချက်တိုင်ကို အဆုံးထားပြီး မသတ်မှတ်ဘဲ ငယ်ထိပ်မှ ဒူ၀ါရတိုင်အောင် သတ်မှတ်ပြီး ရှုခြင်းသည် ဌာန မကျဉ်း, မကျယ်, အလတ်အားဖြင့် ရှုနည်း မည်၏။ (ပုံနံပါတ် ၃၅-ကို ကြည့်ပါ)

ရှုမှတ်နည်းမှာ-

(ပုံ ၃၅)

၁။ ငယ်ထိပ်
၂။ ရင်လယ်
၃။ ဒူ၀ါရ-

ဟူ၍ ဝင်လေ၌ သုံးချက်။

ထို အတူ-

၁။ ဒူ၀ါရ
၂။ ရင်လယ်
၃။ ငယ်ထိပ်—

ဟု ထွက်လေ၌ သုံးချက်ကို ထင်ရှားအောင်ရှုရမည်။ ဤကား ဌာန မကျဉ်း မကျယ်, အလတ်အားဖြင့် ရှုနည်းတည်း။

(၃) မတ်တတ်ရပ်သော ယောဂီ၏ ခန္ဓာကိုယ်ကို ဒ္ဌါရကို အဆုံးထားပြီး မသတ်မှတ်ဘဲ ငယ်ထိပ်မှ ခြေဖျားတိုင်အောင် အဆုံးထား၍ ရှုမှတ်ခြင်းသည် ဌာန အကျယ်အားဖြင့် ရှုနည်းမည်၏။ (ပုံ ၃၆-ကို ကြည့်ပါ)

(ပုံ ၃၆)

ဤ၌လည်း ဝင်လေ၌ သုံးချက်, ထွက်လေ၌ သုံးခွက် ရှုမှတ်ရပုံကို ဆိုခဲ့ပြီး ၃၆-နံပါတ်ကို ကြည့်၍ သိနိုင်ပါသည်။ ထွက်လေ ဝင်လေကို အပြန်ပြန်အလှန်လှန် ဆင်းလိုက်, တက်လိုက် ဖြစ်နေအောင် အမြန်အားထုတ်ပါ။ (ပက်လက်လှန် အိပ်၍လည်းရှုမှတ်နိုင်သည်။)

ယောဂီသည် အားထုတ်မှု အလေ့အကျင့်မျှားရှိ လုပ်ငန်းကျွမ်းကျင်သည်ရှိသော် စိတ်ကလည်း အလွန်ပင် အဖြစ်, အပွက် လျင်မြန်လာခြင်းကြောင့် ငယ်ထိပ်မှ (ရင်လယ်ဌာရပ်မနေတော့ဘဲ) ခြေဖျားထိ၊ ခြေဖျားမှ ငယ်ထိပ်အထိ တောက်လျောက် ရှုမှတ်နိုင်ပေသည်။ (ပုံ ၃၆ ကို ကြည့်ပါ)

ဌာနအကျယ်အားဖြင့် ရှုနည်း၌ "သဗ္ဗကာယပဋိသံဝေဒီ" ဟု ဟောတော်မူသော်လည်း ကိုယ်အင်္ဂါအစိတ်ပိုင်း၌ သုံးချက်စီ, သုံးချက်စီ ရှုမှတ်နိုင်ပေသည်။ (ပုံ ၃၆-ကို ကြည့်ပါ)

(ပုံ ၃၇)

ရှုမှတ်နည်း။ ပုံ(၁) အတိုင်း
လိုရှုသော်-
၁။ လက်ဖျား
၂။ လက်လယ်
၃။ လက်မောင်းရင်း-
ဟု ဝင်လေ့ဋ္ဌ သုံးချက် ရှုရ
မည်။

ထို့အတူ-

၁။ လက်မောင်းရင်း
၂။ လက်လယ်
၃။ လက်ဖျား-
ဟု ထွက်သေ့ဋ္ဌလည်း သုံးချက်ပင် ရှုမှတ်ရမည်။

ပုံ(၂) အတိုင်း ရှုရာ၌လည်း-
၁။ လက်ညှိုးဖျား
၂။ လက်ညှိုးလယ်
၃။ လက်ညှိုးရင်း-
ဟု ဝင်လေ့ဋ္ဌ သုံးချက်။

ထို့အတူ-

၁။ လက်ညှိုးရင်း
၂။ လက်ညှိုးလယ်

၃။ လက်ညှိုးဖျား-
ဟု ထွက်လေ၌ သုံးချက် ရှုမှတ်ရမည်။

(ပုံ ၃)အရ ရှုလိုရာ၌လည်း ခြေဖျား,ခြေလယ်,ခြေရင်း-ဟု ဝင်လေ၌ သုံးချက်၊ ထိုအတူ ထွက်လေ၌ သုံးချက်ပင် ရှုမှတ် ပွားများပါလေ။

ဤလုပ်ငန်းကား အလွန်ပင် သိမ်မွေ့လှပေသည်။ မလုပ်ဘူး သေးသောသူများသည် အားထုတ်ဘို့ ဝေးစွ, ယုံကြည်ရန်ပင် ခဲယဉ်းလှပေသည်။ သို့သော် မိမိစိတ်ကို မိမိသိုသလို မိမိ သဘောကျ ထားနိုင်ခဲ့သော် မဖြစ်နိုင်ဘူး-ဟု မဆပြောသာပေ၊ အားထုတ်ရန်သာ အဓိကဖြစ်တော့သည်။ (လက်တွေ့ အားထုတ်ကြည့်စမ်းပါ။)

ရှုနည်းတမျိုး

ထို့ပြင် အချို့သော ယောဂီသည် ထွက်လေ ဝင်လေကို မိမိအလိုရှိသလောက် အတိုင်းအတာ တခုထား၍ လက္ခာသို့ အလင်းရောင်တန်းကို ဖြစ်စေနိုင်ကြသည်။ ထိုယောဂီတို့ အားထုတ်သောနည်းသည်လည်း-

၁။ အလျားလိုက်(ကန့်လန့်)အားဖြင့် အလင်းကို ဖြစ်စေနိုင်သောနည်း၊

၂။ ဒေါင်လိုက် (အထက်အောက်) အားဖြင့် အလင်းရောင်ကို ဖြစ်စေနိုင်သော နည်းအားဖြင့် ၂ မျိုး ရှိပြန်သည်။

ထိုတွင် အလျားလိုက်(ကန့်လန့်)အားဖြင့် အားထုတ်သော နည်းကား ပုံနှံပါတ် ( ) အ တိုင်း ဖြစ်သည်။ ဤနည်းခ္ခု ထွက်လေဖြင့် မိမိ၏ အလင်းရောင်တန်းကြီးကို လက္ခာဘက်သို့ ထွက်ရေလျှက် အတောင် တရာ နှစ်ရာ တထောင် နှစ်ထောင် စသည်ဖြင့် အနောက်စကြာဝဠာသို့တိုင်အောင် ရောက်စေနိုင်ပေသည်။ တဖန် ဝင်လေဖြင့် ရှိုက်ယူ၍ လက်ဝဲဘက်မှ အရှေ့စကြာဝဠာသို့တိုင်အောင် ရောက်သွားနိုင်ပေသည်။

ထိုအခါ ယောဂီက အလယ်မှာ ဖြစ်နေပေမည်။အရောင် အလင်းတန်းကြီးသည် ယောဂီ၏ ဝဲဘက် ယာဘက်များမှ ရက္ကန်းစင်ခ္ခု လွန်းပြေးသလို ထွက်ချည်ဝင်ချည် ဖြင်နေပေမည်။ ဤကား ထွက်လေ ဝင်လေနှင့်အတူ အရောင်တန်းကြီး အလျားလိုက် တည်နေပုံတည်း။

ဒေါင်လိုက်(အထက်အောက်) ရှုသောအခါခ္ခုလည်း ထွက်လေဖြင့် အထက်ကောင်းကင်ရောက်အောင် ငယ်ထိပ်မှ အလင်းရောင်တန်းကြီးကို လွှတ်ပေးရမည်၊ ထို့အတူ ဝင်လေဖြင့် အောက်ကောင်းကင်သို့ လွှတ်ပေးရမည်။ (ပုံ ကြည့်) လွှတ်သောအခါခ္ခုလည်း အတောင် တရာ နှစ်ရာ တထောင် နှစ်ထောင် စသည်ဖြင့် တဖြည်းဖြည်း တိုး၍ တိုး၍ လွှတ်ပေးရသည်။

ထို့ပြင် ထွက်လေ ဝင်လေ-ဟူသော နိမိတ်(အာရုံ)အလင်းတန်းကြီးကို အသေတည်ငြိမ်အောင် သတ်မှတ်၍ ယောဂီ၏ ခန္ဓာကိုယ်ကို အရှင်သတ်မှတ်ပြီး အားထုတ်ပြီးလျှင် ယောဂီ

ကိုယ်ခန္ဓာသည် ထွက်လေဖြင့် လက္ခဏာတက် အလင်းတန်းကြီး၏ အဆုံးသို့ရောက်၍ ဝင်လေဖြင့် လက်ဝဲတက် အလင်းတန်းကြီး၏ အဆုံးသို့ ရောက်နေပေမည်။ဆိုလိုသည်မှာ ယောဂီသည် ထွက်လေ ဝင်လေနှင့်အတူ ရက္ကန်းစင်ခ် လွန်းပြေးသလို အလင်းရောင်တန်းကြီး၏ ဝဲဘက်အစွန်း ယာဘက်အစွန်းသို့ ပြေးနေသည်ကို စောင့်ရှိနေပေမည်။

တတိယအဆင့် ပြီး၏

၄။ စတုတ္ထအဆင့်

ယောဂီသည် ထွက်လေ ပင်လေ-ဟူသော ပထမစတုက္ကဒ္ဓ-

၁။ မိမိ၏စိတ်ကို တပါးသို့ မပြေးစေဘဲ ထွက်လေ ဝင်လေတို့၏ ထိရာဌာန နှာသီးဖျားဌာနသာ တည်နေအောင် မှတ်သိ ရေတွက်နေ ခြင်း- ဟူသော ပထမနည်း (သဘောကာရီ)(သတိမြဲရာ-ပထမာ)

၂။ နှာသီးဖျား၏ ရှေ့တူရှု နှစ်ဘောင်ထား သုံးဘောင်စသော အရပ်ဌာ ထွက်လေဝင်လေတို့၏ ဥဂ္ဂဟနိဓိတ် အာရုံ (အစ အလယ် အဆုံး)ကို လည်းကောင်း, ပဋိဘာဂနိမိတ်၏ အစကိုသာလည်းကောင်း- အရှည် အတိုကို ထင်နေခြင်း-ဟူသော ဒုတိယနည်း(သဘုပဌာန)(ဒုမှာ ရှည်တိုသိ)

၃။ အလွန် ကြည်လင်သန့်ရှင်းသော ဗဟိဒ္ဓပဋိဘာဂနိမိတ်ကို အတွင်းသို့ မဝင်လျှင် ဝင်အောင်မထင်

 လျှင် ထင်အောင် ခဲယဉ်းစွာပြုရသော(၀၁) မိမိ၏ ခန္ဓာကိုယ် တကိုယ်လုံးကို မီးချောင်း ဖယ်ချောင်း မီးတုံး ဖယ်တုံးကြီးလို အရောင်အလင်းတွေ့ လင်းထိန်နေအောင်ပြုခြင်း-ဟူသော တတိယနည်း(သတိ ဒုက္ခရကာရီ)(လုံးစုံလင်းရာ တတိယာ)။

လေးမှာငြိမ်းစေဘိ

ဤနည်းသုံးနည်း (အဆင့်သုံးဆင့်)တို့၌ ရုပ်ပုံပေါင်း(၅၀) ပုံဖြင့် အားထုတ်ပုံ နည်းမျိုးစုံကို နားလည်အောင် ရှင်းလင်းပြတ်သားစွာ ပြဆိုခဲ့လေပြီ။ယခုအခါ စတုတ္ထနည်း(စတုတ္ထဆင့်)ကို ပြဆိုဦးအံ့။

ပဿဒ္ဓယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿဒ္ဓယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ၊
(ဤပါဠိနှစ်တော်ကို နောက်က အနက်ပေးပြီး)

အဓိပ္ပာယ်ကား-အာနာပါနအာရုဏ်၌ ယခင်ဆိုခဲ့သော နည်းသုံးနည်း(အဆင့်အားဖြင့် သုံးဆင့်)တို့၌ ထွက်သက် ဝင်သက် (ထွက်လေ ဝင်လေ) အာရုံနိမိတ်တို့သည် ရှုနှုရင်း ကြမ်းတန်းလှပေသည်။ ထိုရှုနှုရင်းကြမ်းကြုပ်လှသော ထွက်သက်ဝင်သက် (ထွက်လေ ဝင်လေ)အာရုံနိမိတ်ကို ယခုအခါ၌ တဖြည်းဖြည်း သိမ်မွေ့သွားပြီး ငြိမ်းပျောက်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည်ဟု ဆိုလိုသည်။

အားထုတ်နည်းကား ယခု နည်းဆုံးမျိုး၌ စနစ်မှန် နည်းမှန် ကောင်းမွန်စွာ အားထုတ်ခဲ့သော ဃောဂိသည် အလင်း

ပဋ္ဌိဘာဝ နိမိတ်လုံးကို ရင်လယ်ချိုင့်နှင့် တည့်တည့်ဖြစ်သောဝမ်းဗိုက်ခေါင်းအတွင်း၌ ခိုင်ခန့် တည်ငြိမ်အောင် ရပ်တည်စေလျက် အလင်းရောင်ကိုလည်း အလွန် ကြည်လင်အောင် ထွန်းပစေရမည်။ (ပုံနံပါတ် ၃၀ ကို ကြည့်ပ) အထူး ငြိမ်သက်နေအောင် သတိဖြင့် ခိုင်ခိုင် စိုက်ထားပါ။

(ပုံ ၃၀)

ထိုအလင်းရောင်တုံးပြားကို ရင်ချိုင့်အတွင်းမှာ ထားပြီး ရှုကြည့်ရာတွင်လည်း အပြင်ပ (ဗဟိဒ္ဓ) အဖြစ် မထင်စေဘဲ အတွင်း (အဇ္ဈတ္တ) သက်သက် ထင်မြင်စေရန် မိုဃ်ကိုနောက်ကျောဘက်မှထားပြီး အားထုတ်လျှင် ပိုပြီးကောင်းပါသည်။

အတွင်း၌ရှိနေသော အလင်းရောင်တုံးမှ တဝင်းဝင်းထွက်ဖိတ်ဖိတ် ကောက်ကြောင်းနေသော အာရုံနိမိတ် အလင်းအကြည်များကို ရတွေ့မြင်ရမည်။

ဥပမာအားဖြင့် ရင်ချိုင့်အတွင်းမှာ (ယခုခေတ်) ဝပ်အားတရာ ခေတ်မီးသီးတပွင့် ထွန်းသလို လင်းထိန်နေပေမည်။

ဘာဝနာ၏ အဆုံးရာယ်ရှစ်မျိုး

ဤစတုတ္ထအဆင့်သို့ရောက်လျှင် ဘာဝနာသည် အလွန်နူးညံ့သိမ်မွေ့လှပြီဖြစ်၍ ပျက်မသွားအောင် ထိန်းသိမ်းထားနိုင်ဘို့ အရေးကြီးလှပေသည်။ ထိုဘာဝနာ ပျက်စီးအောင် ဖျက်စီး

တတ်သော အန္တရာယ်ကား ရှစ်မျိုးရှိပေသည်။ ထိုဘာဝနာပျက်စီးကြောင်းဖြစ်သော အန္တရာယ်ရှစ်မျိုးတို့ကား-

၁။ မိမိစိတ်က အာရုံသို့ ရှေ့.ရှည်တက်ခြင်း၊ (အာနုမန)

၂။ ဝိယာနစ်ဘက်သို့ ညွှတ်ခြင်း၊ (ဝိနုမန)

၃။ ထက်ဝန်းကျင်ပတ်ပတ်လည် ညွှတ်ခြင်း၊ (သန္ဓမန)

၄။ နောက်အရပ်သို့ ပြန်ညွှတ်ခြင်း၊ (ပဏာမန)

၅။ အနည်းငယ်မျှ ရှေ့.ရှုတုန်လှုပ်ခြင်း၊ (ဣဇ္ဇန)

၆။ အနည်းငယ်မျှ ဝိယာသို့ တုန်လှုပ်ခြင်း၊ (ဖန္ဒန)

၇။ အနည်းငယ်မျှ ထက်ဝန်းကျင်ပတ်ပတ်လည်တုန်လှုပ်ခြင်း၊ (စလန)

၈။ အနည်းငယ်မျှ နောက်အရပ်သို့ လှုပ်ခြင်း၊ (ကမ္ပန) တို့ဖြစ်ကြသည်။

ထိုရှစ်ပါးလုံး မဟုတ်စေကာမူ တပါးပါး ဖြစ်ပေါ်လာလျှင် ထိုယောဂီအား ဘာဝနာ၏ အပြီးဆုံးသို့ မရောက်နိုင်တော့ပြီ။ အလွန်အရေးကြီးသောအခါဖြစ်ပါသည်။

ဘာဝနာပြည့်စုံမှု လေးမျိုး

ထို့ကြောင့် မိမိ၏ ဘာဝနာအလုပ်ကို ;အောင်မြင်အောင် အားထုတ်လိုသော ယောဂီသူမြတ်သည်။-

၁။ ထွက်လေ ဝင်လေကိုသိသော စိတ်၏ ထင်ရှား:ခြင်း၊

၂။ ထွက်လေ ဝင်လေတို့၏ ထင်ရှား:ခြင်း၊

၃။ ထွက်လေ ဝင်လေကို အာရုံပြုသော သတိ၏ ထင်ရှားခြင်း။

၄။ ထွက်လေ ဝင်လေကို အာရုံပြုသော သတိနှင့် ယှဉ်သော သမာဓိ၏ထင်ရှားခြင်း-ဟူသောဘာဝနာ နှင့် ပြည့်စုံခြင်း၊ (ဘာဝနာပရိပူဏ္ဏ) တရားလေးပါးကို ပြတ်ပြတ်သားသားဖြစ်အောင် အားထုတ်ရမည်။ (ဤ၌ ထင်ရှားခြင်း) ဟူသည် ပြတ်သားစွာ ဖြစ်ပေါ်နေမှုကို ဆိုလိုသည်။

ဟုတ်ခနဲငြိမ်းတာမျိုးမဟုတ်

ဤစတုတ္ထဆင့်၌ 'ပဿမ္ဘယံကာယသင်္ခါရံ' အရစိတ်နှင့် ရုပ်နှစ်ပါးလုံး ချုပ်ငြိမ်းမှုကို ယူရမည်။ သို့သော် မီးကို ရေနှင့် ဖြန်းလိုက်သောအခါ 'ဟုတ်ခနဲ ငြိမ်းသွားတာမျိုးလို' ချုပ်ငြိမ်းသွားခြင်းမဟုတ်ပါ။ တဖြည်းဖြည်း မသိမသာ ငြိမ်းသွားခြင်းဖြစ်သည်။ ဥပမာ-ကျေးစည်တီးလိုက်သောအသံ, ခေါင်းလောင်းထိုးလိုက်သောအသံ, မောင်းတီးလိုက်သော အသံများသည် ကြမ်းကြမ်းတမ်းတမ်း အသံကျယ်ကျယ် မြည်ဟီးနေရာမှ သိမ်သိမ်မွေ့မွေ့ တစတစ တဖြည်းဖြည်းအသံချုပ်ငြိမ်း ပျောက်ကွယ်သွားသကဲ့သို့တည်း။

ဆိုခဲ့သော ကျင့်စဉ်များ မခွဲတ်ယှင်းစေမူ၍ အားထုတ်လာသော ယောဂီအား 'ပဿမ္ဘယံကာယသင်္ခါရံ' အရ ထွက်လေ ဝင်လေ ချုပ်ငြိမ်းခါနီးလတ်သော် ရုပ်နီမိတ်ထူးများ ထင်လာတော်သည်။ ထင်လာပုံစာ:- တချို့မှာ ခန္ဓာကိုယ်လုံးကြီး

ဖောင်းပွလာပြီး ရာဝင်အိုးခန့်၊ ပုတ်လုံးကြီးခန့် (ပုံ) အတိုင်း ဖြစ်ပေါ်လာတတ်သည်။ အချို့မှာ ဝါးတပြန် နှစ်ပြန်ခန့်ရှည် သွားတတ်သည်။

တချို့မှာ လက်တသစ် နှစ်သစ်ခန့် သေးငယ်သွားတတ်သည်။ ဖောင်းချည် ပိန်ချည် စသည်ဖြင့် အမျိုးမျိုး ရုပ်နိမိတ်ထူးများ ထင်လာတတ်ပါသည်။ ယင်းသို့ ထင်မြင်ပြီး မကြာမီပင် ထွက်လေ ဝင်လေများချုပ်ငြိမ်းသွားတတ်ပါသဖြင့် လက်တွေ့လုပ်ကြဘို့ လိုပါသည်။

ပဘာဝနာခေါ်သော ဘာဝနာလေးမျိုးနှင့် ပြည့်စုံသော ယောဂီသည် ပဋိဘာဂ နိမိတ်ထူးများကို ထိန်းသိမ်းနိုင်ရန်အတွက် ဘာဝနာအလုပ်ကို ဆက်လက်ပြီး အားထုတ်ပြန်သည်ရှိသော် မိမိ၏ ခန္ဓာကိုယ် ဦးခေါင်းမှစ၍ ခြေဖျားတိုင်အောင်သော အရပ်၌ အလွန်လှုပ်သော ညှိုသောအဆင်း ရှေသောအဆင်းရှိသောပတ္တမြားလုံးကြီးကဲ့သို့ (ပုံနံပါတ်) ကိုကြည့်ပါ၊ ထင်မြင်လာတတ်သည်။

အချို့သူများမှာ အရိုးစု၊ အသားစိုင်၊ အူသိမ်၊ အူမစသော ကြောက်မက်ဖွယ်ရာ အသုဘ အလောင်းကောင်များ ထင်လာတတ်သည်။

အဆိုပါ ( )ပုံများအတိုင်း ထင်နေလျှင် မကောင်းပါ။ ထိုပုံများ ပျောက်ကွယ်သွားအောင် ဆက်လက်ပြီး အားထုတ်ရပါသည်။

စဉ်းစားဘွယ်

ဤနေရာ၌ ( )ရှိ ပုံအရ အဆင်း (စက္ခု) ထင်နေခြင်း ( )ရှိ ပုံအရ စက်ဆုတ်ဘွယ် အလောင်းကောင် (အသုဘ) မျှား ထင်နေခြင်းသည် အဘယ့်ကြောင့် မကောင်းပါသနည်း ဟု-စဉ်းစားဘွယ်ရှိသည်။

အဖြေကား-နဂိုရည်မှန်းထားသည့်အတိုင်း ဖြစ်မလာသော ကြောင့်ပင် ဖြစ်ပါသည်။

မှန်ပေသည်။ နဂိုက ရည်မှန်းချက်ကား 'လေးမှာ ငြိမ်းစေဘိ' ဆိုသည့်အတိုင်း ထွက်လေ ဝင်လေမျှား ချုပ်ငြိမ်းရန် အတွက် ရင်လယ်တွင် အနောင်တလျှပ်လျှပ် ထွက်ပေါ်နေသော အလင်း ပဋိဘာဂနိမိတ်ကို သမာဓိစိတ် ခိုင်မြဲအောင် တည်ငြိမ်စွာ စိုက်ထူထားရန်သာ ဖြစ်သည်။

ယခုတော့ အလင်းပဋိဘာဂနိမိတ် ပျောက်ကွယ်ပြီး (ရည်မှန်းချက်မဟုတ်သော)အဆင်း(ဝတ္ထု)အသေကောင် (အသုဘ) မျှား ထင်နေသဖြင့် အားရုံလမ်းမှားခြင်းကြောင့် ဖြစ်ပါသည်။

လမ်းမှန်အောင် အားထုတ်ရမည်မှာ နဂိုရှိရင်းစွဲ ပဋိဘာဂနိမိတ်အာရုံမှတ်ပါ။ အခြားသော အာရုံသို့ပြောင်းမသွားစေဘဲ ဘာဝနာ၏ အစွမ်းသတ္တိကြောင့် လင်းရာမှ တဖြည်းဖြည်းကြည်လင်ပြီး သာယာလာပါလိမ့်မည်။

ထိုအခါ ယခင် ပဋိဘာဂနိမိတ်လုံးသည် 'ရေနောက်မှ ရေကြည်မျှား ထွက်ပေါ်လာသလို' ရှုရင်းရှုရင်းနဲ့ နဂိုရှိရင်း

အကြည်တို့ထက် အလွန် သာယာသော အကြည်ဓာတ်သည် ဆထက်တန်ပိုးတိုး၍ သာယာလာပေမည်။ ဤကဲ့သို့ ထင်မြင်လာခဲ့သော် ဘာဝနာသည် လမ်းမှန်သို့ရောက်ပြီဟု ဆိုရမည်။

ဥပမာအားဖြင့် တန်ဘိုးမဖြတ်နိုင်သော ငမောက် ကျောက်ပတ္တမြားလုံးကြီးကို ဝါဂွမ်းအချိန်တဆယ်ဖြင့် အုပ်လိုက်သော အခါ ငမောက်ကျောက် ပတ္တမြား၏ အနီရောင်မျှားသည် ဝါဂွမ်းပုံကြီးတခုလုံးကို အနီရောင်ကြီး လွှမ်းစေသကဲ့သို့တည်း။

(ပုံ – ကိုကြည့်ပါ)

ဤပုံကား ရင်လယ်ချိုင့်ရှိ အလွန် အေးမြကြည်လင်လှသော အကြည်တုံးကြီးသည် ယောဂီ၏ တကိုယ်လုံးကို ကူးစက်ပြီး အကြည်တုံးကြီး ဖြစ်နေပုံတည်း။ (ရုပ်အချင်းချင်း အကြည်ဓာတ်ကူးစက်တာဖြစ်ခြင်းကြောင့် ရုပ်ဥပစာအခန်းသို့ ရောက်ပြီ-ဟု ဆိုရသည်။)

ယင်းသို့ ဆက်ပြီးအားထုတ်ပြန်သော် အကြည်ဓာတ်များသည် ယောဂီ၏ ခန္ဓာကိုယ်ကို သာမက ပတ်ဝန်းကျင်သို့လည်း တလုံ့နှစ်လုံတိုင်အောင် ပျံ့နှံ့လျက် စိတ်ဓာတ်များပါ ကြည်လင်၍လာတော့သည်။ ထိုအခါ နာမ်ဥပစာသို့ ဆိုက်ရောက်နေပြီဟု ဆိုရသည်။ (ပုံ -ကို ကြည့်ပါ)

စိတ်ဝင်စားဘွယ်။ ။ဆိုခဲ့သည့်အတိုင်း ရုပ်ဥပစာ, နာမ်ဥပစာ ဟူသော ဥပစာ ၂-မျိုးလုံး အချိုးကျ (ပုံမှန်အနေအထား) ဖြစ်လတ်သော် တချို့ ယောဂီ

မျှားမှာ သမာဓိတရားအလွန်အားကောင်းလှပြီဖြစ်သောကြောင့် တရား အားထုတ်ရင်း, အားထုတ်ရင်းဖင် မိ မိ ခန္ဓာ ကိုယ်ကြီး ပျောက်သွားသလို ထင်ရတတ်သည်။

တချို့ကျတော့လဲ ခန္ဓာကိုယ်ကြီး ကျောက်ရုပ်,ကျောက်တုံးကြီးလို တောင့်တင်းပြီး လှုပ်မရဘဲ ဖြစ်နေတတ်သည်။

တချို့မှာတော့ သံတုံး သံခဲကြီး ရေထဲမှာ နစ်မြုပ်သွားသလို မိမိ၏ အကြည်တုံး ဟူသော အာရုံ၌ နစ်မြုပ်သွားသည် ဟု အထင်ရှိပြီး ဘာဖြစ်မှန်းမသိဘဲ မျှောသွားတာလား, သေမျှားသွားတာလားဟု ကြောက်လန့်ပြီး နောက်ဆုတ်သွားတတ်သည်။ အထူးသတိပြုကြပါကုန်။ (ဤအတိုင်းအဘာသို့ ရောက်နေလျှင် ဆက်လက်ပြီး အားထုတ်ပေတော့၊ အပွနာဈာန်မျှားနှင့် လက်တကမ်းသာ လိုတော့သည်၊ အားဘက်ဘွယ်ပင်တည်း။)

အပွနာဈာန်မျှား

ယောဂီ၏တကိုယ်လုံး ပဋိဘာဂနိမိတ်အကြည်လုံးကြီးဖုံးလွှမ်းမိသောအခါ ကာမစ္ဆန္ဒ၀သော နိဝရဏတရားငါးပါးတို့ကို ပယ်ခွာနိုင်ခဲ့သော် ကိလေသာတရားများသည် ကုန်ခမ်းသွားသလို မလှုပ်မရှက် ငြိမ်သက်စွာ တည်နေပေတော့သည်။ ထိုအခါ ဥပစာရဘာ၀နာနှင့် ပြည့်စုံနေပြီ-ဟု ဆိုရလေသည်။

ဆက်ပြီးအားထုတ်။ ။ဆိုခဲ့ပြီး ဥပစာရဘာ၀နာ လက်ရှိ ပြည့်စုံနေသော ယောဂီသည်-

၁။ ထွက်လေအာရုံ
၂။ ဝင်လေအာရုံ
၃။ ထွက်လေ,ဝင်လေ တို့၏ ပဋိဘာဂနိမိတ်အာရုံ-

ဟူသော အခြေခံသုံးမျိုးကို လက်မလွှတ်ဘဲ ဆက်ပြီး အာဃာ ထုတ်နေခဲ့သော် ပထမစျာန် စသော မဟဂ္ဂုတ် အပွဏ္ဏာစျာန်ကို ရနိုင်ပါသည်။ လက်လွှတ်ထားလျှင်ကား ရပြီး ကာမာဝစရ ဥပစာရ-သမာဓိကလေးမျှပင် ပျောက်ကွယ်သွားနိုင်ပါသည်။

ယခုအချိန် ဖြစ်နေသော ကာမကုသိုလ် ဥပစာရသမာဓိဇော သည် ကိလေသာကိုသတ်ရာ၌ မဟဂ္ဂုတ်ဇောလောက်နီးနီး အား ရှိနေပြီဖြစ်၍ ကိလေသာများသည် အသင့် အတင့်, အထိုက် အလျောက် ငြိမ်းစပြုနေပြီ ဖြစ်ပါသည်။ ထို ကာမဇော ဥပစာရ သမာဓိဖြင့်ပင် ရှိရင်းစွဲ ပဋိဘာဂနိမိတ်ကို ပွားများ အားထုတ် သောအခါ ပထမစျာန်မှ စ၍ ရူပစျာန်များသည် ဖြစ်ပေါ် လာနိုင်ပါသည်။ (ပုံ -ကို ကြည့်ပါ)

သာဓကပါဠိ

တတောပရံ တမေဝ ပဋိဘာဂနိမိတ္တံ ဥပစာရသမာဓိနာ သမ္မာသေဝန္တဿ ရူပါဝစရ ပဌမစျာန မပေါ်တိ။
(အနက် ရေးခဲ့ပြီး)

ဤ( )ခုမြောက်ပုံသည် ပဋိဘာဂနိမိတ်လုံးကြီးနှင့် ကိုယ် ခန္ဓာကြီးကို ခွဲမရဘဲ တသားတည်းဖြစ်သွားအောင် အားထုတ် နိုင်သော ယောဂီ၏ ကောင်းကင်ခရီး၌ စျာန်ယာဉ်စီးနေပုံ ဖြစ်

သည်။ လက်တွေ့ အားထုတ်ကြည့်ပါ၊ (လက်ဓတ္တ အားမထုတ် သေးဘူးဆိုလျှင် အပြစ်မပြောသင့်ပါ။)

လက်တွေ့ပုဂ္ဂိုလ်၏ ပြောပြချက်

ယခုခေတ် ရိပ်သာအသီးသီးဌာအားထုတ်နေကြသော အချို့ယောဂီများသည် မိမိဆိုင်ရာ, အိပ်ရာမှ တ ထ, တ တောင် မျှ အထက်သို့ မြင့်တက်နိုင်ပါသည်။ ကောင်းကင်သို့ ပျံတက်နိုင်သူ ကိုတော့ မတွေ့ဘူးသေးပါ။ ဆရာရေးထားသော နည်းအတိုင်း အားထုတ်လျှင်လည်း မဖြစ်ဘူး-လို့ မပြောနိုင်ပါ။ အားထုတ်ဘို့သာ အဓိက ဖြစ်ပါသည်-ဟု ရိပ်သာ၌ အားထုတ်ဘူးသော ဤဆာရေးသူ၏ ဓမ္မမိတ်ဆွေတဦးက ပြောပါသည်။

စတုတ္ထဆင့် ပြီး၏။

ဝိပဿနာသို့ ပြောင်းနည်း

သမထမှ ဝိပဿနာသို့ပြောင်းရာ၌ ဥပစာရသမာဓိ,အပ္ပနာသမာဓိ-ဟူသော သမာဓိ ၂-မျိုးမှ ပြောင်းနိုင်, လမ်းခွဲနိုင်ကြောင်းကို နောက်နားက အနည်းငယ် ပြောဆိုပြီး ဖြစ်၏။

ဤနေရာ၌ ဝိပဿနာပုဒ်၏ သဒ္ဒါနည်း စစ်တန်းနှင့်ဝိပဿနာ၏ လိုရင်းသဘောကိုပြောဘို့ အခွင့်ဆိုက်လာပါသည်။ သို့ရာတွင် သုဒ္ဓဝိပဿနာ ယာနိကလမ်းဖြင့် နိဗ္ဗာန်သို့သွားနည်းကို ပြဆိုရာ၌ ထိုပုဒ်၏ အဓိပ္ပာယ်ကို "အလျင်လို လမ်းအိုလိုက်" ကျမ်းစာတွင် ပါမည်ဖြစ်၍ ဤ၌ လျစ်လျူရှုရတော့သည်။

သမာဓိ ၂-မျိုး၏ တရားကိုယ်

ဤ ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့၏ တရားကိုယ်ကား လွယ်လွယ်ပြောရလျှင် ဧကဂ္ဂတာ စေတသိက်ပင်ဖြစ်၏။ သို့သော် ထို ဧကဂ္ဂတာ စေတသိက်ကား ဌာနအားဖြင့် လည်းကောင်း, အခိုက်အတန့်အားဖြင့် လည်းကောင်း တူကြသည် မဟုတ်ပါ။ အာရုအားလျော်စွာ ဥပစာ ဟူသော အမည်, အပ္ပနာ ဟူသော အမည်ထူးများကို ရရှိသွားကြပေသည်။

သာဓကပါဠိများ

ဒုဝိဓောယေဝ သာယံ ဣဓ အဓိပ္ပေတော ဥပစာရ သမာဓိစေဝ အပ္ပနာသမာဓိစ။ တတ္ထ ဒသသု ကမ္မ ဋ္ဌာနေသု အပ္ပနာ ပဋ္ဌဘာဂ စိတ္တေသု ဧကဂ္ဂတာ ဥပစာရသမာဓိ၊ အဝသေသ ကမ္မဋ္ဌာနေသု စိတ္တေ ကဂ္ဂတာ အပ္ပနာသမာဓိ။ (ဝိသုဒ္ဓိမဂ်)

အနက်။ ။ဥပစာရသမာဓိစေဝ၊ ဥပစာရသမာဓိ လည်းကောင်း။ အပ္ပနာသမာဓိစ၊ အပ္ပနာသမာဓိ လည်းကောင်း။ (ဣတိ၊ ဤသို့) ဒုဝိဓောယေဝ၊ နှစ်ပါးသာလျှင် ဖြစ်သော၊ သာယံသမာဓိ၊ ထို သမာဓိကို။ ဣဓ၊ ဤဝိဿနာ စသော အကျိုးငါးပါးကိုပြုရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

တတ္ထ၊ ထို ၂-မျိုးသော သမာဓိတို့တွင်။ ဒသသု၊ ဆယ်ပါးကုန်သော။ ကမ္မဋ္ဌာနေသုစ၊ ဥပစာ၏အဖြစ်သို့ ဆောင်ရွက်နိုင်

ကုန်သော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း။ အပ္ပနာပုဗ္ဗဘာဂစိတ္တေ သုစ၊ ရူပ, အရူပ အပ္ပနာစျာန်၏ ရှေးအဖို့၌ ဖြစ်ကုန်သော။ ကမာဝစရ၊ ကုသိုလ်စိတ္တုပ္ပါဒ်တို့၌ လည်းကောင်း။ (ပဝတ္တော၊ ဖြစ်သော) ကေဝဋ္ဋတာ၊ ကေဝဋ္ဋတာစေတသိက်သည်။ ဥပစာရ သမာဓိ၊ ဥပစာရသမာဓိ မည်၏။

အဝေဏသ ကမ္မဋ္ဌာနေသူ၊ ကြင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌။ (ပဝတ္တော၊ ဖြစ်သော) စိတ္တေကဝဋ္ဋတာ၊ စိတ်၏ တခုတည်းသော အာဝဇ္ဇန် တည်ငြိမ်ခြင်း ဟူသော ကေဝဋ္ဋတာ စေတသိက်သည်။ အပ္ပနာသမာဓိ၊ အပ္ပနာသမာဓိ မည်၏။

ထို သမာဓိ ၂-မျိုးတို့တွင် သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုသော ကာမာဝစရ ဝိပဿနာသမာဓိသည် ဥပစာရ သမာဓိ မည်၏။ ထို ဥပစာရ သမာဓိမှလည်း ဝိပဿနာသို့ ကူးပြောင်းနိုင်သည်။

ရူပစျာန်, အရူပစျာန်မှလည်း ဝိပဿနာသို့ ကူးပြောင်းနိုင်သည်။ သို့သော်လည်း ထို သမာဓိနှစ်မျိုးလုံးပင် မဂ်ဉာဏ်၏ အခြေခံ အဆောက်အအုံ ဖြစ်မှသာ စိတ္တဝိသုဒ္ဓိမည်သဖြင့် မဂ်ဖိုလ်သို့ တဆင့်ကူးပြောင်းနိုင်သည်။ သာမန် ကာမာဝစရသမာဓိနှင့် သာမန်အပ္ပနာများ၌ မဂ်ဉာဏ်သို့ မကူးပြောင်းနိုင်ပါ။ ဝိပဿနာ ဘက်သို့ ညွှတ်ကိုင်းပန်သော သမာဓိများမှတဆင့်သာ လမ်းကူးပြောင်းနိုင်သည်-ဟု ဆိုလိုသည်။

သာဓကပါဠိ

ဥပစာရကမ္မဋ္ဌာနေ အပ္ပနာကမ္မဋ္ဌာနေ ဝိပဿနာ ဘာဝပ္ပတ္တော ကမာဝစရ သမာဓိသင်္ခါတော ဥပ

စာရသမာဓိ၊ ရူပါ ရူပစျာနသင်္ခါတော အပ္ပနာ သမာဓိစ ဒုဝိဓေ၊ ပိ သမာဓိ ဝိမောက္ခသမ္ဘာရ ဘူတတ္တာ စိတ္တဝိသုဒ္ဓိနာမ၊ (သင်္ဂဟ ဋီကာကောင်း)

အနက်။ ။ဥပစာရကမ္မဋ္ဌာနေ၊ ဥပစာရသမာဓိကမ္မဋ္ဌာန်း၌ ဝိပဿနာဘာဝပွားတွေ့၊ ဝိပဿနာ၏ အဖြစ်သို့ ရောက်သော။ ကမ္မာဝစရသမာဓိသင်္ခါတော၊ ကမ္မာဝစရသမာဓိ ဟု-ဆိုအပ်သော။ ဥပစာရသမာဓိစ၊ ဥပစာရ သမာဓိလည်း ကောင်း။ ရူပါ ရူပစျာနသင်္ခါတော၊ ရူပစျာန် အရူပစျာန်-ဟု ဆိုအပ်သော။ အပ္ပနာသမာဓိစ၊ အပ္ပနာသမာဓိလည်းကောင်း။ ဣတိ၊ ဤသို့။ (ဝါ) ဤသို့သော အချင်းအရာအားဖြင့်။ ဒုဝိ ဓေ၊ ပိ၊ နှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ သမာဓိ၊ သမာ ဓိသည်။ ဝိမောက္ခ သမ္ဘာရဘူတတ္တာ၊ မဂ်ဉာဏ်၏ အခြေခံ အဆောက်အအုံဖြစ်သည့်အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တ ဝိသုဒ္ဓိမည်၏။

အမြန်ဆုံးကူးနိုင်သောနည်း

သမထလမ်းကြောင်းမှဝိပဿနာလမ်းကြောင်းသို့ကူးပြောင်း နိုင်သောနည်းနှစ်မျိုးတို့တွင် ဥပစာရ သမာဓိမှကူးလျှင် အမြန် ဆုံးရောက်နိုင်သည်-ဟု မဟာဋီကာ၌ မိန့်ဆိုသည်။ သို့ဖြစ်၍ နိဗ္ဗာန်သို့ အမြန်ဆုံး, အစောဆုံး ရောက်လိုကြသော ယောဂီ များသည် အပ္ပနာ သမာဓိသို့ရောက်အောင်အားမထုတ်တော့ဘဲ ဥပစာရ သမာဓိမှ ဝိပဿနာလမ်းကြောင်းသို့ ကူးပြောင်းလိုက် လျှင် လွယ်လွယ်ကူကူနဲ့ အမြန်ဆုံး ရောက်နိုင်ကြသည်။

သာဓကပါဠိ

တသာ ဟိ ဒုလ္လဘတာယ အပ္ပနာဓိဂမမ္ပိ အနဓိဂမယ
မာနော သံဝေဂဇဟုလော ပဋိဂ္ဂလော ဥပစ္စာရ သမာဓိမ္ပိ
ယေဝ ဌတ္ဘာ ဝိပဿနာကမ္မဋ္ဌာနတိ 'သီဃ'သံသာရ
ဒုက္ခံ သမတိက္ကမိဿာမိ' တိ။ (မဟာဋီကာ-ပ-၄၆၀)

အနက်။ ။ ဟိ၊ သစ္စံမှန်၏။ တသာ နဝမခဏသာ။ ထို ဘုရားသာသနာနှင့် ကြုံကြိုက်ရခြင်း ဟူသော အခါကောင်း, အခွင့်ကောင်းကို။ ဒုလ္လဘတာယ၊ ရခဲ့သည်၏ အဖြစ်ကြောင့်။ ဝါ လွယ်ကူစွာ မရနိုင်သည်၏ အဖြစ်ကြောင့်။ ဝါ၊ ခဲယဉ်းစွာရအပ်သည်၏ အဖြစ်ကြောင့်။ အပ္ပနာဓိဂမမ္ပိ၊ အပ္ပစျာန်ကို ရခြင်းကိုလည်း။ ဝါ၊ အပ္ပစျာန်ရအောင်လည်း။ အနဓိဂမယမာနော၊ ဆိုင်းငံ့၍ မနေနိုင်သည်၏အဖြစ်ကြောင့်။ ဝါ၊ ဆိုင်းငံ့၍ မနေနိုင်သော။ သံဝေဂဇဟုလော၊ သုံးဆယ့်တဘုံ၌ ကျင်လည်ရခြင်းကို အံလွန် ကြောက်လန့်၍နေသော။ ပဋိဂ္ဂလော၊ ယောဂီပုဂ္ဂိုလ်သည်။ (အဟံ၊ ဝါ ယည်။) သီဃ၊ အမြန်ဆုံး။ သံသာရဒုက္ခံ၊ သံသရာဆင်းရဲကို။ သမတိက္ကမိဿာမိ၊ ကောင်းစွာ လွန်မြောက်စေရတော့အုံ့။ ဣတိ၊ ဤသို့။ (မနသိ ကတ္တာ၊ နှလုံးသွင်း၍။) ဥပစာရ သမာဓိမ္ပိ ယေဝ၊ ဥပစာ သမာဓိ၌သာလျှင်။ ဌတ္ဘာ၊ ရပ်တန့်၍။ ဝိပဿနာယ၊ ဝိပ-ဿနာ၌။ ကမ္မံ၊ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းဟူသမျှကို။ ကရောတိ၊ ပြုလုပ်၏။

အဓိပ္ပာယ်

ဘုံသုံးပါးဌာ်ဖြစ်သော ဆင်းရဲအပေါင်းမှ အမြန်ဆုံး လွတ်မြောက်လိုသော ယောဂီသူမှန်သည် မဟာဂျုတ်စျာန်တရားများ ရအောင် ဆက်ပြီး အားထုတ်မနေတော့ဘဲ ဥပစာရ သမာဓိ (စိတ္တဝိသုဒ္ဓိ) အခိုက်ဌာပင် ရပ်ဘန့်၍ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ဝိပဿနာရှုကာ လမ်းခွဲအားထုတ်ရမည်။

လက်တွေ့အားထုတ်နည်း

ထွက်လေဝင်လေ (အာနာပါန)ကို အားထုတ်ရာ၌ ထွက်လေသည် ဝင်လေအခိုက်ဌာ ပါမလာဘဲ ဖြစ်, ပျက်ပြီး ချုပ်သွားသည်-ဟု အနိစ္စ, ဒုက္ခ, အနတ္တ ထင်မြင်အောင် ရှုရမည်။

ထို့အတူ ဝင်လေသည်လည်း ထွက်လေအခိုက်ဌာ ပါမလာမှုမှ ဖြစ်, ပျက်, ချုပ်သွားသည်ဟု အနိစ္စ, ဒုက္ခ, အနတ္တ ထင်မြင်အောင် ရှုရမည်။ ဤကား အကြမ်းအားဖြင့် အားထုတ်ပုံ ဖြစ်၏။

အားထုတ်ဖန်များ၍ သမာဓိအား ကောင်းလာခဲ့သော် ထွက်လေ၏အစ၊ ထွက်လေ၏ အလယ်၊ ထွက်လေ၏ အဆုံး သုံးဌာနတို့ဌာ် အသီးသီး ထင်လာနိုင်သည်။ (ပြခဲ့ပြီး ပုံများကို ပြန်ရှုပါ။)

ထွက်လေ၏ အစဌာ်ဖြစ်သော ရုပ်,နာမ်သည် အလယ်သို့ ပါမလာ၊ အနိစ္စ,ဒုက္ခ,အနတ္တ၊

ထွက်လေ၏ အလယ်ဌာ ဖြစ်သော ရုပ်,နာမ်သည် ထွက်လေ

 ၏ အဆုံးသို့ ပါမလာ၊ အနိစ္စ,ဒုက္ခ,အနတ္တ၊

ထွက်လေ၏ အဆုံးဌာနဖြစ်သော ရုပ်,နာမ်သည်လည်း ထို့အဘက် ဝင်လေ၏ အစသို့ ပါမလာ၊ အနိစ္စ,ဒုက္ခ,အနတ္တ၊

ဝင်လေ၏ အစာဌာနဖြစ်သော ရုပ်,နာမ်သည်လည်း ထို့အတူ ဝင်လေ၏အလယ်သို့ ပါမလာ၊ အနိစ္စ,ဒုက္ခ,အနတ္တ၊

ဝင်လေ၏ အလယ်ဌာနဖြစ်သော ရုပ်,နာမ်သည်လည်း ဝင်လေ၏ အဆုံးသို့ ပါမလာ၊ အ[illegible],ဒုက္ခ,အနတ္တ။

ဤကဲ့သို့ အသီးအသီး အနုစိတ်ပြီးလည်း ထင်လာအောင် အာဝဇ္ဇတ်ပါ။ (ပုံများကို သတိပြုပါ)

ယခု ပြုခဲ့သည့် အတိုင်း ဥပစာရသမာဓိ (စိတ္တဝိသုဒ္ဓိ)အခိုက်ဌာ ပင် ထွက်လေ,ဝင်လေကို ဆက်၍ အားထုတ်ခဲ့သော် ရုပ်,နာမ်သာရုးတို့၏ [illegible]ဘာဝးရုပ်, [illegible]ဘာဝးနာမ်-ဟု ပိုင်းခြားမြင်သိခြင်း၊ (နာမရူပ ပရိစ္ဆေဒ[illegible]) [illegible] သာ မ က ဖြစ်ခြင်း, ပျက်ခြင်း ဥဒယဗ္ဗယ[illegible]ကိုမူ စ၍ [illegible]ဂ်ာ,ဗိုလ်ဂ်ာ (ဥာဏဒဿနဝိသုဒ္ဓိ) စသည်းဝိုက်[illegible] [illegible] ဝ[illegible] [illegible]ားထုတ်နိုင်ကြပါ[illegible]။ အားထုတ်ဘို့သာ လိုပ[illegible]သည် [illegible]ယင်ဝတန်းဖက်ရုံ, ကက်ဆက်နားကြားရုံ, တရားနာရုံမျှနှင့် ဘာမှုမမြင်နိုင်ပါ။ မဂ်စော်, ဖိုလ်စော် မနဲသေးပါ။

နေယျခေတ်။ ။ဤကျမ်းအစနား၌ ပြောခဲ့သည့်အတိုင်း ယခု အခါနိန်အခါကား ဥဋ္ဌ ဒိဋ္ဌာဝညူခေတ် မဟုတ်, ဂိပဒ္ဓိတညူခေတ်လည်း မဟုတ်၊ နေယျခေတ်သာ ဖြစ်ပေသည်။ နေယျခေတ် ဖြစ်သောကြောင့်—

၁။ အဇရေစုတ်ချင်စုတ်

၂။ အရိုးကျေချင်ကျေ

၃။ အသွေးအသား ခန်းခြောက်ချင်ခြောက်
၄။ အသက် သေချင်သေပါစေ—

ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝိရိယဖြင့် အပြတ် အသတ် အားတုတ်နိုင်မှသာလျှင် ပါရမီနှင့်ပြည့်စုံခဲ့သော် တရားတူးကို ရနိုင်သည်။ မင်ပေါက်ဖိုလ်ဝင် အရိယာသူတော်စင်များ ဖြစ်နိုင်ပါသည်။

အရိယာခေတ်၊ ။ပါရမီနှင့်, ဘုန်းကံရှင်များ**အ**ဖို့ မျက်မှောက်ခေတ်သည် အလွန် မကောင်း လွန်းသော်လည်း အလွန်ကြီးလည်း ဆိုးသည်ဟု မဆိုနိုင်ပါ။

အာဘယ့်ကြောင့်ဆိုသော်-

၁။ ဘုရားဟော ဒေသနာတော်နှင့်အညီ နည်းညွှန် ပြသနေသော သာသနာ့ရိပ်သာများ ရှိနေသေးခြင်း၊
၂။ အရိယာခေတ် မကုန်သေး-ဟု ကျမ်းဂန်များစွာ ရှိနေသေးခြင်းကြောင့် အချိန်အရှယ်ရှိတုန်း **အား**ထုတ်ဘို့သာ လိုပါသည်။ ဖော်ပြခဲ့သော ဝိရိယမျိုးဖြင့်မဟုတ်ဘဲ(လူကြားကောင်း, လူမြင်ကောင်းရုံမျှ) သာမန်ကာလျှံ ကာအားအတ်ရုံမျှဖြင့်တော့ အရိယာမဖြစ်နိုင်-ဟု ဤကျမ်းက ဆိုလိုခြင်း ဖြစ်ပါသည်။

အပ္ပနာသမာဓိလမ်းကြောင်းမှ ကူးပုံ

ဒုတိယလမ်းကြောင်းဖြစ်သော အပ္ပနာသမာဓိလမ်းကြောင်းမှ **ဝိ**ပဿနာ**လ**မ်းကြောင်းသို့ ကူး ပြောင်း ပုံ ကို **အ**နည်းငယ် ပြောဆိုဦးအုံ့။

၁။ ပုံနံပါတ်(၁) (၂)အတိုင်း အားထုတ်၍ ပထမစျာန်စသော ရူပ, အရူပ(မဟာဂျုတ်)စျာန်များကို ရရှိပြီးသော ပါရမီရှင် ယောဂီသူမှန်သည် ရှေးဦးစွာ မိမိရရှိထားသော စျာန်ကို ဝင်စားရသည်။ (စျာန်ဝီထိကို နားလည်ရမည်။)

၂။ ထို့နောက် မိမိဝင်စားသော စျာန်၌ ရှိသော ဝိတက်, ဝိစာရ စသော စျာနင်္ဂေါ် စျာန်အင်္ဂါတို့ကို ဆင်ခြင်ရသည်။ (ပစ္စဝေက္ခဏာ ဝီထိကို နားလည်ရမည်။)

၃။ ထို ဝိတက်,ဝိစာရ စသော စျာန်အင်္ဂါတို့ကို အသီးအသီး (ဇာခုဒိ)အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ဝိပဿနာ ရှုရမည်။

ထို့အတူ စျာန်စိတ်နှင့်အတူဖြစ်သော (စိတ္တဇ)ရုပ်တရားတို့ကိုလည်း အနိစ္စ,ဒုက္ခ,အနတ္တ-ဟု ဝိပဿနာ ရှုရမည်။

ယင်းသို့ ဆက်လက်ပြီး အားထုတ်ခဲ့ကာ ဝိသုဒ္ဓိအားလျော်စွာ ဝိပဿနာများသည်· အစဉ်အတိုင်း ဖြစ်ပေါ်လာပေမည်။ ထို့ကြောင့် အချိန်အရွယ်ရှိတုန်း အားထုတ်ဘို့သာ လိုပါသည်။ အိုမင်း,ကုန်းကွ အသုံးမကျဖြစ်ခါမှ မဂ်,ဖိုလ်ကို ရမည်အထင်ဖြင့် အားထုတ်လိုကော(ထင်ရုံသာထင်)ရမည်။ အမှန်အားတိုင်း အားမနာတမ်းပြောရလျှင် ဒီဘဝတွင် ဘာမှုမဖြစ်နိုင်ပါ။ သို့သော် ဘာသာရေးလုပ်ငန်းသည် အချည်းနှီးမဖြစ်ကောင်းသောကြောင့် မှန်မြတ်သော ပါရမီကုသိုလ်ထူးကိုကော့ မုချ ရနိုင်ပါသည်။ မိမိ အခြေအနေပေးသလောက် အားထုတ်နိုင်ကြပါစေသတည်း။

ပြီး၏။

ရွှေတိုင်္ဂ စာရေးမှတ်

ထွန်းပညာ ဝိဋ္ဌကတ်စာအုပ်ဆိုင်မှ

ထွက်ပြီး-ထွက်လတန့် ကျမ်းစာအုပ်များ

၁။ ပခုက္ကူ ဓမ္မာစရိယကျမ်း

၂။ (ပခုက္ကူမှ)ဆုပေး ရေစက်ချ အမျိုးမျိုး

၃။ (ပုံခတော်စုံ)သုတ်သီလကွန် ဝတ္ထုတော်ကြီး

၄။ လက်ခတ္တကျင့်ဘွယ်များနှင့် ဗုဒ္ဓ၏ ပရိတ်တော် ၃၉-သုတ်

၅။ အဘိုးတန် မန်လည်ကဗျာများ

၆။ သဒ္ဓမ္မ ဒေသနာ မေဒိနီတရားစာ

၇။ ကျောင်းထိုင်ဘုန်းကြီးလက်ကိုင် ဝိနယမဏ္ဍိုင်ကျမ်း

၈။ ဉာဏသံဝေဂကျမ်း

၉။ ပဋ္ဌာန်းမြတ် ဒေသနာ

၁၀။ ပဋ္ဌဝဂ္ဂီ တရားအဆိ